www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ထုတ်ဝေသူ | - | ဦးကျော်သန်း (မြ-၀၉၃၂) ရဲအောင်စာပေ၊ အမှတ်(၂)၊ ချွန်း(၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| အတွင်းနှင့်အဖုံးပုံနှိပ်သူ | - | ဦးကျင်ရှင် (ရွှေခြေသံပုံနှိပ်တိုက်) အမှတ်-၂၂၈၊ ၃၂လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်ခြင်း | - | ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ။ |
| အုပ်ရေ | - | ၅၀၀ အုပ် |
| တန်ဖိုး | - | ၁၀၀ ကျပ် |
| ဖြန့်ချိရေး | - | ဖိုးလပြည့်စာပေ အမှတ်-၂၂၃၊ ၃လွှာ၊ ၃၁-လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၅၁၆၃၇၆၄၊ ၀၉-၅၀၈၇၀၉၄ |

၈၉၅.၈၃

လွန်းတမီ

ရှင့်ကိုကျွန်မမုန်းတယ်/လွန်းတမီ၊ ရန်ကုန်။

ရဲအောင်စာပေ၊ ၂၀၁၄။

(၂၈၈)စာ၊ ၁၂ စင်တီမီတာ × ၁၇.၇ စင်တီမီတာ

(၁) ရှင့်ကိုကျွန်မမုန်းတယ်


BURMESE CLASSIC



ဘာပဲပြောပြော

အချစ်ဆိုတဲ့အရာကို ကျွန်တော်တတော့ မသိပါဘူး ...

အချစ်ဆိုတာ ဘယ်လောက်ဆန်းကြယ်လဲ ...

ဘယ်လောက် သိမ်မွေ့နူးညံ့မလဲ ...

အဲဒါလည်း ကျွန်တော် နားမလည်နိုင်ခဲ့ဘူး ...

သေချာတာတစ်ခုကို ပြောရမယ်ဆိုရင် ...

အချစ်ဆိုတဲ့အရာတစ်ခုကြောင့် ...

ကျွန်တော် ရင်ခုန်ခဲ့ရတာတော့ အမှန်ပါပဲ။

ရင်ခုန်သံတွေနဲ့ ကျွန်တော် ရှင်သန်လာခဲ့တယ်။

ဒါပေမဲ့ဗျာ ...

ထင်မှတ်မထားတဲ့ တစ်နေ့မှာတော့ ...

ကျွန်တော်ရဲ့ စိတ်ကူးယဉ်မျှော်လင့်ချက်ကမ္ဘာလေးတစ်ခုကို

ရိုက်ချိုးချေမွပစ်မယ့် ကံဆိုးမိုးမှောင်ကျမှုတွေ

ကျွန်တော့်ဆီကို ရောက်လာခဲ့ပါတော့တယ် ...

ဆိုကြောင့်ပဲ

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ရင်ခုန်သံတွေ ရပ်လုနီးပါး ဖြစ်ခဲ့ရတယ်။
သူက ကျွန်တော်ရင်ဘတ်အကျႌကော်လံစတွေကို
ဒေါသတကြီးနဲ့ ချုပ်ကိုင်ပစ်လိုက်ပြီး …
"တော့ကောင် ငါ့ရှေ့ကနေ မင်းထွက်သွား" လို့
အော်တစ် တွန်းထိုးပစ်လိုက်တဲ့အချိန်မှာ
ဖြူဖျော့ဖျော့ ကျွန်တော့် မျက်နှာလေးပေါ်မှာ
သွေးတစ်စက်မှ မရှိခဲ့တော့တာလည်း
ကျွန်တော် သိခဲ့ရပါတယ် …
ကျွန်တော့် စိတ်ဓာတ်က မခံချင်စိတ်တွေ ဖြစ်လာပြီဆိုတာနဲ့
မျက်ရည်က သူ့အလိုလိုလိုက်လာတယ်။
ကိုယ့်ဘဝ ကိုယ်တွေးပြီးတော့လည်း ဝမ်းနည်းတယ်။
ဒါပေမဲ့ဗျာ … ဒီဇာတ်လမ်းမှာ ကျွန်တော်က …

ဆန္ဒညီ …





ကျွန်တော်ကတော့ …
လိုချင်တာရှိရင် မရ,ရအောင် ယူပစ်တတ်တဲ့လူစားမျိုး …
တရားတာ မတရားတာ ကျွန်တော် နားမလည်ဘူး …
ဖြစ်သင့်လား မဖြစ်သင့်လား ကျွန်တော် မစဉ်းစားဘူး …
ကောင်းကင်ပေါ်က ကြယ်လည်း ကျွန်တော် ရအောင်ယူမှာပဲ။
ကျွန်တော် ဖန်ဆင်းချင်တဲ့ အိပ်မက်တွေ …
ကျွန်တော် ရေးဆွဲချင်တဲ့ ပန်းချီကားတွေ …
ဒါတွေ အားလုံးကို …
လက်ဖျောက်တစ်ချက်တီးလိုက်တာနဲ့ …
ကျွန်တော့်ရှေ့ကို ရောက်လာတာပဲ လိုချင်ခဲ့တာ။
ဒီအချိန်မှာပဲ …
စိတ်လန့်သွေးပျက်နေတဲ့ အနိုင်းမဲ့မျက်ဝန်းလေးတစ်စုံဟာ
ကျွန်တော့်ဘဝထဲကို ရောက်လာခဲ့ပါတော့တယ် …
ဆရာတာက …



www.burmeseclassic.com

www.burmeseclassic.com



အဲဒီမျက်ဝန်းလေးတွေကို ကျွန်တော် ပိုင်ချင်သွားခဲ့တယ်။
ဘယ်အချိန်မှာပဲ ကျွန်တော့်မျက်လုံးတွေကို ဖွင့်ကြည့်လိုက် ...
အဲဒီမျက်ဝန်းလေး ကျွန်တော့်ရှေ့မှာပဲ ရှိနေစေရမယ်။
ဘယ်လိုလူမျိုးကမှ
အဲဒီမျက်ဝန်းလေးတွေကို သိမ်းပိုက်သွားတာ
ကျွန်တော် ခွင့်မပြုနိုင်ပါဘူး။
အသည်းပေါက်အောင် ကျွန်တော် ပြိုင်ရမလား။
ဒါလည်း ... ကျွန်တော် ပြိုင်ရဲတယ်။
အရေးကြီးတာ ...
နောက်ဆုံးတစ်နေ့မှာ ကျွန်တော် လိုချင်တာရဖို့ပဲ

မတာရှ





အချစ်ဆိုတာ
သိမ်မွေ့နူးညံ့ပြီးတော့ ...
သိပ်ကိုမှ ထူးဆန်းလှပတဲ့အရာလေးတစ်ခုဆိုတာ
အစက ကျွန်မ မသိခဲ့ပါဘူး။
အချစ်နဲ့ ပတ်သက်တဲ့ ခံစားချက်တွေ ...
အချစ်နဲ့ဆက်နွယ်နေတဲ့ လှုပ်ရှားရင်ခုန်မှုတွေ
အဲဒါတွေအားလုံးကိုလည်း ကျွန်မ ဘာမှနားမလည်ခဲ့ဘူး။
ဒါပေမဲ့ ... တစ်နေ့မှာတော့ ...
အချစ်ဆိုတဲ့အရာကို
မမျှော်လင့်ဘဲ ကျွန်မ ရှာတွေ့သွားခဲ့ပါတယ်။
အဲဒီလို တွေ့သွားတဲ့အချိန်မှာပဲ ...
ကျွန်မ တစ်ကိုယ်လုံး အေးစက်သွားခဲ့တယ်။
ကျွန်မ လက်ချောင်းကလေးတွေ ...
ကျွန်မ နှုတ်ခမ်းကလေးတွေ တဆတ်ဆတ်တုန်ပြီး
နှလုံးခုန်သံတွေ ငြိမ်သက်ရပ်တန့်သွားတော့မတတ်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ခံစားလိုက်ရတယ်။
နောက်ဆုံးမှာ ကျွန်မ သိလိုက်ရတာက ...
အချစ်ဆိုတာ ...
အဆိပ်ပြင်းပြင်းတစ်ခွက်ကို မော့သောက်လိုက်ရသလိုပါပဲ။
လူတွေအားလုံးကရော ...
အဲဒီအဆိပ်ခွက်လေးရှိတဲ့နေရာကို
ဘာဖြစ်လို့ ...
ဒီလောက်တောင် အလုအယက်သွားချင်နေရတာလဲ ...

သိမ်မွေ့သာ



BURMESE CLASSIC

အခန်း ( ၁ )

ခမ်းနားဆန်းပြားသော မီးရောင်စုံတို့ဖြင့် ဖြိုးဖြိုးဖျက်အောင် လင်းလက်နေခဲ့သော ခေတ်မှီညှော်ခန်းမကြီးအလယ် လှေကားထက်ဆီမှ အဖြူရောင်ဝတ်စုံ ဂါဝန်ကြီးကို နုမွတ်အိစက်နေအောင် ဝတ်ဆင်လျှက် မွေးနေ့ရှင်မလေး သိမ်မွေ့သာ ... ဆင်းလာပြီဆိုလျှင်ပဲ သူငယ်ချင်းတွေအားလုံးကရော၊ ဒက်ဒီ မာမီတို့ကပါ ဟက်ပီးဘတ်ဒေး ဒူးယူ သီချင်းလေးကို သံပြိုင်သီဆိုကာ လက်ခုပ်သံလေးတွေ မဆုံးနိုင်အောင် တီးလိုက်ကြလေတော့ မွေးနေ့ရှင်မလေး သိမ်မွေ့သာတစ်ယောက် စွဲမက်ဖွယ် အပြုံးလေးတစ်ခုကို ဖန်ဆင်းရင်း ပျော်ရွှင်သွားရတာလေးက ဘယ်တော့မှ မမေ့နိုင်စရာ မြင်ကွင်းလေးတစ်ခုရယ်ပါပဲ။

"လှလိုက်တာ သိမ်မွေ့သာရယ် ... "

"မင်း ... မင်းအရမ်းလှတယ်ကွာ"

"ဟင်း ... ဟင်း ... "

မဟူရာရောင် ဖိတ်ဖိတ်လက်နေသည့် ကျွန်းလှေကားကြီးရဲ့



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရင်းမှာတော့ သူမရဲ့ အချစ်ဆုံး သူငယ်ချင်းတွေက လက်ကလေးတွေကိုယ်စီ ကမ်းပေးရင်း သူမကို ကြိုဆိုနေကြတာလေ။

"ကဲ … ကဲ … မွေးနေ့ရှင်လေး ဆင်းလာပြီဆိုတော့ ဧည့်သည်တွေအားလုံး ခြံထဲက မြက်ခင်းပြင်မှာ နေရာယူပေးကြပါ ခင်ဗျာ … အားလုံးကို ကျေးဇူးတင်ပါတယ်"

"အားလုံး ထွက်ပေးပါ"

"ထွက်ပေးကြပါ ခင်ဗျာ"

"ကျေးဇူးတင်ပါတယ်"

ဒီလိုပျော်ရွှင်ကြည်နူးဖွယ်ရာ မြင်ကွင်းလေးကို အခန်းထောင့်လေးတစ်နေရာကနေ လက်ကလေးပိုက်ကာ ရပ်ကြည့်ရင်း ခပ်မိန့်မိန့်လေး ပြုံးလိုက်သူကတော့ မွေးနေ့ရှင်မလေး သိမ်မွေ့သာရဲ့အချစ်ဆုံး ကျောင်းနေဖက်သူငယ်ချင်း ဆန္ဒညီရယ်ပင်။

"ဘယ်လိုလဲ ဆန္ဒညီ … ဒီမွေးနေ့ပွဲလေးလာရတာ မင်းသိပ်ကို ရင်ခုန်နေပြီမို့လား … ဟား ဟား … မင်းမလိမ်နဲ့နော် ဆန္ဒညီ၊ ငါတို့ကို အမှန်အတိုင်းပြော … "

"ဟာ … မင်းတို့ကလည်းကွာ … "

ဒီမွေးနေ့ပွဲကို သူငယ်ချင်းတွေအားလုံး စုလာရင်း တစ်လမ်းလုံး သူ့ကိုပဲ စလိုက်နောက်လိုက် လုပ်လာကြတာမို့ သူရှက်လာရတာလည်း တစ်လမ်းလုံး မျက်နှာလေးကပါရဲ့လို့။ ပြောရရင် သိမ်မွေ့သာဆိုသည့် ဒီသူငယ်ချင်းမလေးကို သူ့ဘက်က စွဲစွဲလမ်းလမ်းကလေးနဲ့ ချစ်ခွင့်တောင်းခဲ့တာလေ။

သူမက အဖြေမပေးသေးလို့ စိတ်ရှည်ရှည်ကလေးနဲ့ သူစောင့်လာခဲ့ရတာပေါ့။





"ဟော့ကောင်တွေ မင်းတို့ဒီကောင့်ကိုပဲ စမနေကြနဲ့ … အရေးကြီးတာက မွေးနေ့ကိတ်လှီးမယ့် စားပွဲဝိုင်းကြီးမှာ ငါတို့နေရာယူရမှာ … လာ … လာ … မွေးနေ့ရှင်က ခြံထဲတောင်ရောက်သွားပြီ၊ ဟိုကောင် မင်းသန့် မွေးနေ့ရှင်နားကို မင်းသိပ်မကပ်နဲ့နော်"

အော်လိုက်တော့မှ မင်းသန့်ဆိုတဲ့ကောင် တဟီးဟီးနဲ့ပြန်လှည့်လာတာ ရှက်ကိုးရှက်ကန်း။

"ဟီး … ဟီး … ဆန္ဒညီအလစ်မှာ ရမလားလို့ နည်းနည်းလေးကပ်ကြည့်တာပါကွ၊ ဟိုကောင် ဘာမှမပြောဘဲနဲ့ မင်းတို့ကကြားထဲကနေ မနာလိုဝန်တို ဖြစ်မနေကြနဲ့ … "

မင်းသန့်ကလည်း အားကျမခံ ပြန်တွယ်သည်။

ဒါကို သီရိစံက မျက်စောင်းဝင့်ဝင့်လေး ပို့လွှတ်ကာ …

"အောင်မယ် … မင်းသန့် အကောင်စုတ်၊ နင်ကပ်တော့ရောသာက အကပ်ခံမယ်ထင်နေလို့လား … နင့်လို ပုတက်တက် နှံ့ပြီစုတ်ကို သာက စိတ်ကူးထဲတောင် မထည့်ဘူး"

"သေစမ်းကွာ … မရှိမဲ့ ရှိမဲ့သိက္ခာလေးတော့ ကုန်ပါပြီ"

ပြောရရင် … တက္ကသိုလ် စတက်ကတည်းက သူတို့သူငယ်ချင်းတွေအားလုံး ပြောမနာဆိုမနာ ခင်လာခဲ့ကြတာပါ၊ အဖွဲ့မှာရှိတာလည်း မိန်းကလေးက လေးယောက်။ ယောကျ်ားလေးကလေးယောက်။ အားလုံးပေါင်းရင် ရှစ်ယောက်ပေါ့။

ခြံထဲမှာတော့ မွေးနေ့ပွဲကို တက်ရောက်လာသူတွေအားလုံး အပြုံးမျက်နှာကလေးတွေနှင့် ရွှင်လန်းတက်ကြွနေကြသည်။

သူ မျက်ဝန်းလေးဝေ့ကာ ကြည့်လိုက်တော့ …

သူတစ်ဖက်သတ် ချစ်ရတဲ့ချစ်သူလေး သိမ်မွေ့သာကမြက်



www.burmeseclassic.com

www.burmeseclassic.com



ခင်းပြင်အဆုံးထိပ် တစ်နေရာက မွေးနေ့ကိတ်လှီးမယ့် ရွှေရောင်စားပွဲဝိုင်းကြီးနားကိုပင် ရောက်သွားခဲ့ပြီလေ။

သူ …

ခြေလှမ်းကြဲကလေးနဲ့ပဲ ထိုနေရာကလေးကို လှမ်းသွားခဲ့မိသည်။ သူ ရင်ခုန်ပျော်ရွှင်နေတာလည်း သူငယ်ချင်းတွေရှေ့မှာ။ မျက်နှာလေးကို မထားတတ်အောင်ဘဲပေါ့။ ထိုစဉ် အခိုက်လေးမှာပဲ သိမ်မွေ့သာရဲ့ မျက်ဝန်းအကြည့်လေးက သူ့ထံသို့ မသိမသာလေး ဝဲကာ ရောက်လာပါတော့သည်။

သူ ရင်ခုန်သွားတာလည်း မပြောပါနဲ့တော့။

ဆယ့်ကိုးနှစ်ပြည့် မွေးနေ့ရှင်မလေး ပြင်ထားတာက သူ့ရင်ခုန်သံတွေကို မြန်သွားအောင် ညို့ယူနိုင်စွမ်းရှိနေတာလေ။

သာရယ် …

မင်း တကယ်လှတယ်သိလားကွာ။

သိပ်ကိုမက်မောဖို့ကောင်းတဲ့ မင်းရဲ့မျက်နှာလေးရယ်၊ ဝင်းနှစ်အိစက်လွန်းတဲ့ မင်းရဲ့ကိုယ်လုံးလှလှလေးရယ်၊ ကိုယ့်ကို ဖွဲ့ဆောင်နေခဲ့တာအမှန်ပါပဲ သာ။ မှန်ကြည်ဇာ နှစ်ထပ်ဂါဝန်ဝမ်းဆက်ကလေးနဲ့ တကယ်ပဲ လိုက်ဖက်လွန်းပါတယ်။

ဒီနေ့က မင်းရဲ့ဆယ့်ကိုးနှစ်ပြည့် မွေးနေ့ပွဲကလေးမို့ ဒီနေ့မှာ အဖြေရမယ်ဆိုတဲ့ ကိုယ့်ရဲ့မျှော်လင့်ချက်ကလေးကိုတော့ မင်း ပယ်ချမပစ်လိုက်ပါနဲ့သာ။ ကိုယ့်ရင်ထဲမှာ အဲဒီမျှော်လင့်ချက် မီးအိမ်လေးက အလင်းရောင် မှိုင်မှိုင်ကလေးနဲ့ မရဲတရဲလေး ထွန်းတောက်နေခဲ့ရတာပါ။

"ဆန္ဒညီ …"





"ဟင် … သာ … ဘာလိုလို့လဲဟင် ကိုယ့်ကိုပြောလေ"

"ဒီစားပွဲဝိုင်းအလယ်မှာ ချိတ်ဆွဲထားတဲ့ မိုးပျံပူဖောင်းလေးတွေကို ရှင်မြင်တယ်မို့လားဟင် …"

"ဟာ … မြင်တယ်လေ သာ … အဲဒါ ဘာဖြစ်လို့လဲ"

"မွေးနေ့ကိတ်လေးလှီးပြီးလို့ ဖယောင်းတိုင်မီးလေးတွေကို ငြိမ်းတူဝိုင်းမှုတ်ပြီးသွားတာနဲ့ ဒီမိုးပျံပူဖောင်းလေးတွေကို မိုးပေါ်ရောက်အောင် လွှတ်လိုက်တော့မှာ …"

"ဒါ … သိပ်ကိုပျော်ဖို့ကောင်းတဲ့ အစီအစဉ်လေးပဲ သာ"

"ဒီထက်ပိုပြီး ထပ်ပျော်ဖို့ကောင်းတဲ့ အစီအစဉ်လေးတစ်ခုကိုလည်း သာ စီစဉ်ထားသေးတယ်လေ ဆန္ဒညီ … ဒီမိုးပျံပူဖောင်းတွဲလေးရဲ့အောက်ခြေမှာ သာ ဓါတ်ပုံလေးကို သာလိပ်စာလေးနဲ့ သာလက်မှတ်လေးထိုးပြီး ချိတ်ဆွဲပေးလိုက်မယ်လေ … ဘယ်သူဝဲရရ သာ့ဆီမှာ အမှတ်တရ မွေးနေ့လက်ဆောင်လေး လာတောင်းယူလို့ရမယ့် ပျော်စရာ နောက်ထပ်အစီအစဉ်လေးပေါ့ …"

"ဟယ် … ကောင်းလိုက်တာ"

"အရမ်းပျော်ရမယ့် အစီစဉ်လေးနော် သာ …"

"သိမ်မွေ့သာနော် ဒီအစီအစဉ်လေးကို ဆန္ဒညီသိအောင် ဘာလို့ထုတ်ပြောလိုက်ရတာလဲ … တော်ကြာ မိုးပေါ်ပျံတက်သွားတဲ့ ဒီပူဖောင်းတွဲကြီးနောက်ကို အရူးလေးတစ်ယောက်ကို ဆန္ဒညီပြေးလိုက်နေပါဦးမယ်"

"ဟား … ဟား …"

ပြောပြီး အားလုံးဝိုင်းရယ်နေကြတော့ အများနှင့်ရောယောင်ကာ သူပါ လိုက်ရယ်နေမိသည်။ ဘာပဲပြောပြော သူ့ဆန္ဒက



www.burmeseclassic.com

www.burmeseclassic.com



ချစ်ရတဲ့သူလေး သိမ်မွေ့သာကို ဒီမွေးနေ့ပွဲလေးမှာ ပျော်စေချင်တယ်လေ။ ဖြစ်နိုင်ရင် ကိုယ်နေတဲ့နေရာလေးဆီကို ဒီမိုးပျံပူဖောင်းလေးတွေ အရှိန်ကုန်ပြီး ပြုတ်ကျလာရင် ကောင်းတာပေါ့။

မလွယ်ပါဘူး ...

ဒါပေမဲ့လေ ... ကံဆိုတာက ပြောနိုင်တာမှ မဟုတ်တာဘဲ။

သာကတော့ သူမပြောချင်တဲ့စကားလေးကို သူငယ်ချင်းတွေအားလုံးရှေ့မှာ ပြောပြီးတာနှင့် မွေးနေ့ကိတ်ကလေးကို လှီးဖို့ ပလတ်စတစ်မါးကလေးဆီ လက်ကလေးကို လှမ်းရွယ်လိုက်ပါသည်။

ထိုအချိန်မှာပဲ လက်ခုပ်ကလေးတွေတီးကာ အားလုံးဝိုင်းဆိုလိုက်တာက် ...

"ဟက်ပီးဘတ်ဒေး တူးယူ ... "

"ဟက်ပီးဘတ်ဒေး တူးယူ ... "

"ဟေး ... ဟေး ... "

"ဖြောင်း ... ဖြောင်း ... ဖြောင်း ... "

တစ်ခြံလုံး ညံသွားအောင် လက်ခုပ်သံလေးတွေ ပေါ်ထွက်လာချိန်မှာတော့ မိုးပျံပူဖောင်းဆွဲလေးကပါ လေထဲကိုမြောက်တက်ကာ ကောင်းကင်ကြီးပေါ်ကို လွင့်တက်သွားခဲ့ချေပြီ။

အားလုံးရဲ့မျက်ဝန်းအကြည့်လေးတွေကလည်း မိုးပျံပူဖောင်းတွဲကြီးဆီမှာပဲ ရောက်နေတာ မျက်နှာလေးတွေအားလုံး မော့လျက် ...

ထိုအချိန်မှာတော့ သူမနှုတ်ခမ်းလေးက ပြုံးနေပါသည်။





မျက်ဝန်းလေးထဲမှာတော့ ကြည်နူးရွှင်ပြရိပ်ကလေးတွေနှင့် သူမကိုယ်တိုင် လက်ခုပ်လေးတီးကာ အားပေးရင်း မိုးပျံပူဖောင်းလေးတွေကို နှုတ်ဆက်လိုက်သည်။

"ကဲ ... အားလုံးပဲ တပျော်တပါး စားနိုင်ပါပြီ ... "

"ဟက်ပီးဘတ်ဒေးနော် ... မွေ့သာလေး ... "

"ဟင်း ... ဟင်း ... ဟက်ပီးဘတ်ဒေးပါရှင့် ... "

သူငယ်ချင်းတွေခြံရံကာ ဧည့်သည်တွေကို ဧည့်ခံဖို့ ထွက်လာခဲ့သည့် သိမ်မွေ့သာရဲ့ ရွှင်မြူးသော အပြုံးကလေးကတော့ ဧည့်သည်တွေအားလုံးကို လန်းဆန်းတက်ကြွနေအောင် ဖန်ဆင်းပေးနိုင်တာလည်း အမှန်ပဲ ဖြစ်ပါသည်။

အပေါ်အောက် ဇာဝမ်းဆက်ဂါဝန်ဖြူရောင်လေး ဝတ်ထားပေမယ့် စီးထားတဲ့ ဒေါက်ချွန်ချွန်လေးက အနက်ရောင်လေးဖြစ်နေပြီ။ အိစက်ဝင်းဝါသော ခြေဖမိုးလေးကို အထင်းသားကလေး မြင်နေရပါသည်။

"သာ ... "

သူ့ရဲ့ တိုးတိုးဖွဖွကလေး ခေါ်လိုက်သံအဆုံးမှာ သူမရဲ့အပြုံးမျက်နှာလေးက သူ့ဘက်ကိုပဲ လှည့်လာသည်။

"ဟင် ... ဘာလဲ ဆန္ဒညီ ... ပြောလေ ... "

"ဒါ ... သာ့အတွက် ကိုယ့်ရဲ့အမှတ်တရ မွေးနေ့လက်ဆောင်လေးပါ"

"အို ... ကျေးဇူးနော် ဆန္ဒညီ ... "

သာဆီကို လှမ်းပေးလိုက်တာ အသည်းပုံလေးထဲမှာ စိန်လေးတစ်ပွင့် မြုပ်နှံထားတဲ့ လက်စွပ်ကလေး။



www.burmeseclassic.com

www.burmeseclassic.com



"သာ့ရဲ့ ဆယ့်ကိုးနှစ်ပြည့်မွေးနေ့မှသည် အသက်တစ်ရာတိုင် ပျော်ရွှင်ချမ်းမြေ့မှုတွေကို ပိုင်ဆိုင်ရပါစေလို့ ကိုယ်ဆုတောင်းပေးလိုက်မယ်နော် ..."

ဘယ်သူမှမကြားအောင် တိုးတိုးလေး ဆုတောင်းပေးလိုက်မိတာ ဆန္ဒညီပါပဲ။

"သာ ... တစ်ခါတည်း ဝတ်လိုက်လေ ..."

တစ်ခါတည်းဝတ်လိုက်ပါဆိုတော့ လူတွေအများကြီးရှေ့မှာ အရှက်သည်းသည်းကလေးနဲ့ သာ့မျက်နှာကလေးက ရဲလို့ပေါ့။

သူငယ်ချင်းတွေရှေ့မှာ ဒီလိုဝတ်ပြလိုက်ရမှာကိုလည်း သာက မျက်နှာပူပါသည်။ မတတ်နိုင်ဘူးလေ။ သူမရဲ့မွေးနေ့လေးမှာ ဒီလိုအမှတ်တရလက်ဆောင်ပေးတဲ့ သူငယ်ချင်းဆန္ဒညီ စိတ်ချမ်းသာအောင်တော့ သူမ ဝတ်ပြလိုက်ရတော့မှာပဲ။

"အို ... ကြည့်စမ်း ... လက်စွပ်ကလေးက သာ့လက်လေးနဲ့အတော်ပဲနော်၊ အံ့သြဖို့တောင် ကောင်းလိုက်တာ ..."

"ဟေး ..."

သူငယ်ချင်းတွေက လက်ခုပ်တီးအားပေးကြလေ သာက အနေရခက်လေပါပဲ။ ဒက်ဒီနဲ့မာမီကတော့ သာတို့အဖွဲ့တွေ ပျော်နေတာကိုကြည့်ပြီး အပြုံးကလေးနဲ့ပဲ လာနှုတ်ဆက်ပါသည်။

"သမီး သိမ်မွေ့သာ ..."

"ရှင် ... မာမီ ..."

"သမီးသူငယ်ချင်းတွေကို မာမီတို့နဲ့ မိတ်ဆက်ပေးဦးလေ"

"အို ... ဟုတ်ပါရဲ့ ... သာ မေ့နေလို့ပါနော် မာမီ ... ဆော်ရီး ... ဆော်ရီး ... ဟင်းဟင်း ..."





သာက သူကအလယ်ကနေပြီး သူငယ်ချင်းတွေ တစ်ယောက်ပြီးတစ်ယောက်ကို ဒက်ဒီမာမီတို့နဲ့ မိတ်ဆက်ပေးလိုက်သည်။

ဆန္ဒညီ အလှည့်ကိုရောက်တော့ ...

"မာမီ ... သူက ဆန္ဒညီတဲ့"

"အို ... ဟုတ်လား ... နာမည်လေးနဲ့ မျက်နှာထားလေးက အရမ်းလိုက်ဖက်တာပဲနော် ... သမီးသိမ်မွေ့သာနဲ့လည်း တော်တော်ရင်းနှီးနေကြပြီထင်တယ်၊ ဟင်း ဟင်း ... မိဘတွေကရော ဘာအလုပ်တွေလုပ်ကြသလဲ မောင်ဆန္ဒညီရဲ့ ..."

"ကမ္ဘာအေးဘုရားလမ်းမပေါ်မှာ ကားရှိုးရွမ်းတစ်ခု ဖွင့်ထားပါတယ် အန်တီ ..."

"အို ... ကောင်းလိုက်တာ၊ ကားအသစ်ဝယ်ချင်ရင် မောင်ဆန္ဒညီဆီလာရတော့မယ် ထင်တယ်"

"အတင်း ... အချိန်မရွေးပြောပါ အန်တီ ... ကျွန်တော် ကူညီပါ့မယ်"

"ကျေးဇူးတင်ပါတယ်ကွယ် ... ကဲ ... ကဲ ... မင်းတို့သူငယ်ချင်းတွေလည်း ဝိုင်းတွေမှာ ဝင်ထိုင်ပြီး စားကြသောက်ကြဦး ... သမီးလေး သိမ်မွေ့သာကိုလည်း မင်းတို့သူငယ်ချင်းတွေပဲ ဝိုင်းမှာခေါ်ထားလိုက်တော့ ..."

"ဟုတ် ... ကျေးဇူးပါ အန်တီ ..."

အလိုက်သိလွန်းတဲ့ ယောက္ခမလောင်းကြီးကို စိတ်ထဲက ကြိတ်ကာ ကျေးဇူးတင်လိုက်မိရင်း ... သာ့အနားကိုပဲ ဆန္ဒညီ တိုး



www.burmeseclassic.com

www.burmeseclassic.com



[illegible] သူလိုချင်နေတာ သာ့ဆီက မွေးနေ့လ[illegible]
[illegible] တုန့်ပြန်လာမယ့် အဖြေလေးတစ်ခုကိုပါ။

သူက ဒီလိုတိုးကပ်သွားပေမယ့် ...

သာကတော့ သူတိုးကပ်သွားခဲ့ခြင်းအပေါ် အပြုံးအရယ်[illegible] မှာနဲ့ သက်မဲ့အရုပ်လေးတစ်ရုပ်လို ငြိမ်သက်နေခဲ့တာလေ။

"သာ ... လာလေ ... တို့တွေ ဒီဝိုင်းမှာပဲ စုဖွဲ့ပြီးထိုင်လို[illegible] ကြတာပေ့ါ ..."

သီရိစံလက်တွဲခေါ်မှ သာပါလာခဲ့တာ ဣန္ဒြေရရ တ[illegible] တည်တင်းတင်း မျက်နှာကလေးနဲ့ပါ။ သာက လွတ်နေတဲ့ထိုင်[illegible] လေးမှာ ဝင်ထိုင်တော့ သာနဲ့မျက်နှာချင်းဆိုင်ဖြစ်မယ့် နေရာ[illegible] ကို သူ တမင်ရွေးချယ်ပစ်လိုက်တာ သိပ်လှနေတဲ့ သာ့မျက်နှာ[illegible] လေးကို တစ်ဝကြီး ငေးစိုက်ကြည့်ဖို့ ရည်ရွယ်လိုက်တာပါပဲ။

ဒါကိုပဲ ... အနေရခက်နေတဲ့ ဟန်ကလေးနဲ့ သာ[illegible] အကြည့်ချင်း မဆုံသွားအောင် မျက်ဝန်းလေးကို ဖယ်ဖယ်ပစ်[illegible] တာက သူ့ကို မရိုးမရွဖြစ်အောင် တမင်လုပ်နေသလို ဖြစ်နေ[illegible] သည်။

"ကဲ ... အားလုံး စားကြနော် ..."

"ဟာ ... သိမ်မွေ့သာ ရှင်လည်း စားလေ ..."

"စားကြပါ ... သူငယ်ချင်းတို့ရယ် ..."

"ဆန္ဒညီကတော့ ဘာမှမစားဘဲ အငတ်ခံတော့မယ်[illegible] တယ်၊ ဟိုမှာလေ ... မျက်လုံးက စားသောက်ဝိုင်းမှာမရှိဘဲ မျက်နှာလေးကိုပဲ တစ်ချိန်လုံး ငေးကြည့်နေတာ"

"ဟား ... ဟား ..."





သူငယ်ချင်းတွေ တဟားဟားရယ်လိုက်ကြပေမယ့် သာ [illegible]တော့ မကျေမနပ်ကလေးနဲ့ မျက်နှာထားကလေးကို ဣန္ဒြေရရ [illegible]ား တင်းပစ်ကာ ...

"ဟွန်း ... အားလုံးကို သာ တောင်းပန်တယ်နော်"

"ဟင် ... ဘာကိုလဲ ..."

သာ မျက်နှာထားလေးတည်သွားတာကိုကြည့်ပြီး အရယ် [illegible]ားတွေ အားလုံးရပ်သွားသည်။

"ဆန္ဒညီကို သူငယ်ချင်းတစ်ယောက်လိုပဲ သာက ခင်ခဲ့တာ"

"ဟင် ..."

ဆန္ဒညီ မျက်နှာလေး ချက်ချင်းညှိုးကျသွားသည်။

"တို့ သူငယ်ချင်းတွေကြားမှာ ဘာတစ်ခုမှ အပြောင်းအလဲ [illegible]ဖြစ်ဘဲ ဒီအတိုင်း အရောင်ဖြူဖြူလေးတွေနဲ့ ခင်မင်နေကြတာ အကောင်းဆုံးဖြစ်မယ်ထင်လို့ သာက အားလုံးကို တောင်းပန်တာ [illegible] ... ဆန္ဒညီကလည်း သာ့စကားကို နားလည်လက်ခံပေးနော်"

ဒါဟာ သာရင်ထဲမှာရှိနေတဲ့ အကောင်းဆုံး ဆုံးဖြတ်ချက် တစ်ခုပဲလေ။ ဒီနေ့အထိလည်း ဆန္ဒညီကို သာချစ်လို့မရခဲ့တာ။ သာ [illegible] အသိဆုံး။ ကျောင်းမှာ သူငယ်ချင်းတွေ တွေ့ကြဆုံကြ တသင် [illegible]ကြ။ တစ်ယောက်အခက်အခဲကို တစ်ယောက်ကူညီကြနဲ့ ဘယ် [illegible]လောက်ပျော်ရွှင်ဖို့ ကောင်းခဲ့သလဲ။

တကယ်တမ်းကျတော့ သာဟာ ရှစ်တန်းကျောင်းသူဘဝ အရွယ်လေးကတည်းက ကန့်သတ်မှုတွေ ချုပ်ချယ်မှုတွေ ဒက်ဒီ [illegible]မိတို့ရဲ့ တင်းကြပ်တဲ့ စည်းမျဉ်းစည်းကမ်းတွေအောက်မှာ နေ [illegible]လာခဲ့ရတာပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒီစည်းကမ်းတွေထဲမှာ ...

သာအကြောက်ဆုံး စည်းကမ်းက ...

ဘယ်ယောကျ်ားလေးကပဲ အချစ်ကိုတောင်းဆိုလာလာ သာ့ဆန္ဒနဲ့ သာ့ဆုံးဖြတ်ချက်နဲ့ ဘယ်သူကိုမှ တုန့်ပြန်ခွင့်မရှိဘူးဆိုတဲ့ စည်းကမ်း။

ဒါကြောင့်မို့လဲ ... သာဟာ ...

ဒက်ဒီ မာမီတို့ရဲ့ရင်ခွင်မှာ အရုပ်လေး တစ်ရုပ်လိုပဲနေလာခဲ့ရတာလေ။ ခုလည်း သူငယ်ချင်းတွေကြားမှာ လွတ်လပ်ခွင့်ပေးထားတယ်ဆိုပေမယ့် ဒက်ဒီရဲ့ မယုံမကြည် စောင့်ကြည့်နေတဲ့ မျက်ဝန်းလေးတစ်စုံ။ ဒီမြက်ခင်းပြင်ကြီးထဲမှာ ရှိနေတာကို သာကလွဲရင် တခြားဘယ်သူတွေ သိနိုင်မှာတဲ့လဲ။

ဆန္ဒညီက မွေးနေ့လက်ဆောင် လက်စွပ်ကလေးပေးလိုက်လို့ သူမ ဝတ်လိုက်ရတာလည်း ဒက်ဒီ မြင်သွားခဲ့တာပဲ။

သေချာတာက သူမအခန်းထဲကို ပြန်ရောက်သွားပြီဆိုတာနဲ့ ဒီလက်စွပ်ကလေးကို အမှတ်တရ သိမ်းခွင့်ပေးထားတာကလွဲရင် ဝတ်ဆင်ခွင့်မရှိဘူးဆိုတဲ့ ပြတ်သားတဲ့ အမိန့်တစ်ရပ်ကို ဒက်ဒီက ထုတ်ပြန်လာတော့မှာပါ။

ဒါကြောင့်မို့လဲ ...

အရုပ်လေးတစ်ရုပ်လိုပဲ သာနေလာခဲ့ရတာလည်း ဒီနေ့အထိ။

ဒီမွေးနေ့ပွဲကြီးရဲ့ ဖိတ်စာတွေအားလုံးကိုလည်း ဒက်ဒီကပဲ ထိန်းချုပ်ကိုင်ထားခဲ့တာ သူငယ်ချင်းတွေသိရင်တောင် ဝိုင်းရယ်နေကြမလားဘဲ။





သာ ဖိတ်ခွင့်ရတဲ့ သူငယ်ချင်းခုနစ်ယောက်ထဲမှာ ... ယောကျ်ားလေး လေးယောက်ရဲ့ အနေအထားတွေကိုလည်း ဒက်ဒီရဲ့လူယုံအလုပ်သမားတွေဆီကတစ်ဆင့် ဆက်သွယ်စုံစမ်းထားပြီးမှ သာက ခွင့်ပြုချက်ကလေးနဲ့ ဖိတ်ခွင့်ရခဲ့တာလေ။ ဒီအထဲမှာ ဒက်ဒီ မသင်္ကာဆုံးက ရုပ်ဖြောင့်တဲ့ ဆန္ဒညီကိုပဲပေါ့။

ဒီလိုအခြေအနေမျိုးမှာ သူငယ်ချင်းတွေရဲ့ နောက်ပြောင်မှုတွေ လွန်ကဲမသွားစေဖို့ သာ မဖြစ်မနေ ထိန်းချုပ်ဟန့်တားရမှာလေ။

ဆန္ဒညီရယ် ...

ရှင် ... သာ့ကို ခွင့်လွှတ်နော် ဆန္ဒညီ။

တယုတယလေးနဲ့ သာ့ကိုအမြဲဆက်ဆံပြီး ချစ်ခွင့်တောင်းနေတဲ့ ရှင့်အချစ်တွေကို ဒီမွေးနေ့ပွဲလေးမှာ တုန့်ပြန်မပေးနိုင်ခဲ့တာ ရှင်နားလည်ပေးပါ။ ရှင့်အချစ်တွေကို တုန့်ပြန်မပေးနိုင်ပေမယ့် ကိုယ်ရံတော်တပ်မှူးလေးတစ်ယောက်လို ရှင်စောင့်ရှောက်ပေးတာကိုတော့ သာက အမြဲတမ်းကျေးဇူးတင်နေပါတယ် ဆန္ဒညီရယ်။

"ဒါ ... ဒါ ... ဒီနေ့ကိုယ့်ကို ပေးလိုက်တဲ့အဖြေပဲလားဟင် သာ ... ဒါဆိုရင် ကိုယ် သာ့ဆီက အဖြေလေးတစ်ခုကိုရဖို့ အသက်နှစ်ဆယ်ပြည့်မွေးနေ့လေးအထိ ကိုယ်စောင့်ရတော့မှာပေါ့"

"သာ ... သာ ... ရှင့်ကိုအရမ်းအားနာတယ်လေ ဆန္ဒညီ"

"ဟာ ... နင်တို့ကလည်း ပျော်စရာကောင်းတဲ့ မွေးနေ့ပွဲလေးမှာ ဒီလိုစိတ်ဆင်းရဲရမယ့် အကြောင်းအရာတွေ မဆွေးနွေးစမ်းပါနဲ့ဟာ၊ မွေးနေ့ရှင် သာ့ကိုလည်း တဆိတ်လေးတော့ အားနာပြြပါဦး ... "



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ဆန္ဒညီ ... ငါ့ မင်းကို မပြောချင်လို့ကြည့်နေတာ၊ အချစ်ဆိုတာ လူ့ပုံအလည်မှာ တောင်းလို့ရမလား၊ ကျောင်းထဲရောက်မှ လူရှင်းတဲ့ ကော်ရစ်ဒါထောင့်လေးကို ဆွဲခေါ်သွားပြီတောင်း ... ဟား ဟား ..."

မင်းသန့်အစားကို ပလုတ်ပလောင်းစားရင်း တဟားဟားထ,ရယ်သည်။ ကြည်သာက မင်းသန့်စကားကို ဝင်ထောက်ခံ၏။

"ဟုတ်သားပဲ ဆန္ဒညီရာ ... မင်းကလည်းမင်းပဲ၊ သာ့ဆီကအချစ်ကို မရတာနဲ့ဘဲ ငှက်ပျောသီးပုတ်လေးကို ကားတက်နင်းသွားသလို ဖြစ်နေတာ၊ ဟား ဟား ... ဒါလေးမှ အစွမ်းအစမရှိရင် မင်းနောက်ဆုတ်လိုက်တော့ ..."

"ဟေ့ကောင် ဆန္ဒညီ နောက်ဆုတ်သွားရင် မင်းက ဘာလုပ်မလို့လဲ"

"ဟဲဟဲ ... ငါပဲရှေ့တက်လိုက်မှာပေါ့ကွ ..."

"ဟား ... ဟား ..."

အားလုံးရယ်နိုင်ကြပေမယ့် မရယ်နိုင်တာ ဆန္ဒညီရယ်လေ။

"ကဲပါ ... ကဲပါ ... ဆန္ဒညီ မျက်နှာလေး ဒီလောက်မကောင်းဖြစ်နေတာ နင်တို့ဆက်စ မနေကြနဲ့တော့၊ ဆန္ဒညီ ... အကောင်းဆုံးလုပ်ရမှာက မိုးပေါ်ပျံတက်သွားတဲ့ မိုးပျံပူဖောင်းလေးတွေနောက်ကို အပြေးလိုက်ရမှာလေ ... တော်ကြာ ရာမဇာတ်ထဲကလို ချောင်းရေစီးထဲမှာ မျှောပါလာတဲ့ ရွှေပေလွှာခါတ်ပုံလေးကို ဒသဂီရိလို ခပ်ကြမ်းကြမ်း ဘီလူးကြီးတစ်ကောင်လက်ထဲကို ရောက်သွားရင် ဘယ်လိုလုပ်မလဲ ..."

"ဟင် ..."





သီရိစံပြောကာမှ သာ့မျက်ဝန်းလေး ဝိုင်းစက်သွားသည်။

"ဟား ဟား ... အဲဒီလို ရောက်သွားတော့လည်း ဘာဖြစ်လဲသီရိစံရ ... လေးတင်ပွဲကြီးမှာ ရာမမင်းသားနေရာကနေ ဆန္ဒညီကဝင်ပြိုင် ... ဟား ဟား ... နင်ပြောတဲ့ ဘီလူးလိုကောင်မျိုးနဲ့ နောင်ကြိန်ပလေး ..."

"ကောင်းတယ်ဟေ့ ... ကောင်းတယ် ... ကောင်းတယ်၊ အဲဒါမှ သီတာဒေဝီမလေး သိမ်မွေ့သာ ဘယ်သူ့ဘက်ကို လိုက်ရမှန်းမသိတော့ဘဲ နောက်ဆုံးတစ်နေ့ဟာ ရှုပ်ပါတယ်ဟာဆိုပြီး ငါ့ဘက်ကိုပါလာမှာ ... ပါလာမှာ ..."

"ဟား ... ဟား ..."

သာ ... အခုမှ စဉ်းစားမိသွားသည်။

မိုးပျံပူဖောင်းလေးတွေအောက်မှာ ချိတ်ဆွဲပါသွားခဲ့သည့် သာ့ဓါတ်ပုံလေးဟာ လမ်းပေါ်မှာတော့ ကစားနေသည့်ကလေးတွေ လက်ထဲကိုရောက်သွားရင် ပြဿနာမရှိပေမယ့် သီရိစံပြောတဲ့ ခပ်ဆိုးဆိုးကောင်တွေရဲ့ လက်ထဲကိုရောက်သွားမယ်ဆိုရင်တော့ သာ တွေးလိုက်မိတာနဲ့ ...

ရင်ထဲမှာ ထိတ်လန့်မှုလေးတွေက ချက်ချင်းဝင်ရောက်လာသည်။

ခုချိန်မှာတော့ သူမမျက်နှာလေးဟာ ဖြူဖျော့ဖျော့လေးနဲ့။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၂ )

"ဒုန်း ..."

"ဒုန်း ..."

"ဟေ့ကောင် မဟာရန် ... မင်းအခုချက်ချင်း ထစမ်း"

"မဟာရန် ..."

"ဒီအချိန်ထိတောင် အိပ်ပုတ်ကြီးရသလားကွ ..."

"ဘယ်အချိန်ရှိနေပြီလဲဆိုတာ မင်းထကြည့်စမ်း ..."

"ဒုန်း ..."

"ဟင် ..."

အခန်းအပြင်ဘက်က ဆူဆူညံညံအော်သံတွေကြောင့် သူ့ အထိတ်တလန့်လေးနဲ့ပဲ လန့်နိုးသွားခဲ့ရ၏။ ကြည့်လိုက်တော့ သူ့ ခြေထောက်တစ်ဖက်က အချစ်ဆုံးသူငယ်ချင်း အောင်ဝဏ္ဏ ကိုယ်ပေါ်မှာ ကန့်လန့်ဖြတ်ကြီးတင်လို့။

"ဟေ့ကောင် မဟာရန် ..."

"ဒုန်း ..."





စိတ်မရှည်နိုင်တာ ဦးဖေယျာအောင်ပါ။

တစ်နှစ်တစ်ခါ ကုသိုလ်ရေးလေးအတွက် ဒေးစွန်ပါ ရန်ကုန်ကျောင်းမှာ ကထိန်လေးလာခင်းပါတယ်။ သားဖြစ်သူ မဟာရန်ဆိုတဲ့ကောင်က ဘုန်းကြီးကျောင်းအခန်းလွတ်ထဲမှာ အိပ်လိုက်တာ သိုးလို့။

ညကလည်း အချိန်မရှိ အချိန်ရှိမှ ပဲခူးကိုရောက်လာ။

မနက်မိုးလင်းတော့ ဖုန်းတွေက ဟိုကဆက် ဒီကဆက်။

ပဲခူးကို ရောက်မလာခင် ရန်ကုန်မှာ ပြိုင်ကားတွေအုပ်စုဖွဲ့မောင်းရင်း မဟာရန်ဆိုတဲ့ကောင် ပြဿနာရှာသွားလို့တဲ့။

ရဲကိုလည်း တောင်းပန်ရ၊ သက်ဆိုင်ရာလူကြီးတွေကိုလည်း တောင်းပန်ရနဲ့။ ဒီကောင့်ကြောင့် ဦးဖေယျာအောင် မျက်နှာပူရတာ ဘယ်နှစ်ကြိမ်ရှိနေပြီလဲ။ ကြည့်လိုက်တော့ ကျေးဇူးရှင်က ဘုန်းကြီးကျောင်းထဲက အခန်းလွတ်ကလေးထဲမှာ ဆင်အော်သံကြားတာတောင် နိုးမယ့်ပုံမပေါ်။

တံခါးကို ဆက်တိုက်ထုတော့မှ။

ထွက်လာတာက အိပ်ချင်မူးတူး ဒယီးဒယိုင်။

"ဂျောက် ..."

"ဒေါက် ..."

"ဟေ့ကောင် ..."

တွေ့တော့လည်း ဦးဖေယျာအောင် ဒေါသက ထိန်းလို့မရ။

သူ့အမေသာအနားမှာ မရှိလျှင် ဒီကောင့်မျက်နှာပေါ်ကို လက်သီးချက်ပြင်းပြင်းလေးက ဝင်သွားလောက်ပြီ။

www.burmeseclassic.com

www.burmeseclassic.com



"မင်း ... မင်း ... ငါ့ကိုပြောစမ်း၊ ညက ... ကမ္ဘာ့အေးဘုရား လမ်းပေါ်မှာ မင်းပြဿနာရှာလာတယ်ဆို ... သူများကားမီးလုံးကို ဘော့ဘောတုတ်နဲ့ဆင်းပြီးတော့ မင်းရိုက်ခွဲခဲ့တယ်ဆို ... အခု ဖုန်းဆက်ပြောလို့ ကာယကံရှင်တွေကျေနပ်အောင် ငါလျော်လိုက်ရပြီ၊ ကဲ ... အဲဒါ ... မင်းဘာပြောချင်သေးလဲ ... "

တွေ့လား ...

ဖေဖေက စကားပြောရင် အဲလိုအတိအကျသမား။

"ဟာ ... ဖေဖေကလဲ ... "

"ဟော့ကောင် ... မင်းအခုမှ ဖေဖေကလည်းတွေ ဘာတွေလုပ်မနေနဲ့ ... မင်းပြဿနာရှာခဲ့တဲ့ ဟိုဘက်က ကောင်လေးကို မင်းဘယ်လောက်အားနာဖို့ကောင်းသလဲ ... ကောင်လေးက ရိုးရိုးသားသားအေးအေးချမ်းချမ်းကလေးနဲ့ တက္ကသိုလ်တတိယနှစ်တက်နေတဲ့ကောင်လေး ... ဒါကို မင်းက ကားကိုအပြိုင်မောင်းကျော်တက်ပြီး ပြဿနာဆင်းရှာတာ၊ အခု ... ဟိုဘက်က ကာယကံရှင်တွေ ကျေနပ်အောင် ငါဘယ်လောက်တောင်းပန်လိုက်ရပြီထင်သလဲ ... "

"ဟွန်း ... ဖေဖေက ဖေဖေ တောင်းပန်လိုက်ရတာပဲ ပြောနေတာ ... မီးပွိုင့်မှာ ကားနှစ်စီးဆုံတော့ ဟိုဘက်ကားပေါ်ကနေ နှုတ်ခမ်းလေး ဟွန့်ခနဲမဲ့ပြီး ကျွန်တော်တို့ကို ဂရုမစိုက်သလို ကြည့်သွားတာလေ ... မဟာရန်ကို ဒီလိုရိသဲ့သဲ့လုပ်သွားလို့ရမလား"

"ဟော့ကောင် ... မင်းတို့လိုကောင်တွေကို အဲလိုကြည့်သွားတာတောင် နည်းသေးတယ်၊ မင်းတို့ကောင်တွေကရော လမ်းပေါ်





မှာ အချိုးပြေလို့လား၊ လောင်းကြေးထပ်ပြီး ကားတွေအပြိုင်စက်ကုန်ဖွင့်မောင်းကြ ... ဟွန်းတွေ အပြိုင်တီးပြီး ဟိုကားကိုလမ်းဖယ်ခိုင်း၊ ဒီကားကို လမ်းဖယ်ခိုင်းနဲ့ ဘယ်သူကအမြင်မကတ်ဘဲ နေတော့မလဲ ... ဒါကြောင့်မို့ ဟိုကောင်လေးက မင်းကို မကျေမနပ်လေးကြည့်သွားတာပဲနေမှာ"

"အခု ဖေဖေ တောင်းပန်လိုက်ပြီမို့လား ဖေဖေ ... "

"ဟော့ကောင် ... ဖုန်းထဲကနေ နှုတ်နဲ့တောင်းပန်နေလို့ရမလားကွ၊ မင်းရိုက်ခွဲထားတဲ့ ကားမီးလုံးကို အသစ်နဲ့လဲတပ်ပြီး ပြန်ပြင်ပေးရဦးမှာလေ ... လူကြီးချင်း ပြောရဆိုရရင်လည်း ငါဘယ်လောက်မျက်နှာပူနေရမလဲဆိုတာ မင်းစဉ်းစားကြည့်စမ်း ... "

"ခဏလေး ပူတာပါ ဖေဖေရာ ... "

သူကတော့ အဲလိုလေး ပြီးစလွယ်လေးပြောလိုက်ပေမယ့် ဖေဖေ့ဒေါသက ပြေကျမသွား။ သူ့ကိုပဲ မျက်နှာရဲရဲကြီးနှင့်ကြည့်ကာ အခန်းထဲထိရောက်အောင် ဖေဖေဝင်လာ၏။

ပြီးတော့ ... လက်ထဲက ဟန်းဖုန်းလေးကို သူ့ဆီလှမ်းပေးသည်။

"ရော့ ... ဒီမှာ ဟိုကောင်လေးကို မင်းကိုယ်တိုင် ဖုန်းဆက်ပြီး ပြန်တောင်းပန်လိုက် ... သူခေါ်သွားတဲ့ ဖုန်းနံပါတ်က နောက်ဆုံးပေါ်သွားတဲ့ နံပါတ်ပဲ ... "

"ဟာ ... အဲဒါတော့ ဆောရီးပဲဖေဖေ ... "

"ဘာပြောတယ် ... "

"ကျွန်တော် တောင်းပန်တဲ့အလုပ်ကို ဘယ်တော့မှမလုပ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟိတ်ကောင် ..."

ဖေဖေမျက်နှာက ဒေါသကြောင့် ရဲတွတ်နေအောင် နစ်ဆနီသွားရပြီ။ သူကတော့ ... ခပ်ပြတ်ပြတ်လေးပဲပြောကာ ခေါင်းလေးကိုပါ ခါယမ်းပစ်လိုက်သည်။ အဲလောက်ထိ မလိုဘူးထင်တယ် ဖေဖေ။ ယောက်ျားလေးချင်း လမ်းပေါ်မှာ မကျေနပ်လို့ဖြစ်တာ သူမှားမှား ကိုယ်မှားမှား သူမှားရင်လည်း ကိုယ်ကိုလာမတောင်းပန်နဲ့ ကိုယ်မှားရင်လည်း သူ့ကိုသွားမတောင်းပန်ဘူး။ ဘာလဲ ဖေဖေရာ ... ဒီကောင့်ကို ဖေဖေ မမြင်ဘူးဘဲနဲ့ ဗွတ်အထင်ကြီးလေးစားနေတာ။

နာမည်ကြီး တံဆိပ်ရုပ်အင်္ကျီကို ကြယ်သီးတွေစေ့ပိတ်နေအောင် တပ်ပြီး ဝတ်ထားတာကိုကြည့်လိုက်တာနဲ့ ဒီကောင် ဘယ်ဒီဇိုင်းမျိုး ချုံးထားတယ်ဆိုတာ ဖေဖေ့သား မဟာရန်ဆိုတဲ့ကောင်က မသိဘဲနေမလား။

ဒီကောင့်ကားရှေ့ကနေ ပိတ်ရပ်ပစ်လိုက်ကတည်းက ဒီကောင် ကျွန်တော့်ကို လုံးဝကျွတ်ကြွသွားတာလေ။ ကျွန်တော်က ကားတံခါးဖွင့်ဆင်းပြီး ဒီကောင့်ဆီကို တစ်လှမ်းချင်းလျှောက်သွားတော့လည်း ကျွန်တော် ပုံစံကိုကြည့်ပြီး ဒီကောင်သွေးပျက်နေတာ။ တကယ်ရယ်ရတဲ့ကောင်။

ကျွန်တော်က သူ့အင်္ကျီကော်လံစတွေကို စုချုပ်ကိုင်ပစ်လိုက်ပြီ။ မင်းအကြည့်တွေကို ပြင်လိုက်လို့ ပြောလိုက်မိတာကို ဒီကောင်က နှုတ်ခမ်းလေးတွန့်ပြီးတော့ ထပ်ပြုံးလိုက်သေးတယ်လေ။

ဒါကို မကျေနပ်လို့ ...





သူ့ကား ညာဘက်ခေါင့်မီးလုံးတစ်လုံးတည်းကို ဘေ့စ်ဘောတုတ်နဲ့ ရိုက်ခွဲထားခဲ့တာ။ အဲဒါ ... မဟာရန်လွန်သလား။ ဒီလိုကောင်မျိုးကို အောက်ကျခံပြန်တောင်းပန်နေစရာ လိုသလား။ ဖေဖေ စိတ်မဆိုးပါနဲ့။ သားကတော့ လုံးဝဆောရီးပဲ။

သူ ဖေဖေ့ကို ကျောခိုင်းလှည့်ထွက်သွားဖို့ ပြင်လိုက်ပေမယ့် ဖေဖေက ဟန်းဖုန်းကြီးကိုင်ပြီး သူ့နောက်ကိုပဲ ခြေလှမ်းကြဲကြီးနှင့် ဝင်လိုက်လာသည်။ ဘုန်းကြီးကျောင်းဝင်းထဲမှာမို့ ဖေဖေ ဒေါသတွေကို ထိန်းချုပ်ထားပုံလည်းရသည်။

"ဟေ့ကောင် ... ငါက တောင်းပန်လိုက်ဆိုရင် မင်းအခုတောင်းပန်လိုက် ... ဒီကောင်လေးကို ငါအရမ်းအားနာတယ် ... ဒီကောင်လေး စကားပြောတာ၊ လူကြီးတစ်ယောက်ကို ရိုရိုသေသေလေးနဲ့ ရည်ရည်မွန်မွန်လေးပြောလို့ ဒီကောင်လေး မမှားဘူးဆိုတာလည်း ငါနားလည်လိုက်တယ်၊ ရော့ ... ဒီမှာ ဟန်းဖုန်း ..."

"ကျွတ် ... စိတ်ညစ်တယ်ဖေဖေရာ ... လူတစ်ယောက်ကို ကျွန်တော်မှ မတောင်းပန်တတ်တဲ့ဟာကို ဘယ်လိုလေသံနဲ့ တောင်းပန်မလဲ ..."

"ဟေ့ကောင် စကားမရှည်နဲ့ ... မင်းတောင်းပန်တတ်သလိုတောင်းပန်လိုက်၊ အေး ... ဖုန်းထဲကနေ ထပ်ပြီးတော့ ပြဿနာရှာနေရင်တော့ မင်းလုံးဝ မစဉ်းစားနဲ့နော် ... မဟာရန်၊ ငါ ဒီကျောင်းမှာ ကထိန်လာခင်းတာ ကုသိုလ်လိုချင်လို့ခင်းတာ၊ အကုသိုလ်ရှာချင်လို့ လာခင်းတာမဟုတ်ဘူး၊ ငါ ... ပဲခူးဘုရားလေးက ဒေးစွန်ပါ၊ ငါမင်းနဲ့ အော်ကျယ်အော်ကျယ် စကားမပြောချင်ဘူး"

"ဟွန်း ... တောင်းပန်ဆိုရင်လည်း လိုရင်းတိုရှင်းပဲ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် တောင်းပန်မှာ”

“အေး … မင်းတောင်းပန်တယ်ဆို ငါကျေနပ်ပြီ”

သူ စိတ်မပါတပါနဲ့ပဲ ဖေဖေ့လက်ထဲက ဟန်းဖုန်းလေးကို လှမ်းယူလိုက်ရသည်။ ဒီလိုမှ မလုပ်ရင်လည်း ဖေဖေက ဒါကိုပဲ မပြီးနိုင်မစီးနိုင် အရစ်ရှည်နေတော့မှာလေ။

သူ့နံပါတ်လေးတိုနှိပ်ကာ ခေါ်လိုက်တော့ …

တစ်ဖက်က ပြန်ပေါ်လာတဲ့အသံလေးက …

“ဟုတ် … ပြောပါ အန်ကယ် … ”

“ဟေ့ကောင် … ငါအန်ကယ် မဟုတ်ဘူး”

“ဗျာ … ဒါဆို အန်ကယ် ဖုန်းကနေ ပြောနေတာ ဘယ်သူလဲ”

“ညက ကမ္ဘာအေးဘုရားလမ်းပေါ်မှာ မင်းနဲ့ကွိုင်တက်သွားတဲ့ မဟာရန် … ”

“ဟွန်း … မင်းကိုဆက်ခိုင်းတာ အန်ကယ်လား”

“အဲဒါ … မင်းစပ်စုစရာမလိုဘူး”

“ဒါဆို မင်းဘာလို့ဆက်တာလဲ … ”

“ငါ တောင်းပန်တယ် … ”

“အေး … တောင်းပန်ရင်လည်း ဒီလိုလေသံနဲ့တောင်းပန်လို့ မရဘူး မဟာရန် … မင်းရဲ့ ကြွပ်ဆတ်ဆတ်လေသံလေးကို နည်းနည်းပြင်လိုက်ရင် ကောင်းမယ်ထင်တယ် … အခြောက်တိုက် ဘလိုင်းကြီး ဘဝင်မြင့်နေတာ ဘာလုပ်မှာလဲ … ”

“ဘာ … ဘာပြောတယ်”





ကြည့်စမ်း … ဒီကောင် …

ကိုယ့်ဘက်က တောင်းပန်ပါတယ်ဆိုမှ ဒီကောင် လေသံသားက ကြွစောင်းစောင်းလေး ဖြစ်နေရပြီ။ အဲဒါကြောင့် ဖေဖေ့ကို ကျွန်တော်ပြောတာ။ ဒီကောင်နဲ့ကျွန်တော် စကားပြောလို့ ပြဿနာတွေ ထပ်ဖြစ်လာရင် ဖေဖေ ကျွန်တော့်ကို အပြစ်မတင်နဲ့။

“မင်း … မင်း … ”

“ဒီမှာ မဟာရန် … ”

“ဟေ့ကောင် … မင်းဘာဖြစ်ချင်သလဲဆိုတာပဲ ရှင်းရှင်းလင်းလင်း ပြောစမ်း … ”

“ယဉ်ကျေးတဲ့ ကမ္ဘာကြီးထဲမှာ လူသားတိုင်း မဖြစ်မနေလိုက်နာသင့်တဲ့ စည်းမျဉ်းစည်းကမ်းနဲ့ ဥပဒေတွေရှိတာ မင်းကိုငါပြောပြမယ်”

“ဟေ့ကောင် … အရေးမပါတာတွေ လာမပြောနဲ့ … ”

“မပြောရင်မဖြစ်လို့ ငါပြောရတာလေ မဟာရန် … နားထောင်ချင်ရင်လည်း မင်းနားထောင်ရမယ်၊ ဒီမှာ အလွယ်ဆုံးနဲ့ရှင်းဆုံးတစ်ခုပဲ မင်းနားလည်အောင်ပြောမယ် … လူဆိုတာ ခွေးမဟုတ်ဘူး”

“ဟာ … ကြည့်စမ်း … မင်း … ”

“ဦးနှောက်ရှိရင် စည်းကမ်းနဲ့ဥပဒေဆိုတာ မင်းသိရမယ်၊ ဒီလိုမှ မင်းမသိရင် ယဉ်ကျေးတဲ့ကမ္ဘာကြီးက မင်းကို မီးနီပြသွားလိမ့်မယ်၊ ငါပြောတာ မင်းစိတ်တော့မဆိုးနဲ့ … မင်းတို့လည်းချမ်းသာတာပဲ … ဒီခေတ်ကြီးထဲမှာ ပြိုင်ကားဝယ်စီးနိုင်တဲ့လူတန်းစားဆိုတာ လက်ချိုးရေကြည့်လို့ ရပါတယ်”



www.burmeseclassic.com

www.burmeseclassic.com



"တော်တော့ ဟော့ကောင် … မင်းဖါးစပ်ပိတ်လိုက်တော့"

"ငါမပိတ်နိုင်သေးဘူး မဟာရန် … "

ဖေဖေက သူ့နံဘေးကနေ မျက်လုံးကြီးပြူးကြည့်နေတော့ သူ ဖုန်းပြောရတာ တကယ်ပဲ အခက်တွေ့နေရ၏။ ဘယ်လိုလုပ်ရမလဲ။ မဟာရန် ဒေါပွနေတာလည်း မျက်နှာလေးရဲလို့ပါ။

အဲဒါ … ဖုန်းထဲမှာမို့ပေါ့။

"အခု စတာဖြစ်သွားတဲ့ပြဿနာက မိုက်တန်းကန်းဗုံစံလေးနဲ့ ငါ့ကားမီးလုံးကို မင်းကရိုက်ခွဲသွားတာ … ကားပေါ်မှာပါလာတဲ့ ငါ့သူငယ်ချင်းတွေအားလုံး ယဉ်ကျေးမှုရှိလို့ မင်းကိုသည်းခံလိုက်ပေမယ့် အသည်းထဲစွဲနေအောင် ရှုံ့သွားတယ်ဆိုတာတော့ မင်းသဘောပေါက်ထား … ရတယ် မဟာရန် … မင်း ငါ့ကို လုံးဝမတောင်းပန်နဲ့ အန်ကယ်ပြောလို့ ငါကြေအေးပြီးသား … "

"ဟွန်း … မင်းရုပ်ကလေးက လူကြီးလူကောင်းဆန်သလောက် မင်းစကားပြောတာ တော်တော်ရှင့်တာပဲ … ကောင်းပြီလေ သူငယ်ချင်း … "

"ဆောရီးပဲ မဟာရန် … မင်း ငါ့ကို သူငယ်ချင်းလို့မခေါ်နဲ့ မင်းနဲ့ငါ ဘယ်တော့မှ သူငယ်ချင်းဖြစ်လာမှာမဟုတ်ဘူး"

"သေချာတယ်နော်"

"သေချာတာပေါ့ မဟာရန်ရ … မင်းဟာ နံ့မည်နဲ့လိုက်အောင် ငါ့ရဲ့ ထာဝရ မဟာရန် … "

"ဟွန်း … ကောင်းပြီလေ၊ မင်းပြောခဲ့တာတွေအားလုံး မှတ်နှလုံးသားထဲမှာ ကဗ္ဗည်းထိုးပြီးတော့ မှတ်ထားလိုက်ပါမယ် ဟုတ်တာပေါ့။ မင်းဒေါပွမယ်ဆိုလည်း ပွချင်စရာပဲပေါ့ … ငါလုပ်ရပ်





က ကားပေါ်မှာပါတဲ့ မင်းသူငယ်ချင်းတွေအားလုံး အော့နှလုံးနာစရာလည်း ဖြစ်ချင်ဖြစ်သွားမှာပေါ့ … ဒီဇာတ်လမ်းမှာ အမှန်အတိုင်းပြောရမယ်ဆိုရင် မီးပွိုင့်မရောက်ခင် မင်းကားကို ညာဘက်အခြမ်းကနေ ငါတရကြမ်း လီဗာမြှင့်ပြီး ကျော်တက်လိုက်တဲ့အချိန်မှာ မင်းရဲ့နောက်ခန်းထိုင်ခုံလေးမှာ ကြို့ကြို့လေးထိုင်လိုက်လာတဲ့ အဖြူရောင်အရိုပ်ကလေးကို ငါလှည့်ကြည့်လိုက်တာ မင်းမြင်သွားလို့ အူနဲ့ကျွဲခတ်ပြီး ပေစောင်းစောင်းနဲ့ မီးပွိုင့်မှာ မင်း ငါ့ကိုကြည့်သွားတာ မဟုတ်လား"

"ဟုတ်တယ် မဟာရန် … အဲဒါ ငါမရှက်ပါဘူး၊ မင်းလှည့်ကြည့်သွားတဲ့ အဖြူရောင်အရိုပ်ကလေးက ငါ့ရဲ့အဆုံးမဲ့မျှော်လင့်ချက်အိပ်မက် … "

"ဟော့ကောင် သောက်ရူး … "

"ဘာ … "

"မင်းယောက်ျား မဟုတ်ဘူးလား … "

"မဟာရန် … မင်း … မင်း … "

အဆုံးမဲ့ အိပ်မက်ပြောလို့ မဟာရန် ဒေါပွသွားတာလေ။

"အဲဒီအရိပ်ကလေးကို မင်းဘယ်လောက်ပဲ အရူးထပြီး ချစ်ချစ် မင်းတစ်ယောက်ထဲ ရူးသွပ်ခွင့်မရှိဘူးဆိုတာ မင်းနားလည်ထားဆပ်ပြောမယ် … မင်းတို့သူငယ်ချင်းတွေ အဖွဲ့လိုက်ကြီးရွှေတိဂုံဘုရားပေါ်တက်လာကတည်းက ငါမြင်တယ် … အဲဒီအဖြူရိပ်ကလေးကို မျက်နှာချင်းဆိုင်တွေ့လိုက်တဲ့အချိန်မှာ ငါ့တစ်ကိုယ်လုံးသွေးသည်ပတ်စီးဆင်းနေတဲ့ သွေးတွေအားလုံး အေးခဲသွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် မဟာရန် ... မင်းပါးစပ် ပိတ်လိုက်တော့"

"ဟား ... ဟား ..."

သူ ... ဟန်းဖုန်းလေးကို နားမှာကပ်ရင်း ခေါင်းကလေး မော့လို့ ရယ်ချပစ်လိုက်တာ အရူးလေးတစ်ယောက်လိုပါ။

"မင်း ... မင်းမရယ်နဲ့နော် မဟာရန် ... မင်းပြောနေတာ တွေအားလုံးကို ငါတစ်ခုမှ လက်မခံနိုင်ဘူး၊ ငါရဲ့အဖြူရိုပ်လေးကို လည်း ငါကလွဲရင် တခြားဘယ်သူနဲ့မှ ပတ်သက်ခွင့်မပြုနိုင်ဘူး"

"ဟား ... ဟား ..."

သူရယ်လို့ မဆုံးတော့။

"အဲဒါ ... အဲဒါ ... ငါဘဝမှာ ပထမဆုံးခံစားလိုက်ရတဲ့ ခံစား ချက်လေ၊ ဒီခေတ်ကောင်မလေးတွေကို မဟာရန်ဆိုတဲ့ကောင်က ဘယ်တုန်းကမှ စိတ်မဝင်စားခဲ့သလောက် ဘုရားပေါ်မှာ မင်းနဲ့တွဲ လျှောက်သွားတဲ့ အဲဒီအဖြူရိုပ်ကလေးကျမှ ညို့ချက်ပြင်းလွန်းလို့ မဟာရန် ဒူးထောက်ကျဆုံးသွားခဲ့တာ"

"တော်ပြီ မဟာရန် ... မင်းဆက်မပြောနဲ့တော့၊ မင်း ဒီ လောက်ပြောရင် ငါသဘောပေါက်ပြီ၊ မင်းဂျေဝင်သွားလို့ ငါ့ကားမီး လုံးကို မင်းသက်သက်မဲ့ ရိုက်ခွဲသွားတာလည်း ငါနားလည်ထား လိုက်ပြီ ... ဒါပေမဲ့ ဒါတွေအားလုံးကို မင်းမေ့ပစ်လိုက်ပါ မဟာရန် ငါမင်းနဲ့ ဘယ်တော့မှ ပြန်မဆုံချင်ဘူး၊ ကဲ ... ဒါပဲကွာ ..."

"ဟား ... ဟား ... ဟော့ကောင် နေဦးနော်၊ အခုမှ မင်းစိတ် တွေ ထွေပြားပြီး ဖုန်းချမပစ်လိုက်နဲ့ဦး ... ယောကျ်ားဆိုတာ သတ္တိ ရှိရတယ်၊ ငါကအတ္တလည်းကြီးတယ်၊ ငါလိုချင်လာပြီဆိုရင် ဘာကိုပဲ ဖြစ်ဖြစ် ရအောင်ယူပစ်တတ်တဲ့ လူစားမျိုး"





"ဟွန်း ... ရမလား မဟာရန်၊ ညို့ချက်ပြင်းလွန်းလို့ မင်း ကိုယ်တိုင် ဒူးထောက်ကျဆုံးသွားခဲ့ပါတယ်ဆိုတဲ့ ငါ့ရဲ့အဖြူရိုပ်လေး ကို ငါယုံပြီးသား ... မင်း နားလည်အောင် အရှင်းဆုံးပြောရမယ်ဆို ရင် ငါ့ရဲ့အဖြူရိုပ်မလေးရဲ့ ဆယ့်ကိုးနှစ်ပြည့်မွေးနေ့ညလေးမှ မိဘ တွေဆီမှာ ခွင့်တောင်းပြီး ညကိုးနာရီကျော်မှ ဘုရားပေါ်ကို အပြေး အလွှားတက်လာရတာ ..."

"သူ ... သူ့နာမည်က ..."

"သိမ်မွေ့သာ ..."

"သိမ် ... သိမ်မွေ့သာ ဟုတ်လား ..."

"ဟော့ကောင် မဟာရန် ... မင်းအခုမှလာပြီး သူများချစ်သူ ကို လာရှုပ်မနေနဲ့ ... လမ်းပေါ်မှာ ငါ့ကားမီးလုံးကို မင်းရိုက်ခွဲ သွားကတည်းက မင်းကို အသေမုန်းသွားတာ သိမ်မွေ့သာ ... အကြောက်ဆုံးက မီးဟုန်းဟုန်းတောက်နေတဲ့ မင်းမျက်လုံးတွေ"

"ဘာ ... ဘာပြောတယ် ..."

"တီ ... တီ ..."

ဟာ ... ကြည့်စမ်း၊ ဒီကောင် ဖုန်းပိတ်ချသွားပြီ။

သိမ်မွေ့သာတဲ့ ...

သိမ်မွေ့သာ အကြောက်ဆုံးက မီးဟုန်းဟုန်းတောက်နေတဲ့ မင်းမျက်လုံးတွေတဲ့။

ဖေဖေ ...

ဖေဖေကတော့ မျက်လုံးပြူးကြီးနဲ့ပဲ သူ့ကိုငေးကြည့်နေဆဲ။

"မင်း ... မင်းပြောနေတာတွေအားလုံး ဖေဖေကြားတယ် မဟာရန် ... ဘုရားပေါ်မှာ တွေ့လာတဲ့ ကောင်မလေးတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ဒီပြဿနာဖြစ်ခဲ့တာဆိုရင် မင်းဟာ သိပ်ကို ရိုင်းစိုင်းတဲ့လူ တစ်ယောက်ဖြစ်သွားပြီ ဆန္ဒညီ ... ဆန္ဒညီဆိုတဲ့ကောင်လေးကို အရှုံးအောင်နာဖို့ ကောင်းတယ် ...”

ဟွန်း ... မင်းနာမည်က ဆန္ဒညီတဲ့လား။

သူ နှုတ်ခမ်းလေးမဲ့ကာပဲ ပြုံးလိုက်မိသည်။

သူ ဂရုမစိုက်ပါဘူး။

တကယ့်ကို ဟန်းဖုန်းလေးပြန်ပေးလိုက်တော့မှ ဖေဖေက အခန်းထဲက ပြန်ထွက်သွားသည်။ သူ အခန်းလေးရဲ့ နောက်ဘက် ပြတင်းတံခါးကိုဖွင့်လိုက်တော့ သူ့မျက်ဝန်းရှေ့မှာပေါ်လာတာ တဖျတ်ဖျတ်လှုပ်နေတဲ့ ငွေရောင် ဖဲကြိုးလက်လက်ကလေးရဲ့ အောက်က တွဲချည်ထားတဲ့ ခါတ်ပုံလေးတစ်မုံရယ်လေ။

သူ အံ့သြသွားပြီး ...

တန်းလန်းလေးကျနေတဲ့ ကြိုးစလေးအတိုင်း အပေါ်ကိုမော့ ကြည့်လိုက်တော့ ရောင်စုံမိုးပျံပူဖောင်းလေးနှစ်လုံးက အားပျော့ ကာ သစ်ပင်လေးရဲ့ထိပ်ဖျားမှာ ငြိတွယ်လျှက်။

သူ စိတ်ဝင်တစားလေးနဲ့ လေထဲမှာ တန်းလန်းလေးကျပြီး တဖျတ်ဖျတ်လှုပ်နေတဲ့ ဓါတ်ပုံလေးကို ဆွဲယူကြည့်လိုက်တော့။

“ဟာ ... သေစမ်း ...”



အခန်း (၁၃) ...

... ဆန္ဒညီ ...

... ကိုယ်ပြောတာ ရှင်းရှင်းလေးပဲ ပြောလိုက်တာလေ။ ဘာ် ...ညက ဘုရားပေါ်မှာ ဒီကောင်သာကိုမြင်သွားပြီး ကိုယ်တို့ကား နောက်ကို ဒီကောင်တော်ကော်လျှောက်လိုက်လာတာ ... ဒါကို ဖုန်း ဆက်တနေ့ ဒီကောင် အမှန်အတိုင်း ဝန်ခံသွားလို့ ကိုယ်သိလိုက်ပြီ”

သူ့လယ်ချစ်ခဲ့တွေအားလုံး ကျောင်းထဲမှာ ဆုံမိသွားတော့။ ညကအဖြစ်ကို ပြန်ဆွေးနွေးကြရင်း စိတ်တိုတဲ့လူကတို ပွဲတွဲလိုက်ပွနိုင်။ သည်အထဲမှာ မျက်နှာလေး အရှဲဆုံးဖြစ်နေရ သူက ဆန္ဒညီပင်။ ဒါပေမဲ့လည်း ... မဟာရန်ကြောင့် မဟုတ်တဲ့လျှင် ဘယ်သူ့ကြောင့် ဖြစ်ရမှာလဲ။

ချစ်သော သိမ်မွေ့သော ရဲ ပျော်ရွှင်ဖွယ်ရာ မွေးနေ့ညချမ်း လေးကို အရုပ်ဆိုး အကျည်းတန်သွားခဲ့ရတာလည်း ဒီကောင် ကြောင့်ပဲ ဖြစ်သည်။

... နှလုံးဖြီး ဖုန်းထဲကနေ ...

www.burmeseclassic.com



ဒီကောင် စိမ်ခေါ်သွားတာကို ပြန်တွေးမိလိုက်တိုင်း တက် တစ်ခေါက်ခေါက်နှင့်။ သူ မကျေမချမ်းလေးဖြစ်ကာ သာ အပါအဝင် သူငယ်ချင်းတွေအားလုံး ဆုံမိတော့မှ ဒီအကြောင်းကို ပြန်ပြောပြ နေမိတာပဲ ဖြစ်သည်။

"ဟုတ်တယ် ဆန္ဒညီ ... ဘုရားပေါ်မှာတုန်းက ဒီကောင် ငါတို့အုပ်စုနဲ့ မျက်နှာချင်းဆိုင်ကနေ လျှောက်လာတာလေ"

"ဟင် ... နင်တွေ့လိုက်လို့လား ... "

"ဟာ ... တွေ့လိုက်လို့ ပြောနေတာပေါ့ဟ ... ဒီကောင် သာ့ကို စိုက်ကြည့်သွားတဲ့အကြည့်က စူးစူးရဲရဲလေးနဲ့ ဘေးကလူတွေ ကိုတောင် ဂရုမစိုက်တော့ဘဲ စိုက်ကြည့်သွားတာ ... ပြီးတော့ ဒီကောင် ပြန်လှည့်လာပြီး ငါတို့အုပ်စုနောက်မှာ ပါလာသေးတယ်၊ နောက်မှ ဒီကောင် ပျောက်သွားတာ"

မင်းသန့် တက်တက်ကြွကြွ ဝင်ပြောသည်။

"ဟုတ်တယ်လေ သီရိရဲ့ ... ညက ဟိုဘက်ဘေးမှာ သူ့ဇာ ဝင်းနဲ့စကားတွေ ဖောင်ဖွဲ့ပြီးပြောလာလို့ အဲဒီကောင် ကြည့်သွား တာကို နင်မသိလိုက်တာ၊ ဟွန်း ... ကြည့်တာမှ ရဲရဲတင်းတင်း ကလေးနဲ့ကို ကြည့်သွားတာ၊ ငါတို့ကားရှေ့ကနေ ပိတ်ရပ်ပြီး ပြဿ နာရှာတော့ ငါတောင် သူ့ကိုပြန်တွေ့လိုက်လို့ မျက်လုံးပြူးသွား သေးတယ်"

"ရိုင်းတာတော့ တော်တော်ရိုင်းတယ်နော်"

"နေပါဦးဟယ် ... ဟိုမှာ ဆန္ဒညီပြောနေတာကို နားထောင် ပါဦး"

သူ့ဇာဝင်းပြောမှ အကြည့်တွေအားလုံး သူ့ဆီပြန်ရောက်လာ





သည်။ သာကလည်း သူ့ကိုပဲ မျက်တောင်လေး မခတ်ဘဲ စိုက်ကြည့် နေ၏။

"ဟေ့ကောင် ... မင်းဆက်ပြောလေ၊ ဒီကောင် ဖုန်းထဲက နေ မင်းကို ဘာပြဿနာရှာသွားသေးလဲ ... "

"ရှာတာမှ ပြဿနာကို အကြီးကြီးရှာသွားတာကွ နားလည် လား ... သာ့ကိုပဲ တွေ့လိုက်တာနဲ့ ညို့ချက်ပြင်းလွန်းလို့ သူကပဲ ဒူးထောက်ကျဆုံးသွားခဲ့သလိုလို သူကိုယ်ထဲမှာ လည်ပတ်စီးဆင်း နေတဲ့သွေးတွေအားလုံးကပဲ အေးခဲသွားသလိုလို စကားလုံးအကြီး ကြီးတွေနဲ့ ကိုယ့်ကို ဖြဲသွားတာ"

"ဘုရားရေ ... "

သူ့ပြောလိုက်တော့မှ သာ့မျက်နှာလေးက သိသိသာသာ လေး ဖြူဖျော့ကျသွားသည်။ တကယ်လည်း ဆန္ဒညီပြောတာ ဖြစ် နိုင်နေတာပဲလေ။ ညက ဘုရားပေါ်မှာ မထင်မှတ်ဘဲ သာနဲ့အကြည့် ချင်း ဆုံသွားခဲ့သူတစ်ယောက်။

ကြည့်လိုက်တုန်းက ...

အရပ်မြင့်မြင့်လေးနှင့် ခေတ်မှီမှီလေး ဝတ်စားထားတာမို့ မရည်ရွယ်ထားဘဲ အမှတ်တမဲ့လေး ကြည့်လိုက်မိတာမှန်ပေမယ့် သူမနှင့်အပြိုင် မျက်နဝန်းအကြည့်ချင်းဆုံမိသွားခဲ့စဉ်မှာတော့ သူမ ကပဲ ကပျာကယာ မျက်လွှာလေး သိမ်းပစ်လိုက်ရတဲ့အထိ။ အယောင်ယောင်အမှားမှားလေးဖြစ်ကာ ခြေလှမ်းလေးတွေကပါ မှားချင်ချင် ဖြစ်သွားခဲ့ရသည်။

သူ ...

မျက်ဝန်းလေးထဲမှာ အရောင်လေးတွေ တဖျတ်ဖျတ်လက်



www.burmeseclassic.com

www.burmeseclassic.com



လို့။

မျက်နှာထားလေးကလည်း တင်းတင်းဆတ်ဆတ်လေးနဲ့။

နောက်တစ်ခါ ပြန်တွေ့တော့ ...

ကမ္ဘာ့အေးစေတီလမ်းပေါ်က အဝါရောင် မီးတိုင်ကြီးရဲ့ အောက်မှာ ဒေါ်သမျက်ဝန်း တဖျတ်ဖျတ်နဲ့ သူ့ကိုပြန်တွေ့လိုက်ရတာဖြစ်သည်။ သူငယ်ချင်းတွေအားလုံး မျက်တောင်ခတ်ဖို့မေ့နေချိန်မှာပဲ သူက ဒေါ့စ်ဘောက်စ်အဖြူရောင်လေးနဲ့ ညဘက်လှေခြောင်း ကားမီးလုံးကို ချမ်းခနဲအသံမြည်သွားအောင် ရိုက်ခွဲပြီးတော့မှ လှည့်ထွက်သွားတာလေ။

ခုတော့ ကြည့်ပါဦး ...

အဲဒီပုဂ္ဂိုလ်တွေ ပုဂ္ဂိုလ်မြတ်လေးတွေ အကြည့်ချင်းဆုံသွားချိန်မှာ တစ်ကိုယ်လုံးမှာ လှည့်ပတ်စီးဆင်းနေတဲ့ သွေးတွေအားလုံး ခဏအေးခဲသွားခဲ့သတဲ့။ သူ့မျက်နှာလေး ဖြူဖျော့နေတာကို မျက်တောင်လေးကိုပင် မခတ်နိုင်တော့ပါ။

“မင်းကို မင်းကိုတောင် သူက ... အဲလိုပြောသွားတယ် ဟုတ်လား ခရှည်ညီ ... ဒါဆို ဒီကောင် တော်တော်ရွှန်တာပဲ၊ ကားမီးလုံးရိုက်ခွဲတာတောင် အားမရသေးဘဲ သူ့ကိုပါ ထိကပါးရိကပါးပြောသွားသေးတာ၊ ဖွင့်ကွာ ဆရှည်ညီ ... စခန်းမှာ ကြေအေးမပေးနဲ့”

“ဟုတ်တယ် ... ငါတို့လည်း ထောက်ခံတယ်”

“နေကြပါဦးဟယ် ... နင်တို့တလည်း ဒေါသနဲ့ဖြေရှင်းတာ မကောင်းပါဘူး ... တစ်ဖက်နဲ့တစ်ဖက် ရန်မီးတွေပွားနေမယ့်အစား ပြဿနာတွေ ထပ်မဖြစ်အောင် ကြေအေးပေးလိုက်တာ အကောင်းဆုံးပဲ ... ခရှည်ညီပြောတော့ သူ့အဖေ အန်ကယ်ကြီးက သဘော





ကောင်းပြီး မှုတာမှ ရှိတယ်ဆို ... ကားမီးလုံးကိုလည်း အသစ်အတိုင်း ပြန်ဖြစ်စေရမယ်လို့ အာမခံသွားတယ်ဆို၊ ဒါဆို ဘာအမှုဖွင့်နေစရာ လိုတော့မှာလဲ ... ”

သူဇာခင်းက အားလုံးကို လက်ကာတားရင်း ဝင်ပြောသည်။

ဒါကို ... ကောင်းမြတ်ထွန်းက သူဇာခင်းကို မျက်လုံးပြူးကြည့်ကာ ...

“ဟွန်း ... နင့်ဘိုးတော်ကြီး ဘာလို့အမှုမဖွင့်ရမှာလဲ ... ဒီကောင့်ကို ခေတ်မှီမှီစတိုင်လ်လေးနဲ့ ချစ်ဖြောင့်တယ်ဆိုပြီး နင်က ဒီကောင့်ဘက် ပါချင်နေတာလား”

“ကောင်စုတ်နော် ... ”

“ဒီမှာ ကောင်စုတ်တွေ ယောင်စုတ်တွေ နင်လာလုပ်မနေနဲ့၊ ဒီကောင် ပြောသွားတဲ့စကားအတိုင်းဆိုရင် သူ့ကို တစ်နည်းနည်းနဲ့ ပတ်သက်ဖို့ ဒီကောင် ကြိုးစားလာတော့မှာ”

“ဟာ ... ပတ်သက်လို့ရလား”

စားပွဲမှာ မေးထောက်ထိုင်ရင်း မင်းသန့်က ထကာနှုတ်ကျွက် သည်။

“သူ့အနားမှာ ခရှည်ညီကဲ့ တစ်ချိန်လုံးရှိနေတဲ့ဟာကို ... ဒီကောင် စည်းမကျော်ရဲပါဘူး၊ သိတာလည်း ဒီကောင့်ရဲ့ မာထန် ထန် ကြွပ်ဆတ်ဆတ်စရိုက်တို့ သိသွားပြီးကတည်းက သွေးလန့်ပြီး တော့ ကြောက်နေတာ”

“ဟုတ်လား သာ ... မင်းသန့်ပြောတာ ... ”



www.burmeseclassic.com

www.burmeseclassic.com



“သာ … သာ … ဘယ်လိုပြောရမလဲ … ”

“သာနော် … နင်အဓိပ္ပာယ်နှစ်ခွမဖြေနဲ့ … ကြောက်ရင် ကြောက်တယ်၊ မကြောက်ရင် မကြောက်ဘူး ရဲရဲတင်းတင်းဖြေ”

ကောင်းမြတ်ထွန်းကလည်း သာ့ကို ဖိအားပေးသည်။

“ဟင့်အင်း ကောင်းမြတ်ထွန်း … အဲဒါ သာမဖြေတတ်ဘူး”

“ဘယ် … ဘယ်လို သာ … ”

အားလုံးထက်ပိုပြီး အထိတ်တလန့်ဖြစ်ရတာ ဆန္ဒညီပါ။

သာ့မျက်နှာလေးကို ချာခနဲ လှည့်ကြည့်လိုက်တော့လည်း သာက တည်ငြိမ်အေးဆေးစွာပင် အပြုံးအရယ်မရှိဘဲ မျက်နှာထားလေးက တည်နေသည်။

ပြီးတော့မှ ခေါင်းကလေးငုံ့ကာ သာက ဖြေပါသည်။

“ဟုတ်တယ်လေ ဆန္ဒညီ … သာ မဖြေတတ်လို့ မဖြေတတ်ဘူးပဲ ပြောလိုက်တာပါ … ဒါကို ဆန္ဒညီ နားလည်လေ … သာနဲ့ ပတ်သက်ဆက်နွယ်မှု မရှိတဲ့လူတစ်ယောက်ကို သာ ဘယ်လိုမှ ထင်မြင်ချက်မပေးနိုင်လို့ပါ … အဓိက အရေးကြီးတဲ့အချက်က လူတစ်ယောက်ကို သာ မမုန်းတတ်တာဘဲ … ”

“သာရယ် … ”

သာ့အပြောလေးကြောင့် မျက်တောင်လေးတွေ ဖျတ်ခနဲ ကော့တက်သွားခဲ့ရတာ ဆန္ဒညီပဲပေါ့။

လူတစ်ယောက်ကို သာ မမုန်းတတ်ဘူးတဲ့။

သာရယ် … သာ့ရဲ့ အဲဒီစိတ်ဓာတ်လေးကို သိလို့ သာ့ကို ကိုယ်မြတ်နိုးနေခဲ့တာပါ။ ဒါပေမဲ့ကွာ … မဟာရန်ဆိုတဲ့ကိုယ်ရဲ့ ပြိုင်ဘက်တစ်ယောက်ကိုတော့ သာကို ကိုယ်က မုန်းစေချင်တာ





ပေါ့။

ဒီကောင် မလွယ်ဘူး သာ …

ကျင့်ဝတ်နဲ့စည်းကမ်းဆိုတာ ဒီကောင့်ဦးနှောက်ထဲမှာ နည်းနည်းလေးတောင် ရှိပုံမရဘူး။

ကိုယ်ကတော့ …

သာ့ကို ဆုံးရှုံးသွားမှာ ကြောက်တယ်လေ။

ကိုယ် မခံစားနိုင်ဆုံးက ကိုယ်နဲ့အဝေးဆုံးကို သာ ရောက်သွားမှာကိုပဲ။ တကယ်တမ်းကျတော့ သိမ်မွေ့သာဆိုတဲ့ ကိုယ်ရဲ့ သခင်မလေးဟာ ကိုယ့်ဘဝမှာ တလက်လက်လေးနဲ့ ထာဝရ တောက်ပနေမယ့် အလင်းတိုင်လေးပါ သာရယ်။

ထိုအချိန်မှာပဲ သာ့ ဟန်ဖုန်းလေးက …

ဘဲလ်ခေါ်သံ တီးလုံးလေးမြည်လို့ လာလေသည်။

“အို … ဘယ်သူဆက်နေတာလဲ မသိဘူး”

ဖုန်းလေးကို ချက်ချင်းဖွင့်မကိုင်သေးဘဲ ပေါ်လာသည့် နံပါတ်လေးကို ကြည့်ကာ အထူးအဆန်းလေးမို့ သာ့မျက်ဝန်းလေးတွေ ဝိုင်းစက်နေရသည်။

နောက်မှ ခလုတ်ကလေးကိုနှိပ်ကာ နားထောင်လိုက်တော့

“ဟဲလို သိမ်မွေ့သာနဲ့ စကားပြောချင်လို့ပါ … ”

“ရှင် … ”

သူမ မကြားဘူးတဲ့ ယောကျ်ားလေးတစ်ယောက်ရဲ့အသံပဲ။

“သိမ်မွေ့သာလေ … ’

“ဟုတ် … ကျွန်မ … ကျွန်မက သိမ်မွေ့သာပါရှင်”

“မင်းရဲ့မွေးနေ့အထိမ်းအမှတ်လေးအဖြစ်နဲ့ မိုးကောင်းလင်း



www.burmeseclassic.com

www.burmeseclassic.com



ကြီးပေါ်ကို လွင့်တင်လိုက်တဲ့ မိုးပျံပူဖောင်းလေးက ကိုယ့်ရှေ့တည့်တည့်ကို ကျလာလို့ ခါတ်ပုံလေးရဲ့ နောက်ကျောက ဖုန်းနံပါတ်လေးကိုကြည့်ပြီး ရင်ခုန်စိတ်လှုပ်ရှားစွာနဲ့ ကိုယ်ဆက်လိုက်တာပါ၊ ဟတ်ပီးဘတ်ဒေးပါ သိမ်မွေ့သာ ..."

"ရှင် ..."

သူပြောလိုက်တာ မိုးပျံပူဖောင်းလေးတဲ့။

ကြည့်ပါဦး ... ဒီမိုးပျံပူဖောင်းလေးတွေကို သာမေ့နေလိုက်တာ။

ခုတော့ ... ဒီမိုးပျံပူဖောင်းလေးတွေ သူ့ရှေ့တည့်တည့်ကို ကျသွားခဲ့ပြီပေါ့။ သူတောင်းမယ့် အမှတ်တရ မွေးနေ့လက်ဆောင်လေးကို သာကပေးရတော့မယ်ပေါ့။

"ဟွန်း ... ကိုယ် ဒီလိုပြောလိုက်လို့ မင်းသိပ်ကို အံ့သြသွားပြီလား သိမ်မွေ့သာ ... မအံ့သြပါနဲ့ ..."

"ရှင် ..."

"ခါတ်ပုံလေးရဲ့နောက်ကျောမှာ မင်းလက်မှတ်လေးထိုးပြီး ပေးထားတဲ့ကတိအတိုင်း ကိုယ်လိုချင်တဲ့ အမှတ်တရလက်ဆောင်လေးကို မင်းဆီကနေ ကိုယ်တောင်းခွင့်ရှိသွားပြီနော် ..."

"ရှင် ..."

"သာ ... မင်းလက်ထဲက ဖုန်းကို ကိုယ့်ကိုပေးစမ်း ... ဘယ်သူဆက်နေလို့ မင်း တရှင်ရှင်နဲ့ဖြစ်နေရတာလဲ"

သာ ... တရှင်ရှင်နဲ့ ဖုန်းဖြေနေတာလေးကိုကြည့်ပြီး စိတ်မရှည်နိုင်ဖြစ်နေရတာ ဆန္ဒညီပါ။ အားလုံးကလည်း သာ့ကိုပဲ စိတ်ဝင်တစားလေးနဲ့ စိုက်ကြည့်နေကြသည်။





ကြည့်ဆို ...

သာ ဘယ်သူနဲ့ ဖုန်းပြောနေမှန်း သူတို့မသိကြဘူးလေ။

သာ ဆန္ဒညီကို ခေါင်းလေးပဲ ခါယမ်းပြမိသည်။

တစ်ဖက်ကတော့ စကားသံလေး တိတ်ကျမသွားဘဲ ...

"ကိုယ်ပြောနေတာတွေကို မင်းကြားရဲ့လား မှာစ် သိမ်မွေ့သာ ..."

"မှုတ် ... ကြားပါတယ် ..."

"ကိုယ် ရလိုက်တဲ့ ခါတ်ပုံလေးထဲမှာ မင်းက သိပ်လှတာပဲနော် ... ကိုယ်သဘောအကျဆုံးက မင်းရဲ့တဖျတ်ဖျတ်လက်နေတဲ့ မျက်ဝန်းကလေးတွေ ..."

"ရှင် ..."

ဒီတစ်ခါလည်း မျက်တောင်လေး ဖျတ်ခနဲခတ်ရင်းက အယောင်ယောင်အမှားမှားကလေးနဲ့ ရှင်လိုက်ရပြန်ပြီ။ သာ အသိချင်ဆုံးက တစ်ဖက်က ဖုန်းပြောနေတာ ဘယ်သူလဲဆိုတာကိုပါ။

စကားပြောတာလည်း ပိုင်စိုးပိုင်နင်းကလေးနဲ့လေ။

"ရှင် ... ရှင် ... ကျွန်မရဲ့ ခါတ်ပုံလေးကို ဘယ်မှာရလိုက်တာလဲဟင်၊ ဒီခါတ်ပုံလေး ရှင့်လက်ထဲကို ဘယ်လိုရောက်လာတာလဲ"

"ပွဲရှုးကဲ ဒေးစွန်ပါ စောတန်းကလေးထဲကို ပြုတ်ကျတော့ လို့ ရလိုက်တာ ..."

"အို ... ကျွန်မရဲ့ မိုးပျံပူဖောင်းလေးတွေက ပွဲရုံးအထိ ရောက်သွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



သာ ... အံ့သြလို့မဆုံး။

သာ ဒီလိုထုတ်ပြောလိုက်တော့မှ နားထောင်နေတဲ့သူတွေ အားလုံး မျက်တောင်လေးတွေ ပင့်ကာ အသက်ရှူပါ မှားကုန်ကြသည်။

အားလုံးထဲမှာ ...

စိတ်အလှုပ်ရှားရဆုံး ဖြစ်ရသူကတော့ ဆန္ဒညီပဲပေါ့။

ဒါဆို ... မနေ့က မွေးနေ့ညစာစားပွဲလေးမှာ အမှတ်တရ လွှတ်တင်လိုက်တဲ့ မိုးပျံပူဖောင်းကလေးတွေ ပဲခူးကိုရောက်သွားခဲ့ပြီဆိုတဲ့ သဘောပေါ့။

ဒါကို ရလိုက်တဲ့ ကာယကံရှင်က မွေးနေ့အမှတ်တရလက်ဆောင်တောင်းဖို့ သာ့ဆီကို ဖုန်းဆက်နေတာပေါ့။ ဟွန်း ... မကျေနပ်ပါဘူး။ ဇာတ်လမ်းတွေ ရှုတ်ရှုတ်ယှက်ယှက် ဖြစ်လာမှာကိုလည်း သူက စိုးရိမ်ပြီးသား။

အခုရော ... ဟိုဘက်က ဆက်နေတာ ဘယ်သူလဲ။

သူ မရိုးမရွလေးတော့ ဖြစ်လာရ၏။

"ဟွန်း ရောက်တာပေါ့ ... ကိုယ် အိပ်တဲ့အခန်းတံခါး ပြတင်းပေါက်လေးကို ဖွင့်လိုက်တဲ့အချိန်မှာ အားကုန်နေတဲ့ မိုးပျံပူဖောင်းလေးက သစ်ပင်မှာတန်းလန်းလေးချိတ်ပြီး အပြာရောင်ဖဲကြိုးလေးမှာ ချည်ထားတဲ့ ဓါတ်ပုံလေးက ကိုယ်နဲ့လက်တစ်ကမ်းအကွာလေးမှာ ရောက်နေခဲ့တာ ..."

"ကျွန်မ ... ကျွန်မ ..."

"မင်းကတိကို မင်းတည်ရမယ်နော် သိမ်မွေ့သာ"

"ရှင် ..."





"ကိုယ်လိုချင်တဲ့ အမှတ်တရမွေးနေ့လက်ဆောင်လေးက မင်းဆီက တုန့်ပြန်လာမယ့်အချစ် ... ကိုယ် မင်းကို ချစ်တယ် သိမ်မွေ့သာ ..."

"ဘုရားရေ ..."

ကြည့်စမ်း ... ဒီလူ ...

သာ့မျက်နှာလေးပေါ်မှာ သွေးရောင်လေးတွေ ရဲခနဲလွှမ်းသွားလိုက်ရသေး၏။

"အဲဒီအချစ်တွေကို လက်ခံရယူဖို့ မင်းရှေ့ကို ကိုယ်အရောက်လှမ်းလာခဲ့တော့မယ်ဆိုတာ ကိုယ်လုံးဝကြေငြာလိုက်ပြီ သိမ်မွေ့သာ ... ကိုယ်က တခြားလူတော့ မဟုတ်ပါဘူး၊ ညက မင်းတို့စီးသာတဲ့ ကားမီးလုံးကိုရိုက်ခွဲပြီး ပဲခူးဒေးစွန်ပါက ဖေဖေ့ကထိန်ကို အရောက်သွားခဲ့တဲ့ မဟာရန်လေ ..."

"ဘုရားရေ ... ရှင်က မဟာရန် ..."

"ဟား ... ဟား ..."

သာ့နှုတ်က မဟာရန်ဆိုသည့် နာမည်လေးကို ကြားလိုက်ရသည်နှင့် ဒေါသူပုန်ထပြီး မျက်နှာလေးရဲတွတ်သွားရတာ ဆန္ဒညီရယ်ပါ။

သူ့စိတ်ကို ဘယ်လိုမှ ထိန်းချုပ်ထားလို့မရအောင် ဖြစ်သွားပြီဆိုတော့ ...

"သာ ... ကိုယ့်ကို ဖုန်းပေးစမ်း ..."

"ဟာ ... ဆန္ဒညီ ..."

သူ သာ့လက်ထဲက ဟန်းဖုန်းလေးကို အတင်းဆွဲလုလိုက်တော့မှ သူ့ဆီကို ဟန်းဖုန်းလေးရောက်လာခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ... မင်း ဘယ်သူလဲ ..."

သူ ခပ်ဆောင့်ဆောင့်လေးပဲ အော်မေးပစ်လိုက်၏။

"ဟွန်း ... မင်းနာမည်ကို သိမ်မွေ့သာ အော်လိုက်တာ ငါ ကြားလိုက်တယ်နော် ဆန္ဒညီ ... ဘာလဲ မင်းက သိမ်မွေ့သာအနားမှာအတူတူရှိနေတာလား"

"တောက် ..."

သူခပ်ကြွမ်းကြွမ်းပဲ တောက်ခေါက်လိုက်မိသလို လက်ထဲက ဟန်းဖုန်းလေးကိုပင် လွှင့်ပစ်ချင်စိတ်ပေါက်သွားရ၏။ ဘယ်လိုဖြစ်လို့ မိုးပျံပူဖောင်းလေးမှာပါသွားတဲ့ ခါတ်ပုံလေးက ဒီကောင့်လက်ထဲရောက်သွားရတာလဲ။ သေချာတာက တိုက်ဆိုင်လွန်းတဲ့ ကံကြမ္မာကိုပဲ အံ့သြရတော့မလိုပင်။

"ဟွန်း ... မင်းတောက်မခေါက်နဲ့လေ ဆန္ဒညီ ... ဒီကိစ္စက ဒေဝါနတ်သိကြားတွေက အကောင်းဆုံးဖန်ဆင်းပေးလိုက်လို့ ဒီမိုးပျံပူဖောင်းလေးက ငါ့ရှေ့ကို ဆိုက်ဆိုက်မြိုက်မြိုက်ကျလာတာ"

"ဟော့ကောင် ... ဘယ်လိုပဲကျကျ အဲဒီခါတ်ပုံလေးကို မင်းဆွဲဖြဲပစ်လိုက် ... သိမ်မွေ့သာကို ဘယ်လိုအကြောင်းပြချက်မျိုးနဲ့မှ မင်းလာပတ်သက်ခွင့်မရှိဘူး"

"ရမလား"

"ဟွန်း ... ဟင်း ..."

ဖုန်းထဲမှာပေါ်လာသည့် ခနိုးခနဲ့ ရယ်သံလေးက သူ့ရဲ့မခံချင်စိတ်တွေကို နိုးဆွလိုက်သလိုပင်။

တကယ်ပါပဲ ...

သူ ဘယ်သူ့ကို အပြစ်တင်ရတော့မလဲ။



# ရှင့်ကို ကျွန်မ မုန်းတယ်

"ဒီကတိကို သိမ်မွေ့သာကိုယ်တိုင် လက်မှတ်လေးထိုးပြီး ဆွဲထားတဲ့ကတိလေကွာ ဆန္ဒညီ ... ငါလိုချင်တဲ့မွေးနေ့အမှတ်တရ လက်ဆောင်လေးတစ်ခုကို သိမ်မွေ့သာဆီကနေ ငါသေချာပေါက်ရမှ ဖြစ်တော့မယ် ... မင်း ... မင်း စိတ်လျှော့လိုက်ပါ ဆန္ဒညီရာ ... မကြာခင်မှာ သိမ်မွေ့သာဆီကို ငါရောက်လာတော့မှာ"

"မင်း ... မင်း သိမ်မွေ့သာကို ပြဿနာရှာဖို့တော့ လုံးဝ ခေါင်းစားနဲ့နော် မဟာရန် ... ပျော်ရွှင်အေးချမ်းနေတဲ့ ငါတို့သူငယ်ချင်းအုပ်စုလေးကြားထဲကို မင်းရောက်လာမှာ အားလုံးက မလိုသွားတာအမှန်ပဲ ... အေး ... သိမ်မွေ့သာက လက်ဆောင်အမှတ်တရလေးပေးဖို့ ကတိပေးထားတယ်ဆိုရင်လည်း မင်းဘာလိုချင်လဲဆိုတာပြောပါ ငါလာပေးမယ် ..."

"ကျွတ် ... မဖြစ်နိုင်လိုက်တာ"

"ဟာ ... ဘာလို့ မဖြစ်နိုင်ရမှာလဲ"

"ငါလိုချင်တာ သိမ်မွေ့သာဆီက အချစ် ..."

"ဘာ ... ဘာပြောတယ် ..."

သူ့ဖုန်း ကိုင်ထားတဲ့လက်တွေ တဆတ်ဆတ်တုန်သွားသလို မျက်နှာလေးကလည်း ချက်ချင်းပဲ ညိုးဖျော့ကျသွားသည်။

ထိုအချိန်မှာပဲ တစ်ဖက် ဖုန်းလေးက ဝိတ်ချလို့သွားခဲ့ပြီ။

"သူ ... သူဘာပြောသွားလဲ ဆန္ဒညီ ..."

"ဟွန်း ..."

အခုမှ ဆန္ဒညီ နှုတ်ခမ်းလေးက ထပ်ခနဲ မဲ့ကျသွားသည်။

"ဒီကောင်လိုချင်တာ သိမ်မွေ့သာဆီက အချစ်တဲ့ ..."

"ဘုရားရေ ..."



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်း မိန်းကလေးတွေအားလုံး ရင်ဘတ်ကလေးတွေ ဝိကာ ဘုရားတ,လျှက်။ သာကတော့ မျက်နှာလေးရဲ့ကာ ခေါင်းကလေးကို ငုံ့ချပစ်လိုက်ရပါသည်။

ဘာတတ်နိုင်မှာလဲလေ။

ဒီမိုးပျံပူဖောင်းလေးက အိပ်မက်ဆန်လောက်အောင် တိုက်ဆိုင်စွာ ဒေးစွန်ပါကိုရောက်သွားတဲ့ သူ့ဆီတည့်တည့်ကိုမှ …

မဟာရန့်တဲ့ …

သူဟာ ဆန္ဒညီ သိပ်မုန်းတဲ့ မဟာရန် … ။

အခန်း ( ၄ )

"ဟိတ် … ဟိတ် …"

"မင်း ဘယ်သူလဲဟင် … မင်းဘယ်သူလဲ …"

"ရပ်နေစမ်း … အဲဒီမှာပဲ မင်းရပ်နေလိုက်စမ်း"

ခပ်မာမာ အော်ဟစ်လိုက်သံနှင့်အတူ ဒေါက်မြင့်ဖိနပ်သံ တစ်ဒေါက်ဒေါက်ပေးပြီး ခြံထဲက အပြေးတပိုင်းထွက်လာသည့် ခပ်ချောချော အန်တီကြီးတစ်ယောက်ကိုကြည့်ကာ မဟာရန် နှုတ်ခမ်းလေးက ဟွန့်ခနဲ မဲ့သွားကာ မျက်မှောင်တန်းနက်နက်လေးကပါ ကြို့တက်လို့ သွားခဲ့ရပါ၏။

"မင်း … မင်း … ဘာလုပ်တာလဲဟင် … ခြံရှေ့တံခါးနား လာရပ်ပြီး ခြံထဲကို ချောင်းချောင်းကြည့်နေတာ ဘာသဘောလဲ … ရုပ်ကလေးကတော့ ပစ္စည်းအလစ်သုတ်မယ့်ရုပ်ကလေးတော့ မဟုတ်တန်ပါဘူး"

"ဟာ … အန်တီ … လူကို သေသေချာချာကြည့်ပြီးပြောပါ …"



www.burmeseclassic.com

www.burmeseclassic.com



"ဟေ ... ဘာလူကို သေသေချာချာကြည့်ပြီး ပြောရမှာလဲ မင်းကို အပေါ်ထပ်ဝရန်တာတခါးအကွယ်ကနေ ငါလှမ်းကြည့်နေတာ ကြာပြီ"

"ဟင် ... ကြည့်တော့ ကျွန်တော်က ဘာလုပ်နေလို့လဲ"

"ခြံထဲကို ချောင်းတယ်လေ ..."

"ဟာ ... ကျွန်တော်ချောင်းတာ သိမ်မွေ့သာဆိုတဲ့ကောင်မလေးကို တွေ့မလားလို့ ချောင်းတာပါဗျ ..."

"ဘာ ... ဘာ ... ဘာ ... သိမ်မွေ့သာ ဟုတ်လား ..."

"ဟုတ်တယ်လေ ... ဆယ့်ကိုးနှစ်ပြည့် မွေးနေ့ရှင်မလေး သိမ်မွေ့သာကို လာချောင်းတာ၊ ဟောဒီမှာ အန်တီကြည့်လိုက် မွေးနေ့မှာ မိုးပျံပူဖောင်းလေးတွေနဲ့ တွဲချည်ပြီး မိုးပေါ်ကိုလွှတ်တင်လိုက်တဲ့ သိမ်မွေ့သာရဲ့ မိတ်ပုံလေ ... အဲဒါလေးက ကျွန်တော့်ရှေ့တည့်တည့်ကိုကျလာလို့ စာထဲမှာရေးထားတဲ့အတိုင်း အမှတ်တရမွေးနေ့လက်ဆောင်လေးကို ကျွန်တော် လာတောင်းတာလေ အန်တီ ရှင်းတယ်နော် ... တစ်ခုတော့ရှိတယ်၊ ဘယ်သူမှမသိအောင် ခြံထဲကို တိတ်တိတ်လေးချောင်းကြည့်မိတာတော့ ဆောရီးပဲ"

"ဘာဆောရီးလဲ ... မင်းလုပ်ရပ်က လူယဉ်ကျေး တစ်ယောက်လုပ်ရမယ့် လုပ်ရပ်မဟုတ်ဘူးဆိုတာ မင်းနားမလည်ဘူးလား ... ခြံထောင့်က အုတ်တိုင်လေးမှာ လူခေါ်ဘဲလ်လေးကပ်ထားတာ မျက်လုံးပါရင် မြင်သင့်တယ် ... အခု မင်းလုပ်ရပ်က ခိုးကြောင်ခိုးဝှက်လေးနဲ့ လာချောင်းကြည့်နေတာ ငါမသင်္ကာဘူး"

ဒီလောက်ရှင်းပြနေတာတောင် မသင်္ကာဘူးပြော၍ သူ ဒေါသ နည်းနည်းဖြစ်သွားရသည်။ မျက်နှာလေးလည်း ရဲသွားရ





"ဘာလဲ အန်တီ ... အန်တီက ဒီချောင်းကြည့်မိတဲ့ကိစ္စလေးကို မကျေမချမ်းဖြစ်နေတာလား ... အခုကိစ္စကို မကျေနပ်နိုင်ဘူးလား၊ ပြော ... အန်တီကျေနပ်အောင် ကျွန်တော် ဘာပြန်လုပ်ပေးရမလဲ ..."

ခြံရှေ့က ဆူညံညံအသံတွေကြောင့် ခြံထဲကပြေးထွက်လာသူတွေအားလုံးရဲ့ အကြည့်လေးတွေက သူတို့နှစ်ယောက်ဆီ ကျရောက်လာခဲ့၏။ ပြောရရင် ... ထိုအန်တီကြီးရဲ့ ရင့်သည်းသော စကားအသုံးအနှုန်းတွေကိုတော့ သူ မခံချင်။

"ဟင် ... မင်း ... မင်း ငါနဲ့စကားပြောရင် လေသံမမာနဲ့နော်"

"ကျွတ် ... တကယ်ပြဿနာပဲဗျာ"

သူ ခေါင်းကလေးကိုကုတ်ရင်း ထိုအန်တီကြီးကိုပဲ စိတ်ပျက်လက်ပျက်လေး ကြည့်မိသည်။ တကယ်တော့ သူဟာ ကိုယ်တိုင်တစ်ယောက်တည်း မောင်းလာတဲ့ ပြိုင်ကားရဲရဲလေးကို ထိုခြံကြီးနှင့် မလှမ်းမကမ်းအရောက်မှာပဲ ရပ်ထားခဲ့တာ။ အေးအေးဆေးဆေးလေး ဒီကိုရောက်အောင် ဆင်းလျှောက်လာခဲ့တာပါ။

သူ အမိက တွေ့ချင်တာ သိမ်မွေ့သာလေ။

သိပ်ကိုလှပတည်တင်းတဲ့ မိန်းကလေး ...

ဘုရားပေါ်မှာတွေ့လိုက်ရတဲ့ညက အဖြူရောင်ဂါဝန်ရှည်ဝမ်းဆက်လေးနဲ့ ... ဒါကို မြင်လိုက်ရချိန်မှာ ဒီန်းခနဲဆောင့်ခုန်သွားတဲ့ ရင်ခုန်သံပြင်းပြင်းတွေရဲ့အောက်မှာ သူ့ရဲ့ခြေလှမ်းကလေးတွေက ပင် မှားချင်ချင် ဖြစ်သွားခဲ့ရတာလေ။ သူ့ကိုယ်သူပင် အံ့ဩမိလိုက်ရသေးရဲ့။ ဒါနဲ့ပဲ ... သူမလေးတို့နောက်ကို မသိမသာလေး တစ်



www.burmeseclassic.com

www.burmeseclassic.com



ကောက်ကောက်လျှောက်လိုက်ကြည့်တော့ သူနဲ့ရွယ်တူ ပုဂ္ဂိုလ်မြတ်လေးတစ်ယောက်က သူမလေးအနားကို အတင်းတိုးကပ်ရင်း ပန်းလေးတိုက်လိုက် ခေါင်းလေးပုတ်လိုက်လုပ်နေတာ သူဘယ်လိုလုပ် ဂျေမဝင်ဘဲ နေပါ့တော့မလဲ။

နောက်ဆုံးမှာတော့ …

သူမလေးပါသွားတဲ့ကားနောက်ကို သူ့ကားကို တရကြမ်းမောင်းထွက်ရင်း လိုက်ခဲ့မိတာ အိပ်မက်ဆန်နေပြီလို့တောင် ပြောရမလားဘဲ။ သူ့ရည်ရွယ်ချက်က သူမရဲ့ ညို့ချက်ပြင်းပြင်းမျက်ဝန်းလေးတွေနဲ့ နောက်တစ်ကြိမ် ထပ်မံ ဆုံချင်ခဲ့မိတာပါ။

ဒါပေမဲ့ … ကံဆိုးချင်တော့ …

ဟိုဘက်ကားဆီကနေ ထွီခနဲ တံတွေးလှမ်းထွေးလိုက်သံတစ်ခုနဲ့အတူ ဆန္ဒညီဆိုသည့် ပုဂ္ဂိုလ်လေးတစ်ယောက်ရဲ့ မကျေမနပ်အကြည့်တွေကိုပဲ ရင်ဆိုင်လိုက်ရတာလေ။

ဒါကြောင့် … လမ်းပေါ်မှာ မထင်မှတ်ဘဲ …

ရန်ပွဲလေးတစ်ပွဲ ဖြစ်သွားခဲ့ရတာပါ။

"ကျွန်တော့်လေသံမာတာ အန်တီကြောင့် မာရတာလေ အန်တီ … အခုလည်း အန်တီ ကျွန်တော့်ကိုကြည့်နေတာ၊ မသက်သာတဲ့ ခပ်စိမ်းစိမ်းအကြည့်တွေနဲ့ ကြည့်နေတာ … "

"ဟေ့ … မင်း အခုမှ အပိုတွေပြောမနေနဲ့ … "

"ဗျာ … "

"ဒီမြို့ရှေ့ကနေ မင်းအခုချက်ချင်း ထွက်သွား … "

ပြသနာပဲ …

သူ့ခေါင်းလေးကုတ်ကာ ခပ်ငိုင်ငိုင်လေးပဲ ရပ်နေမိသည်။





"ဟိတ် … မင်းကိုပြောနေတယ်လေ … "

"ဆောရီးပဲ အန်တီ … ကျွန်တော် သိမ်မွေ့သာနဲ့တွေ့ရမှ ဖြစ်မယ်"

အန်တီကြီးက မာထန်ထန်ကလေးနဲ့ မကျေမနပ်ကလေး ကြည့်နေသလို သူကလည်း ခပ်တည်တည်မျက်နှာထားလေးနဲ့ပဲ အန်တီကြီးဘက်ကို လှည့်သည်။

"သိမ်မွေ့သာ ဟုတ်လား … ဟား ဟား … "

ပြောရင်း ခေါင်းကလေးမော့ကာ အသံကလေးထွက်အောင် အော်ရယ်လိုက်သေးရဲ့။

"မင်း … မင်း … ငါသမီး သိမ်မွေ့သာကို ဒီလိုလွယ်လွယ်နဲ့ တွေ့ခွင့်ရမယ်ထင်နေသလားဟင် … မင်းလက်ထဲကို မွေးနေ့ အမှတ်တရခါတ်ပုံလေး ရောက်သွားတာကို ငါ့သမီးသိသွားတဲ့နေ့ ကတည်းက မင်းရောက်လာမှာကို ကြောက်နေတာ … မင်းဆိုးတဲ့ အကြောင်းတွေလည်း သိမ်မွေ့သာက ငါ့ကိုပြောပြထားတယ် … အခုလည်း သိမ်မွေ့သာ မရှိဘူး … "

"ပြဿနာပဲဗျာ … "

"ဟား … "

သူ နဖူးပြင်လေးပေါ်က ဆံပင်တွေကြားထဲကို လက်ထိုးသွင်းကာ ပင့်သက်ကြီးကို မှုတ်ထုတ်လိုက်မိသည်။

မတာတ်နိုင်ဘူးလေ …

မရှိဘူးဆိုရင်တော့ ပြန်ရတော့မှာပေါ့။

သူ ဇွဲတော့ မလျှော့ပါဘူး။

"ဟွန်း … ရပါတယ်အန်တီ … အခုမရှိဘူးဆိုလည်း နောက်



www.burmeseclassic.com

www.burmeseclassic.com



နေ့မှ ကျွန်တော်ပြန်လာခဲ့ပါ့မယ် ... ကျွန်တော် လိုချင်တဲ့မွေးနေ့ အမှတ်တရ လက်ဆောင်လေးကို မပျက်မကွက်ပေးရမယ်ဆိုတာ တော့ သိမ်မွေ့သာကို အန်တီကပဲ ပြောပြပေးပါ ... ကဲ ... ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦး အန်တီ ... "

"ကြ ... ကြ ... ဟင်း ဟင်း ... "

ထိုအချိန်မှာ သိမ်မွေ့သာဆိုတဲ့ သူမလေးကတော့ ...

အပေါ်ထပ် ပြတင်းပေါက် လိုက်ကာကြားလေးထဲကနေ မဟာရန်ဆိုတဲ့ ကောင်ဆိုးလေးတစ်ယောက်ကို ချောင်းကြည့်နေ တာလေ။

သူ ရောက်လာတာကိုသိပေမယ့် သာ ထွက်မတွေ့ရဲလို့ မာမီ့ကိုပဲ လွှတ်လိုက်ရတာပါ။ ခုတော့ ... သာ့အနားမှာရှိနေတဲ့ သာရဲ့ ဘော်ဒီဂါတ်မလေး စုစုက ရယ်ကြိကြိမျက်နှာကလေးနှင့် သာ့ကို ကြည့်ကာ ...

"ဟဲ ဟဲ ... ကိုကြီး မဟာရန်က ချောတယ်နော် မမ"

"ဟယ် ... စုစု နင်ဘယ်တုန်းက ချောင်းကြည့်လိုက်တာလဲ"

"ဟင် ... မမပဲ ကုန်းကုန်းကွကွလေးနဲ့ ပြတင်းပေါက်လိုက် ကာကြားက ချောင်းကြည့်နေလို့ မမနောက်ကနေ စုစုပါ လိုက် ချောင်းကြည့်နေတာလေ ... "

"နင် ... နင် မစပ်စုနဲ့နော် စုစု ... "

"အမလေး ... ဒါစပ်စုတာလား ... မနေ့ကတည်းက အဲဒီ မဟာရန်ဆိုတဲ့ ကိုကြီးအကြောင်းတွေကို မမ ပြောနေကတည်းက စုစုက စိတ်ဝင်စားလို့ စောင့်ကြည့်နေတာ ... "

"ကြည့်စမ်း ... "





"တကယ်ဆို ပေးထားတဲ့ ကတိအတိုင်း အဲဒီကိုကြီးမဟာရန် ကို လက်ဆောင်လေးတစ်ခုခုတော့ မမထွက်ပေးလိုက်ရမှာ"

"စုစုနော် ... နင်ဘာမှမသိဘဲနဲ့ လျှောက်ပြောမနေနဲ့"

သာ မျက်စောင်းလေးရွယ်ရင်း စုစုကို ပြန်ပြောမိသည်။ တကယ်ပါပဲ ...

ဒီမှာဖြင့် မဟာရန်ဆိုတဲ့လူတစ်ယောက်ကို ချောင်းကြည့်ရင်း တစ်ကိုယ်လုံး အေးစက်လာပြီးတော့တောင် အသက်ရှူမှားနေရ တာ။ ဒီကြားထဲ နေရာတကာ ဝင်ပါ ဝင်စပ်စုတတ်တဲ့ စုစုကိုဖြေရှင်း ရတာတစ်မျိုး။

"အို ... စုစု ဘာလို့မသိရမှာလဲ ... မနေ့ညနေ ကျောင်းက ပြန်လာပြီးကတည်းက ဒီအပေါ်ထပ်မှာ မမတစ်ယောက်တည်း ပြတင်းပေါက်နားကနေ ခြံအပြင်ဘက်လမ်းကို ထွက်ထွက်ကြည့်နေ တာ ... စုစု မသိဘူးအောက်မေ့နေလို့လား"

"ဟယ် ... ကြည့်စမ်း ... ဒါလည်း နင်သိတယ်"

"ဟား ... ဟား ... သိတာပေါ့ မမရဲ့ ... "

စုစုက မျက်နှာလေးမော့ပြီး တဟားဟားလေးနဲ့အော်ရယ် လိုက်သေးရဲ့။ သာ့မှာတော့ ရှက်မျက်နှာရဲရဲလေးနဲ့ စုစုကိုပဲ လက် သီးဆုပ်လေးနဲ့ ရွယ်မိသည်။

"စုစုနော် ... နင် မဟုတ်တာတွေ လျှောက်ပြောမနေနဲ့"

"ဟာ ... ဘာလို့မဟုတ်ရမှာလဲ ... စုစုက ယယ်ယယ်လေး ကတည်းက ဒီခြံကြီးထဲမှာနေလာတာ ... မမ ဘယ်တုန်းက ဒီ ပြတင်းပေါက်တွေနားကို ခဏခဏ သွားဖူးလို့လဲ ... "

"ဟဲ့ ... အဲဒါ ... အဲဒါက ... "



www.burmeseclassic.com

www.burmeseclassic.com



"တွေ့လား ... တွေ့လား ... စုစုမေးတာကို မမ မဖြေတတ်တော့ဘူး ဖြစ်နေတာ ... ဟား ဟား ... မရှက်ပါနဲ့ မမရယ်၊ မိုးပျံပူဖောင်းလေးမှာ ပါသွားတဲ့ ခါတ်ပုံလေးကိုရပြီး၊ အဲဒီမဟာရန်ဆိုတဲ့ ကိုကြီး ရောက်လာမှာကို ရင်တထိတ်ထိတ်နဲ့ မမ စောင့်နေတာ မဟုတ်လား ... အခုလည်း အဲဒီကိုကြီးကို ဒီအပေါ်ထပ်ကနေ မမ အရင်ဆုံးတွေ့တာလေ ... ကဲ ... စုစုပြောတာ မဟုတ်ဘူးလား"

"ကဲဟယ် ... ဟုတ်တယ် ... ဟုတ်တယ် ... အဲဒါ ဘာဖြစ်လဲ ..."

"ဟား ... ဟား ... အဲလိုအစောကြီးကတည်းက ဝန်ခံလိုက်လဲ ပြီးနေတာပဲဥစ္စာ ... စုစုက မမ အမူအရာကို မသက်ာလို့ချောင်းနေတာ"

"စုစုနော် ... နင် သူများတွေကို လျှောက်မပြောနဲ့"

"ဟာ ... ပြောစရာလား ... ဒီအိမ်မှာ စုစုက မမရဲ့အနီးကပ်လူယုံလေ ... မမအပြင်ကိုသွားတိုင်း စုစုကပဲ လိုက်နေရတဲ့ဥစ္စာ"

"မမ ... မမလေ ..."

သာ ... စုစုကို ဘယ်လိုပြောရမလဲ။

ထိုစဉ် ...

ဖုန်းထဲက သီချင်းတီးလုံးသံတိုးတိုးလေးက ထွက်လာ၏။ ရုတ်တရက် သာပင် လန့်သွားရသည်။ နောက်မှ သတိရပြီး စားပွဲပေါ်က ဖုန်းကလေးကို ကောက်ကာ နားထောင်လိုက်တော့ ...

"မင်း ... ဘယ်ကိုရောက်နေတာလဲ သိမ်မွေ့သာ၊ မနက်ကတည်းက ကိုယ် ဖုန်းခေါ်နေတာ ... စက်ပိတ်ထားတယ်တဲ့"

သူ ...





မဟာရန်ပဲ။

သူ ဖုန်းခေါ်နေတာ စက်ပိတ်ထားလို့တဲ့။

သူ့အသံလေးက ဖုန်းထဲမှာ ကြည်လင်နေသည်။

"ရှင် ... ရှင် ... မဟာရန်လားဟင် ..."

"ဟုတ်တယ်လေ သိမ်မွေ့သာ ... ကိုယ် မဟာရန် ..."

"ရှင် ဘာလို့ ကျွန်မဆီကို ခဏခဏ ဆက်နေတာလဲ"

"မင်းရှိနေတဲ့နေရာလေးကို ကိုယ်လာတာ ... မင်းနဲ့မတွေ့ခဲ့ရလို့ ... ကိုယ် ခုပဲပြန်လာခဲ့ရတယ်လေ ... ဘယ်လိုလဲ ... ပေးထားတဲ့ကတိကို မင်းလွယ်လွယ်နဲ့ဖောက်ဖျက်တော့မလို့လား"

"ကျွန်မ ... ကျွန်မ ... ရှင်နဲ့မတွေ့ရဲလို့ ..."

"ဟင် ... ဒါဆို ခြံထဲမှာ မင်းရှိတယ်ပေါ့ ..."

"ရှိတယ်လေ ... ဒါပေမဲ့ ... ကျွန်မကမှ ရှင့်ရှေ့ကိုထွက်မလာရဲတာ"

သာ ... မဝံ့မရဲကလေးနဲ့ပဲ သူ့ကို အမှန်အတိုင်း ဝန်ခံလိုက်သည်။

ဒီလို ထွက်မတွေ့ရဲတာလည်း ...

ခပ်မာမာ ခပ်ပြတ်ပြတ်။ ဆက်ဆံတတ်တဲ့ သူ့စရိုက်လေးကို သာကကြောက်လို့ပါ။ ပြီးတော့ ... ဒက်ဒီတို့ မာမီတို့ရှေ့မှာ သူ့ကို ဆက်ဆံရမှာလေ။ သူက မဆိုင်တာတွေ တောင်းဆိုလာရင် သာပဲ အခက်တွေ့နေရမှာ။

"ဟွန်း ... ထွက်မတွေ့ရဲဘူး ပြောရအောင် ဒါတွေအားလုံး မင်းပဲ ဖန်တီးခဲ့တာလေ သိမ်မွေ့သာ ... မင်းပဲ မွေးနေ့အမှတ်တရ လက်ဆောင်လေးပေးရမယ့်သူကို ဖိတ်ခေါ်ကမ်းလှမ်းခဲ့တာ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူးလား”

“ကျွန်မ ... ကျွန်မ တောင်းပန်ပါတယ်”

သာ အသံလေးက တိုးဝင်သွားသည်။

သို့သော် ... တစ်ဖက်က ပြန်အော်လိုက်သံကတော့ နားထဲမှာ ပေါက်ကွဲဆူညံသွားခဲ့၏။

“မရဘူး ... မင်း ငါ့ကို ဒီလိုပုံစံမျိုးနဲ့ လျော့်သွားလို့မရဘူး၊ ကိုယ် မင်းကိုရင်ထဲမှာ ရှိသမျှ စကားတွေအားလုံး ပြောပြီးသား၊ ကိုယ်လိုချင်တာ မင်းဆီက အချစ် ... အဲဒါကလွဲရင် တခြားဘာမှ ကိုယ်မလိုချင်ဘူး ... ”

“ရှင် ... ”

“ကိုယ်ပြောတာ ရှင်းရှင်းလေးပါ သိမ်မွေ့သာ ... ဘုရားပေါ်မှာ တွေ့လိုက်ရတဲ့ ညကတည်းက ကိုယ့်ရင်ခုန်သံတွေကို မင်းပဲ ဖန်ဆင်းသွားခဲ့တာ ... ကိုယ် ဖျတ်ခနဲ လှမ်းကြည့်လိုက်တဲ့အချိန်မှာ ကိုယ်အကြည့်တွေကို ထိတ်ထိတ်လန့်လန့်လေး ပြန်မော့ကြည့်ပြီးတော့ မျက်လွှာလေးကို ကပျာကယာလေး မင်းပြန်သိမ်းသွားတာလေ ... ကိုယ် ဘယ်လောက် မင်းမျက်ဝန်းလေးတွေရှေ့မှာ ကျဆုံးသွားခဲ့ရတယ်ထင်သလဲ ... ”

“အဲဒါ ... ကျွန်မ မသိဘူး မဟာရန် ... ”

“ဒီအဖြစ်အပျက်တွေအားလုံးကို လွယ်လွယ်လေးနဲ့ မင်းပယ်ချပစ်ဖို့ မစဉ်းစားနဲ့တော့ သိမ်မွေ့သာ ... ကိုယ်က အရိပ်ကလေးတစ်ခုလို မင်းနောက်ကို လိုက်တော့မှာ ... မင်းဆီကနေ ကိုယ်လိုချင်တဲ့အမှတ်တရ မွေးနေ့လက်ဆောင်လေး မရမချင်း ကိုယ့်ရဲ့ ချစ်ခြင်းတွေကို ဘယ်တော့မှ ရပ်တန့်ပစ်လိုက်မှာ မဟုတ်ဘူး ...





ခုလည်း မင်းတို့ခြံနားက လမ်းဘေးမှာ ကားရပ်ပြီး ... ကားထဲကနေ ဖုန်းလှမ်းဆက်နေတာ ... ”

“အို ... ဒါဆို ရှင်မပြန်သေးဘူးပေါ့ ... ”

“ကိုယ် မင်းနဲ့တွေ့ရမှဖြစ်မယ် ... ”

သာ ဘယ်လိုပြန်ဖြေရပါ့မလဲ။

မနေ့က တစ်နေ့လုံးလည်း သူဖုန်းဆက်သွားလို့ သူငယ်ချင်းတွေကြားထဲမှာ ထိတ်ထိတ်လန့်လန့်လေးနဲ့ သာ့စိတ်တွေ ရှုပ်ထွေးနေခဲ့ရတာလေ။

သူ့ကြောင့် ပိုဆိုးသွားရတာက ဆန္ဒညီပင်။

သာ့ကို စိတ်ချလက်ချ လွှတ်မထားနိုင်တော့ဘူးဆိုပြီး တစ်နေကုန်လည်း အဖြေတောင်း ... အနားကလည်း မခွာတော့ဘဲ ရန်ဖြစ်ကြ စိတ်ကောက်ကြနဲ့။ နောက်ဆုံးမှာတော့ ဆန္ဒညီ ဒေါပွပြီး စောစောစီးစီးပြန်သွားတဲ့အထိ ဖြစ်သွားခဲ့ရသည်။

ပြောရရင် ... ဆန္ဒညီကို သူငယ်ချင်းတစ်ယောက်အဖြစ် မပိုနိုင်ခဲ့တာ သာ မှားခဲ့တာလား။ ဟော ... မဟာရန်ဆိုတဲ့လူတစ်ယောက်နဲ့ကျတော့ ဖုန်းပြောရင်း သာ့မှာ တစ်ကိုယ်လုံးအေးစက်လို့။

အဲဒါ ... ဘာဖြစ်သွားတာလဲ။

သူ့စကားသံလေးတွေအောက်မှာ မမြင်နိုင်တဲ့အင်အားတစ်ခုခုက သာ့ကို ညို့ယူသွားခဲ့တာလား။

ခုလည်း ... သူနဲ့စကားပြောနေရတာ ...

သာ့မှာတော့ အယောင်ယောင်အမှားမှားနဲ့။

“ဟိတ် ... ဖုန်းပြောရင်း မင်းဘာလို့ ငြိမ်သွားတာလဲ သိမ်



www.burmeseclassic.com

www.burmeseclassic.com

မွေ့သာ ... ကိုယ် ခုချက်ချင်း မင်းတို့ခြံရှေ့ကို ပြန်လာခဲ့ရမလား"

"ဟင့်အင်း ... ဟင့်အင်း ... မလာနဲ့ ... မလာပါနဲ့ ..."

"ကိုယ် ... မင်းမျက်နှာလေးကို အရမ်းတွေ့ချင်နေပြီ သိမ်မွေ့သာ ..."

"ဟင့်အင်း ..."

သူမ ခေါင်းကလေးကိုပဲ ခါနေမိသည်။

မဖြစ်နိုင်ပါဘူး ...

မာမီတို့ရှေ့မှာ သူနဲ့တွေ့ဖို့ဆိုတာ လုံးဝမဖြစ်နိုင်ဘူး။

"ရှင် ... ရှင် ... တည်ငြိမ်အေးချမ်းနေတဲ့ ကျွန်မရဲ့ဘဝလေးကို ဒုက္ခပေးဖို့ မကြိုးစားပါနဲ့လား မဟာရန် ... နာမည်လေးတစ်ခုကလွဲရင် ရှင့်အကြောင်းကို ဘာမှမသိထားတဲ့လူတစ်ယောက်ကို ရိုးရိုးသားသား အမှတ်တရလက်ဆောင်ပေးချင်တာကလွဲရင် တခြားဘယ်လိုအစီအစဉ်မျိုးမှ ကျွန်မမှာမရှိဘူး ... ဒီလိုရိုးရိုးသားသားပေးမယ့်လက်ဆောင်ကို ယူမယ်ဆိုရင်တော့ ကျွန်မ ရှင့်ကိုကတိအတိုင်းပေးဖို့ အဆင်သင့်ပဲ ..."

"ဟင် ... မင်းပြောတော့ နှစ်သက်ရာ အမှတ်တရလက်ဆောင်တစ်ခုခုကို တောင်းနိုင်တယ်ဆို ..."

"အဲဒီအထဲမှာ ကျွန်မရဲ့ အသည်းနှလုံးမပါဘူးလေ မဟာရန်ရှင် ... ကျွန်မရဲ့ ဓါတ်ပုံလေးကိုရလာတယ်ဆိုပြီး အဓိပ္ပာယ်မရှိတာတွေ တောင်းဖို့စိတ်ကူးယဉ်မနေနဲ့ ... ကျွန်မ ရှင့်ကို လုံးဝမချစ်ဘူး"

အသံလေး ကျယ်သွားမှာစိုးလို့ ခပ်တိုးတိုးလေးပဲ သူမ ပြောလိုက်ရတာလေ။ တကယ်လည်း အဓိပ္ပာယ်မှ မရှိတဲ့ဥစ္စာကို။ ဒီလိုအတင်းတွယ်ကပ်ပြီး ဖွတ်တရွတ်လေးတောင်းနေလို့ရမလား။





"ရတယ် သိမ်မွေ့သာ ... ကိုယ့်ကိုမချစ်ဘူးလို့ငြင်းတဲ့ အခွင့်အရေးက ... ဟွန်း အဲဒါ မင်းရဲ့အခွင့်အရေးပဲလေ ... ကိုယ်ဒီအတွက်တော့ ဘာမှမပြောလိုပါဘူး၊ ကိုယ်ကတော့ မင်းကိုချစ်တယ် ... အခုလည်း ကိုယ့်ရင်ထဲမှာ ရင်ခုန်သံတွေ ဆူညံနေတယ် ... ဒါပါပဲ"

"ဒါပဲဆိုရင် ... ကျွန် Phone ချလိုက်တော့မယ်"

"တီ ... တီ"

တကယ်လည်း သူမ Phone ကိုပိတ်ချလိုက်ပစ်ပါပြီ။

ထပ်ဆက်နေမှာစိုးလို့ Power ပါ ပိတ်ပစ်လိုက်တာလေ။

"ဟား ... ဟား ... တကယ်မိုက်တဲ့ ဇာတ်လမ်းလေးကို အားထောင်ရတာ အရသာရှိတယ်ဟေ့ ... မမဘယ်လိုပဲ Phone ကို ပိတ်ထား ပိတ်ထား မမနောက်ကို ကိုကြီးမဟာရန်က အသည်းအသန်လိုက်တော့မှာ ... ဟား ... ဟား"

"ဟယ် ... စုစုရယ် အသံကျယ်ကြီးနဲ့ အော်နေပြန်ပြီ ကြည့်စမ်း"

သာ မျက်လုံးလေးပြူးနေကာ မျက်တောင်လေးတွေပါ တော့လို့ပါ။

"ဟာ ... စုစုအော်တာ ... မာမီချစ် မကြားပါဘူး မမရဲ့၊ အခုထိလည်း မာမီချစ် ခြံထဲမှာ ခေါက်တုန့်ခေါက်ပြန် လျှောက်နေတာ ... ဒီကလှမ်းကြည့်ရင်တောင် မြင်နေရတဲ့ဥစ္စာ ..."

"ဟဲ့ ... မာမီ မရှိပေမယ့်၊ ဒက်ဒီက ဘုရားခန်းထဲမှာ ရှိချင်ရှိနေမှာလေ ... နင်နဲ့ကတော့ တကယ်ပြဿနာပဲ စုစုရယ်"

"ဟဲ ... ဟဲ"

စုစုက ရယ်ကြဲကြဲလေးနဲ့ လျှာလေးပဲတစ်လစ်ထုတ်ပြ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ဘယ်လိုလုပ်မလဲ ... ။

အိမ်မှာ ... သက်တော်ရှည် ထမင်းချက်ဟင်းချက် လုပ်လာတဲ့ ကြီးကြီးမြရဲ့ တစ်ဦးသော သမီးလေး စုစုက ကိုးတန်းတက်နေတဲ့ ကျောင်းသူလေးပါ ... သာ့ကို အဖော်လေးရအောင် စုစုက အမြဲလိုလို သာ့အနားမှာ လာနေပေးတာလေ။

စုစုကို သာကချစ်သလို သာ့ကိုလည်း စုစုကချစ်ပါသည်။

စုစုကို အံလေးကြိတ် မျက်စောင်းလေးရွယ်ကာကြည့်လိုက်ရင်း ခြံရှေ့လမ်းမကြီးဆီကို သာ့မျက်ဝန်းလေးတွေက စိုးရိမ်ပူပန်မှုလေးတွေနဲ့အတူတူ ငေ့ဝဲလို့ ရောက်သွားခဲ့ရပြန်ပြီ။

သူ ခြံရှေ့ကို ပြန်ရောက်လာမှာ ...

သာ အရမ်းကြောက်နေလို့ပါ။

သူ့စိတ်ဓာတ်လေးက မိုက်ကန်းကန်းလေးလုပ်တတ်တာ၊ ဆန္ဒညီရဲ့ ကားမီးလုံးကို ရိုက်ခွဲပြီး ... သူ့ စရိုက်ကို သက်သေပြထားခဲ့တာလေ ... ။

အရိပ်အယောင်လေး မတွေ့တော့မှ ...

သာ ပင့်သက်ချရင်း စုစုပခုံးလေးကို လှမ်းဖက်လိုက်သည်။

မဟာရန် ... ။

ရှင် ကျွန်မကို ဒုက္ခမပေးပါနဲ့ ... ။

ကျွန်မ တောင်းပန်ပါတယ်ရှင် ... ။

## အခန်း ( ၄ )

ညနေစောင်းချိန်လေးမှာ ... ။

စုစုကိုခေါ်ပြီး ... လမ်းထိပ်က MAY MiNi MARK စတိုးဆိုင်ကလေးကို စက်ဘီးလေးနှင့် ထွက်လာခဲ့သည့် သိမ်မွေ့သာတစ်ယောက် မျက်နှာလေး ကြည်လင်လန်းဆန်းကာ စိတ်ကလေးအပါ မြူးကြွသွက်လက်လို့ နေခဲ့တာပေါ့။

ဝတ်ထားတာလေးကလည်း ...

အနီရောင်ရဲရဲ ဝမ်းဆက်လေးနှင့်မို့ လမ်းမပေါ်မှာ ထင်းထင်းသင်းလင်းလေး ဖြစ်နေခဲ့တာလေ ... ဖြတ်သွားဖြတ်လာလုပ်နေကြသူတချို့က သမင်လည်ပြန်လေး ကြည့်သွားကြသည်အထိ သိမ်မွေ့သာက ဆွဲဆောင်လွှမ်းပါသည်။

MiNi MARK လေးရှေ့ကိုရောက်တော့ ...

စက်ဘီးလေးကို ရပ်ကာ သော့ကလေးကိုပါ သာက ခတ်လိုက်သည်။ ပြောရရင် ... ဒီဆိုင်လေးက သာအမြဲ လိုအပ်နေတာတွေ လာဝယ်နေကျ ဆိုင်ကလေးလေ ... ။



www.burmeseclassic.com

www.burmeseclassic.com



စုစုကိုခေါ်ပြီး ဆိုင်ကလေးထဲကိုဝင်ဖို့ ခြေလှမ်းပြင်လိုက်တော့မှ ... မျက်ဝန်းထောင့်လေး တစ်ဖက်မှာ ဗွဲထင်ပေါ်လာတဲ့ အရိပ်ကလေးကြောင့် ရင်ထဲမှာ ဒိုင်းခနဲ လှုပ်ခုန်ကာသွားရသည်။

"ဘုရားရေ ... "

သွားပါပြီ ... ။

သူမတို့ စက်ဘီးလေး နောက်ကို ပြုံးကားရဲရဲလေးနှင့် အသံမပေးဘဲ တိတ်တိတ်လေး လိုက်လာခဲ့သည့် မဟာရန်ရယ်လေ။

"လာ ... စုစု မြန်မြန်လာ"

ရုတ်တရက် မျက်နှာလေး ပျက်သွားသည့် မမသိမ်မွေ့သာကို ကြည့်ပြီး ... စုစုက နားမလည်နိုင်အောင် ဖြစ်သွားသလို ဟိုဟိုဒီဒီလေးကိုလည်း မျက်လုံးလေး ဝေ့ကာ ဝေ့ကာနဲ့ စုစုကကြည့်မိသည်။

"ဟဲ့ ... စုစု မြန်မြန်လာလို့ ပြောနေတာလေ ... ဒုက္ခပါပဲ"

"ဘာ ... ဘာဖြစ်လို့လဲ ... မမရဲ့"

"အမေးအမြန်းထူမနေနဲ့ ... ဝင် ... ဝင် ဆိုင်ထဲကို မြန်မြန်ဝင်"

စုစုလက်ကိုဆွဲကာ မှန်ကြည်တံခါးကြီးကိုဖွင့်ပြီး ဆိုင်ထဲကို လှမ်းဝင်လိုက်ရပေမယ့် ... ချက်ခြင်းပဲ တကိုယ်လုံးအေးစက်ကာ အသက်ရှူလေးပါ မှားနေခဲ့ရတာပင် ... ။

မသိမသာလေးနဲ့ သေချာအောင် နောက်တစ်ကြိမ် ထပ်ကြည့်လိုက်တော့ ...





"အို ... အို"

သူပါ ... ဆိုင်ထဲကို ဝင်လိုက်လာခဲ့ပြီ ... ။

ဒါနဲ့ပဲ ... သာ အယောင်ယောင် အမှားမှားလေးဖြစ်ကာ စုစုလက်ကို မလွှတ်သေးပဲ ... အထည်တွေ စီတန်းချိတ်ထားသည့် မှန်ကောင်တာကြီးနောက်ကို ဝင်လိုက်တော့မှ ... အထည်တွေနှင့် ကွယ်ကာ သူက မြင်ကွင်းထဲကနေ ပျောက်သွားသည်။

"ဟား ... ဟား စုစုသိတယ်နော် မမ ... "

"ဟဲ့ ... တိုးတိုးပြောလေ ဒုက္ခပါပဲ"

"မဟာရန်ဆိုတဲ့ ဟိုကိုကြီးလေ သူ့ကို ဆိုင်ရှေ့ကား ပါကင်မှာ တွေ့လိုက်လို့ မမထွက်ပြေးလာတာမို့လား ... အဲဒါ စုစု သိပါတယ် မမရဲ့ ... "

"အမလေးဟယ် ... အရေးထဲမှ လေကြောကရှည်နေပြန်ပါပြီ"

"ဒေါက် ... "

"အား ... "

အမြင်ကတ်ကတ်နှင့် စုစုငယ်ထိပ်လေးကို ဒေါက်ခနဲခေါက်ပစ်လိုက်တော့မှ ... စုစုဇက်ကလေး ပုဝင်သွားကာ ငြိမ်သက်သွား၏။

သာ ထင်မထားပါဘူး ... ။

သူတို့ခြံရှေ့ လမ်းမပေါ်မှာ ကားကို တစ်ချိန်လုံးရပ်ထားပြီး စောင့်ကြည့်နေမယ်ဆိုတာကိုလေ ... မဟာရန် တော်တော် ရွဲခြင်းတာပဲ ... ။



www.burmeseclassic.com

www.burmeseclassic.com



မနက်ကအတိုင်း အနက်ရောင်တီရှပ်လေးကို ဂျင်းဘောင်းဘီရှည် အပြာရောင်လေးနဲ့ တွဲဝတ်ထားတာပါ။

သာကတော့ တစ်ကိုယ်လုံးအေးစက်ကာ ဘာမှမဖြစ်သလို ဟန်ကလေးနဲ့ စိတ်ကိုထိန်းပြီး တန်းတွေမှာချိတ်ထားတဲ့ အထည်အဝတ်အစားတွေကိုပဲ လိုက်ကြည့်နေမိသည်။ ဒီ MAY MiNi MARK ဆိုင်ပိုင်ရှင် အပျိုကြီး မမယုက သာ့ကိုခင်နေတာလေ။

ဒါကြောင့်မို့ ... အပျိုကြီး မမယုရှေ့မှာလည်း ရှက်ရှက်သဲသဲလေး သာမဖြစ်ချင် ... ။ အဲဒါ မဟာရန်က ဆိုးလို့ပါ။

သူ့ပုံစံ သူ့စတိုင်လေးက ဘယ်သူ့ကိုမှ ဂရုစိုက်မှာမဟုတ်။

ဆန္ဒညီကို စိန်ခေါ်သွားတုန်းကလည်း မာမာကြောကြောနှင့် စိန်ခေါ်သွားတာဆိုတော့ သူ့ကိုတော့ သာလန့်ပါသည်။

"ဟာ ... မမ"

"ဘာ ... ဘာလဲဟင် စုစု"

"ဟို ... ဟိုမှာ ... မဟာရန်ဆိုတဲ့ ဟိုကိုကြီး စုစုတို့နှစ်ယောက်ကို လှမ်းကြည့်နေပြီ"

"ဟာ ... သူကြည့်လည်း နင်ပြန်မကြည့်နဲ့လေ ... နင် ... နင် မသိချင်ယောင်ဆောင်ပြီးတော့ ခပ်တည်တည်နေစမ်း ..."

သာပိုပြီးတော့ စိတ်လှုပ်ရှားလာရပြီ။

တကယ်လည်း အထည်တန်းတွေစီ ချိတ်ထားတဲ့ ဘက်ကို နှုတ်ခမ်းမဲ့မဲ့လေးနဲ့ ပြုံးပြီးတော့ သူကြည့်နေတာ သာကပါလှမ်းမြင်လိုက်ရလို့ပါ ... ။





ဘယ်လို ဖြစ်တာလဲဟင် ... ။

သူ့ကို မြင်လိုက်တိုင်း သာရင်တွေတုန်နေရပါလား။

ဒုက္ခပါပဲ ... ။

သူမကိုယ်သူမ ဘာတွေဖြစ်နေသလဲဆိုတာလည်း သာက မသိ။ ဆိုင်ထဲမှာလည်း ဝယ်ယူသူ တချို့ကရှိနေတော့ တကိုယ်လုံး အေးစက်ပြီး ဒူးလေးတွေကပါ တဆက်ဆက်လေးနဲ့ တုန်ချင်လာလာရတာလေ။

အပျိုကြီး မမယုက ကောင်တာစားပွဲမှာ ထိုင်ပြီး ... ငွေတွေကို ရေတွက်နေတာလည်း သာက အခန်းထောင့်အကွယ်လေးကနေ မြင်နေရပါသည်။

သူကလည်း သာတို့နှစ်ယောက်ကို မသိချင်ယောင်ဆောင်ပြီး ကောင်တာစားပွဲဖက်ကို လှည့်လိုက်တော့မှ ...

"ဟယ် ... ကောင်စုတ်လေး မဟာရန် ... ကြည့်စမ်း မမယုက တူပါတယ် တူပါတယ်ဆိုပြီး ကြည့်နေတာ ... ဒါ ... ဒါ မမယု ဖွင့်ထားတဲ့ ဆိုင်လေ မဟာရန်ရဲ့ ... ခုမှ ဘာစိတ်ကူးပေါက်ပြီး ဒီဆိုင်ထဲ ဝင်လာရတာတုန်း ..."

မထင်မှတ်ပဲ ... ။

မမယုကို တွေ့လိုက်လို့ သူ့အတော်လေးတော့ အံ့သြသွားခဲ့ရသည်။ ပြောရရင် မမယုဆိုတာ မေမေရဲ့အချစ်ဆုံးသူငယ်ချင်း ဒေါ်သီတာရဲ့ သမီးကြီး အပျိုကြီးရယ်လေ ... ဒီဆိုင်လေး ဖွင့်နိုင်အောင်လည်း မေမေက အရင်းအနှီးတွေ စိုက်ထုတ်ပေးခဲ့တာလေ။



www.burmeseclassic.com

www.burmeseclassic.com



သူတို့မိသားစုနှင့်ဆို နှစ်အိမ်တစ်အိမ် ခင်လာခဲ့တဲ့ မိသားစုတွေဆိုတော့ မမယုနဲ့ကလည်း အတွင်းသိအဆင်းသိ ပြောမနာဆိုမနာ ခင်မင်လာခဲ့ကြတာပါ။

ခုတော့ မမယုက စီးပွားရေးလုပ်ငန်းရှင်ကြီး ဖြစ်နေပြီဆိုတော့ ... အလုပ်တွေများပြီး အိမ်ကိုအလာကြဲသွားတာ ... လူမှုရေးတန်းရေးရှိမှပဲ တွေ့ဖြစ်ကြတော့၏။ အခု မမယုက မျက်ခုံးတန်းလေး ပင့်တက်သွားအောင် အံ့သြသွားတာလည်း မတွေ့တာကြာလို့ နေမှာပါ ...။

သူကတော့ ... အပြုံးယဲ့ယဲ့လေးနဲ့ပြုံးကာ ...

"ဟွန်း ... ဘာစိတ်ကူးပေါက်လို့ ဝင်လာရမှာလဲ ... မမယုရဲ့ ဖူးစာရှင်နတ်မင်းကြီးက ဒီဘက်နယ်မြေကိုလွှတ်လိုက်လို့ ဝင်လာရတာလေ ..."

"အမလေးဟယ် ... ကြည့်စမ်း ... ကြည့်စမ်း ... မင်းက တစ်သက်လုံး ဘယ်ဖူးစာရှင်ကိုမှ အရေးမလုပ်ဘဲ နေလာခဲ့တဲ့ ဥစ္စာကို အခုမှ ဘယ်ဖူးစာရှင်နဲ့ အပေါင်းအသင်း မိတ်ဆွေတွေဖြစ်သွားပြီး ... ဒီဘက်နယ်မြေကို ကျူးကျူးကျော်ကျော် ရောက်လာတာလဲ ဟင် ... မဟာရန် မမယုကို အမှန်အတိုင်းပြောစမ်း ..."

"ဒီလိုပေါ့ ... မမယုရာ အဟင်း ... ဟင်း ... ဟင်း"

နှုတ်ခမ်းတွန့်တွန့်လေးနှင့် မဲ့ကာရယ်လိုက်ရင်း ... သူ့မျက်ဝန်းအကြည့်လေးက အနီရဲရဲ ဝမ်းဆက်လေးနှင့် သိမ်မွေ့သောဆိုသည့် သူမလေးဆီကိုပဲ ငေးငေးဝဲဝဲ ကလေးနှင့် ရောက်သွားခဲ့ရ





တော့တာလေ ...။

"မမ ..."

"ဟင် ... ဘာလဲ စုစု"

"မမလက်တွေ အရမ်းအေးစက်နေပြီသိလား"

"အို ... ဟုတ်လား"

"ဒီဆိုင်ရှင် ဟိုအပျိုကြီးမမနဲ့ ... မဟာရန်ဆိုတဲ့ အစ်ကိုကြီးက တော်တော် ရင်းရင်းနှီးနှီးလေးနဲ့ သိနေကြတာပဲနော် ..."

"စုစုရယ် ... အရေးထဲမှာ နင်က စပ်စုနေပြန်ပြီ"

နာမည်နဲ့လိုက်အောင် တကယ်လည်း စပ်စုတဲ့ စုစု ...။

ပြောနေတားနေတာတောင် လည်တိုင်လေးစောင်းကာ ခြေဖျားလေးထောက်ရင်း ကောင်တာဘက်ကို လှမ်းကြည့်လိုက်သေးရဲ့။

သူမကတော့ သူတို့နှစ်ယောက် စကားပြောနေတာကို အခွင့်ကောင်းယူပြီး ပြန်ထွက်သွားရင် ကောင်းမလားဆိုကာ စဉ်းစားနေတာပါ။

အခြေအနေအရ ...

ဒီနေရာလေးမှာ သူမရပ်နေလို့တောင် မရတော့ဘူးလေ။

"လာ ... စုစု"

"ဟင် ... မမ ..."

ခပ်တည်တည် မျက်နှာထားလေးနဲ့ပဲ ကောင်တာရှေ့ကနေ ဖြတ်ကာ ... လှည့်ထွက်သွားဖို့ ခြေလှမ်းလေးကို သူမလှမ်းလိုက်စဉ်မှာတော့ ...



www.burmeseclassic.com

www.burmeseclassic.com



"မင်း ... ခဏနေဦး ... သိမ်မွေ့သာ"

"အို ... ရှင်ဘာလုပ်တာဟင် လွှတ် ... လွှတ်"

ကြည့်စမ်း ... ။

သာ့လက်ကလေးကို ရဲရဲတင်းတင်းလေးနဲ့ သူက လှမ်းဆွဲပစ်လိုက်တာ။ သာခြေလှမ်းလေး မှားသွားပြီး မျက်နှာလေးရဲကာ ကိုယ်ကလေးတောင် ယိုင်ချင်ချင် ဖြစ်သွားရပြီ ... ။

သူ့ရဲ့ မထင်မှတ်တဲ့ လုပ်ရပ်လေးကြောင့် မမယုကိုယ်တိုင် မျက်လုံးလေး ပြူးသွားသည်။ သူကတော့ ဘယ်သူ့ကိုမှ ဂရုမစိုက်သလိုပင်။

"ကိုယ်လိုချင်တာ ရအောင်ယူဖို့ မင်းလက်ကလေးကို ဆွဲထားလိုက်တာလေ ... သိမ်မွေ့သာ ... အကြိုလက်ဆောင်လေး အဖြစ်နဲ့ ... ကဲ ..."

"အို ... အို"

သွားပါပြီ ... ။

သူက ဘာမပြောညာမပြောနဲ့ မမယုရှေ့မှာပင် သာ့ရဲ့ လက်ဖမိုးလေးကို ဖျက်ခနဲဆွဲကိုင်ယူကာ ရွှတ်ခနဲနေအောင် နမ်းရှိုက်ပစ်လိုက်ပြီ ... ။

"ဖြန်း ..."

ထိုစဉ်အခိုက်လေးမှာပဲ ... သာ့ရဲ့တုန့်ပြန်မှုလေးက ကြမ်းတမ်း ပြတ်သားသွားခဲ့ပါသည်။ သူဟာ ... သာ့ရဲ့ဘယ်ဘက် လက်ဖမိုးလေးကို နမ်းလိုက်တဲ့အချိန်မှာ လွတ်နေတဲ့ သာ့ရဲ့ ညာဘက်လက်ကလေးက သူ့ရဲ့ဘယ်ဘက်ပါးပြင်လေးပေါ်ကို ဖြန်းခနဲ အသံ





မြည်သွားအောင် ထိတွေ့ဖြတ်သန်းသွားခဲ့တာလေ။

ဒီလိုဖြတ်သန်းသွားတော့ ... သူ့ကိုယ်လေးက နည်းနည်းယိုင်သွားသလို ... မျက်နှာလေးကပါ လေးဆယ့်ငါး ဒီကရီလောက် စောင်းထွက်သွားသည်။

"အို ... သိမ်မွေ့သာ ... ညီမလေး"

မျက်စိပျက် မျက်နှာပျက်နဲ့ ကောင်တာအပြင်ဘက်ကို ပြေးထွက်လာတာ မမယုပါ။ သူ့လုပ်ရပ်ကြောင့် မမယုမျက်နှာပူသွားပြီထင်ပါရဲ့။

"မမယု ... မမယု တောင်းပန်ပါတယ်နော် ညီမလေး၊ ဒုက္ခပါပဲကွာ ... မဟာရန် မင်းတော်တော်ဆိုးတယ်သိလား၊ သိမ်မွေ့သာဆိုတာ အရမ်းအေးချမ်းတဲ့ ညီမလေးလေ ... ဒါကို မင်း ဘာဖြစ်လို့ အကြမ်းပတမ်း ဆက်ဆံလိုက်ရတာလဲ"

သူ့ဘက်လှည့်ကာ မမယုက အပြစ်တင်သည်။

"အဟင့် ..."

သာ မျက်နှာလေးမှာ လက်ဝါးလေးအပ်ကာ ရှိုက်ငိုရင်း MiNi MART လေးရဲ့ အပြင်ဘက်လမ်းမဆီ ချာခနဲ ပြေးထွက်ခဲ့ပါပြီ။

ထိုအချိန်မှာ ... သူကတော့

နှုတ်ခမ်းထောင့်စွန်းလေး တစ်ဘက်ကို ဟွန့်ခနဲပြုံးကာ

"ဟွန်း ... မဟာရန် ဘာလဲဆိုတာ မမယုအသိဆုံးပဲလေဗျာ၊ မမယုကို ကျွန်တော်ပြောတဲ့ ကျွန်တော့်ရဲ့ ဖူးစာရှင်ဆိုတာ ဒီ



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးပဲ ... ”

“မင်းကွာ ... မင်း ... မင်း ဟိုက လက်မခံသေးတာကို မင်း ဘာလို့ ဖွတ်တရွတ်ကြီး လှလယ်ကောင်မှာ လုပ်ချလိုက်ရတာလဲ ... မင်းရဲ့ မဆင်မခြင်လုပ်ရပ်ကြောင့် သိမ်မွေ့သာဆိုတဲ့ညီမလေး ဘယ်လောက်ရှက်သွားမလဲဆိုတာ မင်းစဉ်းစား ကြည့်စမ်း”

“ကျွန်တော် ... ကျွန်တော် သူ့ကိုသိပ်ချစ်သွားခဲ့လို့ပါ မမယု ရာ ... မှားသွားရင်လည်း ကျွန်တော် တောင်းပန်ပါတယ်ဗျာနော် မမယု ... ”

“မင်း တကယ်ဆိုးတယ် မဟာရန် ... ”

မမယုကတော့ ခင်မင်ရင်းစွဲရှိနေတာမို့ သူ့ကိုပဲ အပြစ်တင်နေတော့တာလေ၊ မမယုရာ မမယုအပြစ်တင်ရင်လည်း ကျွန်တော်က ခံရမှာပါပဲ ... ။ သေချာတာက ဒီကောင်မလေးကို တခြားကောင်လေးတစ်ယောက်နဲ့ ကျွန်တော်အပြိုင်လိုက်ရတော့မှာ မို့လို့ပါ ... ။

ဒီကောင်မလေးမှာ ဆန္ဒညီဆိုတဲ့ သူငယ်ချင်းတစ်ယောက်က သိမ်မွေ့သာဆီက အချစ်ကို တောင်းနေတာလေ။

ဒီလိုမှ ပွဲကြမ်းမထားရင် ကျွန်တော့်အသည်းပန်းတွေ ကြွေသွားတော့ ဒီပြဿနာကို မမယုတာဝန်ယူ ဖြေရှင်းပေးမလား။

သေချာတာက မဟာရန်ဘဝမှာ မရလိုက်တာ ဘာမှ မရှိစေရဘူးလို့ မဟာရန်က ခံယူထားတယ်လေ မမယု။

မေမေနဲ့ မမယု ဒီလောက်ခင်နေတာ ငယ်ငယ်လေး





တတည်းက မဟာရန် ဘယ်လောက်ဆိုးတယ်ဆိုတာ မမယု အသိဆုံးပါဗျာ ...

“မင်းကို ... မမယု ပြောမယ်နော် မဟာရန်၊ သိမ်မွေ့သာဆိုတဲ့ ဒီညီမလေးဟာ မမယုရဲ့ MiNi MART လေးမှာ အမြဲအားပေးနေကြ customer တစ်ယောက်ဆိုတာ မင်းသိထား ... ဒီလမ်းရဲ့ ဟိုဘက် အစွန်ဆုံးခြံကျယ်ကြီးမှာ သိမ်မွေ့သာက နေတာ ... သံကွန်ချာ ခုနစ်ထပ်နဲ့ အုပ်ထားသလို ... မိဘတွေရဲ့ တင်းမာတဲ့ စည်းမျဉ်းစည်းကမ်းတွေအောက်မှာ သိမ်မွေ့သာလေးက ရှင်သန်နေရတာ ... အခု တက္ကသိုလ် တတိယနှစ်တက်နေတာတောင် ရည်းစားနဲ့တွဲတာ မမယုမတွေ့ခဲ့သေးဘူး ... ”

သူ့ကို ... မမယုက ရှင်းပြသည်။

“အဲဒီတော့ ... မင်းကို မမယုတစ်ခုပဲ ပြောချင်တာက ရာဝဏဆိုတဲ့ ဒဿဂီရိလို ... အချစ်ကြမ်းကြမ်းမျိုးနဲ့ သိမ်မွေ့သာဆီက အချစ်ကိုရဖို့ မင်းဘယ်တော့မှ မကြိုးစားနဲ့ ... ”

“ဗျာ ... မမယု”

ကြည့်ပါဦး ... တိုက်တိုက်ဆိုင်ဆိုင် မမယုပြောလိုက်တာ ရာဝဏဆိုတဲ့ ... ဒဿဂီရိလို အချစ်ကြမ်းကြမ်းမျိုးကြီးနဲ့ သိမ်မွေ့သာဆီက အချစ်ကိုရဖို့ မကြိုးစားပါနဲ့တဲ့ ... ။

ခုလည်း ... ရွှေပေလွှာလေး ချောင်းရေထဲမှာ မျှောလာသလို သိမ်မွေ့သာရဲ့ ဓာတ်ပုံလေးကိုလည်း ကျွန်တော်ရခဲ့တယ်လေ ... ကျွန်တော် တကိုယ်လုံး အေးစက်ပြီးတော့ နှလုံးသားတွေ



www.burmeseclassic.com

www.burmeseclassic.com



ဖျတ်ဖျတ်ခုန်နေအောင် ခံစားလိုက်ရတာ မမယု သိစေချင်တယ်ဗျာ ... ။

တိုက်တိုက်ဆိုင်ဆိုင်ပါပဲ ... ။

လေးတင်ပွဲကြီးတစ်ခုမှာ ပြိုင်သလိုပြိုင်ရမယ့် ရာမလိုမင်းသားတစ်ယောက်ကလည်း သိမ်မွေ့သာနဲ့ အနီးဆုံးမှာ ရှိနေခဲ့တော့ ... တကယ်လည်း ကျွန်တော်တို့ ဇာတ်လမ်းက ရာမရယ်၊ မယ်သီတာရယ် ... ဒသဂီရိရယ် သုံးပွင့်ဆိုင် အပြိုင်ကြမ်းရမယ့် ဇာတ်လမ်းလေး တစ်ပုဒ်ဖြစ်လာရတော့မှာပေါ့ ... ။

"ဟင်း ... ဟင်း ... မင်း ... မင်း အံ့ဩပြီးတော့ မမယုကို လှည့်မကြည့်နဲ့လေ ... မဟာရန်၊ လွန်ခဲ့တဲ့ သုံးလေးရက်လောက်ကပဲ ... သိမ်မွေ့သာရဲ့ ဆယ့်ကိုးနှစ်ပြည့် မွေးနေ့ညစာစားပွဲကို မမယုကိုယ်တိုင် သွားခဲ့တာ ... အဲဒီမွေးနေ့ပွဲမှာ သိပ်ကိုမှ ချောမောတည်တင်းပြီးတော့ ရည်ရည်မွန်မွန်လေး ပြုံးတတ်ရယ်တတ်တဲ့ကောင်လေးတစ်ယောက်က သိမ်မွေ့သာနောက်ကို တကောက်ကောက်လိုက်ပြီးတော့ အတင်းကပ်နေတာလေ ... ဒါတွေကိုရောမင်း သိထားရဲ့လားဟင် ... မဟာရန် ... "

"ဟာ ... အဲဒါတွေအားလုံး ကျွန်တော်သိပါတယ် ... မမရဲ့"

"သူ့မှာ သူငယ်ချင်းကောင်လေးတွေလည်း အများကြီးနော်"

"ဟွန်း ... ကျွန်တော် ဂရုမစိုက်ပါဘူး ... မမယုရာ ဟင်းဟင်း ... "

သူ ရယ်ရယ်မောမောလေးနဲ့ပဲ ... မမယုကို ပြန်ပြောလိုက်





မိသည်။

ထိုအချိန်မှာ ...

အပေါ်ထပ် အိပ်ခန်းလေးထဲကို ပြန်ရောက်သွားပြီဖြစ်တဲ့ သိမ်မွေ့သာကတော့ တဟင့်ဟင့်လေးနဲ့ ရှိုက်ငိုလို့မဆုံး ... ။

"အဟင့် ... ဟင့် ... ဟင့်"

"အဟင့် ... ဟင့် ... ဟင့်"

"မငိုပါနဲ့ မမရယ် ... အခုဖြစ်တာ မဟာရန်ဆိုတဲ့ အစ်ကိုကြီးက သူလိုချင်တဲ့ လက်ဆောင်ကို မမက မပေးလို့ ... ဒီအနမ်းလေးကိုပဲ အတင်းရအောင် ယူသွားတာပဲနေမှာပါ ... မမ ဖြန်းခနဲနေအောင် ဖြတ်ရိုက်လိုက်တော့ တအံ့တဩလေးနဲ့ သူမမကိုပြန်ကြည့်နေတာ အရောင်တွေ တဖျတ်ဖျတ်လက်နေသလိုပဲ ... "

"အဟင့် ... နင် ဘာပြောပြော ... ငါ သူ့ကိုမုန်းတယ်"

"ဟာ ... မမကလည်း ... "

စုစုကတော့ မဟာရန်မှ ... မဟာ့ရန် ... ။

ဘာဖြစ်လို့ မဟာရန်ဘက်ကနေ ကာကွယ်သလိုမျိုး ပြောနေရတာလဲ ... ။

"နင် ... နင် နားမလည်ဘူးလားဟင် ... စုစု ... လူတွေရှေ့မှာ ငါ့ကို အရှက်တကွဲဖြစ်အောင် သူလုပ်သွားတာလေ ... အဟင့် ... "

"ဩော် ... မမရယ် ... သူက မမကို အရမ်းချစ်နေတာကိုး မမရဲ့ ... "



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... အဲလို ဖွတ်တရွတ်လုပ်တာ ... ချစ်တာလား"

မျက်ရည်လေးသုတ်ရင်း နှုတ်ခမ်းလေးကိုပါ စူထားလိုက်မိသည်။

"စုစုကတော့ ... အဲဒီကိုကြီး မဟာရန်ကို အပြစ်မတင်ပါဘူး။ သူ့ပုံစံက မမကို တကယ်ချစ်နေတဲ့ပုံပဲ ... မမကရော အဲဒီ မဟာရန် ဆိုတဲ့ ကိုကြီးကို မချစ်ဘူးလားဟင် ..."

"မချစ်ဘူး ... မချစ်ဘူး ... လုံးဝ မချစ်ဘူး အဟင့် ဟင့်"

သာ ခေါင်းကလေးခါရင်း ... အပြတ်ငြင်းပစ်လိုက်သည်။

တကယ်ပါပဲ ... ။

သူ့ကို မြင်လိုက်တာနှင့် သာ့မှာတော့ ကြောက်လိုက်ရတာ ပြေးစရာလမ်းမရှိလို့သာ ... ကောင်တာရှေ့ကနေ ခေါင်းကလေးငုံ့ကာ သွက်သွက်လေးထွက်ဖို့ ကြိုးစားလိုက်ရပေမယ့် ... သူက သာ့လက်ကလေးကို ဖျတ်ခနဲလှမ်းဆွဲလိုက်တဲ့ အချိန်မှာတော့ သာ အကြောက်ကြီး ကြောက်ပြီး ... သူ့မျက်ဝန်းလဲ့လဲ့ကြီးတွေကို အထိတ်တလန့်လေးနဲ့ ကြည့်လိုက်မိတာလေ ...

သူ ... လက်ဖမိုးလေးကို ဖျတ်ခနဲနမ်းလိုက်တော့မှ

သာ တစ်ကိုယ်လုံး ထူပူသွားပြီး ... သူ့ပါးကို ဖြန်းခနဲ ရိုက်ချလိုက်ပစ်လိုက်မိတာပါ ... ဒါကြောင့်မို့ သူ့ကို သာမုန်းတယ်လေ ဘာဖြစ်လဲ ..."

"အဟင့် ... နောက်တစ်ခါ အဲဒါမျိုး လာလုပ်ရဲလုပ်ကြည့် ဒီထက်ဆယ်ဆ ထပ်ပြီးတော့ကို သူ့ကိုမုန်းပစ်လိုက်ဦးမယ် ...





စုစုနော် နင် ငါ့ကိုကြည့်ပြီး ဟာသလုပ်မနေနဲ့ ... အဟင့် ... ဟင့် ဟင့်"

သာဆိုတာ အဲလို အဖြစ်သည်းသည်းလေးနဲ့ အမြဲနေလာခဲ့တဲ့ သာပါ ... ။

သာပေးနိုင်တဲ့ လက်ဆောင်လေးကိုမှ သူက မယူချင်ခဲ့တဲ့ ဥစ္စာကို ... ။ ဒါကို အကြောင်းပြပြီး သာ့ဆီက အချစ်ကို အဓမ္မ သိမ်းပိုက်ချင်လို့ ရမလား ... ။

ရှင် ... ရှင် အရမ်းဆိုးတယ် မဟာရန် ... ။

ထပ်ပြောချင်တာက ...

ရှင့်ကို ကျွန်မ အရမ်းမုန်းတယ်ရှင့် ... ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၆ )

"ဟား ... ဟား ဒါဆိုရင် မင်းအဖြစ်က အရမ်းဆိုးနေတာပေါ့ မဟာရန် ... ပြစမ်းပါဦး ပူထူပြီး မီးပွင့်သွားအောင် အတီးခံလိုက်ရတဲ့ပါးက ဘယ်ဖက်ပါးလဲ ... "

သူငယ်ချင်း အောင်ဝဏ္ဏက တဟားဟား အော်ရယ်ရင်းသူ့ကို ကောင်းချီးပေးနေတာလေ ... သူရှက်နေပေမယ့် ... ဘာတတ်နိုင်တော့မှာလဲ ... အောင်ဝဏ္ဏရှေ့မှာပဲ အရိုက်ခံလိုက်ရတဲ့ပါးကလေးကို ဖွဖွလေး သူပွတ်ကာ ...

"သိမ်မွေ့သာကို တွေ့လိုက်ရတဲ့အချိန်မှာ ... ငါ့စိတ်တွေကလည်း ဘယ်လိုဖြစ်သွားမှန်း မသိလိုက်ဘူး အောင်ဝဏ္ဏရာ ... ဖူးဖူးလေးနဲ့ တင်းကြွအိစက်ပြီးတော့ သိမ်မွေ့သာက တအားလှနေတာ ... "

ခုထိလည်း သိမ်မွေ့သာရဲ့ ထိတ်လန့်တုန်လှုပ်သွားတဲ့မျက်ဝန်းလေးကို သူအမြဲပြန်မြင်နေခဲ့ရတာပင်။ သိမ်မွေ့သာရယ်မင်းအချစ်ကို ကိုယ်တကယ်မရနိုင်တော့ဘူးလားကွာ ... ။





ကိုယ်ကတော့ ဖွဲမလျှော့နိုင်ဘူးနော် ... သိမ်မွေ့သာ။

"ဟား ... ဟား ... ဖြစ်ရမယ်လေ ... မဟာရန်၊ မင်းနဲ့အတော့ ဒီအတိုင်းပဲ ဖြစ်ကိုဖြစ်ရမယ် ... ဘုရားပေါ်မှာ သိမ်မွေ့သာကို တွေ့လိုက်ရတဲ့ညကတည်းက ... သက်ပြင်းလေးတွေတချချနဲ့ ... အချစ်ကို ဘယ်တော့မှ မကိုးကွယ်ခဲ့တဲ့ကောင်ကမှုသွပ်ခြင်းများစွာနဲ့ သိမ်မွေ့သာ ပါသွားတဲ့ကားနောက်ကို တရကြမ်း လိုက်ခဲ့တာလေ ... ဟိုက ရည်းစားနဲ့လား ... ဘာလားတောင်စဉ်းစားမနေတော့ဘဲ ... ဂျေတွေဝင်ပြီး လမ်းမှာပြဿနာဖြစ်ကြတာ ... အဲဒီအချိန်မှာ ကားပေါ်က မဆင်းဘဲ ... ကောင်မလေး မင်းကိုလှမ်းကြည့်နေတဲ့အကြည့်က ... အရမ်းကြောက်နေတဲ့အကြည့် ... ဟော ... တိုက်တိုက်ဆိုင်ဆိုင် ဒေးစွန်ပါမှာ ရောက်နေတုန်း မိုးပျံပူပေါင်းလေးတွေ အားကုန်ပြီးကျလာတော့ ... ခတ်ပုံလေးက မင်းလက်ထဲကိုရောက် ... ဟိုက အတွေ့မခံ ... မမယုဆိုင်မှာ တွေ့တော့လည်း ပွဲကကြမ်း ... "

"မင်း ... မင်း ကြိုက်သလိုပြောတော့ အောင်ဝဏ္ဏရာ"

သူ အောင်ဝဏ္ဏကို စိတ်ပျက်လက်ပျက်လေး ကြည့်ကာပြောလိုက်ရင်း ... သူ့မျက်ဝန်းလေးတွေက ဒဂုံတက္ကသိုလ် စားသောက်ဆိုင်တွေရှေ့က လမ်းပေါ်ကို အမှတ်တမဲ့လေးရောက်သွားသည်။

"ဟာ ... အောင်ဝဏ္ဏ ... ဟိုမှာ ... ဟိုမှာ ... သိမ် ... သိမ်မွေ့သာ ဒီဘက်ကို လျှောက်လာနေပြီကွ ... "

"ဟင် ... ဘယ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



သိမ်မွေ့သာ လျှောက်လာနေပြီဆိုလို့ အောင်ဝဏ္ဏပါ ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။ တကယ်ဆို ဒီနေရာလေးမှာ သိမ်မွေ့သာကို တွေ့ခွင့်ရလိုရငြား သူလာစောင့်နေတာ ... သူ့ရဲ့ မျှော်လင့်ချက်လေးတွေ ရှင်သန်လာစေဖို့ပဲဖြစ်သည်။

ပြောရရင် ...

ဒါဟာ ... သူ့နှလုံးသားတွေရဲ့ လိုအပ်ချက်အရလည်းဖြစ်၏။

ဆန္ဒညီနောက်ကိုတော့ သူအပါမခံနိုင်ပါဘူး ... ။

ပြောင်ရင်ဆိုင်ရတော့မှာပဲ ... ။

သိမ်မွေ့သာကို တွေ့လိုက်ရပြီဆိုတော့ ... ရွှေရောင်စက္ကူပြားလေးနှင့် ... ခေတ်မီ သပ်ရပ်စွာ ပတ်စည်းထားတဲ့ ပန်းစည်းအဝါရောင်လေးကို သူ့လက်တွေက အလိုလို လှမ်းယူမိပြီးသား ဖြစ်သွားသည်။

"ဟိုမှာလေ ... မြန်မာဆန်ဆန် အနက်ရောင် ဝမ်းဆက်လက်ရှည်လေးကို ဝတ်ထားတာ ... သိမ်မွေ့သာပေါ့ ... ဟွန်း"

ပြောရင်း သူ့နှုတ်ခမ်းလေးတွေ အလိုလိုမဲ့သွားကာ သိမ်မွေ့သာနံဘေးမှာ အတူယှဉ်ကာ ပါလာခဲ့သည့် ဆန္ဒညီကြောင့်ရယ်ပါပဲ။

ဘာပဲပြောပြော ...

ဒီအချက်ကိုတော့ သူလက်မခံနိုင်ပါဘူး ... ။

သိမ်မွေ့သာ ... ။

မင်းနဲ့ ဆုံဆည်းခွင့်ရဖို့အတွက် ... ဘယ်လို အခက်အခဲတွေပဲရှိရှိ ကိုယ်ကျော်ဖြတ်နိုင်တယ်သိလား ... ကိုယ့်နှလုံးသားထဲမှာ





မင်းနဲ့ စတင်ဆုံဆည်းခဲ့ရတဲ့ နေ့ကတည်းက ... လေးနက်လှတဲ့ ခံစားချက်လေးတွေ ဖြစ်ထွန်းပေါက်ဖွားလာခဲ့နေတယ်ဆိုရင် မင်းယုံမလားဟင် ... ဒီအတွက်တော့ ကိုယ် ဘယ်သူ့ကိုမှ အရှုံးမပေးနိုင်ဘူး ... ။

မင်းကြောင့် ... ကိုယ့်အိပ်မက်တွေ ရှင်သန်လာခဲ့တယ်။

မင်းကြောင့် ... ကိုယ့်အနာဂတ်လေးကို ပုံဖော်ထုဆစ်ဖို့ မျှော်လင့်ချက် အလင်းမျှင်တန်းတွေ လင်းလက်တောက်ပလာခဲ့တယ်။ ဒါကိုတော့ ... ကိုယ်သိပ်ကိုမှ ကျေနပ်ပျော်ရွှင်ရပါတယ် သိမ်မွေ့သာ ... ။

သူ နောက်တစ်ကြိမ် ... လှမ်းကြည့်လိုက်တော့ ... သိမ်မွေ့သာ အပါအဝင် သူမရဲ့သူငယ်ချင်းတွေအားလုံး စားသောက်ဆိုင်လေး တစ်ခုထဲကို ဝင်သွားခဲ့ရပါပြီ။

သူ ... ကားပေါ်က ဆင်းရတော့မှာပေါ့။

"သိမ်မွေ့သာ တကယ်မိုက်တယ်ကွာ ... "

အောင်ဝဏ္ဏက မှတ်ချက်ပေးသည်။

"မြန်မာဆန်ဆန် အနက်ရောင်ဝမ်းဆက်လေးနဲ့ တကယ်လိုက်သရေရှိတယ် ... သိလား မဟာရန် ... "

သိမ်မွေ့သာကိုကြည့်ပြီး အောင်ဝဏ္ဏအမွှန်းတင်လို့မဆုံး။

"မင်း ... အခု ဘာလုပ်မှာလဲ"

"ဟွန်း ... ဘာလုပ်ရမှာလဲ ... သိမ်မွေ့သာနောက်ကို လိုက်မှာပေါ့ ... "

"ဒီ ... ဒီပန်းစည်းက ... "



www.burmeseclassic.com

www.burmeseclassic.com



"သိမ်မွေ့သာကိုပေးပြီးတော့ ဆန္ဒညီကို စိန်ခေါ်မလို့"

"ငါ ... ငါပါလိုက်ခဲ့ရမလား"

မဟာရန် တစ်ယောက်တည်းသွားမှာကိုလည်း အောင်ဝဏ္ဏ စိတ်မချ ... ကျောင်းထဲမှာ ပြဿနာတစ်ခုခုဖြစ်ရင် မကောင်းဘူးလေ ... ဒါကြောင့်ပါ ... ပြီးတော့လည်း မဟာရန်ဆိုတာ သူလိုချင်တာရှိရင် မရရအောင် ယူတတ်သူလေ ... ။

"မလိုဘူး ... အောင်ဝဏ္ဏ၊ မင်းကားပေါ်မှာပဲ ထိုင်စောင့်နေ"

သူပန်းစည်းလေးကိုင်ကာ၊ ကားပေါ်ကနေ သွက်လက်စွာ ဆင်းလိုက်သည်။ မလိုပါဘူး ... ချစ်သူနောက်ကိုလိုက်တာ အဖော်အပေါင်းတွေနဲ့ ဝိုင်းနေစရာလိုသလား ... အရေးကြီးတာ ဒီပန်းစည်းလေး သူမလက်ထဲရောက်သွားဖို့ပါ ... ။

"ဟွန်း ... "

နှုတ်ခမ်းလေးကိုမဲ့ပြီး ... သူ့ ခြေလှမ်းတွေကို စားသောက်ဆိုင်တွေဘက် ဦးတည်လိုက်သည်။

သာကလည်း တီရှပ်အပြာရောင် နုနုလေးနဲ့ ပန်းစည်းလေးကို ကိုင်ပြီး ...

သူမတို့နောက်ကို မဟာရန်လိုက်လာတာကို မြင်လိုက်ရတော့ တည်းက ရင်ထဲမှာ ထိတ်ခနဲခုန်သွားကာ မျက်တောင်လေးတွေ ကော့တက်သွားသည်။

"ဘုရားရေ ... မဟာ ... မဟာရန်လိုက်လာပြီ ... ကြည့်စမ်း"





မဟာရန်ဆိုလို့ ချက်ခြင်းပဲ ဒေါသထွက်သွားတာ ဆန္ဒညီပင် ... ။

"ဒီ ... ဒီကောင် တို့ကျောင်းထဲကို ဘာလာလုပ်တာလဲ"

"ဟာ ... ဘာလာလုပ်ရမှာလဲ ဆန္ဒညီရဲ့ ... သာ့ဆီက မွေးနေ့အမှတ်တရ လက်ဆောင်လေး တောင်းခွင့်ရှိနေတဲ့ ခတ်ပုံလေးက သူ့လက်ထဲမှာ ရောက်နေတာလေ ... ဒီအခွင့်အရေးကို ဖြတ်ဖြတ်သားသား တောင်းဖို့လိုက်လာတာပဲနေမှာပေါ့ ... "

မင်းခန့်က မဟာရန်ဝင်လာတာကိုကြည့်ရင်း သူ့ထင်မြင်ယူဆချက်ကို ထုတ်ပြောသည်။ ရမလား ... မဟာရန် ... သိမ်မွေ့သာက မင်းကိုမြင်လိုက်တာနဲ့ သူ့မျက်ဝန်းလက်လက်လေးတွေထဲမှာ နာကျင်မှုတွေက စွန်းထင်းနေခဲ့ပြီးသားလေ ... မင်းမတရားလုပ်လို့ မရဘူးဆိုတာတော့ ... ရှင်းရှင်းလင်းလင်းပဲ အသိပေးချင်တယ် ... မင်းခြေတစ်လှမ်းကျူးတာနဲ့ ကျူးတဲ့ခြေတစ်လှမ်းကို ငါက ရိုက်ချိုးပြီးသားပဲ ... သိမ်မွေ့သာဆိုတာ ငါ့ရဲ့ဘဝလေးကို ဦးဆောင်လမ်းပြပေးနေတဲ့ မီးအိမ်လေးတစ်လုံး ဖြစ်နေတာ မင်းဘယ်တော့မှ မေ့မပစ်လိုက်နဲ့ မဟာရန် ... ။

ဆန္ဒညီ အသေအချာ လှမ်းကြည့်လိုက်တော့ ... ။

မဟာရန်က သူတို့ဝိုင်းဆီမလာဘဲ ဟိုဘက်ထောင့်စွန်း အပင်ရိပ်လေးအောက်က စားပွဲဆီလျှောက်သွားတာ တွေ့လိုက်ရသည်။

ဘယ်လိုဖြစ်တာလဲ ... ။



www.burmeseclassic.com

www.burmeseclassic.com



ဒီတောင် မလာရဲတာလား ...

"မင်း ... မင်းတွေ့တယ်နော် ... ဆန္ဒညီ၊ ဒီကောင် လွတ်နေတဲ့ ဝိုင်းမှာ တစ်ယောက်တည်း သွားထိုင်နေတာကွ၊ တို့ဝိုင်းကိုလာဖို့ ရှိန်နေလို့ပဲဖြစ်ရမယ် ... ဖွန်း ... လက်ထဲမှာလည်း ပန်းစည်းလေးနဲ့ ..."

"သာနော် ... သူ့ကို ဒီပန်းစည်းလာပေးရင် သာလုံးဝ မယူရဘူး ..."

ဆန္ဒညီက မျက်နှာထား တင်းတင်းလေးနှင့်ပြောရင်း သူ့ကို ဝိတ်ပင်သည်။

"ဟာ ... ဆန္ဒညီရယ် ... ဘယ်သူ့ကိုပေးဖို့ ယူလာတာမှန်း မသိတဲ့ ပန်းစည်းကိုများ အရေးအရာလုပ်ပြီး ပြောနေပြန်ပြီ ... ပြဿနာပဲ"

သူဇာဝင်းက မျက်စောင်းလေးခဲရင်း လှမ်းပြော၏။

"ဟော ..."

"ဟင် ... သီရိစံ ... နင်ကော ဘာတွေ့လို့လဲ"

"မဟာရန် တစ်ယောက်ယောက်ဆီကို Phone လှမ်းဆက်နေပြီ ..."

"ငါ ... ငါတို့ဝိုင်းကို မဟာရန်က တစ်ချက်လေးတောင် လှည့်မကြည့်သေးဘူးကွ ..."

ကောင်းမြတ်ထွန်းက မဟာရန်စားပွဲနှင့် မျက်နှာချင်းဆိုင် တည့်တည့်နေရာမှာ ထိုင်နေတာဆိုတော့ မဟာရန်လှုပ်ရှားမှုတွေ အားလုံးကို မြင်နေရ၏။

"တီ ... တီ"

"ဟင် ..."

ရုတ်တရက် သာ့ Hand Phone လေးက အသံမြည်လာပြီ။ နံပါတ်လေးကိုကြည့်လိုက်တော့ ...

အို ... ကြည့်စမ်း ... ဟိုဘက်ဝိုင်းကနေ မဟာရန်ဆက်နေတာလေ ...

"ဘယ်သူ ဆက်တာလဲ သာ ..."

"မဟာ ... မဟာရန်"

"တောက် ... ဒီကောင်ပြဿနာရှာပြီ ..."

ဆန္ဒညီ တောက်ခေါက်လိုက်တာနှင့်တဆက်တည်း မျက်နှာလေးပါ ရဲသွားသည်။ ဘာပဲပြောပြော သာကလည်း မဟာရန် Phone ကို မကိုင်ချင်ပါ။ ညက တစ်ညလုံးဆက်နေတာလည်း သာက လုံးဝမကိုင်ပဲ Phone ကို အိပ်ရာပေါ်မှာ ဒီအတိုင်းပစ်ချထားခဲ့၏။

ဟော ... Phone မကိုင်တော့ Message တွေပို့တာ တစ်စောင်ပြီး တစ်စောင်။ ခုထိလည်း ဒီမက်ဆေ့စ်တွေကို သာ ဖွင့်မကြည့်ပါ။ သေချာတာက ဒီလောက်ကျောင်းထဲအထိပါ လိုက်လာပြီးမှ Phone မကိုင်လျှင် ဂျစ်တစ်တစ်လေးနဲ့ သာ့ကို ပြဿနာလာရှာတော့မည်။

ဒုက္ခပါပဲ ...






www.burmeseclassic.com

www.burmeseclassic.com



သာ ဘာလုပ်ရမလဲဟင် ...

"တီ ... တီ"

"သာ မကြောက်နဲ့လေ ... ပြဿနာတစ်ခုကို ရဲရဲတင်းတင်း ရင်ဆိုင် ဖြေရှင်းလိုက်တာ အကောင်းဆုံးပဲ ... သာ ဖုန်းမကိုင်ရင် မဟာရန်က တို့ဝိုင်းကိုရောက်လာတော့မှာ သေချာတယ် ... ကိုင် လိုက် ... ကိုင်လိုက် ... "

သူဇာဝင်းက ဝင်အားပေးသည်။

"တီ ... တီ"

"ကဲဟယ် ... ကဲဟယ်"

သာ ဆွဲဆွဲဆောင့်ဆောင့်လေးနဲ့ပဲ Phone ခလုတ်လေးကို ဖွင့်ကာ ကိုင်လိုက်ရသည်။ မကိုင်လို့မှ မရတော့တာလေ ... မဟာ ရန်ရယ် ... ငြိမ်သက်အေးချမ်းနေတဲ့ ကျွန်မဘဝလေးကို ... ရှင် ဘာကြောင့်များ လှိုင်းဂယက်တွေထလာအောင် ဖန်ဆင်းချင်နေရ တာလဲဟင် ... ။

ရှင် ... တော်တော် ဒုက္ခပေးတာပဲ ... ။

"ကဲ ... ပြောလေ မဟာရန် ... ရှင် ဘာဖြစ်နေတာလဲ"

Phone ဖွင့်လိုက်ပြီးတာနှင့် အသံမာမာလေးနှင့် မဟာရန် ကို သူမ ပြောလိုက်သည်။ နောက်တော့ သူမကြားလိုက်တာ မဟာရန်ဆီက ခနိုးခနဲ့ရယ်လိုက်သံလေး တစ်ခုပဲဖြစ်နေ၏။

"အဟင်း ... ကိုယ် မင်းကိုတွေ့မလားလို့ ကျောင်းထဲမှာ လာရှာလာလေ"





"ဒီ ... ဒီမှာ မဟာရန် ... "

"ပြောပါ ... ကိုယ် နားထောင်နေပါတယ် ... "

"ရှင် ... တော်တော်ဒုက္ခပေးတယ် သိလား ... "

သာ့အသံလေးထဲမှာ ငိုသံလေးတောင် နည်းနည်းလေးဝဲ သွားရှာ၏။

"ဟာ ... ဒုက္ခတွေကို ကိုယ်ပေးခဲ့တာ မဟုတ်ဘူးလေ သိမ် မွေ့သာ ...

မင်းမျက်ဝန်းလေးတွေက ဒီဒုက္ခတွေဖြစ်လာအောင် ဖန် ဆင်းပေးလိုက်လို့ ... ကိုယ် ဒီမှာသေလုမျောပါးဖြစ်နေတာ ... "

"အဲဒါ ... ကျွန်မ စိတ်မဝင်စားဘူး မဟာရန် ... "

"မင်း စိတ်မဝင်စားတာ ကိုယ်သိတယ် ... ညက တစ်ညလုံး လည်း ကိုယ် Phone ဆက်တယ် ... မကိုင်ဘူး၊ မက်ဆေ့စ်တွေ အများကြီးပို့တာလည်း ပြန်မလာဘူး ... ညနေက ဖြစ်သွားတဲ့ အဖြစ်လေးကို ကိုယ်တောင်းပန်ချင်လို့ပါ ... "

"ရှင် ... ရှင် ... တော်တော်ရိုင်းတယ်"

"ကိုယ်က ... မဟာရန်လေ"

"မတောင်းပန်နဲ့ ... တောင်းပန်လည်း ကျွန်မ ရှင့်ကို ခွင့် မလွှတ်ဘူး ... "

"ကိုယ် တကူးတကယူလာတဲ့ ပန်းစည်းလေးကို မင်း လက်ခံပေးပါလို့ ကိုယ်တောင်းဆိုတယ် ... သိမ်မွေ့သာ၊ ကိုယ် ဘယ်သူနဲ့မှ ပြဿနာ မဖြစ်ချင်ဘူး ... ဆန္ဒညီဆိုတဲ့ကောင်နဲ့လည်း



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ထိပ်တိုက် မတွေ့ချင်ဘူး ...”

သူက ဟိုဘက်ကနေ စကားကိုခပ်ပြတ်ပြတ်လေး ပြောနေတာပဲ ... ဆန္ဒညီနဲ့လည်း ထိပ်တိုက်မတွေ့ချင်ဘူးတဲ့။ ဒီမှာ ရှင် ကျောင်းထဲကို လိုက်လာတာ မြင်လိုက်ရကတည်းက ဆန္ဒညီက ဒေါပွနေတာလေ ...။

အဲဒါ ... ရှင် မသိဘူးလား ...

“ဟာ ... ထိပ်တိုက်မတွေ့ချင်ရင် ရှင်ပြန်လေ ... လက်ခံမယူနိုင်တာ သိရဲ့သားနဲ့၊ ဒီပန်းစည်းကိုယူလာတာ ရှင့်ရဲ့အမှားပဲ ကဲ ... ဒါပဲ ... ကျွန်မ Phone ကို ပိတ်ပစ်လိုက်တော့မယ်”

“ဟာ ... နေဦး သိမ်မွေ့သာ မင်း Phone ကိုပိတ်ပစ်လိုက်တာနဲ့ မင်းတို့ဝိုင်းကို ကိုယ်ချက်ချင်းရောက်လာတော့မှာ ... အဲဒါတော့ မင်း လုံးဝယုံထားလိုက် သိလား ... သိမ်မွေ့သာ၊ မဟာရန် ဘဝမှာ မဟာရန် ဒူးထောက်အလေးပြုလိုက်ရတဲ့သူ တစ်ယောက်မှ မရှိသေးလို့ မင်းကိုပြောနေတာ ...”

“ရှင် ... ရှင် ကျွန်မတို့ဝိုင်းကို မလာနဲ့နော် ...”

သာ ကြောက်ပြီးငြင်းလိုက်သလို ... မျက်ဝန်းလေးတွေက ပါ ချက်ချင်းပဲ ညှိုးဖျော့ကျသွား၏။

မဖြစ်နိုင်လို့ မလာစေချင်တာလေ ...။

ဒီဘက်ဝိုင်းကို ရှင်ရောက်လာတာနဲ့ ဆန္ဒညီနဲ့ ပြဿနာဖြစ်ရတော့မှာ ...။

ဟင့်အင်း ... ဒါတော့ Sorry ပဲ မဟာရန် ...။





ရှင် စိတ်ကူးယဉ်မနေနဲ့။

“အဟင်း ... မလာစေချင်ရင် ကိုယ့်ရဲ့တောင်းဆိုမှုတစ်ခုလေးကိုတော့ သိမ်သိမ်မွေ့မွေ့လေးနဲ့ မင်းဘက်ကလိုက်လျောပေးရမှာလေ ...”

“ရှင် ... ရှင် ... ကျွန်မကို သွေးပျက်အောင် ဘာတွေတောင်းဆိုဦးမလို့လဲဟင် ... မဟာရန် ... ကျွန်မဘက်က ... မွေးနေ့လေးမှာ အမှတ်တရဖြစ်ပြီး ပျော်ရွှင်စေချင်လို့ မိုးပျံပူပေါင်းလေးတွေမှာ ဓာတ်ပုံလေး ချည်လွှတ်ပေးလိုက်တာကို အခွင့်အရေးတစ်ခုလိုသဘောထားပြီး ... ရှင့်ဘက်က တောင်းဆိုနေတာတွေ အားလုံး ကျွန်မ ရှုံ့ချတယ်”

“ဒီမှာ ... သိမ်မွေ့သာ ...”

“ရှင် ... ဘာပြောမှာလဲ ... ပြောလေ”

“ကိုယ် ... မင်းဆီက အမှတ်တရ ပစ္စည်းတစ်ခုခုကို ယူဖို့ပဲ ဆုံးဖြတ်လိုက်ပြီ ...”

“ရှင် ...”

“ဒါပေမဲ့ ... ကိုယ်ပေးတဲ့ အမှတ်တရ ပန်းစည်းလေးတော့ မင်းလက်ခံပေးရမယ် ... ဒါကလည်း ကိုယ့်စားပွဲဝိုင်းကို မင်းတစ်ယောက်တည်း လာမှဖြစ်မှာ ... ဒီအပေးအယူတွေအားလုံးကို မင်းနဲ့နှစ်ယောက်တည်း မျက်နှာချင်းဆိုင်ပြီး ကိုယ်ဖြေရှင်းသွားချင်တယ် ...”

“ရှင် ... ရှင် အမှတ်တရလိုချင်တာ ဘာပစ္စည်းလဲ”



www.burmeseclassic.com

www.burmeseclassic.com



"မင်း ... ပိုင်တဲ့ မင်းကိုယ်ပေါ်က ပစ္စည်းတစ်ခုခု"

ဒါဆိုရင်တော့ ...

သူတောင်းဆိုတာ မလွန်တော့ဘူးလေ ... ။

ဒီလို နှစ်ဘက်မျှတတဲ့ တောင်းဆိုမှုက အစကတည်းက ဖြစ်သင့်ခဲ့တာပါ ...

"ဟွန်း ... အဲဒါဆိုရင်တော့ ကျွန်မ သဘောတူတယ်လေ မဟာရန် ..."

ဘာလဲ ... ဘာလဲကွာ ...

ဆန္ဒညီ ... စိတ်ပျက်လက်ပျက်လေးနဲ့ ခေါင်းကလေးကို ခါနေမိရပြီ။ Phone ပြောရင်း ဘာတွေ သဘောတူကုန်ကြတာလည်းဆိုတာ သူစဉ်းစားကြည့်တော့လည်း စဉ်းစားကြည့်လို့မရ။

စိတ်ထဲမှာတော့ စိုးရိမ်ကြောင့်ကြမှုလေးတွေက ဗလောင်ဆူကာ မြည်ဟည်းနေ၏။ သာ့ကို ကြည့်လိုက်တော့ သာက Phone ကို ပြန်ပိတ်နေပြီ။

"ဘာလဲဟင် သာ ... သာနဲ့ ဟိုကောင် Phone ထဲမှာ ဘာတွေ သဘောတူနေတာလဲ ..."

အငမ်းမရ မေးမိတာ ဆန္ဒညီပါ ... ။

ဒီအဖြေကို အားလုံးကလည်း စိတ်ဝင်စားနေကြ၏။

သာ့မျက်နှာကလေးကိုပဲ အားလုံးငေးကြည့်နေကြသည်။

"သာ့ကိုယ်ပေါ်မှာပိုင်တဲ့ အမှတ်တရ ပစ္စည်းလေးတစ်ခုကိုပဲ သူက လက်ခံယူတော့မယ်ဆိုလို့ သာက သဘောတူလိုက်တာလေ ... ဆန္ဒညီ၊ သူကလည်း သူပေးချင်တဲ့ အမှတ်တရ





ဝန်းစည်းလေးကို လက်ခံပေးပါဆိုလို့ ..."

"ဘာ ... ဘာပြောတယ် ..."

ဒီသဘောတူညီချက်ကိုတော့ ဆန္ဒညီ ဆတ်ဆတ်ခါ နာသွားရပြီ။

"ဒါ ... ဒါ ... ဒီကောင် သက်သက်မဲ့ကိုယ့်ကို တစ်ကွက်ကြောပြလိုက်တာ ... ကိုယ်လုံးဝ လက်မခံနိုင်ဘူး သာ ... ဒီ သဘောတူညီမှုကို ကိုယ်က အပြင်းအထန် ကန့်ကွက်တယ် ... သာ မယူရဘူး ... ဒီကောင်ပေးတဲ့ ဘာအမှတ်တရ ပစ္စည်းကိုမှ သာ လက်ခံခွင့် မရှိဘူး ..."

ဆန္ဒညီ ဘယ်လိုပဲငြင်းငြင်း သာက ဒီတောင်းဆိုမှုတွေကို သဘောတူပါတယ်လို့ လက်ခံခဲ့ပြီးပြီလေ ... ဒါဟာလည်း ဓာတ်ပုံလေးရထားတာကို အကြောင်းပြပြီး သာ့ကိုချောင်ပိတ်စေမယ့် တောင်းဆိုမှုတွေ ရှေ့ဆက်မလာအောင် ဟန့်တားလိုက်တဲ့ သဘောပါ ... ။

ဒါကိုတော့ ...

ရှင်နားလည်ပေးပါ ဆန္ဒညီ ...

ဘာပဲပြောပြော ... သာ့ ဓာတ်ပုံလေးမှာ ရေးပေးထားတဲ့ ကတိလေးတစ်ခုကိုတော့ သာတည်ချင်တယ် ...

ဒါကြောင့်ပါ ...

"ဝမ်းနည်းပါတယ် ... ဆန္ဒညီ၊ ဒီသဘောတူညီမှုကို ရှင်မတားပါနဲ့ ... ဒါဟာ မဟာရန်ရဲ့ တောင်းဆိုမှုတွေကို ဒူးထောက်



www.burmeseclassic.com

www.burmeseclassic.com



အညှံ့ခံလိုက်တာ ... မဟုတ်ဘူးဆိုတာတော့ ... ရှင့်ကိုသိစေချင်တယ် ... အရှင်းဆုံး ဝန်ခံရမယ်ဆိုရင် မဟာရန်လို လူဆိုးတစ်ယောက်ကို သာမုန်းတယ်။ ဒီအမုန်းတွေနဲ့ မျက်ဝန်းထဲမှာ မီးတောက်အောင်ကြည့်ပြီး မဟာရန်ကို သာရင်ဆိုင်မယ် ... ရှင် စိတ်မပူပါနဲ့ ...”

“ဘာလဲဟင် ... သာ၊ သာပြောတဲ့အတိုင်းဆိုရင် ဒီ မဟာရန်ဆိုတဲ့ကောင်က ကိုယ်တို့ဝိုင်းကိုလာမှာလား ... သူလာရင် ကိုယ်ထွက်သွားမယ်လေ ... သာ၊ ဒါ သာ့ကို ကိုယ်အရှင်းဆုံးပြောတာ”

“ရှင် ... ရှင် ထွက်သွားစရာ မလိုဘူးလေ ဆန္ဒညီရဲ့”

“ဟင် ... ဒါဆိုရင် ဘာလုပ်ကြမှာလဲ”

“သူထိုင်နေတဲ့ ဝိုင်းကို သာတစ်ယောက်တည်းသွားရမှာ”

“ဘာ ... ဘာပြောတယ်”

မျက်နှာကို ဖျင်းခနဲဟပ်လိုက်တဲ့ မီးတောက်တစ်စုရဲ့ အပူရှိန်ကို သူခံစားလိုက်ရမှန်း သိလိုက်ရတာ နောက်ကျသွားခဲ့ပြီ ... ။

မဟာရန်ရယ် ...

မင်း ရိုက်ချက် တကယ်ပြင်းတယ်သိလားကွာ ...

မင်းဟာ ... ငါ အမုန်းဆုံး မဟာရန်ပဲလေ ...

မင်း လုပ်ထားလိုက်ဦးပေါ့ ... ။

...န်း ( ၇ )

“မင်း ... မင်း တကယ်လာတယ်နော်”

“မလာနိုင်စရာ ဘယ်လိုအကြောင်းပြချက်မျိုးမှ မရှိလို့၊ ရှင့်...ကို သတ္တိရှိရှိနဲ့ ကျွန်မထွက်လာခဲ့တာလေ ... မဟာရန်၊ သိမ်မွေ့...ဆိုတာ ကတိတည်တယ်၊ အဲဒါတော့ ရှင်ယုံထားလိုက်ပါ ...”

သာလွယ်လာတဲ့ ကျောပိုးအိတ်လေးကို စားပွဲပေါ်လှမ်း...င်လိုက်ရင်း သူနဲ့မျက်နှာချင်းဆိုင်ဖြစ်မယ့် ထိုင်ခုံလေးကို တမင်...တာ သာကဝင်ထိုင်ပါသည်။

ဒါပေမဲ့ ...

သူငယ်ချင်းတွေကိုတော့ ကျောပေးလိုက်ရတဲ့အနေအထ...နဲ့ပေါ့ ...

သေချာတာက သူ့အနားကိုရေ...

...မြန်လာခဲ့ရတာပင် ... ထုံးစံအတိုင်း

...တွေအောက်မှာ သာ မလုံမလဲရေ

“ကိုယ့်စားပွဲလေးကို မင်းရေ

ဗိုးလပြည့်ဧ

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဘဝမှာ အမှတ်တရ အပျော်ရွှင်ရဆုံး နေ့လေးတစ်နေ့ ဖြစ်သွား ရပြီ သိမ်မွေ့သာ … ကိုယ်ပျော်ပါတယ် … အနှိုင်းအဆမဲ့တဲ့ ပျော်ရွှင် ခြင်းတွေ ယူလာပေးတဲ့ မင်းကိုလည်း ကိုယ်သိပ်ကျေးဇူးတင်တယ်"

"ရှင် … အပိုစကားတွေ လျှောက်ပြောမနေနဲ့"

သာ ခပ်တည်တည်လေးနဲ့ သူ့ကို ဟောက်ပေးလိုက်သည်။

ရှင်က ပျော်နေပေမယ့် … ကျွန်မက ဒိုချင်နေတာ …

ရှင်နဲ့ စကားတွေ အများကြီးလည်းမပြောချင်ပါဘူး။

"သိမ်မွေ့သာ … "

"ဟင် … "

အကြည့်ချင်းဆုံမသွားအောင် ရှောင်ချင်ပေမယ့် ရှောင်လို့ လည်းမရ … ။ သူမကို သူစိုက်ကြည့်နေတာ ရွှန်းလက်ကျော့ရှ နေတဲ့ မျက်ဝန်းလေးတွေနဲ့ မျက်တောင်မခပ်ပဲနဲ့ကို စိုက်ကြည့်နေ တာလေ … ။

"ရှင် … ရှင်ပြောလေ … မဟာရန်"

သူမ အကြည့်တွေကို လွှဲဖယ်ပစ်လိုက်သလို၊ နှုတ်ခမ်းလေး တွေကိုလည်း ခပ်တင်းတင်းလေး စေ့ပစ်လိုက်၏။

"ကိုယ်ပြောချင်တာ … မင်းကို အရမ်းချစ်တယ်ဆိုတဲ့ စကားလေးတစ်ခွန်းကိုပဲ ပြောချင်နေတာပါ … သိမ်မွေ့သာ"

"ကျွန်မကတော့ ရှင့်ကိုအရမ်းမုန်းတယ် မဟာရန်"

"ဟွန်း … "

သူ နှုတ်ခမ်းလေးမဲ့ပြီး ခနိုးခနဲ့လေးပြုံးလိုက်တာ။ သူမ၏ မျက်ဝန်းထောင့်စွန်းလေးမှာပေါ်လာ၏။ ဒီလိုပြောလို့ ရှင်မကျေနပ် ယုံ … မတတ်နိုင်ဘူးလေ … မဟာရန်။ မနေ့က MiNi Mart ထဲမှ





…လုပ်သွားတဲ့ လုပ်ရပ်က အရမ်းကိုပဲ ဂုဏ်သိက္ခာမဲ့လွန်းလို့ မုန်း …တာလေ … "

ဒီအတွက် …

ရှက်ရလွန်းလို့ … ကျွန်မ ဘယ်လောက်ဒိုခဲ့ရတယ် ရှင်ထင် …သလဲ … ရှင်က အရူးအမူး ချစ်နေလို့ လုပ်သွားခဲ့တာမှန်ပေမယ့် …ရဲ့ တစ်ဖက်သတ်ဆန်လွန်းတဲ့ အတ္တတွေကိုတော့ ကျွန်မရှုံ့ချ …တာ အသေအချာပဲ။

"ရပါတယ် … သိမ်မွေ့သာ မင်းမုန်းတာကို ကိုယ်ဂရုမစိုက် … မင်းဘယ်လောက် မုန်းမုန်း … ကိုယ့်ရဲ့ ခြေလှမ်းတွေ …တော့ မင်းနဲ့ အနီးဆုံးထိရောက်လာအောင် တိုးကပ်လာတော့ … ကိုယ့်ရဲ့ ရူးသွပ်မှုတွေကို မင်းတန်ဖိုး မထားလည်း ကိုယ်က …တော့ မင်းကို တန်ဖိုးထားတယ် … "

"ရှင် … ရူးနေပြီ မဟာရန် … "

"ဟုတ်တယ် … မင်းကြောင့် ရူးရတာမို့ ကိုယ်ပျော်တယ်"

"နေပါဦး … ရှင့်ကို မသိလို့ တစ်ခုလောက်တော့ မေးပါရ …ဦး … "

"မေးလေ … သိမ်မွေ့သာ၊ မင်းသိချင်တာမှန်သမျှ ကိုယ်ဖြေ …"

"ရှင့်အလုပ်က လမ်းပေါ်မှာ ပြိုင်ကားတစ်စီးနဲ့ လမ်းသ… …နေတဲ့ အလုပ်ကိုပဲ ရှင်လုပ်နေတာလားဟင် … ကျွန်မ မသိလို့ …တာနော် … "

"ဒါက အပေါင်းအသင်းတွေကို ခင်တတ်လို့ပါ ကိုယ်တို့မှာ …အချိန် သီးသန့်ဆုံကြတဲ့ သူငယ်ချင်းတွေရှိတယ်၊ စားသော…



www.burmeseclassic.com

www.burmeseclassic.com



ဆိုင် တစ်ခုခုမှာ ညတိုင်းချိန်းပြီး လွတ်လပ်တဲ့ လူငယ်တွေရဲ့ အ
ကို ပျော်ရွှင်မှုတွေနဲ့ ဖန်ဆင်းကြတယ်၊ အပြန်မှာ ကားတွေ အပြိုင်
မောင်းပြီး လောင်းကြေးထပ်တဲ့ အခါမျိုးတွေရှိတယ်"

"ဒါဆို ... ရှင်ဟာ ဘာအလုပ်မှ မလုပ်ဘဲ ... မိဘ ပိုက်ဆံ
ထိုင်ဖြုန်းနေတာပေါ့ ..."

"မင်း ... အဲလို ထင်လား ..."

"ဟာ ... အဲလို မထင်လို့ ဘယ်လိုထင်ရမှာလဲ"

"ကိုယ်က ... နိုင်ငံခြားဘာသာ သင်တန်းတက်နေတာ"

"ဟင် ... အဲဒါ ရှင်တကယ်ပြောတာ ..."

"ကိုယ် ... မင်းကို ညာပြောစရာ ဘာလိုလဲ၊ ကိုယ့်ရဲ့ အစ်
မေကျာက ကျီအော်လော်ဂျီ ပုလဲကွန်ဒိုမှာ ကိုယ်တို့သူငယ်ချင်းတွေ
စုပြီး ငှားထားတဲ့ ရုံးခန်းတစ်ခန်းရှိတယ်၊ အဲဒီမှာ မြေအောက်ခေတ်
သတ္တု တူးဖော်ရှာဖွေရေးအတွက် သုတေသနလုပ်ကြတာတွေရှိ
တယ် ... စာတမ်းရေးကြတာတွေရှိတယ် ... ကျောင်းတက်စရာ
ရှိရင် တက်တယ် ... သင်တန်းသွားစရာရှိရင် သွားတယ် ... အားရင်
အဲဒါတွေ စုလုပ်တယ် ... ဒီထက် အားရင်
စားသောက်ဆိုင်မှာစုတယ် ဒါပါပဲ ..."

ဘယ်ဆိုးလို့လဲဟင် ... မဟာရန်။

သူမ အထင်သေးလိုက်မိတာလေးကိုပင် တောင်းပန်
တော့မလို ဖြစ်သွား၏။ သူငယ်ချင်းတွေ သိရင်တောင် ဘယ်
လောက် အံ့သြနေလိုက်ကြမလဲဆိုတာ ... ။ မဟာရန်ဆိုတာ ဂျီ
အော်လော်ဂျီ တက်နေတဲ့ ကျောင်းသားတဲ့။

"အခုတော့ မင်းနဲ့တွေ့မှ ကိုယ့်အတွက် အလုပ်ကလေး





တစ်ခု ပိုလာရပြီလေ ... သိမ်မွေ့သာ ... ဒီရက်ပိုင်လေးအတွင်းမှာ
မင်းအကြောင်းတွေ စုံစမ်းရတာလည်း ကိုယ့်မှာ ဖတ်ဖတ်ကိုမော
လို့ ..."

"ဟင် ..."

သူကပဲ သူ့အကြောင်းတွေ စုံစမ်းရသေးသတဲ့ ... ။

ပြဿနာပဲ ... ။

"စုံ ... စုံစမ်းတော့ ဘာတွေသိရလဲဟင် ..."

"ခုချိန်ထိ ရည်းစားနဲ့တွဲတာ မတွေ့ဖူးသေးတဲ့အကြောင်း၊
အပြစ်ကင်းတဲ့ ကလေးလေးတစ်ယောက်လို ပေါ့ပေါ့ပါးပါးကလေး
နဲ့ ပျော်ပျော်ရွှင်ရွှင်လေး နေတတ်တဲ့အကြောင်း သူ့အက်ဒီကို အမြဲ
ယက်ဆွဲခေါ်လာပြီး ... MAY MiNi Mart ထဲက သူလိုချင်သမျှ
ပစ္စည်းတွေကို အတင်းပူစာပြီး ဝယ်ခိုင်းတတ်တဲ့ အကြောင်း..."

"ဟွန်း ... ရှင့်ကို MiNi Mart ပိုင်ရှင် မမယုက ကျွန်မ
အကြောင်းတွေ ဖောက်သည်ချလိုက်ပြီပေါ့လေ ..."

တကယ်ပါပဲ ...

မမယုနဲ့ တွေ့ရမှာတောင် မျက်နှာပူတယ်။

သူ ... သူ့ကို မမယုရှေ့မှာ လက်ဖမိုးလေး နမ်းလိုက်တာ
မို့ အရှက်သည်းသည်းလေးနဲ့ သူ့ပါးကို ဖြန်းခနဲရိုက်ချခဲ့တာလည်း
မမယုက အဖြစ်အပျက် အစအဆုံးကို အနီးဆုံးလေးကနေ အသေ
အချာ မြင်လိုက်ရမှာပါ ... ။

ဟွန်း ... ။

ပြန်တွေးလိုက်မိမှ ရင်ထဲမှာ နာကျင်သွားရ၏။

"ကဲပါ ... ကဲပါ ... ရှင်နဲ့ ကျွန်မ နှစ်ယောက်ကြားမှာ အပို



www.burmeseclassic.com

www.burmeseclassic.com



စကားတွေ မပြောကြတာကောင်းမယ်ထင်တယ် ... ဘယ်မှာ
ရှင်ရထားတဲ့ ကျွန်မရဲ့ဓာတ်ပုံ ... ပေး ...”

“ဒီမှာလေ ...”

အသေအချာပဲ ...

နှစ်ခွ ကျစ်ဆံမြီးလေးနဲ့ တအားပြုံးနေတဲ့ သူ့ဓာတ်ပုံလေး
လေ ... ။

“ဟုတ်ပါပြီ ... ဟုတ်ပါပြီ ... ဒါဆို ကျွန်မဝိုင်တဲ့ ပစ္စည်းတွေ
ထဲက ဘယ်ပစ္စည်းကို ရှင် အမှတ်တရလိုသလဲဆိုတာ ... ကျွန်
အခု တစ်ခါတည်းပေးခဲ့မယ်ပြော ... ပြော”

သာ စိတ်လည်း မရှည်တော့ပါ ...

စောင့်ပေးနေရတဲ့ သူငယ်ချင်းတွေကိုလည်း အရမ်းအားနာ
ဖို့ကောင်းတယ်လေ ... ဆန္ဒညီဆို ... ဘယ်လောက်တောင် ဒေါ
နေလိုက်မလဲ ...

မလွှဲသာလို့ ခွင့်ပြုလိုက်ရပေမယ့် ...

မျက်နှာလေးရဲပြီး စားပွဲမှာကျန်ခဲ့တာ ...

“သာ ... တော်ပြီလေ ... ဒီလောက်ပြောရရင်”

“ဟာ ...”

“ဟင် ...”

အသံကြားတဲ့ဘက်ကို ချာခနဲ လှည့်ကြည့်လိုက်တော့
ဆန္ဒညီ ... ။

“မင်း ... မင်း ဒီဝိုင်းကို ဘာလာရှုပ်တာလဲ ဆန္ဒညီ”

ဒါကိုတော့ မဟာရန် လက်မခံနိုင်ပါ။

ဆန္ဒညီကလည်း သူငယ်ချင်းတွေ ဝိုင်းတားနေတဲ့ကြားက





စိတ်ကို ဘယ်လိုမှ ထိန်းချုပ်မထားနိုင်တော့လို့ ထွက်လာတာလေ။

ဒီလောက်ပြောခွင့်ပေးထားတာ ကျေနပ်တော့ပေါ့။

“ရှုပ်တယ်ဆိုတဲ့ စကားလုံးကို မင်းလုံးဝ မသုံးနဲ့ မဟာရန်
ဒီပွဲမှာ ဘလိုင်းသက်သက်မဲ့ ခင်လာပြီးတော့ရှုပ်တာ မင်းလား
ပါလား ...”

ပေါက်ကွဲနေတာ ဆန္ဒညီပါ ... ။

နှစ်ယောက်ကြားမှာ သာရင်ထိတ်ခဲ့ရပြီ။

ဆန္ဒညီက အသားဖြူသူမို့ မျက်နှာလေး ရဲခနဲတင်းနေတာ
သိသာပေမယ့် မဟာရန်က မတုန်မလှုပ်လေးနဲ့ တည်တည်လေး
ဖြစ်နေတာက အံ့သြဖို့ကောင်းနေသည်။

ပြီးတော့လည်း ...

ဆန္ဒညီနောက်ကို လိုက်လာတာ တစ်ယောက်ပြီး တစ်
ယောက် ...

လွတ်နေတဲ့ခုံတွေမှာ အသီးသီးဝင်ထိုင်လိုက်တော့ မဟာရန်
ကို ဝိုင်းထားသလိုတောင် ဖြစ်သွားသည်။

“အဟင့် ... ဒုက္ခပါပဲ ...”

သာ စိတ်ရှုပ်ရှုပ်လေးနဲ့ ခေါင်းလေးကုတ်မိကာ ... ငိုမဲ့မဲ့
မျက်နှာလေးနဲ့ပါ ... ။

“ဒီမှာ ... ကိုယ်ပြောတာ မဟုတ်လို့လား သာ ... ဒီကောင်
ဝင်ရှုပ်လို့ ကိုယ်တို့ သူငယ်ချင်းတွေအားလုံးရဲ့ ပျော်ရွှင်မှုတွေ
ပျောက်ဆုံးသွားခဲ့ရတာ ... ကိုယ် အတတ်နိုင်ဆုံး သည်းခံခဲ့ပေမယ့်
သည်းခံလို့ မရတော့ဘူး ... ဓာတ်ပုံလေးရသွားတာကို အကြောင်း
ပြပြီး သာ့ကို အနိုင်ကျင့်ဖို့ ဒီကောင်ကြိုးစားနေတာ ...”



www.burmeseclassic.com

www.burmeseclassic.com



"ဆန္ဒညီရယ် ... ပြဿနာ တစ်ခုကို အေးအေးချမ်းချ
ဖြေရှင်းစမ်းပါ ... နင် ဘာဖြစ်လို့ ဒီလောက်တောင် စိတ်တိုနေရ
လဲ ... "

"ဟုတ်တယ် ဆန္ဒညီ ... ကျောင်းထဲမှာ ပြဿနာဖြစ်
မကောင်းဘူး ... "

သိရိစံနဲ့ ကြည်သာက ဆန္ဒညီဖြစ်နေတာကို ဝိုင်းတားသည
ဒီအထဲမှာ သူဇာဝင်းက ဆရာမကြီးလေ ...

သူမက အားလုံးကို လက်ကာတားရင်း ...

"ကဲ ... ကဲ ... ဘယ်သူမှ စကားများမနေကြနဲ့ ... ငါ
ပြောမယ့်စကားကို နင်တို့အားလုံးနားထောင်ကြ ... ဟုတ်ပြီလ
အဟမ်း ... ဟမ်း ကဲ ငါပြောမယ် ... "

သာ ကတော့ စိတ်ပျက်လက်ပျက်လေးနဲ့ပဲ သူဇာဝ
မျက်နှာကိုကြည့်မိသည်။ ဆန္ဒညီအခုမှ ငြိမ်ကုတ်သွား၏။ မဟာ
ကတော့ ခုထိ ဟန်မပျက်လေးနဲ့ရယ်ပါပဲ။

"ဆန္ဒညီကလည်း စိတ်ကိုလျှော့ ... မဟာရန့်ကိုလ
အပြစ်မတင်ကြနဲ့ ... အစက ပြဿနာက မိုးပျံပူဖောင်းလေး
လွှတ်တင်လိုက်လို့ ဖြစ်လာရတဲ့ ပြဿနာ။ ဓာတ်ပုံလေး
မဟာရန်က ရသွားတော့ သိမ်မွေ့သာပေးထားတဲ့ ကတိအ
လက်ဆောင်လေးကို လိုချင်တာပေါ့ ... ဟုတ်တယ်နော် မဟာ
ကျွန်မပြောတာ ... "

"သိပ်သေချာတာပေါ့ ... "

သူ ... ။

တက်တက်ကြွကြွလေးဖြေသည်။





ဒါကို ... ဆန္ဒညီက ...

"ဟုတ်တယ်လေ ... သူတောင်းတဲ့ လက်ဆောင်က ရိုးရိုး
သားသား အမှတ်တရလေး တစ်ခုတောင်းတာမှ မဟုတ်တာ၊ သူ့
ဆီက အချစ်ကိုတောင်းနေတာ ... အခု အဲဒါ မရလို့ ... တမျိုး
ပြောင်းသွားတာလေ ... ဒီကောင်အရမ်းညာထမ်းများတယ်၊ ဒီကောင်
နဲ့ရှင်းရင် ပြတ်ပြတ်သားသားရှင်းတာ အကောင်းဆုံးပဲ ... "

"ဆန္ဒညီ မင်းစကားပြောတာ တအားရှင့်နေပြီ"

"အဲဒါ ... ငါ မင်းကို သည်းမခံနိုင်တော့လို့ပြောနေတာကွ"

"ဆန္ဒညီ ... "

တုန်အက်အက်လေးနဲ့ သူမ အသံလေးတဝေါ်လာသည်။

"ရှင် ... ရှင် မပြောပါနဲ့ ဆန္ဒညီ ... ဒီပြဿနာကို သာ
အကောင်းဆုံး ဖြေရှင်းပေးမယ်ဆိုရင် ရှင်ကျေနပ်ပါ ... အစက
အချက်က အမှတ်တရ မွေးနေ့လက်ဆောင်လေးအဖြစ်နဲ့ သူဘာလို
ချင်သလဲဆိုတာ သာမေးရမှာလေ ... "

သာ ပြောရင်း ... မဟာရန်ဘက်ကို မျက်နှာလေးဖြန့်လှည့်
မိသည်။

"ကဲ ... ရှင်ပြောပါ မဟာရန် ... တရားမျှတတဲ့ တောင်းဆို
မှုတစ်ခုကို ရှင့်ဆီကကြားရဖို့ ကျွန်မမျှော်လင့်ပါတယ် ... "

"ဟုတ်တယ် ... မဟာရန် ရှင်လိုချင်တဲ့ ပစ္စည်းတစ်ခုခုကို
ပြောလိုက် ... သိမ်မွေ့သာ ပိုင်တာဆိုရင် ရှင်လိုချင်တာဖြစ်စေ
ရမယ် ... "

"ဟုတ်တယ် ... ဟုတ်တယ် ... အဲဒါ အားလုံးထောက်ခံ
တယ် ... "



www.burmeseclassic.com

www.burmeseclassic.com



စကားဝိုင်းလေးက တစ်ယောက်တစ်ပေါက် အော်သံတွေနှင့်ဆူညံသွားသည်။

"ဒါဆို ... ကိုယ်ပေးချင်တဲ့ အမှတ်တရမွေးနေ့လက်ဆောင်ပန်းစည်းလေးကို မင်း အရင်လက်ခံပေးရမယ်လေ ... သိမ်မွေ့သာ"

"ရှင် ..."

သူ ... ပန်းစည်းလေးကို လှမ်းယူလိုက်ပြီ ... ။

"တောက် ..."

ဆန္ဒညီ တောက်ခေါက်ရင်း အားလုံးနှင့်ဆန့်ကျင်ဘက်ကို မျက်နှာလှည့်သည်။ ဒါ ... မဟာရန် ဆိုတဲ့ကောင်ကို သူရှုံးသွားတာလား။ ဒီအရှုံးကို သက်သေထူဖို့ အကောင်းဆုံးအခွင့်အရေးတွေကို သူငယ်ချင်းအားလုံးရှေ့မှာ အရယူသွားခဲ့တာလား ... ဒါကိုတော့ သူဘယ်လိုမှ လက်မခံနိုင်ပါဘူး ... ။

သာ့ကို ... သူဘယ်လို အကြောင်းပြချက်မျိုးနဲ့မှ အဆုံးရှုံးမခံချင်ဘူးလေ ... ဘာကြောင့်လည်းဆို ဆယ်တန်းကျောင်းသားအရွယ်ကတည်းက ... သာဆိုတဲ့ ဒီမိန်းကလေးကို မြတ်မြတ်နိုးနိုး စွဲစွဲလမ်းလမ်းကလေးနဲ့ သူချစ်လာခဲ့ရတာလေ ... ။

သာက ...

ရိုးရိုးသားသားနဲ့ သူငယ်ချင်းလိုပဲနေချင်တယ်ဆိုလို့ ...

သူ ဒီနေ့အထိ ... သာ့ကို အလိုလိုက် အလျှော့ပေးလာခဲ့တာပါ ... ။

ခုတော့ ...

မထင်မှတ်ဘဲ ပြိုင်ဘက်တစ်ယောက်က ပေါ်လာခဲ့ရပြီ။

သူ ... ဘယ်လောက် ဒေါသဖြစ်ရမလဲဆိုတာ စဉ်းစား





ကြည့်ပါဦး ... ။

ချစ်သူကို ဖြောင်ဝင်လုတာခံနေရတယ်လို့ ... ။

သူ နောက်ကို ပြန်လှည့်မကြည့်တော့ဘဲ ... မျက်နှာရဲရဲလေးနှင့် သည်အတိုင်းရပ်နေမိတာ ... မခံစားနိုင်တော့လို့ပါ ... ။

မဟာရန်ကတော့ သိတယ်မို့လား ...

အေးဆေးတည်ငြိမ်စွာနှင့်ပဲ ပန်းစည်းလေးကို သိမ်မွေ့သာ လက်ထဲကို ပျော်ရွှင်စွာပေးအပ်လိုက်ပါသည်။

"ဟက်ပီဘတ်ဒေးပါ ... သိမ်မွေ့သာ"

"ဟွန်း ... ဟင်း ..."

သူမ လက်ခံရတော့မှာပဲ ... ။

အရေးကြီးတာ ...

သူမဆီကနေ သူဘယ်လို အမှတ်တရလက်ဆောင် ပြန်တောင်းမလဲဆိုတာ သိချင်တာလေ ... ။ ဆန္ဒညီကတော့ လက်ကလေး ပိုက်ကာ ... မကျေမနပ်လေးနဲ့ ဒီအတိုင်းကျောခိုင်းကာ ရပ်နေဆဲ ... ။

"ဒီ ... ဒီလို အမှတ်တရမွေးနေ့လက်ဆောင်လေး ပေးတဲ့အတွက် ရှင့်ကို ကျွန်မကျေးဇူးတင်တယ် ... မဟာရန် ဟက်ပီဘတ်ဒေးပါလို့ ရှင့်ကိုပြန်နှုတ်ဆက်ပါတယ်"

"ဒါဆို ကိုယ်လိုချင်တဲ့ အမှတ်တရ လက်ဆောင်လေး မင်းဆီက ကိုယ်ပြန်တောင်းတော့မယ်နော် သိမ်မွေ့သာ ... ကိုယ် မင်းရဲ့ သူငယ်ချင်းတွေ အားလုံးရှေ့မှာပဲ တရားဝင်ကြေငြာပါတယ် ... မင်းဟာ အိပ်ပျော်နေတဲ့ ကိုယ့်ရဲ့နှလုံးသားတွေကို လှုပ်နိုးသွားတဲ့ မိန်းကလေးတစ်ယောက်ပါ ... ကိုယ် မင်းကို သိပ်ချစ်ပါတယ် သိမ်



www.burmeseclassic.com

www.burmeseclassic.com



မွေ့သာ ... ဒီချစ်ခြင်းတွေနဲ့အတူ မင်းရဲ့အမုန်းတွေကို ခံယူနိုင်
အောင်လည်း ကိုယ်ပြင်ဆင်ထားလိုက်ပါ့မယ် ... ”

မဟာရန်ရယ် ...

ဒီစကားတွေကို ရှင်ပြောနေတဲ့အချိန်မှာ ...

ရှင်ဘာဖြစ်လို့ ... တည်ငြိမ်နေခဲ့ရတာလဲဟင် ...

“တကယ်တော့ အဖြူရောင်ဂါဝန်ရှည် ဝမ်းဆက်လေး
ဘုရားပေါ်မှာ စ,တွေ့ခဲ့ရတဲ့ ညကတည်းက ကိုယ် ... မင်းကို သိ
ချစ်သွားခဲ့တာပါ ... ”

“ဟော့ကောင် ... မဟာရန် ... ”

ကြည့်စမ်း ... ။

ဆန္ဒညီ ဒီဘက်ကိုပြန်လှည့်လာပြန်ပြီ ... ။

“မင်းစကားပြောတာ ... အရစ်တွေ ပေတွေအရမ်းရှည်
ပြီလေကွာ ... လိုရင်းကို တိုတိုပဲပြော မင်းလိုချင်တဲ့ လက်ဆော
ကို သာ့ဆီက တခါတည်း တောင်းလိုက်တာ အကောင်းဆုံးပဲ”

“ဟွန်း ... ”

မဟာရန့်နှုတ်ခမ်းလေးက မဲ့ကျသွားသည်။

“အဲဒါ ... မင်း စိတ်မပူနဲ့လေ ဆန္ဒညီ ... ”

“မင်း ... မင်း ... သိမ်မွေ့သာဆီကနေ ဒီလိုအခွင့်အ
ကို နောက်တစ်ကြိမ် ထပ်ရမယ်လို့ မျှော်လင့်နေသလား မဟာ
ဒီတစ်ကြိမ်ဟာ နောက်ဆုံးအကြိမ်မဟုတ်ရင် ... မင်း ငါ့ကို ကြို
သလိုပြော ... ”

“ဆန္ဒညီ ... နင် ဘာဖြစ်နေတာလဲ”

သူဇာဝင်းထ,ရပ်ကာ ဆန္ဒညီပခုံးကို ဆွဲဖယ်ပြီး သူမဘ





နေအောင်လှည့်သည်။

မင်းသန့်က ...

“ဟုတ်ပါတယ် ... ဆန္ဒညီရာ ... ဒီမှာ ပြဿနာတွေ အရှည်
အရှည် ထပ်မဖြစ်စေချင်လို့ ဖြေရှင်းပေးနေတဲ့ဟာကို မင်းခဏလေး
သည်းခံပေးလိုက်တော့ ဘာဖြစ်သွားမှာမို့လို့လဲ ... သိမ်မွေ့သာ
ကလည်း မဟာရန့်ဆီကအချစ်ကို လက်မခံနိုင်ဘူးဆိုတာ အပြတ်
ငြင်းပြီးသား ... ခဏလေးပါကွာ ဒီမှာ ... သိမ်မွေ့သာ ပြန်ပေး
မယ့် လက်ဆောင်လေး ပေးပြီးတာနဲ့ ကိစ္စကပြတ်ပြီ ... ”

“ဟုတ်တယ် ... ဆန္ဒညီ ... မင့် ခဏလေးပဲ အေးအေးနေ
လိုက်”

ကြည်သာကလည်း ဝင်ပါသည်။

သူဇာဝင်းက မဟာရန့်ဘက်ပြန်လှည့်ကာ ...။

“ကဲ ... မဟာရန် ရှင်စကားတွေအများကြီးပြောလည်း
အလကားပဲ ... ရှင့်ကို သူဇာတပ်ပုံလေး မမျှော်လင့်ဘဲရသွားလို့သာ
လက်ဆောင်ကို ကတိအတိုင်းပေးလိုက်ရတာ မှန်ပေမယ့် ... ရှင့်ကို
တအားကြောက်တဲ့ စိတ်ကလေးနဲ့ သိမ်မွေ့သာ မုန်းနေတာ ကျွန်မ
တို့အားလုံးသိတယ် ... အဲဒီတော့ ရှင်လိုချင်တဲ့ပစ္စည်း တစ်ခုခုကို
သိမ်မွေ့သာဆီကတောင်းပြီးတာနဲ့ ... ရှင် ဒီနေရာကနေ အမြန်ဆုံး
ထွက်သွားတော့ ... ”

“ဒါဆို ကျွန်တော်လိုချင်တာ တောင်းရတော့မှာပေါ့”

သူ ... ကျွန်တော်လို့ ပြောလိုက်တာ ...

ကြားဝင်ဖြန်ဖြေပေးနေတဲ့ အမျိုးသမီးကို သူ့ထက်နည်းနည်း
လေး အသက်ကြီးနေမလား ထင်လို့ပါ ...



www.burmeseclassic.com

www.burmeseclassic.com



"တောင်းလေ ... တောင်း ... တောင်း"

မဟာရန် ဘာတောင်းမလဲဆိုတာ ... အားလုံးစိတ်ဝင်စား နေကြပြီ ... ။

တကယ်တမ်းကျတော့ သူမဆီမှာပါလာတာ မောင်းကွင်း လက်စွပ်လေးရယ် ... ရိုးရိုးယဉ်ယဉ် လက်ကောက်လေးသုံးကွင်း ရယ် ... သစ်ရွက်ပုံ ဆွဲပြားလေးပါတဲ့ ဆွဲကြိုးလေးတစ်ကုံးရယ်သာ ဖြစ်သည်။

ကျန်တာတတော့ ...

ဟန်းဖုန်းလေးရယ် ... မိန်းမကိုင် ပိုက်ဆံအိတ်ပြားပြားလေး ရယ် ... အဖြူဆွတ်ဆွတ် လက်ကိုင်ပဝါလေးရယ်ကလွဲရင် တခြား ဘာမှ မရှိ ... ။

သူ ဘာပဲတောင်းတောင်း ... ။

စိတ်ရှင်းသွားအောင် တစ်ခါတည်းပေးလိုက်တော့မှာပါ။

ပြဿနာရှင်းတော့လည်း အေးတာပဲလေ ... ။

နောက်လည်း အရှုပ်အရှင်းဇာတ်လမ်းတွေ ထပ်ဖြစ်နေစရာ မလိုတော့ဘူးပေါ့ ... အားလုံးကလည်း သူဘယ်ပစ္စည်းတောင်းမလဲ ဆိုတာ စိတ်ဝင်စားနေကြပြီ ... ။

"ရှင် ... ရှင်တောင်းလေ ... မဟာရန်"

သူမ စိတ်မရှည်နိုင်တော့လို့ မေးလိုက်မိတာပါ။

"ကိုယ် တကယ်တောင်းမှာနော်"

"တောင်း ... တောင်း ဘာပဲဖြစ်ဖြစ် ကျွန်မပေးမယ်"

"ကိုယ် အမှတ်တရလိုချင်တာ ... မင်းရဲ့နဖူးသင်းကျစ်လေး ထိပ်က ဆံပင်မျှင်မျှင်လေး တစ်ပင်ကိုပဲလိုချင်တာလေ ... ဒါ ကိုယ်





အစ်သက်လုံး တန်ဖိုးထားနေရမယ့် အမှတ်တရလက်ဆောင်လေး ဒါ ... "

"ဘာ ... ဘာပြောတယ်"

သူမရဲ့ မျက်တောင်ရှည်လေးတွေ ဖျတ်ခနဲကော့တက်သွား သလို အားလုံးလည်း မျက်လုံးလေးတွေပြူးကာ အံ့သြနေခဲ့ကြရ ပြီ ... ။

"တောက် ... မင်း ... မင်းကွာ ... ဟား"

"ဝုန်း ... "

ဒေါသရယ် ... မခံချင်စိတ်တွေရယ် ပေါင်းကာ ...

စားပွဲကို လက်သီးချက်ပြင်းပြင်းကလေးနဲ့ ... ဝုန်းခနဲထိုးချ လိုက်ပြီး ... ချာခနဲလှည့်ထွက်သွားခဲ့တာ ... ဆန္ဒညီမှ မဟုတ်ရင် အခြားဘယ်သူ ဖြစ်နိုင်ပါတော့မလဲ ... ။

အားလုံးကတော့ အသက်ရှူမှားလျက် ... ။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၈ )

မျက်နှာလေး မသာယာနှင့် အားလုံးရှေ့ကနေ ရှာခနဲလှည့်ထွက်ကာ ပျောက်သွားသည့် ဆန္ဒညီကို ... ကျောင်းထဲမှာ နေရာအနှံ့ လိုက်ရှာနေရသည့် သူငယ်ချင်းတွေရဲ့အဖြစ်က ရင်မောဖွယ်ရာလေးပင် ...

တစ်ခု ထူးဆန်းဖို့ကောင်းနေတာက ...

အရင်က တက်ကြွလန်းဆန်းနေခဲ့သလောက် ... ဒီနေ့မှ အားအင်တွေ ကုန်ခမ်းသလို ဖြစ်သွားရတာမို့ ... စိတ်ထဲကနေ သူမကိုယ် သူမ ကျိန်ဆဲပစ်ချင်နေမိသည်။

ဘာဖြစ်တာလဲဟင် ...

အဓိပ္ပါယ်မရှိ ...

ငေါင်စင်းစင်းလေး ဖြစ်သွားစရာလိုသလား ... ။

ဒီကြားထဲ ဆန္ဒညီဆိုတဲ့ ကောင်စုတ်ကပါပျောက်သွားတော့ သူမမှာ စိတ်လည်းတို ... ဒေါကလေးကလည်းပွ ...





လမ်းလျှောက်ရတာပင် ခြေသလုံးလေးတွေ တောင့်လှပြီ။ စိတ်ကောက်တော်မူသွားသည့် ကျေးဇူးရှင်ကိုယ်တော်မြတ် …နှညီက ဘယ်ချောင်ကလောင်မှာ တစ်ယောက်တည်း သွားထိုင် …နှန်းလည်း မသိ ... ။

ယောကျ်ားလေးဖြစ်ပြီး ...

ဒီလို စိတ်ကောက်နေစရာလား ...

သူမရဲ့ ... နဖူးသင်းကျစ်လေးထိပ်က ဆံပင်လေးတစ်ပင် …ဆွဲဖြုတ်ပေးလိုက်ရတာ ... သူ့ရဲ့ အရှုံးတစ်ခုလို့ ခံယူသွားလို့ …နှညီ ဒီလောက်ထိ ပေါက်ကွဲလှည့်ထွက်သွားတာ ... သူမ …လည်း စိတ်ထဲကနေ အလိုလိုသိနေသည်။

“ဒီကောင်ကွာ ... တကယ်ပြဿနာရှာတယ်”

“အဲဒါ ဘာမှ မဟုတ်ဘူး ကြည်သာ ... ခံသည်းနုတာ”

“နုစရာလားကွာ ... ”

မင်းသန့်ကလည်း ဒေါပွနေသည်။

“သိမ်မွေ့သာကလည်း မဟာရန်ဆိုတဲ့ကောင်ကို ချစ်နေ…ာ မဟုတ်ဘူး ... အခက်အခဲတစ်ခုကြောင့် မလွှဲသာမရှောင်သာ …ာက်က တောင်းဆိုတာကို လိုက်လျှောပေးလိုက်ရတယ် ... … ... အဲဒါ ဘာဖြစ်လဲ ... ”

“နင်တို့ကလည်း ဆန္ဒညီကိုပဲ ... ဝိုင်းအပြစ်တင်မနေကြစမ်း… ... သိမ်မွေ့သာကိုလည်း တဆိတ်လောက်မေးကြည့်ကြပါဦး၊ …မှာ တစ်ချိန်လုံး ဘယ်သူနဲ့မှ စကားမပြောတော့ပဲနဲ့ ငါတို့နောက် …ာ ငိုင်တိုင်တိုင်လေး လိုက်လာတာလေ ... ”

“ဟင် ... ”



www.burmeseclassic.com

www.burmeseclassic.com



ဒါကို ...

သူမကလည်း ကြားပါသည်။

ဒါပေမယ့် ... ဖြေစရာစကားတော့ သူမဆီမှာမရှိပါ။

“သာ ... နင်ကြားတယ်နော်”

သီရိစံက နောက်လှည့်ကြည့်ကာပြောသည်။

သာပြုံးရုံလေးပဲ ပြုံးလိုက်သည်။

သီရိစံက ... သူမကို ရယ်စောင့်ရင်း အနားရောက်တော့မှ လက်မောင်းလေးကို လှမ်းဆိတ်လိုက်၏။

“နင် တစ်ချိန်လုံးဘာတွေ တွေးလာလို့ ... မျက်နှာလေး မကောင်းဖြစ်နေတာလဲ ... သိမ်မွေ့သာ၊ နင့်ရင်ထဲမှာ ငါတို့မသိတဲ့ လျှို့ဝှက်ချက်တစ်ခုခုတော့ ရှိနေပြီထင်တယ် ... ဟွန်း ... ငါပြောတာ ဟုတ်တယ်မို့လား ... နင်မညာနဲ့ ... ”

“ဟာ ... သာ ဘာဖြစ်နေလို့လဲ”

“စကားမပြောဘဲ တစ်ယောက်တည်း ငေါင်ကြောင်ကြောင်လေး ဖြစ်နေတယ်လေ ... အရင်ကဆို ငါတို့သူငယ်ချင်းတွေ ဆုံမိသွားတာနဲ့ နင့်အသံလေးက အညံဆုံးဖြစ်နေတဲ့ ဥစ္စာကို ... ဘာလဲ မဟာရန်ရိုက်သွားတဲ့ အကွက်ထဲမှာ ... ဟာ့တ်ထိစရာတွေ ပါသွားလို့လား ... ”

“ဟာ ... မဟုတ်ဘူးနော်”

သာ အထိတ်တလန့်လေး ငြင်းလိုက်မိ၏။

ပြဿနာပဲ ...။

“မဟာရန်က ချောတယ်နော် ... သာ”

“ဟင့်အင်း ... အဲဒါ ... သာ မသိဘူး”





“မျက်ခုံးမွှေးတွေ ထူတန်းပြီး ... နက်မှောင်ညို့နေတာက [illegible]တာ ... ယောက်ျားလေးဖြစ်ပြီးတော့ နှုတ်ခမ်းလေးရဲနေတာ [illegible] အရမ်းရှားတယ်လေ ... ”

“အဟင့် ... သီရိစံနော် ... နင်ဘာတွေ လာပြောနေတာ [illegible]”

သာ ခြေထောက်လေးဆောင့်သွားတော့ ဖနိစီနားကပ်လေး [illegible] ဘယ်ညာလေး ယိမ်းထိုးလှုပ်ခါသွားသည်။

“သာရေ ... ဟိုမှာ ... ဟိုမှာ ... ဆန္ဒညီကိုတွေ့ပြီ”

“ဟင် ... ”

ဆန္ဒညီကို တွေ့ပြီဆိုလို့ ... သာ ကြည့်လိုက်တော့ ကိုယ် [illegible]က ... ပရက်တီကယ်ဆောင်ဘေးက အုတ်လှေကားလေး [illegible] တစ်ယောက်တည်းထိုင်လို့ ... ။

မေးချင်လိုက်တာလေ ... ။

အဲဒါ ဘာဖြစ်နေတာလဲဆိုပြီးတော့ ... ။

သူမတို့လာနေတာကို မြင်တာတောင် ဆန္ဒညီက မော့ [illegible]ကြည့် ...

“ဆန္ဒညီ့ရာ ... နင့်ကို မတွေ့လို့ ငါတို့မှာရှာလိုက်ရတာ”

“မရှာပါနဲ့ ... ငါက အဓိပ္ပါယ်မရှိတဲ့ကောင်ပါ ... ”

“ဟော ... တွေ့လား”

သူ့စာဝင်းက လျှာထုတ်ရင်း ပြုံးနေပြီ။

“နင်ကလည်း အလကားသက်သက်မဲ့နဲ့ ထွက်သွားရတယ် ... အခု နင့်ကိုလိုက်ရှာနေတာ သိမ်မွေ့သာလည်းပါတယ်”

“တွေ့သားပဲ ... ”



www.burmeseclassic.com

www.burmeseclassic.com



"နင် စိတ်ကောက်မနေနဲ့ ..."

"မကောက်ပါဘူး ... ဘာဆိုင်လို့ ကောက်ရမှာလဲ"

"တကယ်နော် ..."

ပြောရင်း ... ဒီဘက်ကိုလှည့်ကာ ... သူဇာဝင်းက မေးငေါ့ပြသည်။

"အေး ... နင်မကောက်ဘူးဆိုလည်းပြီးရော ... ပြီးရော အခု ငါတို့က အတန်းထဲပြန်ထိုင်ကြတော့မှာ ..."

ဆန္ဒညီကိုပြောရင်း သူဇာဝင်းက သိမ်မွေ့သာဘက်ကို မျက်နှာလှည့်သည်။

"သိမ်မွေ့သာရေ ... ဆန္ဒညီကို နင်ပဲခေါ်ခဲ့နော်"

"ဟင် ..."

အားလုံး ရယ်ကြဲကြဲမျက်နှာလေးတွေနဲ့ ... စာသင်ဆောင်ဘက်ကို ပြန်ထွက်သွားကြပြီ ... အုတ်လှေကားလေးမှာ ကျန်ခဲ့တာ သူနဲ့သာ နှစ်ယောက်တည်း။

"ကဲ ... ပြောပါဦး ရှင် ဘာဖြစ်သွားတာလဲ"

"..."

သူ မဖြေပါ။

ခေါင်းငိုက်စိုက်ချကာ ထိုင်ရင်း ... သူမကိုလည်း မော့မကြည့် ...။

"ရှင် ... ရှင် ... အဓိပ္ပါယ်မရှိတာတွေ လျှောက်တွေးမနေနဲ့ ဆန္ဒညီ ..."

"ဟာ ... ဘာလို့ အဓိပ္ပါယ်မရှိရမှာလဲ"





"ရှင် ... ရှင်နဲ့သာက သူငယ်ချင်းတွေလေ ... အခု သူငယ်ချင်းတွေရှေ့မှာ ... ရှင်စိတ်ကောက်ထွက်သွားလို့ သာ လိုက်ချော့ရတာ ... ကောင်းပါ့တော့မလား ... ရှင်နဲ့ သာ့ကို သူများတွေက ဘယ်လိုမြင်မလဲ ..."

"ကြိုက်သလို မြင်ပါစေ ... ဘာဖြစ်လဲ ..."

ဖြေနေတာ ငေါ့တူးတူး အသံလေးနဲ့ ...။

"ကိုယ်မင်းကို ချစ်နေတာ ကိုယ်တို့အိမ်က တစ်အိမ်လုံးသိသလို ... တစ်ကျောင်းလုံးလည်းသိတယ် ... ကိုယ့်ရဲ့အဆုံးမဲ့မျှော်လင့်ချက်ကလည်း မင်းပဲ ... ကိုယ်ဘယ်လို ပယောဂမျိုးနဲ့မှ နှစ်ပေါင်းများစွာ တည်ဆောက်လာခဲ့ရတဲ့ ... ဖောင်ဒေးရှင်းတစ်ခုကို ကိုယ်ဖျက်ချမပစ်နိုင်ဘူး ... ကိုယ့်ရဲ့အိပ်မက်တွေကို ရှင်သန်အောင် ဖန်ဆင်းပေးနိုင်တာလည်း မင်းပဲ ..."

"ကျွန်မ စိတ်ညစ်တယ် သိလား ဆန္ဒညီ ..."

သူမ အသံလေးတွေ တုန်ယင်သွားရပြီ။

ခုမှ ... မျက်ရည်ကြည်လေးတွေကပါ ... အိုင်ဖွဲ့ချင်လာသည်။

"Sorry ပဲသာ ... ကိုယ့်ကြောင့် စိတ်အနှောက်အယှက်ဖြစ်သွားရင် ... ကိုယ်တောင်းပန်တယ် ... ဘာပဲပြောပြော ... ဒီနေ့ဟာ ကိုယ့်အတွက် တကယ်ကျဆုံးသွားရတဲ့ နေ့တစ်နေ့ဖြစ်သွားလို့ပါ ... ကိုယ်မမြင်ချင်တာ ... မင်းရင်ထဲမှာ ပွေ့ကိုင်လာတဲ့ ပန်းစည်းလေး ... ဒီလက်ဆောင်လေးကို မင်းသိပ်တန်ဖိုးထားတတ်နေပြီပေါ့လေ ..."

သူ့ရဲ့ ရှုပ်စွဲမှုတွေအောက်မှာ သာမျက်နှာလေးက ငိုလို့



www.burmeseclassic.com

www.burmeseclassic.com



တောင်ပြီးပျက်သွားရသည်။

ဒါကို … သာ ဘယ်လိုရှင်းပြရမလဲဟင် … ။

မလွဲသာ မရှောင်သာ သာလုပ်ခဲ့ရတဲ့လုပ်ရပ်ဟာ … ဒီစွပ်စွဲမှုတွေနဲ့ရော အမှန်တကယ် ထိုက်တန်နေခဲ့သလား … ။

"ရှင့်ရဲ့ စွပ်စွဲမှုတွေက နည်းနည်းလေးတော့ ပြင်းထန်နေမလားပဲ … ဆန္ဒညီ၊ နှစ်ဖက်နားလည်ထားတဲ့ သဘောတူညီချက်တွေအရ ဒီအမှတ်တရ ပန်းစည်းလေးကို လက်ခံလိုက်ရတာ … တစ်ခုကလွဲရင် ဘယ်လိုမျှော်လင့်ချက်မျိုးတွေမှ ဒီပန်းစည်းလေးအပေါ်မှာ သာ တည်ဆောက်မထားခဲ့တာ ရှင်ယုံပေးပါ … လူသားဆန်တဲ့ နှလုံးသားပြဋ္ဌာန်းချက်အရ တာဝန်သိစွာနဲ့ … သာ လက်ခံထားလိုက်ရတယ် … ဒါပါပဲ … "

"ဘယ် … ဘယ်လို … သာ လူသားဆန်တဲ့ နှလုံးသားပြဋ္ဌာန်းချက်အရ … ဟုတ်လား … ဟား … ဟား … မဟာရန်ဆိုတဲ့ကောင်နဲ့တွေ့မှ ဒီလိုစကားလုံးမျိုးလေးတွေ သာ့ ရင်ဘတ်ထဲက ထွက်လာခဲ့ပြီနော် … "

"ဟင် … ရှင် ဘယ်လိုပြောလိုက်တာလဲ ဆန္ဒညီ"

သာ့မျက်တောင်ရှည်လေးတွေ ဖျတ်ခနဲပင့်ကော့တက်သွားသည်။

လက်ထဲက ပန်းစည်းကလေးပင် ပြုတ်ကျချင်သလိုဖြစ်သွား၏။

သူ သာ့ကို ထပ်ပြီးတော့ စွပ်စွဲလိုက်ပြန်ပြီ … ။

"ဟွန်း … ကိုယ်ပြောလိုက်တာ ရှင်းရှင်းလေးပြောလိုက်တာလေ … သာ … သာ့စကားလုံးလေးတွေ နားထောင်ပြီး အံ့ဩသွား





ရလို့ပါ … "

"အဲဒါ … ရှင်မှားနေပြီ … ဆန္ဒညီ … "

"ဘာဖြစ်လို့လဲ … "

"သာ လက်ခံထားလိုက်တာ ဒီပန်းစည်းလေးမှာ အပြစ်မရှိလို့ … "

သာရယ် … ။

မင်း … ကိုယ့်ကို မညာပါနဲ့ကွာ … ။

ပန်းစည်းလေးမှာ အပြစ်မရှိတာ မှန်ပေမယ့် ဒီပန်းစည်းလေးကို ပေးချင်တဲ့ မဟာရန်ဆိုတဲ့ကောင်က … လူမှုကျင့်ဝတ်စည်းကမ်း ဖောက်ဖျက်မှုတွေ အများကြီးနဲ့လေ … ။

ကိုယ်နဲ့ Phone ပြောရင်း ပွင့်ပွင့်လင်းလင်းလေးနဲ့ ကိုယ်တန့်ကွက်ခဲ့တာကိုလည်း အတ္တကြီးစွာနဲ့ တစ်လှမ်းပြီးတစ်လှမ်း ဒီကောင်ရှေ့ကို တိုးလာခဲ့တာပါ။ ခုလည်း ကိုယ့်ကို … ပြောင်စိန်ခေါ်ပြီး ကိုယ်မခံချင်အောင် မင်းရဲ့ဆံပင်လေးတစ်ပင်ကို အထွတ်အမြတ်ထားပြီး ကိုယ့်ရှေ့မှာ တောင်းပြသွားခဲ့တာကို ဘယ်လိုနှလုံးသားတွေနဲ့ ကိုယ်ခွင့်လွှတ်နားလည်ပေးလိုက်ရမလဲ … မင်းပြောလေ … သာ … ဒီပန်းစည်းလေးကြောင့် မင်းစိတ်တွေ ရှုပ်ထွေးသွားရမယ်ဆိုရင် … ကိုယ်မင်းကို ထပ်ပြီးတော့ မစွပ်စွဲရက်တော့ပါဘူး … ။

သေချာနေတဲ့ ကိုယ့်ရဲ့အဓိက ဆန္ဒက …

မင်း အမြဲပျော်နေစေချင်ခဲ့တာပါ …

ဒါဟာလည်း …

ကိုယ် မင်းကိုသိပ်ချစ်လို့ပါ … သာ …



www.burmeseclassic.com

www.burmeseclassic.com



လောကကြီးထဲမှာ ရှိသမျှအရာတွေအားလုံး ဘာနဲ့မှ မင်းကို မလဲနိုင်အောင် ကိုယ်ထာဝရ ချစ်လာခဲ့ရလို့ပါ သာရယ်။

"ကောင်းပြီလေ သာ … ပန်းစည်းလေးမှာ အပြစ်မရှိတာကို ကိုယ်လက်ခံလို့ရပေမယ့် မဟာရန်ဆိုတဲ့ကောင်ရဲ့ ဖြောင်စိန်ခေါ်မှုတွေကိုတော့ ကိုယ်လုံးဝ လက်မခံနိုင်ဘူး သာ … သာ့ဆီက အချစ်ကိုရဖို့ ဒီကောင်နဲ့ပြိုင်ရမယ်ဆိုလည်း … ကိုယ်ပြိုင်မယ် … ကိုယ်ဒီကောင့်အကြောင်းကို မသိမသာစုံစမ်းကြည့်တော့ … ငယ်ငယ်လေးတည်းက ဒီကောင်က တအားဆိုးလာတာတဲ့ … အဖွားရဲ့ မာနကကြီးသလို … သူလိုချင်တာရှိရင်လည်း မရ ရအောင်ယူတတ်တဲ့ ကောင်တဲ့ …"

ဒါကတော့ …

မဟာရန် ဘယ်လောက်ဆိုးတယ်ဆိုတာ … သာ့ရဲ့ ကိုယ်တွေ့ပဲလေ …

အိမ်ပြန်ရောက်လို့ … ဒီအကြောင်း စုစုကိုပြန်ပြောလိုက်တော့ …

"ဟယ် … ဒါဆို … ဒီပန်းစည်းလေးက … ကိုကြီး မဟာရန်ပေးလိုက်တဲ့ ပန်းစည်းလေးပေါ့ … ဟုတ်လား ဟင် … မမ"

"ရှူး … တိုးတိုး … ပြောလေ … စုစု"

"ဟင် … ဘာဖြစ်လို့လဲ …"

"ဒက်ဒီနဲ့ မာမီသိမှာစိုးလို့ …"

"မမရယ် …"

ချုပ်ချယ်မှုတွေကြားမှာနေရသည့် သူမရဲ့ ဘဝလေးကိုတော့ စုစုက နားလည်နေပါလိမ့်မည်။ သူမ ဘာလုပ်လုပ် မျက်ဝန်းပေါင်း





များစွာက သူမကို စောင့်ကြည့်နေကြတာလေ … ။

"သာရေ … သိမ်မွေ့သာ …"

"ဟင် … မာမီခေါ်နေပြီ …"

ကျောင်းကအပြန်မှာ ပန်းစည်းလေးကိုကိုင်ပြီး အပေါ်တက်ကို ပြေးတက်သွားတာမြင်လို့ မာမီလိုက်တာများလား …

"သာ အခန်းထဲမှာရှိတယ်လေ မာမီ … ဘာဖြစ်လို့လဲ"

"ဒီမှာလေ … စောစောကပဲ သမီးသူငယ်ချင်း မောင်ဆန္ဒညီရဲ့ မေမေက မာမီ့ဆီကို Phone ဆက်သွားတယ်လေ"

"ရှင် … မာမီ"

မာမီပြောလိုက်တော့ … ။

စိတ်ထဲမှာ နည်းနည်းလေးတော့ ထူးဆန်းသွားသည်။

ဆန္ဒညီရဲ့ မေမေက Phone ဆက်သွားတယ်တဲ့ … ။

ဆန္ဒညီရဲ့ မေမေက မာမီနဲ့ခင်မင်းရင်းနှီးတာလည်း မဟုတ်ဘဲနဲ့ … ဘာဖြစ်လို့ တကူးတက ဆက်လာရတာလဲ … ။

အကြောင်းရှိလို့လား …

"ဆန္ဒ … ဆန္ဒညီမေမေက ဘာလို့ဆက်တာလဲ"

"သူ့သား ဆန္ဒညီနဲ့ သိမ်မွေ့သာကို သဘောတူပေးပါတဲ့လေ …"

"ဘုရားရေ … မာမီ့ကို အဲလိုကြီး ပြောသွားတာလား"

သာဖြင့် အံ့သြလွန်းလို့ …

မျက်တောင်ရှည်လေးတွေ ခပ်ဖို့တောင် သတိမရ … ။

တောင်းဆိုစရာလားဟင် …

သာနဲ့ ဆန္ဒညီက သူငယ်ချင်းတွေပဲ ဥစ္စာ …



www.burmeseclassic.com

www.burmeseclassic.com



ပြဿနာပဲ ...

"ပြောသွားတယ်လေ ... ပြောသွားလို့ ... ညည်းလေးဆီကို မာမီပြန်တက်လာတာ ... ညည်းလေး ... ညည်းလေးနဲ့ မွေးနေ့ပွဲ ကိုလာသွားတဲ့ ဆန္ဒညီဆိုတဲ့ ကောင်လေး ... ဘာတွေဖြစ်ကုန်ကြ ပြီလဲဟင် ... မာမီ့ကို အမှန်အတိုင်းပြောစမ်း ... "

"ဟင် ... သာနဲ့ ဆန္ဒညီနဲ့က သူငယ်ချင်းတွေပေါ့ မာမီရဲ့"

"ဟုတ်ရဲ့လား ... ဟုတ်ရဲ့လား ... ညည်းလေး မာမီကို မညာနဲ့နော် ... "

"အဟင့် ... ဒုက္ခပါပဲ"

သာ မာမီယုံအောင် ဘယ်လိုပြောရပါတော့မလဲ ... ။

မာမီက ... မသင်္ကာတဲ့ မျက်လုံးတွေနဲ့ ကြည့်နေတာလေး

"သူ ... သူနဲ့သာက ချစ်သူတွေမှ မဟုတ်တာလေ ... မာမီ ဆယ်တန်းမှာ စ,တွေ့ကတည်းက ရိုးရိုးသားသား သူငယ်ချင်းတွေ လိုပဲ ခင်လာခဲ့တာ ... သာ မာမီ့ကို မလိမ်ရဲပါဘူး ... "

"အေး ... ဆန္ဒညီရဲ့ မေမေကတော့ သားချစ်တဲ့သိမ်မွေ့သာ လေးနဲ့ လူကြီးချင်းစေ့စပ်ထားပါရစေဆိုပြီး ... မာမီ့ကို ပွင့်ပွင့် လင်းလင်းလေးပဲ တောင်းဆိုသွားတယ် ... သူတို့ဘက်က တော်တော်လည်း ချမ်းသာကြတဲ့ပုံပဲ ... မာမီတို့ ချမ်းသာတယ် တာထက်တောင် ပိုသာမယ်ထင်တယ် ... ကမ္ဘာအေးဘုရားလမ်း ပေါ်က ကားရှိုးရှမ်းဖွင့်ထားတဲ့ ခြံဆိုရင် ... သိန်းပေါင်းသောင်း တန်နေတာ ... "

"ဟာ ... သာ အဲဒါတွေ မမက်ပါဘူး မာမီ ... "

"မမက်လည်း ဘယ်လိုလုပ်မလဲ ... သူ့ရဲ့ တစ်ဦးတည်





သော သားတော်မောင် ဆန္ဒညီက အခုတလော မအိပ်နိုင် မစားနိုင် တမှိုင်မှိုင် တတွေတွေဖြစ်နေလို့တဲ့ ... ဒီဘက်က မိဘတွေကသာ သဘောတူ ကြည်ဖြူမယ်ဆိုရင် စေ့စပ်ပွဲကြီးကို ဆိုဒိုးနားလိုဟိုတယ် ကြီးမှာ တခမ်းတနား တင့်တင့်တယ်တယ် ကျင်းပပေးပါ့မယ်တဲ့"

"အဲဒါ ... အဲဒါ မာမီက ဘယ်လိုပြန်ပြောလိုက်လဲ ... "

"ဟဲ့ ... ဘယ်လိုပြောရမလဲ ... လူကြီးလူကောင်းပီပီ စဉ်းစားပါရစေလို့ပဲ ပြောလိုက်ရတာပေါ့ ... "

"ဟုတ် ... ဟုတ်တယ် မာမီ ... ဆန္ဒညီက သာ့ကို ဖွဲဖွဲ လန်းလန်းလေးနဲ့ တစ်ဖက်သတ်လေး ချစ်နေတာ ... သာ့ကို လည်း ဖွင့်ပြောပြီး အချစ်ကိုတောင်းတယ် ... သာက အချစ်ဆိုတာ ကို နားမလည်လို့ ... ခေါင်းအမြဲခါပြီး ငြင်းနေရတာလေ ... မာမီ"

"မာမီ တစ်ခုပဲပြောချင်တာက ... သီးချိန်တန်သီး ပွင့်ချိန် တန်ပွင့်ဆိုတဲ့ စကားက ... မာမီတို့ မြန်မာရှိတယ် ညည်းလေး လည်း မကြာခင်မှာ ဘွဲ့ရတော့မှာ ... ဒါကြောင့်မို့ ညည်းလေးရဲ့ အနာဂတ်ဘဝ သာယာလှပရေးအတွက် စဉ်းစားပေးရမယ့် တာဝန် နဲ့ မာမီတို့မှာရှိလာပြီ ... ညည်းလေး ဒက်ဒီ ကုမ္ပဏီကပြန်လာမှ သူ့ကိုဖွင့်ပြောပြီး ဒီကိစ္စကို တိုင်ပင်မယ် ... ဒါနဲ့ နေပါဦး ဟိုစားပွဲ ပေါ်မှာ တင်ထားတဲ့ ပန်းစည်းလေးက ဘယ်သူပေးလိုက်တာလဲ"

"ရှင် ... မာမီ"

ကြည့်စမ်း ...

မာမီမြင်မှာစိုးလို့ သာ့ကိုယ်လေးနဲ့ ဒီလောက်ကွယ်ထား တာတောင် မဟာရန်လက်ဆောင်ပေးလိုက်တဲ့ ပန်းစည်းလေးကို

www.burmeseclassic.com

www.burmeseclassic.com



မာမီက တွေ့ဖြစ်အောင် တွေ့သွားပြီ ...

"ဟဲ့ ... စုစု ဒီကိုယူလာပြီး မာမီချစ်ကို ပြစမ်း ..."

ပြဿနာပဲ ...

မာမီ မသက်သာဖြစ်နေပြီ ...

"ဟဲ့ ... စုစု နင့်ကိုငါပြောနေတယ်လေ ..."

စုစုကလည်း ခေါင်းလေးကုတ်လိုက် နားရွက်လေးကိုင်လိုက်နဲ့ စုစုမျက်နှာပျက်နေတာ အရမ်းသိသာနေသည်။

"ဟို ... ဟိုလေ အန်တီချစ်"

"ပြစမ်း ..."

စုစုလက်ထဲက ပန်းစည်းကို မာမီအတင်းဆွဲယူကြည့်သည်။

"ဟဲ့ ... ပန်းစည်းလေးမှာ စာတန်းလေးတောင် ရေးထားသေးပါလား ... ချစ်သော သိမ်မွေ့သာအတွက် ... မဟာရန်တဲ့"

သွားပါပြီ ... သွားပါပြီ။

စက္ကူဖြူလေးမှာ တိတ်ကလေးနဲ့ ပတ်ထားတဲ့ စာတန်းလေးကိုလည်း မာမီ မျက်လုံးပြူးပြူးကြီးနဲ့ ဖတ်မိသွားပြီ။

"ညည်းလေး ... ညည်းလေး ... ငါ့ကို အမှန်အတိုင်းပြောစမ်း ... မဟာရန်ဆိုတာ ဘယ်သူလဲ ... ခုပဲ ဆန္ဒညီ မေမေက ပြောလို့ စိတ်ရှုပ်နေရတဲ့ကြားထဲ အခု မဟာရန်ဆိုတဲ့ နောက်တစ်ယောက်က ပေါ်လာပြန်ပြီ ..."

"အား ..."

မာမီက ခြေသွက်လက်သွက်နဲ့ ပန်းစည်းလေးကိုကိုင်ပြီး သာ့ ပခုံးစွန်းလေးကို လှဲရိုက်ချလိုက်တာမို့ သာ့ ... မျက်နှာလေးက ရှုံ့မဲ့သွားသည်။





ဒါကိုတောင် မာမီက မျက်နှာရဲရဲလေးနှင့်ကြည့်တာ ... ။

"ပြောစမ်း ... ပြောစမ်း ... မဟာရန်ဆိုတာ ဘယ်သူလဲ"

"အဟင့် ... သာ့ကို မရိုက်ပါနဲ့ မာမီရဲ့ ... မဟာရန်ဆိုတာ ဟိုတစ်ခါ ခြံရှေ့မှာ အမှတ်တရမွေးနေ့ လက်ဆောင်လာတောင်းတဲ့ သူပါ ... မာမီအော်ထုတ်လိုက်လို့ ပြည်လှည့်ထွက်သွားခဲ့တာလေ ... ။

"ကြည့်စမ်း ..."

"သူ ... သူက ကျောင်းထဲမှာတွေ့ပြီး ... ဒီပန်းစည်းလေးပေးသွားလို့ ... သာ ... သာ ရိုးရိုးသားသားယူလာခဲ့မိတာပါ မာမီရယ် ... အဟင့် ... ဟင့်"

မာမီ့ရှေ့မှာ သာ မျက်ရည်ကျရပါပြီ ... ။

ဒီနေ့ဟာ ဘာကြောင့်မှန်းမသိဘဲ ကျောင်းကပြန်လာတဲ့ အချိန်တစ်လျှောက်လုံး သာက ငိုချင်နေခဲ့တာလေ ... ။

အဲဒါ ... မဟာရန်ကြောင့် မဟုတ်ရင် ဘယ်သူ့ကြောင့် ဖြစ်ရမှာလဲ ... ။

ဒီကြားထဲ ဆန္ဒညီ ပြဿနာရှာတာက တစ်မျိုး ...

မာမီရိုက်တာကို ခံလိုက်ရတော့ပိုဆိုးသွားသည်။

"ညည်းလေး ... ညည်းလေး ... မိဘကွယ်ရာမှာ ဖြစ်ချင်တိုင်းဖြစ်မနေနဲ့ ... ညည်းလေးကို ငါစိတ်မချတော့ဘူး၊ ယောကျ်ားလေးတစ်ယောက်ကပေးတဲ့ လက်ဆောင်တွေ ဒီလို လက်ခံယူလာတာကိုလည်း ငါတို့ ခွင့်မပြုနိုင်ဘူး ... ဟဲ့ စုစု ... ဒီပန်းစည်းကို ယူသွားပြီး ... နောက်ဖေးက အမှိုက်ပုံးထဲကို ပစ်ထည့်လိုက်စမ်း"

"ဟုတ် ... အန်တီချစ် ..."



www.burmeseclassic.com

www.burmeseclassic.com



"အပျော် ... ဟင့် ... ဟင့်"

သာ မတ်တတ်လေးရပ်ရင်း မျက်နှာလေးကို လက်ဝါးလေး ဖြင့်အုပ်ကာ ရှိုက်ငိုလိုက်မိသည်။ မဟာရန်ရယ် ... ရှင် ကျွန်မကို အရမ်းဒုက္ခပေးတယ်သိလား ... ။

ရှင့်ကြောင့် ...

မာမီစိတ်တိုပြီး ... ဆန္ဒညီနဲ့ ဧစစပ်ပွဲကို လက်ခံလိုက်ရင် ကျွန်မ ငြင်းလို့ရမှာ မဟုတ်တော့ဘူးလေ ... မဟာရန်။

အဲလိုသာ ... ဖြစ်သွားလို့ကတော့ ...

ရှင့်ကို ကျွန်မ အရမ်းမုန်းမိမှာသေချာတယ် ...

ဟုတ်တယ် မဟာရန် ... ။

ရှင့်ကို ... ကျွန်မ သိပ်မုန်းတယ် ... ။

အခန်း ( ၉ )

"ဟာ ... ဟာ"

"ကျွိ ... ကျွိ ... "

"ကြည့်စမ်း ... တော်တော် မိုက်ရိုင်းတဲ့ကောင်"

ကားလေးကို ကိုယ်တိုင်မောင်းလာတဲ့ ဒက်ဒီ။

နောက်ကနေ အတင်းကျော်တက်လာတဲ့ ကားတစ်စီးကို ..တ်တိုက်မိသွားမှာစိုးလို့ ... ဘရိတ်အုပ်ကာ ... မနည်းရှောင်လိုက် ..တာလေ ... ကျော်တက်သွားတဲ့ ကားလေးကိုကြည့်ပြီး မေတ္တာ ..သိုက်တဲ့ ဒက်ဒီအသံက ဒေါသလေးတွေနဲ့ ရောစွက်လို့ ...

"အို ... ကြည့်စမ်း"

သာကတော့ ... ကျော်တက်သွားတဲ့ ကားလေးပေါ်ကနေ ..ဆ်ခဲ့လှည့်ကြည့်သွားတဲ့ မျက်ဝန်းလေးတစ်စုံကြောင့် မျက်ဝန်း ..သားတွေ ပြူးကျယ် ပိုင်းစက်ကာ တစ်ကိုယ်လုံးပါ အေးစက်သွား ..သည်။

မဟာရန် ... ။



www.burmeseclassic.com

www.burmeseclassic.com



မဟာရန်ရလေ ... ။

နီညိုရောင် ရှပ်အင်္ကျီလက်ရှည်လေးနဲ့ ...

ကားကို ကျော်တက်ရင်း သူ့ကို ချာခနဲလှည့်ကြည့်သွားတာ ... ။

"ဒုန်း ... "

"ကျွီ ... ကျွီ ... "

"ဟာ ... တိုက်ပြီ"

"ခွမ်း ... ခလွမ်း"

"သွားပါပြီကွာ ... "

ဒက်ဒီ မေတ္တာပို့လို့ မဆုံးခင်မှာပင် ... ။

ဒက်ဒီ့ကားရှေ့ ထောင့်စွန်းထိပ်နဲ့ မဟာရန်ကား နောက်ဘက် ထောင့်စွန်းထိပ်လေး ဒုန်းခနဲဝင်ဆောင့်မိသွားသလို ... ကားနောက် မီးခွက်ကွဲသွားသံကပါ ခွမ်းခနဲနေအောင် အသံပေါ်ထွက်လာသည်။

"တောက် ... ဒီကောင် သက်သက်မဲ့ ရှေ့ကနေဖြတ်ဝင်တာ"

ဒက်ဒီက ရှူးရှူးရှားရှားနဲ့ ကားပေါ်ကနေ ဒေါသတကြီး ဆင်းသည်။ မာမီက ... အထိတ်တလန့်လေးနဲ့ ဒက်ဒီ့ကိုလှမ်းတား၏။

"ကိုအောင် ... ရှင် ဒေါသမကြီးနဲ့လေ"

"ဟာ ... မကြီးလို့ ရမလားကွ၊ ကားကို အတင်းကျော်တက်ပြီး ဖြင်နဲ့မလွတ်တာကို အတင်းဝင်လာတာလေ ... ဒီကောင်မှားလို့ ငါတိုက်မိသွားတာ ... လျော်နိုင်းလို့ကတော့ လက်သီးပဲရမယ် ...





ဆော့ကောင် ... မင်း ဘာဖြစ်ချင်သလဲပြောစမ်း ... "

မဟာရန် ... ။

သူကလည်း ကားပေါ်ကနေ ဆင်းလာပြီး ... ။

"အန်ကယ်ရာ ... အန်ကယ် ဘာလို့ဒီလောက်တောင် ဒေါသတွေ စွတ်ကြီးနေရတာလဲ ... အခုဖြစ်တာ ကျွန်တော့်ကားက အန်ကယ့်ကားကို တိုက်မိတာ မဟုတ်ဘူးနော် အန်ကယ် ... အန်ကယ်က ကျွန်တော့်ကားကို နောက်ကနေဝင်ကြုံးတာ ... "

"ဟော့ကောင် ... ဝင်ကြုံးတာ မင်း မဟားဒယား ဖြတ်ဝင်ကြုံးတာလေ ... ကားတွေ ဒီလောက်ကပ်နေတာ မင်း ... နားလည်ဘူးလား ... "

"တီ ... တီ ... တီ"

"တီ ... တီ ... တီ"

ကားတွေရပ်ပြီး လမ်းတွေပိတ်ကုန်တော့ ...

နောက်ကားတွေက ဟွန်းတွေ အသားကုန် တီးကုန်ကြသည်။

သူ့မှာတော့ ... ကားထဲမှာပင် အသားတွေတုန်ကာ တစ်ကိုယ်လုံး အေးစက်လျှက် ... မဟာရန်ရယ် ... ရှင် ... ရှင် ဘယ်လိုရည်ရွယ်ချက်နဲ့ ... ပြဿနာ မဖြစ်ဖြစ်အောင် ဝင်ဖန်တီးလိုက်ရတာလဲဟင် ... "

ဒါဟာ ... ရှင့်ရဲ့ မရိုးသားတဲ့လုပ်ရပ်ဆိုတာ ကျွန်မသိလာ သာ ပိုပြီးတော့ ...

စိုးရိမ်ထိတ်လန့်မိတာက ...

မာမီက ... မဟာရန်ဆိုတဲ့ လူတစ်ယောက်ကို မှတ်မိ



www.burmeseclassic.com

www.burmeseclassic.com



မှာကိုပင် ... ညည်း မဟာရန်ကို မြင်ဖူးပါတယ်ဆိုတဲ့ သဘောလေး နဲ့ မျက်မှောင်လေး ကုတ်ကြည့်ကာ မာမီပါ ... ကားတံခါးဖွင့်ကာ ဆင်းသွားသည်။

ခုက္ခပါပဲ ...

ဒက်ဒီက ဒေါသဖြစ်ဖြစ်နဲ့ မဟာရန့်ကို ထိုးတော့မယ်ထင် တယ် ... ဒါမျိုးဆို ဒက်ဒီနည်းနည်းလေးမှ သည်းမခံတတ်တာ သ က အသိဆုံးလေ ... ဒက်ဒီက ဒေါသတကြီးနဲ့ ရှူးရှူးရှားရှား ဖြစ် တော့ ပတ်ဝန်းကျင်က လူတွေပါ ဝိုင်းအုံလာသည်။

"အန်ကယ် ... အဓိပ္ပါယ်မရှိတာတွေပြောပြီး စွတ်ဖောင် မနေနဲ့ ... အရေးကြီးတာ ကျွန်တော် အန်ကယ်နဲ့မရှင်းဘူး၊ ရဲနဲ့ ရှင်းမယ် ... ရဲကိုခေါ်လိုက်ပါ အန်ကယ် ... ဘယ်သူမှန်တယ် ဘယ် သူမှားတယ်ဆိုတာ ရဲရောက်လာမှ ... ပေကြိုးနဲ့ဆွဲပြီး ကျွန်တော် ရှင်းမယ် ... အန်ကယ်လည်း မသွားနဲ့ ကျွန်တော်လည်း မသွားဘူ"

"ဟေ့ကောင် ... ဥပဒေနဲ့ရှင်းမယ်ဆိုတဲ့စကား မင်းပါ လာမပြောနဲ့ ... အခုဖြစ်တာ မင်းအတင်းဖြတ်ကျော်ပြီး ဝင်လာ ဖြစ်တာလေ ... မင်း ... တမင်အကျင့်ယုတ်လိုက်တာ ငါသိတ ဟေ့ကောင် ... "

"ဟာ ... အန်ကယ် ... ရန်ကုန်မြို့ထဲမှာ ကားတွေအရ ကြပ်နေလို့ ဒီလိုပဲကတ်သီးကတ်သက်လေး မောင်းနေရတာ နောက်ကနေ မတိုက်မိအောင် အန်ကယ်ဆင်ခြင်ပေါ့ ... ကျွန်တေ ကတော့ အန်ကယ်တိုက်မိတာကို လုံးဝ ကျေအေးမပေးနိုင်ဘူ အန်ကယ် ... စခန်းမှာ ကျွန်တော်အမှုဖွင့်မယ် ... "

"ဘာ ... ဘာပြောတယ်"





ဒက်ဒီ မဟာရန့်ရှင်ဘတ်က အင်္ကျီကော်လံတွေကို ချုပ်ကိုင် ပစ်လိုက်ပြီ ... ။

"ကိုအောင် ... မလုပ်နဲ့ မလုပ်နဲ့ ဒီကောင်လေးကို မြင်ဖူး ပါတယ်ဆိုပြီး ကျွန်မကြည့်နေတာ ... မင်း ... မင်း ... အန်တီတို့ ခြံရှေ့ကို လာသွားတဲ့ကောင်လေးမို့လား ... မဟာရန်လေ ... သမီး မလိုချင်တဲ့ မွေးနေ့လက်ဆောင် ပန်းစည်းလေးကို ကျောင်းထဲအထိ လိုက်ပြီး ... မင်းပေးသွားတာလေ ... မင်း မလိမ်နဲ့ ... "

"ဩော် ... အန်တီက ကျွန်တော့်ကို မှတ်မိနေတာပဲ"

"ဒါ ... ဒါ ... အန်တီတို့သွားမယ့်ခရီးစဉ်ကို မပျက်ပျက် အောင် မင်းက ဝင်နှောက်ယှက်တာပေါ့လေ ... မင်း ဘယ်လို ရည်ရွယ်ချက်တွေနဲ့ ဒီလိုလုပ်လိုက်တယ်ဆိုတာ ... အန်တီ သဘော ပေါက်တယ် မဟာရန် ... ကဲ ... ကိုအောင် ဒီပြဿနာကို ဒီကောင် လေး ကြိုက်သလိုရှင်းပါစေ ... မောင်ဆန္ဒညီရဲ့ မိဘတွေဖိတ်ထား တဲ့ နှစ်ဘက်မိဘ မိတ်ဆုံစားပွဲကိုလည်း ရှင် Phone ဆက်ပြီး ဖျက် လိုက်တော့ ... "

"တောက် ... တော်တော်ရိုင်းစိုင်းတဲ့ကောင်"

ဘာပဲ ပြောပြော ...

အစီအစဉ်တွေ အားလုံးက တထိုင်တည်းမှာဘဲ ပျက်သွား သည်။

ဒါကိုသိတော့ ... ဒေါ်ပွသွားရတာ ဆန္ဒညီပါ ...

မဟာရန်ဆိုတဲ့ ကောင်ဆီကို Phone ကောက်ဆက်ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဘက်စိန်ခေါ်ကြတဲ့ အဆင့်အထိ ဖြစ်သွားသည်။

"ဘယ်လိုလဲ ... မဟာရန် မင်းစိတ်ဓာတ်က တော်တော်လေး အောက်တန်းကျလှချည်လား ... ဒီလို ကဖျက်ယဖျက် ဝင်လုပ်တာ မင်းမရှက်ဘူးလား ... မင်း နေရာမှာ ငါသာဆို ကိုယ့်မျက်နှာကိုယ် ဇရဲမီးနဲ့ ပက်လိုက်ပြီးသားပဲ ... ။

"Sorry ပဲ ... ဆန္ဒညီ"

သူကလည်း ဂရုမစိုက်ပါဘူး။

ဒီပွဲမှာ သူ့အရှုံးပေးလို့မှ မဖြစ်တာ ... ။

ဒီသတင်းကို အောင်ဝဏ္ဏပေးတာလေ။ ဆန္ဒညီနဲ့ သိမ်မွေ့သာကို လူကြီးချင်း စေ့စပ်ဖို့ ... ပထမဆုံးအကြိမ် တွေ့ဆုံကြတော့မယ်ဆိုလို့ ... သူတမင်ပွဲဝင်ကြမ်းပေးလိုက်တာ ... ဟိုစခန်းခေါ် ဒီစခန်းခေါ်လုပ်လိုက်တော့ ... ဒီပွဲစဉ်ဇယားက နောက်တစ်ပတ်ကို ရွှေ့လိုက်ရတဲ့အထိ ဖြစ်သွားတာပေါ့ ... ။

လွယ်လွယ်လေးပါ ... ။

မဟာရန်အတွက် ဒါဘာခက်လို့လဲ ...

ဆန္ဒညီ ... မင်းလောက်ကိုတော့ လက်ဖဝါးပေါ်တင်ပြီး ဟောဒီလိုရွှေ့ပစ်လိုက်လို့ ရတယ်ဆိုတာ ... သဘောပေါက်ထား။

"မင်း ... ဘာတွေပြောနေလည်းဆိုတာ ငါနားမလည်ဘူး ဆန္ဒညီ ... မင်း ဘာဖြစ်နေတာလဲ ... မင်း ဘာတွေဖြစ်ပေါက်ကွဲပြီးတော့ ငါ့ဆီကို ဆက်နေတာလဲ ... "

သူ့စိတ်ထဲက ရယ်ချင်နေပေမယ့် မရယ်နိုင်ပါ။





ခုချိန်မှာ ရှုံ့ရှုံ့ရှဲ့ရှဲ့လေးဖြစ်နေတဲ့ ဆန္ဒညီ အသံလေးကို နားထောင်နေရတာ အရသာလေးတော့ရှိသား ...

"ဟော့ကောင် ... မဟာရန် မင်း မသိချင်ယောင်ဆောင်ပြီး ခပ်တည်တည်နဲ့ လာရှီးမနေနဲ့ ... သာ့ ဒက်ဒီမောင်းလာတဲ့ကားကို အတင်းကျော်တက် ... အတင်းဖြတ်ဝင်လုပ်ပြီး ... မင်းပြဿနာဝင်ရှာလိုက်တာလေ ... အဲဒါ လူကြီးတွေ အချိန်မှီ ရောက်မလာနိုင်တော့လို့ ... စီစဉ်ထားတဲ့ပွဲက အရုပ်ဆိုး အကြည်းတန်သွားအောင်ပဲ ဖျက်သွားခဲ့တယ် ... "

"အေး ... ပျက်သွားတော့ မကောင်းဘူးလား ဆန္ဒညီ ... နတ်တွေ သိကြားတွေက ဂုဏ်ပကာသနတွေ ငွေတွေ ... စည်းစိမ်ဥစ္စာပိုင်ဆိုင်မှုတွေပြပြီး ရိုက်စားလုပ်ဖို့ ကြိုးစားတဲ့ မင်းကို သင်ခန်းစာ ပေးလိုက်တာလို့ပဲ ငါကတော့ ထင်တယ် ... "

"ဘာ ... ဘာပြောတယ်ကွ ... မဟာရန်"

"မင်း တော်တော်ခြေလှမ်းသွက်တယ် ဆန္ဒညီ ... "

"ဟိတ်ကောင် ... "

ဆန္ဒညီပေါက်ကွဲနေတာ ... ဘယ်လိုမှ မခံစားနိုင်အောင် ဒေါပွနာကျင်နေရလို့ပါ ... နှစ်ဖက်မိဘတွေ ခင်ခင်မင်မင်ကလေးနဲ့ စကားပြောနိုင်အောင်ဆိုပြီး သိန်းချီအကုန်ခံပြင်ဆင်ထားတဲ့ မိတ်ဆုံစားပွဲလေးက ပျင်းရိငြီးငွေ့ဖွယ်ရာ ဖျက်သိမ်းလိုက်ရတာလေ။

ဒါကို ဖန်ဆင်းသွားတဲ့ အဓိက တရားခံက ...

မဟာရန် ... ။

"ငါ ... ခြေလှမ်းသွက်တာ နှစ်ဖက်မိဘတွေက လက်ခံလို့



www.burmeseclassic.com

www.burmeseclassic.com



ခြေလှမ်းသွက်တာလေ … မဆီမဆိုင် မင်းကြားထဲကနေ ဂျေဝင်မနေနဲ့ … အခု မင်းလုပ်တဲ့လုပ်ရပ်က လုံးဝအဆင့်အတန်းနိမ့်သလို လုံးဝလည်း အောက်တန်းကျတယ် … ”

“ဟောကောင် … ကိုယ့်ကို မချစ်နိုင်ပါဘူးလို့ တစ်သက်လုံး ငြင်းလာတဲ့ ကောင်မလေးတစ်ယောက်ကို ခြံတွေ ကားရှိုးရှမ်းတွေ ဂုဏ်ပကာသနတွေပြပြီး ခပ်တည်တည်လေးနဲ့ သိမ်းပိုက်ဖို့ ကြိုးစားတဲ့ကောင်က အထက်တန်းကျသလား … ”

“မဟာရန် … မင်း ငါ့ကို မစော်ကားနဲ့နော်”

“စော်ကားတာ မဟုတ်ဘူး ဟောကောင် … မင်းကို အတိအကျ စွပ်စွဲနေတာ … မင်းလို လူကြီးတွေနဲ့ဝိုင်းပြီး သိမ်းပိုက်စတမ်းဆိုရင် … သိမ်မွေ့သာကို ကမ္ဘာဖာစ်ပတ်ပတ်ပြီး လက်ထပ်ယူသွားလို့ရတယ်ဆိုတာ … မင်း သဘောပေါက်ထား … ကမ္ဘာပေါ်မှာ ရှိသမျှ ဘယ်အကောင်းဆုံးဟိုတယ်မှာ လက်ထပ်မလဲ … မဟာရန် စာမဖွဲ့ဘူးဆိုတာ … မင်းယုံထား၊ ငါကတော့ မင်းအစား တအားရှက်တယ် … ဆယ်တန်းကျောင်းသား ဘဝကတည်းက ကောင်မလေးရဲ့ ထီးကိုကိုင်ပေးရ … ဖိနပ်ကိုင်ပေးရနဲ့ လိုက်ခဲ့တာတောင် ဟိုက မင်းကို အချစ်တွေတုန့်ပြန်ခဲ့လို့လား … ဘုရားပေါ်မှာ တွေ့တုန်းကလည်း ပခုံးလေးတိုက်လိုက် … ခေါင်းလေး ပုတ်လိုက်နဲ့ သိမ်မွေ့သာကို အောက်တန်းကျတဲ့ နည်းတွေနဲ့ မင်း စည်းရုံးနေတာ … ”

“ဘာ … ဘာပြောတယ်”





Hand Phone လေးကို နားမှာတပ်ရင်း ဆန္ဒညီ ဗွေ့ဗွေ့ခုန်ရပြန်ပြီ။

“ဒီမှာ ဆန္ဒညီ … ”

သူကတော့ အေးအေးဆေးဆေးပဲပြောနေတာပါ … ။

ပြောရင်း … နှုတ်ခမ်းလေးမဲ့သွားကာ ပခုံးလေးတွန့်သွားသာကတော့ မဟာရန်ရဲ့အကျင့်ပဲလေ … ခံစားချက်တွေ အထွတ်အထိပ်ရောက်လာပြီဆို တစ်ကိုယ်လုံးသွေးတွေပူနွေးလာတတ်တာ လည်း မျက်နှာလေးရဲလာရတဲ့အထိ … ။

“အရင်တုန်းကတော့ အချစ်ဆိုတာကို ငါမသိဘူး … အချစ်ဖွဲ့သီထားတဲ့ အရောင် အဆင်း အနံ့ အရသာတွေကိုလည်း ငါ ခွဲခြားတတ်ဘူး … အေး … သိမ်မွေ့သာကိုတွေ့မှ ငါသိလိုက်တာ အချစ်မှာ မယုံနိုင်စရာကောင်းတဲ့ ဆန်းကြယ်ခြင်းတွေရှိတယ် သက်ရှူရပ်သွားမတတ် … ညို့အားပြင်းတဲ့ ဆွဲဆောင်ခြင်းတွေ တယ် … ဒါတွေကို ငွေနဲ့လဲပြီး ဝယ်လို့ရမယ် မင်းထင်သလား”

“မင်းလဲသေလိုက် မဟာရန် … ”

“ဟား … ဟား”

“အချစ်ကို … မင်းထက် ငါ ပိုသိတယ်”

“ဟား … ဟား”

သူ့ ခပ်လျောင်လျောင်လေးနဲ့ ခွက်ထိုးခွက်လှန်လေးပဲ ခေါင်းလေးမော့ကာ အော်ရယ်ချမိသည်။ ဆန္ဒညီရာ မင်း ငါ့ကိုလာများ



www.burmeseclassic.com

www.burmeseclassic.com



စမ်းပါနဲ့ ... အချစ်ဆိုတာကို မင်း မသိလို့ ... သိမ်မွေ့သာဆိုတ
အချစ်ကို မင်းမရခဲ့တာလေ ... ။

"မင်း ... မင်း ... ဘယ်လိုရယ်သံမျိုးနဲ့ရယ်ပြီး ငါ့ကိုရှုံ့ချ
တာလဲ ... မဟာရန်၊ သိမ်မွေ့သာက မင်းထက်စာရင် ငါ့ကို
သံယောဇဉ်ပိုရှိတယ်ဆိုတာ မင်းနားမလည်ဘူးလား ... ယောကျ်ား
ကောင်း ယောကျ်ားမြတ်ဆိုတာ စည်းစောင့်တယ် ... ကျင့်ဝတ်
ဂုဏ်သိက္ခာကို အရှက်တရားနဲ့လဲရတဲ့ အလုပ်မျိုး ဘယ်တော့
မလုပ်ဘူး ... အဲဒါတော့ မင်းသဘောပေါက်ထား မဟာရန် ... အ
မင်းလုပ်နေတဲ့ လုပ်ရပ်တွေက သိပ်ကိုကြီးကျယ်မြင့်မြတ်နေတယ်
လို့ မင်းက ထင်လို့လား ... "

ဆန္ဒညီကလည်း အညှံ့မခံပါ ...

သူ့ပခုံးလေးတွန့်ကာ ရယ်လိုက်ရပြန်ပြီ။

"အဟင်း ... ကြီးကျယ်မြင့်မြတ်တယ်လို့ ထင်နေတာ
မင်းက ထင်နေတာလေ ... ဆန္ဒညီ ... မိန်းကလေးတစ်ယောက်
သဘောဆန္ဒ မပါဘဲ ... လူကြီးတွေနဲ့ သိမ်းပိုက်ဖို့ကြိုးစားခဲ့တာ
ငါက ရှုံ့ချနေတာ ... ဟွန်း မင်းမယုံရင် စောင့်ကြည့်လိုက် ဆန္ဒ
တစ်ပြားတစ်ချပ်မှ မသုံးပဲ သိမ်မွေ့သာကို ငါရအောင်လက်ထပ်
မယ် ... "

"ဟာ ... ဟုတ်ကောင် ... ငါတို့က ရှေ့တစ်ပတ်ထဲမှာ စေ့
တော့မှာ အရှက်မဲ့တဲ့လုပ်ရပ်တွေကို မင်းရပ်တန်းက ရပ်သင့်
မဟာရန် ... "





"ကိုင်းကြီးကြီးမှာ ... မင်းနားလိုက် ဆန္ဒညီ"

"ဘာပြောတယ် ... "

ဆန္ဒညီ မျက်တောင်တွေပင့်တက်ရပြန်ပြီ။

"တီ ... တီ"

"ဟုတ်ကောင် ... မဟာရန် ... "

"မဟာရန် ... "

Phone အဆက်အသွယ်က ပြတ်တောက်သွားသည်။

သူပြန်ခေါ်တော့လည်း မဟာရန်က Phone မကိုင်တော့။

"တောက် ... "

တောက်တစ်ချက်ကိုပဲ ...

ခပ်ပြင်းပြင်းလေးခေါက်လိုက်မိတာ ဆန္ဒညီပါ ...

ဒါကို ... မင်းသန့်က ပင့်သက်ချကြည့်ကာ ...

"မဟာရန် ဘာပြောသွားလဲ ... "

"သိမ်မွေ့သာကို ရအောင် လက်ထပ်ပြမယ်တဲ့ ... "

"ဒီကောင်ကွာ ... "

ကောင်းမြတ်ထွန်းကလည်း မကျေနပ်ပါ ... ။

သို့သော် ... ဘာတတ်နိုင်မှာလဲ ...

လွတ်လပ်တဲ့ မိန်းကလေးတစ်ယောက်ကို လွတ်လပ်တဲ့ ယောကျ်ားလေးတစ်ယောက်က ... အချိန်မရွေး နေရာမရွေး လက်ထပ်ခွင့် တောင်းဆိုနိုင်တာပဲ။ သူငယ်ချင်းတွေ အားလုံးက တော့ သူ့ဘက်ကပဲနာနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်ဆို ...

လူကြီးချင်းတွေ့ဆုံကြတဲ့ ပွဲကလေးက ဂုဏ်သိက္ခာရှိရှိလေးနဲ့ ပြီးသွားသင့်တာလေ ... ဒါကို မဟာရန်က လက်ဦးမှုယူပြီး အကွက်ချ တိုက်ခိုက်သွားခဲ့တာပါ ... ဒီပွဲမှာ နိုင်သွားတာလည်း မဟာရန်ပဲပေါ့ ...

"ငါတို့ကတော့ မဟာရန်ဆိုတဲ့ကောင်ကို လုံးဝမကျေနပ်ဘူး ဆန္ဒညီ ... ဒါနဲ့ ပြောပါဦး သိမ်မွေ့သာ အခြေအနေက ဘာတဲ့လဲ မင်းနဲ့တွေ့ပြီး စကားတွေပြောဖြစ်သေးလို့လား ... "

ကြည်သာက မေးသည်။

"ပြောဖြစ်တာပေါ့ကွ ... "

"အပြင်မှာလား ... "

"ဟင့်အင်း ... Phone ထဲမှာ ... "

"သူ ... ဒီကိစ္စကို လက်ခံရဲ့လား ... "

"လက်ခံလား မခံလားတော့ မသိဘူး ... "

"ဟင် ... ဘာဖြစ်လို့လဲ"

"ငါပြောတော့ ... ငိုတယ်ကွ"

"ဟင် ... "

ငိုတယ်တဲ့ ... ။

ဘာလို့ ငိုတာလဲ ... လက်မခံနိုင်ခဲ့လို့လား ... ။

ကြည်သာ ... တအံ့တဩလေးတော့ ဖြစ်နေသည်။

နှစ်ဖက်လူကြီးတွေအားလုံး ဒီလောက်အဆင်ပြေနေတာ





တောင် ... ပြီးတော့လည်း သာနဲ့ဆန္ဒညီက အတွင်းသိအစင်းသိ ခင်မင်နေကြတဲ့ဥစ္စာ ... ။ အတူတွဲလာကြတဲ့ နှစ်တွေကပဲ နည်းလား ... ။

"ငါ စိတ်မကောင်းပေမယ့် ... အခြေအနေက မင်းတို့အားလုံး သိတဲ့အတိုင်းပဲလေကွာ ... မဟာရန်ကလည်း အရှမ်းဆိုးတယ် နှစ်ဖက်မိဘတွေ မဆုံနိုင်အောင် ပွဲကို ... မရှရအောင် ဖျက်သွားတာပဲကြည့် ... "

"ဟုတ်တယ် ဆန္ဒညီ ... ဒီကောင့်အကြောင်းကို ငါတို့သိပေမယ့် ... မင်းကို ဘယ်လိုပြောရမှန်း မသိလို့ မပြောခဲ့တာတွေ အများကြီးရှိတယ်ကွ ... "

"ဟင် ... ဘာ အကြောင်းတွေလဲ"

"ဒီကောင် သာ့ကိုရဖို့ ဉာဏ်နီဉာဏ်နက်တွေသုံးပြီး အမျိုးမျိုး ကြံစည်နေတာကို သိထားတာလေကွာ ... "

"ဟင် ... "

ဒါကိုတော့ ဆန္ဒညီ အံ့သြသွားရ၏။

"မနက်မိုးလင်းတာနဲ့ သာတို့အိမ်ရှေ့နားက မလှမ်းမကမ်း နေရာလေးမှာ ကားကိုရပ်ထားပြီး ... သာ့ကို ကျောင်းပို့တဲ့ကား ထွက်မလာမချင်း စောင့်နေတာတဲ့ကွ ... "

"ဟုတ် ... ဟုတ်လို့လားကွာ"

သာ့ဆီက ဒီအကြောင်းပြောသံ မကြားလို့ ဆန္ဒညီက မေး၏။

"ဟိုတလောကလည်း သာနဲ့သာတို့အိမ်က စုစုဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေး May MiNi Mart မှာ ဈေးထွက်ဝယ်တာကို ဆိုင်ထဲမှာ သူ့လက်ကိုဆွဲပြီး သူ့လက်ဖမိုးလေးကို အတင်းနမ်းသွားလို့တဲ့ ...”

“ဟာ ...”

ဒါကိုတော့ သူမျက်လုံးပြူးရပြီ ... ။

“အဲဒါ ... မင်း မသိလိုက်ဘူးမို့လား ... ဆန္ဒညီ ... ငါတို့ကလည်း တွေ့တဲ့လူက သတင်းအတိအကျပေးလို့ သိလိုက်တာ။ ဆိုင်ပိုင်ရှင် မမယုနဲ့လည်း မဟာရန်က တအားခင်တာတဲ့ ... ဖြစ်သွားတာလည်း မမယုရှေ့မှာဖြစ်သွားတာတဲ့ ... သိမ်မွေ့သာ ကလည်း ရှက်ပြီးတော့ ... မဟာရန့်ပါးကို ဖြန်းခနဲရိုက်ပြီး ခပ်ကြမ်းကြမ်းပဲ တုန့်ပြန်သွားတာ ...”

“တကယ် ... တကယ်လား ကြည်သာရာ ...”

သူ မယုံနိုင်တော့ မေးမိသည်။

“မင်း မယုံရင် May MiNi Mart က မမယုကို ကိုယ်တိုင်သွားမေးလေ ... မင်းကို မဟာရန်တအားဆိုးတဲ့အကြောင်း မမယုက ရှင်းပြလိမ့်မယ် ...”

“ဒီကောင် ... ဒီကောင် ... ကွာ ... ဟား ...”

သူ မျက်နှာရဲရဲလေးနဲ့ပဲ သက်ပြင်းအမောကြီးကို မှုတ်ထုတ်လိုက်ရပြန်ပါပြီ ... ။

သာကရော ...

ဒီအကြောင်းတွေကို သူတို့သိအောင် ဘာဖြစ်လို့ ပြန်မပြော





ခဲ့တာလဲဟင် ... သူ့မှာ လျှို့ဝှက်ထိမ်ချန်ထားစရာ အကြောင်းတွေ ရှိနေလို့လား ... ။

“အရေးကြီးတာကတော့ ... မဟာရန်ရဲ့လှုပ်ရှားမှုတွေကို စောင့်ကြည့်နေဖို့ပဲလေ ... ဆန္ဒညီ ... ဒီကောင် သိမ်မွေ့သာကို အရမ်း ခရေဇီဖြစ်ပြီး စွဲလန်းနေတာ ... သေချာတယ်၊ သိမ်မွေ့သာကိုရဖို့ဆိုရင် ဒီကောင်ဘာမဆိုလုပ်တော့မှာ ... ငါကတော့ အတ္တအရမ်းကြီးတဲ့ ဒီကောင့်စိတ်ဓာတ်ကို ကြောက်တယ် ... တစ်ခုပဲ ခက်နေတာက သိမ်မွေ့သာကလည်း ဒီကောင့်ကို တွေ့လိုက်တာနဲ့ မျက်နှာလေး ဖြူဖျော့ပြီး သွေးပျက်နေတာ ... ဟိုနေ့ကလည်း ကျောင်းထဲမှာ ... ဒီကောင် သိမ်မွေ့သာဆီက လက်ဆောင်သာတောင်းတုန်းက ... မင်းက လှည့်ထွက်သွားတာ မမြင်လိုက်လို့ ...”

“ဟင် ... ဒီကောင် ဘာလုပ်သွားသေးလဲ”

“သိမ်မွေ့သာ ဖြတ်ပေးလိုက်တဲ့ ဆံပင်လေးကို ငါတို့အားလုံးရှေ့မှာ နမ်းပြသွားသေးတာလေ ... သိမ်မွေ့သာကို အရမ်းချစ်လို့တဲ့ ...”

“ဘာ ... ဘာပြောတယ်”

သူ ... လုံးဝ မသိလိုက်တဲ့ ...

နောက်ထပ် ရှုံးနိမ့်မှု တစ်ခု ...

ဒီကောင် စော်ကားတာတွေက လုံးဝ လွန်းလွန်နေခဲ့ပြီ။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၀ )

"အဲဒါ ... ပတ်သက်ဦး"

"အဲဒါ ... ပတ်သက်ဦး"

"ဖြန်း ... ဖြန်း"

"အား ... အား ... ဒက်ဒီရယ် ... အဟင့် ... ဟင့် ... ဟင့်"

အော်သံ ဟစ်သံ တွန်းဖယ်သံတွေကြားမှာ ဒက်ဒီ့လက်ဝါး ရိုက်ချက်တွေက ခပ်ကြမ်းကြမ်းကလေး ကျလာတာမို့ သာ့ကိုယ် လုံးလေးပျော့ခွေကာ ယိုင်ထွက်သွားခဲ့ပြီ။ နံရံတစ်ခုစီမှာ ကျော ကပ်မိသွားတော့ ဆံပင်လေးတွေကပါ ဖရိုဖရဲလေးပြေကျကာ မျက်ရည်တွေကပါ အဆက်မပြတ် လိမ့်ကျလာသည်။

ပြောရရင် ...

မာမီဝင်တားတာလည်း မရ ...

မာမို့ပခုံးတွေကို ဒက်ဒီက ခပ်ဆတ်ဆတ်လေး တွန်းဖယ် ပစ်သလို သူမကိုလည်း ပါးနှစ်ချက်ဆင့်ရိုက်ပြီး အနာကျင်ဆုံး မျက်ဝန်းတွေနှင့် စိုက်ကြည့်နေတော့တာလေ ... ။





ဒါတွေအားလုံးဖြစ်ရတာ ...

မဟာရန်ကြောင့် ... ။

ရိုင်းစိုင်းလွန်းတဲ့ ကောင်လေးတစ်ယောက်ကို ...

သာက ... ပတ်သက်ခဲ့လို့တဲ့လေ ...

"မဟာရန်ဆိုတဲ့လူကို မမက မပတ်သက်ပါဘူး"

မရဲတရဲလေးနဲ့ ...

သူမဘက်ကနေ ဝင်ပြောပေးနေတဲ့ စုစု ... ။

သူမငိုတော့ သူမနဲ့လိုက်ပြီး စုစုကပါ ငိုမဲ့မဲ့လေးဖြစ်နေတာ လေ ... သူမကို အရိပ်တကြည့်ကြည့်လေးနှင့် ဘယ်လောက် သံယောဇဉ်ကြီးတဲ့ စုစုလည်းဆိုတာ အဲဒါ ... ဒက်ဒီနဲ့ မာမီအခန်းထဲ ကနေ ပြန်ထွက်မသွားသေးလို့ ...

ထွက်သွားတာနဲ့ ...

သူမကိုဖက်ပြီး စုစုလေးက ငိုတော့မှာ ...

"ကလေးတွေပြောတာ ဟုတ်ပါတယ် ကိုအောင်ရယ် ... ဒီ မဟာရန်ဆိုတဲ့ ကြွပ်ဆတ်ဆတ် မာကြောကြော ကောင်လေးက ပဲ သမီးကို အတင်းလိုက်ပတ်သက်ဖို့ ကြိုးစားနေတာ ... ကျွန်မ လည်း ယုံတယ် ... ဟွန်း ဒီတစ်ပတ် လူကြီးချင်းစကားမပြောရ တော့လည်း ဘာဖြစ်လဲ ... နောက်တစ်ပတ် ဆန်းဒေးဆို ကျွန်မ တို့ နှစ်ဖက်မိဘတွေ ပြန်ဆုံလို့ရနေတာပဲ"

"ဒါတော့ မင်းပြောမှလားကွ ... "

ဒက်ဒီက မာမီကို ပြန်အော်သည်။

ပြောရရင် အိမ်မှာက ဒက်ဒီ့ဒေါသကို မာမီပါ ကြောက်ရတာ လေ ... ။



www.burmeseclassic.com

www.burmeseclassic.com



ဒက်ဒီ ပေါက်ကွဲပြီဆို တစ်အိမ်လုံးငြိမ်ကုပ်သွားကြတာ ဒီအိမ်ရဲ့ ထုံးစံ ... ။

"ဒီကောင် ပတ်သက်တယ်ဆိုတာ ... ငါတို့နောက်ကွယ်မှာ မင်းသမီးက လက်ခံနေလို့ ပတ်သက်တာ ... ဒရိုင်ဘာ မောင်စိုးက ငါ့ကိုအကုန်အသိပေးပြီးသား ... ကျောင်းပို့ကျောင်းကြိုလုပ်တိုင်း ဒီကောင့်ကားက အမြဲလိုက်လိုက်လာနေတာတဲ့ ... ကဲ အဲဒါ နင် ဘာပြောဦးမလဲ ... သိမ်မွေ့သာ နင်လက်မခံရင် ဒီကောင်လိုက်ရဲမလား ... နင် ခါးခါးသည်းသည်း ငြင်းထားရင် ဒီကောင်ရှေ့ဆက်တိုးမလား ... ပြောစမ်း ... နင်ငါ့ကို အဖြေပေးစမ်း ..."

"သူ ... သူက အတင်းလိုက်နေတာပါလို့ ... ဒက်ဒီကို သမီး ပြောပြီးပြီလေ ... ဒက်ဒီရဲ့ ... အဟင့် ... ဟင့် ... ဟင့်"

သာ မျက်ရည်လေးတွေ ပိုကျလာသည်။

ငိုရလွန်းသဖြင့် ချောမွေ့အိစက်နေတဲ့ မျက်နှာလေးက ပန်းသွေးရောင်လေးတွေနဲ့ ယှက်ဖြာလို့ နေခဲ့ရပါပြီ ... ။

"ကိုအောင်ရယ် ... ရှင့်ဒေါသကို နည်းနည်းလေးတော့ လျှော့ပါဦး ... သမီးလေး ဘဝမှာ ဘယ်တုန်းက ဒီလို မိဘမကြိုက်တာ လုပ်တာရှိခဲ့ဖူးလို့လဲ ... ကျောင်းကပြန်လာပြီဆိုတာနဲ့ အိမ်အပေါ်ထပ် အခန်းလေးထဲမှာပဲ ငြိမ်ငြိမ်ကုတ်ကုတ်လေး နေလာခဲ့တာလေ ... အပြင်ထွက်ရင်လည်း အဖော်တွေ အစောင့်အရှောက်တွေ ဝန်းရံပြီး အမြဲထွက်တတ်တာ ... ရှင်လည်းသိသားနဲ့ဥစ္စာ ... အခုဖြစ်တာက မဟာရန်ဆိုတဲ့ ဒီခပ်ဆိုးဆိုးကောင်လေးကြောင့် ဖြစ်နေတာ ... ရှင် စိတ်မချဘူးဆိုရင် မောင်ဆန္ဒညီနဲ့စေ့စပ်ပြီးတာနဲ့





ကောလာရက်ကို တစ်ခါတည်း သတ်မှတ်ပြီး ပေးစားလိုက် ... အဲဒါ အကောင်းဆုံးပဲ ..."

"အေး ... မင်းပြောတာ ငါသဘောတူတယ် ... ငါဒီအတိုင်း ... ဟိုဘက်ကို အပြတ်ပြောပြီး စီစဉ်မယ် ... ဒီလို ရှိုင်းစိုင်းပြီးသော့ လူကြီးမုန်းမသိတဲ့ကောင်ကို ပြတ်ပြတ်သားသား ပညာပေးပြီးတော့ ဆုံးမရမယ်ကွ ... နားလည်လား ... ဟား ... ဟား"

ဒက်ဒီက ပြောရင်းနဲ့ နာနာကျင်ကျင်ကလေး ရယ်ကာ အောက်ထပ်ကို ပြန်ဆင်းသွားခဲ့ပြီ ...။ ဒက်ဒီဆင်းတော့ မာမီကပါ လိုက်သွားသည်။

အပေါ်ထပ် အခန်းကျယ်ကြီးထဲမှာ ကျန်ခဲ့တာ ...

သူမနဲ့ စုစု နှစ်ယောက်တည်း ...

"မမရယ် ... အဟင့် ... ဟင့် ... ဟင့်"

တွေ့လား ... ။

သူမကို ဖက်ပြီး စုစုငိုပြီလေ ... ။

"မမ အရိုက်ခံလိုက်ရလို့ ကိုကြီးမဟာရန်ကို မုန်းလိုက်ပြီ အားဟင် ... မမ ... စုစုကတော့ မမကိုလည်း သနားတယ်၊ ကိုကြီး မဟာရန်ကိုလည်း မမုန်းဘူး၊ မမက ရတ်တရက်ကြီး စေ့စပ်ဖို့တွေ ပေးစားဖို့တွေ ဖြစ်သွားတာဆိုတော့ ကိုကြီး မဟာရန်ခံစားသွားရ မှာပဲ နေမှာပေါ့နော် ... မမ ..."

"အဟင့် ... စုစုရယ် ... အရေးထဲမှာ နင်ကလည်း"

စုစုကို ပြန်ဖက်ထားရင်း သူမ ငိုတော့ ... ။

မျက်ရည်ပေါက်လေးက စုစုရဲ့ ပခုံးစွန်းလေးပေါ် ပြုတ်ကျသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"တီ ... တီ"

ထိုအချိန်မှာပဲ သူမရဲ့ ပိုက်ဆံအိတ်လေးထဲက ဟန်းဖုန်းလေး မြည်လို့လာခဲ့ပြီ ... ။

"အဟင့် ... ဒီမှာ သူများက အရိုက်ခံနေရပါတယ်ဆိုမှ ဒီဖုန်းက မြည်လာပြန်ပြီ ... အဟင့် ... စုစု နင်ပဲသွားကိုင်ပြီး ဖြေလိုက် ... "

သည်တော့မှ စုစုက သွားကိုင်သည်။

"ဟဲလို ... ဘယ်သူလဲဟင်"

"ဟာ ... သာနဲ့ တွေ့ချင်လို့ ဆက်တာလေ ... အခုကိုင်တာ ဘယ်သူလဲ ... "

ဒီအသံကိုတော့ စုစုသိပါသည် ... ။

မမဆီကို သတိရတိုင်းဆက်နေတဲ့ ကိုကြီးဆန္ဒညီလေ ... ။

သူရုပ်ချောတာ စုစုသိပေမယ့် စုစုသဘောတူတာ ကိုကြီးမဟာရန်နဲ့ပဲ ... မမကိုသဘောတူတာလေ ... ပြောရရင် ကိုကြီးမဟာရန် နေတာထိုင်တာ ပြောတာဆိုတာလေးကမှ တကယ်မိုက်တာ ... ။

ပြုံုင်ကားလေးကလည်း လှသလား မမေးနဲ့ ... ။

"ဟာ ... စုစုပါ ... ကိုကြီးရဲ့"

"သာ ... မရှိဘူးလားဟင်"

"ကိုကြီး ဘာပြောချင်လို့လဲဟင်"

"သာ ... ဘာလုပ်နေလို့လဲ"

"အပြင်က ပြန်လာပြီး ... ဘာဘာကဆူနေလို့ ငိုနေတယ်လေ





ဘယ်သူ့ဖုန်းမှ စကားမပြောချင်ဘူးဆိုလို့ စုစုပဲ ပြောနေရတာ"

"ဘာ ... ဘာပြောတယ် စုစု ... သာ ငိုနေရတယ် ဟုတ်လား"

"ငိုတာပေ့ါ ကိုကြီးရဲ့ ... "

"သာ ... သာ ငိုတာ ကိုကြီးနဲ့ စေ့စပ်ပွဲ မလုပ်ချင်လို့ ငိုတာလားဟင် ... စုစု ... ဒီနေ့ညနေ နှစ်ဖက်လူကြီးတွေ ချိန်းထားတာ မဟာရန်ဆိုတဲ့ကောင်က ပွဲဖျက်သွားလို့ ပျက်သွားတယ်လေ ... အဲဒါ စုစုရေ ကားတိုက်တော့ ကားထဲမှာပါလား ... "

"ပါတာပေ့ါ ကိုကြီးရဲ့ ... စုစုနဲ့ မမက ... နောက်ခန်းမှာ နှစ်ယောက်တည်း ထိုင်စီးတာ ... အဲဒါ ရဲစခန်းအထိသွားပြီး ဖြေရှင်းနေရလို့ ကိုကြီးတို့နဲ့ချိန်းထားတဲ့ စားသောက်ဆိုင်ကို မလာနိုင်တော့တာပါ ... အဲဒါ မဟာရန်နဲ့ပဲ ပတ်သက်ရမလားဆိုပြီး ဘာဘာက မမကိုရိုက်တယ်လေ ... "

"အို ... ကြည့်စမ်း ... သာ အရိုက်ခံရတယ်"

"ဒါပဲလားဟင် ကိုကြီး ... စုစု Phone ချလိုက်တော့မယ်နော်"

"ဟာ ... မချနဲ့ ... မချနဲ့ ... စုစုကို ကိုကြီးမေးစရာတွေ အများကြီးရှိသေးတယ် ... စုစု သိထားသလောက် ကိုကြီးကို ပြောပြနော် ... "

"ဟင် ... ဘာတွေပြောရမှာလဲ ... "

"စုစု ... စုစု မမကလေ ... ကိုကြီးနဲ့ မဟာရန်နှစ်ယောက်ထဲမှာ ဘယ်သူ့ကို ပိုပြီးတော့ စိတ်ဝင်စားတယ်လို့ စုစုထင်လဲဟင်"

"ရှိန် ... "



www.burmeseclassic.com

www.burmeseclassic.com



စုစု တအံ့တသြလေးနဲ့ မျက်တောင်လေးတွေပါ ကော့တက်သွားသည်။

သူမ ဘယ်လိုဖြေရမလဲ ... ။

ခုတလော ... မမ တစ်ယောက်တည်း ငေးငေးငိုင်ငိုင်လေး ဖြစ်နေတာကရော ... ဘာသဘောလဲ စုစုကတော့ ကိုကြီးမဟာရန်ကြောင့်လို့ပဲ ထင်တာပဲလေ ... ကိုကြီးမဟာရန်ကို မုန်းပါတယ်လို့ မမနှုတ်ကနေ ရူရူဆောင့်ဆောင့်လေးနဲ့ ဘယ်လိုပဲပြောပြော ကိုကြီးမဟာရန်ကြောင့် မမရင်ခုန်နေတာ စုစုမသိပဲနေမလား။

ညဘက်အိပ်ရင်လည်း ...

အိပ်ရာလေးထဲမှာ တဟင်းဟင်းလေးနဲ့ ပင့်သက်လေးချပြီး အိပ်မပျော်နိုင်ဖြစ်နေတာ စုစုပဲ သိနေတာလေ ... ။

အဲဒါ ကိုကြီးမဟာရန်ကြောင့်ပေါ့ ... ။

ဒါကို စုစုကတော့ မဖြေချင်ပါဘူး ... ဖြေလိုက်ရင် မေ သိမ်မွေ့သာက စုစုငယ်ထိပ်ကလေးကို ခေါက်ခနဲ ခေါက်ထည့်လိုက်မှာ သေချာတယ် ... ။

"ဟာ ... စုစု ကိုကြီးမေးနေတယ်လေ ... မဖြေဘဲ ဘာလို့ အကြာကြီး ငြိမ်နေတာလဲ ... "

"ဟင် ... "

တစ်ဖက်က အသံလေးပြန်ကြားလိုက်တော့မှ ...

စုစုမျက်နှာလေး ဖျတ်ခနဲပြန်မော့သွား၏။

"ဟို ... ဟိုလေ ... ကိုကြီး ... စု ... စုစုက ဘယ်လိုဖြေလိုက်ရင် ကောင်းမလည်းဆိုတာ စဉ်းစားနေလို့ပါ ... ။

"ဖြေ ... ဖြေ ... စုစုသိထားသလောက် ကိုကြီးကို ဖြေစမ်း"





"ကို ... ကိုကြီးကို မချစ်တာတော့ သေချာတယ်"

"ဘာပြောတယ် ... စုစု"

"အမလေး ... "

ကိုကြီးဆန္ဒညီ ... အထိတ်တလန့်လေးနဲ့အော်လိုက်တာ စုစုတောင်ကြောက်သွား၏။ ထိုအချိန်မှာပဲ Phone လိုင်းကလေးက တီခနဲပြတ်တောက်လို့သွားခဲ့ပြီ။

"ဘာ ... ဘာလဲဟင် စုစု ... ဆန္ဒညီဆက်နေတာလား"

အခုမှ ... မမက လှမ်းမေးသည်။

"ဟုတ်တယ်လေ ... မမ ... မမသူငယ်ချင်း ကိုကြီးဆန္ဒညီ ဆက်နေတာ ... စုစုကိုလည်း မေးခွန်းတွေမေးပြီး ခေါင်းစားအောင် လုပ်သွားတယ် ... "

"ဟင် ... ဘာတွေ မေးသွားလို့လဲ"

"စုစု မမက ... ကိုကြီးနဲ့ မဟာရန်နှစ်ယောက်ထဲမှာ ဘယ်သူ့ကိုပိုပြီး စိတ်ဝင်စားလဲတဲ့ ... "

"ဟာ ကြည့်စမ်း ... ဒါမေးစရာလား"

မမက ... နှုတ်ခမ်းပြင်လေးပေါ်က ဆံပင်လေးတွေကြားထဲကို သက်ချောင်းကလေးတွေ ထိုးသွင်းကာသပ်တင်လိုက်ရင်း နှုတ်ခမ်းအလေးကိုပါမဲ့သည်။

"ဟွန်း ... နင်ကရော ဘယ်လိုပြန်ဖြေလိုက်လဲဟင် စုစု"

"ကိုကြီးကို မမက ... မချစ်ဘူးလို့"

"အို ... နင်ဒီလိုပဲ ဖြေလိုက်တယ်"

သာ အားနာသွားတာ ဆန္ဒညီကိုပါ ... ။

ဘာပဲပြောပြော နှစ်ဖက်မိဘတွေက ဈေးစပ်ဖို့ကိုအောင်



www.burmeseclassic.com

www.burmeseclassic.com



သဘောတူနေကြပြီဆိုတော့ ဆန္ဒညီကို စိတ်ဓာတ်ကျအောင် မလုပ်သင့်ဘူးလေ ...

"စုစုရယ် ... နင် ... နင် ဘာလို့ အဲလိုပြောလိုက်ရတာလဲ ဟင် ..."

"ဟင် ... ပြောတယ်လေ ... မမကမှ ကိုကြီးဆန္ဒညီကို ချစ်မှ မချစ်တာ ... မမမွေးနေ့တုန်းက ကိုကိုကြီးဆန္ဒညီ အမှတ်တရ ဝယ်ပေးထားတဲ့ စိန်လက်စွပ်ကလေးကို မမ မဝတ်ဘဲ မှန်တင်ခုံလေးပေါ်မှာ ဒီအတိုင်းတင်ထားတာ ... စုစုမြင်တယ်လေ ... အဲဒါ ကိုကြီးဆန္ဒညီကို မမ မချစ်လို့ပေါ့ ..."

"စုစုရယ် ... နင် တော်တော် မြင်တတ်တယ်နော်"

မျက်ရည်စ, လက်ကျန်လေးကိုသုတ်ရင်း စိတ်ဓာတ်လေးကျနေတာ သာပဲလေ ... မဟာရန်ဆိုတဲ့ လူတစ်ယောက်ကြောင့် ဆန္ဒညီနဲ့လက်ထပ်ရတော့မယ့် အဖြစ်ကိုတွေးမိတိုင်း သာ မျက်ရည်တွေ ဖြိုင်ဖြိုင်ကျအောင် ငိုချင်နေမိတာ ... စုစုကို ရင်ဖွင့်လိုက်ရှင်ရော စုစုကဘာပြောမလဲ ...။

"ဟာ ... မမ ... ဟိုမှာ ... ဟိုမှာ ကိုကြီးမဟာရန်ရဲ့ ဖြိုင်ကားလေးလား မသိဘူး ... ခြံရှေ့က လမ်းဘေးမှာရပ်ထားတယ်"

"ဘုရားရေ ... ဒီလောက်ပြဿနာတက်နေတာတောင် နောက်က လိုက်လာသေးတယ် ... ဒုက္ခပါပဲ စုစုရယ် ... ဒက်ဒီ မြင်သွားရင် အကြီးအကျယ် ပြဿနာတက်တော့မှာပဲ"

အပေါ်ထပ် ပြတင်းပေါက်ကလေးကနေ လှမ်းကြည့်ရင်း ခြံရှေ့က လမ်းမကြီးကို မီးရောင်တွေအောက်မှာ အထင်းသားငွေ့လေး မြင်နေရတာလေ ...





"စုစု ... စောစောက ဟန်းဖုန်းလေး မမကိုပေးစမ်း"

"ဟင် ... မမ ဘာလုပ်မလို့လဲ"

"မဟာရန့်ကို မနှောက်ယှက်ဖို့ ... မမ လှမ်းပြောမယ်"

ဒီလို လုပ်တာတော့ သာ လက်မခံနိုင်ပါဘူး။

ခုပဲ ... ရဲစခန်းမှာ ဖြေရှင်းပြီး ပြန်လာတာလေ။

ဒါကိုတောင် အိမ်ရှေ့အထိ ထပ်လိုက်လာတယ်ဆိုတော့ ဟာရန် သိပ်ကိုလွန်နေပြီပေါ့ ... ရှင် ... ရှင် ဘယ်လိုဖြစ်နေတာလဲ ဟာရန်ရယ် ...

ဒီလိုတွေသာ ရှင်ဆက်ပြီးလုပ်နေမယ်ဆိုရင် ရှင့်ကို ကျွန်မ ...မုန်းမိတော့မယ် သိလား ...

"ဟဲလို ... မဟာရန် ရှင် ... မဟာရန်လား"

"ဟွန်း ... ဒီတစ်ခါပဲ မင်းကစပြီး ကိုယ့်ကိုဆက်သေးတယ် ...ော် ..."

"ဟာ ... မဆက်လို့ရမလား မဟာရန် ... ရှင့်လုပ်ရပ်တွေ ... အရမ်းလွန်လာလို့ ဆက်တာလေ ... ရှင် အခု ကျွန်မတို့ခြံရှေ့ ... လမ်းပေါ်မှာ ... ကားရပ်ထားပြီး ... ကျွန်မကို ဘယ်လိုဒုက္ခ ...ပေးရင် ကောင်းမလဲဆိုတာ ... စဉ်းစားနေတာလားဟင် ..."

"ကိုယ် ... ကိုယ် ... ညနေက ဖြစ်သွားတဲ့ ဖြစ်ရပ်တွေ ...အတွက် ... မင်းကို တောင်းပန်ချင်လို့ လိုက်လာတာပါ ... ဖြစ်နိုင်ရင် ... စုစုဆိုတဲ့ ကောင်မလေးကိုခေါ်ပြီး စက်ဘီးကလေးနဲ့ May Ni Mart ဘက်ကို ထွက်လာခဲ့ပါလား"

"ဟာ ... လွယ်လိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် ... Phone ထဲကနေ မတောင်းပန်ချင်လို့ပါ သိမ်မွေ့သာ ... မင်းမျက်နှာလေးကိုကြည့်ပြီး ... ကိုယ် တောင်းပန်ပါရစေ

"ရှင် ... ရှင် ... မတောင်းပန်နဲ့သိလား ... မဟာရန် ... ကျွန်မ ... ကျွန်မက မကြာခင်မှာ ဆန္ဒညီနဲ့လက်ထပ်တော့မှာ ရှ... ကျွန်မကို မနှောက်ယှက်ပါနဲ့ ... ကျွန်မဒီလိုပြောလိုက်လို့ ခြံထဲ... ကျူးကျူးကျော်ကျော် ရှင်ဝင်လာဖို့လည်း မစဉ်းစားပါနဲ့ ... ခက်... ဒေါသတွေအောက်မှာ ... ရှင် အချုပ်ထဲကို တန်းရောက်သွားလိ... မယ် ..."

"ဟွန်း ... အဲဒါ ကိုယ်ဂရုစိုက်မယ် ထင်နေလို့လား"

သူ ... ပခုံးလေးတွန့်ကာ ရယ်လိုက်မိသေးရဲ့ ... ။

"ဒီမှာ ... သိမ်မွေ့သာ"

"ဟင် ... "

"ဒီညနေ ဖြစ်သွားတာ ... နှစ်ဖက်လူကြီးတွေ စီစဉ်တဲ့ပွဲ... ကိုယ့်ဘက်က လက်မခံနိုင်လို့ ... ပြင်းပြင်းထန်ထန် ကန့်ကွက်လိုက်... တာပါ ... ကိုယ်ကလွဲရင် မင်း ဘယ်သူနဲ့မှ လက်ထပ်ခွင့် မရှိ... ဆိုတာ ... မင်းနဲ့ ဆန္ဒညီကို အတိအကျသိစေချင်လို့ ဒီကားတိုက်... ကို တမင်ဖန်တီးလိုက်တာ ... ပွဲပျက်သွားလို့ ဆန္ဒညီ ဒေါပွနေတာ... လည်း ကိုယ်သိတယ် ... စိတ်ရှုပ်နေတဲ့ မျက်နှာလေးနဲ့ ကားနောက်... ခန်းလေးထဲမှာ မင်းနဲ့ စုစုပါသွားတာလည်း ကိုယ်မြင်တယ် ... ကိုယ်အကြောက်ဆုံးက မင်းကို ဆုံးရှုံးလိုက်ရမှာကိုပဲလေ ... သိမ်... မွေ့သာ ..."

"ရှင် ... ကြောက်မနေနဲ့"

"ဟင် ... ဘာဖြစ်လို့လဲ ..."





"ရှင့်ကြောင့် ... ဆန္ဒညီကို ကျွန်မလက်ထပ်ရတော့မယ် လေ"

"မင်း အဲလို ထင်နေသလား ... ဒီဇာတ်လမ်းမှာ မဟာရန် ဆိုတဲ့ကောင်က အသည်းတွေ ပက်ပက်စက်စက်ကွဲပြီး လမ်းဘေး ဓာတ်တိုင်အောက်မှာ ကျန်ခဲ့မယ် ထင်မနေနဲ့ ..."

"ရှင် ... ရှင် ... ကျွန်မကို ဆက်ပြီးဒုက္ခပေးဖို့ လုံးဝ မစဉ်းစားနဲ့နော် ... မဟာရန်၊ ကျွန်မ ရှင်နဲ့မပတ်သက်ချင်ဘူး ... အခုလည်း ကျွန်မတို့ ခြံရှေ့ကနေ ရှင်ထွက်သွားပါတော့ ... ကျွန်မ ... ကျွန်မ ရှင့်ကို တောင်းပန်တယ်နော် ... မဟာရန် ... ရှင် ကျွန်မကို သနားပါနော် ... အဟင့် ..."

"အို ... မင်း ငိုနေပြီ ... ဟုတ်လား ... သိမ်မွေ့သာ"

ရုတ်တရက် Phone ထဲမှာကြားလိုက်ရတဲ့ ရှိုက်သံနင့်နင့်လေးကြောင့် သူဟာယာခတ်သွားကာ ... ဘာလုပ်ရမှန်းလည်း မသိတော့ပါ ... တကယ်ဆို ... ဒီလို ရှိုက်သံလေးကို သူကြားခဲ့ရတာ နှစ်ခါရှိခဲ့ပြီလေ ... ။

တစ်ခါက May MiNi Mart လေးထဲမှာ ...

သူ မကြားချင်ပါဘူး ... ။

ဒီ ရှိုက်သံလေးကို ကြားရတာ ... သူ့ နှလုံးသားတွေကို တအားဆွဲခါပစ်လိုက်သလိုပဲ ...

ဒီရှိုက်သံလေးကြောင့် ...

သူ့မျက်ဝန်းလေးတွေက ညှိုးကျရီဝေလို့သွားသည်။

ပြီးတော့ ...

သူ့အသံလေးကပါ ကွဲအက်အက်လေး ဖြစ်သွားရ၏။



www.burmeseclassic.com

www.burmeseclassic.com



"သိမ် ... သိမ်မွေ့သာ ... "

"ဟင့်အင်း ... မဟာရန် ... ကျွန်မ ရှင့်အသံကို မကြားချင်တော့ဘူး ... "

"ကိုယ် ... ကိုယ် တကယ်စိတ်မကောင်းဘူး သိမ်မွေ့သာ၊ ကိုယ် ... မင်းကို အရမ်းချစ်လို့ မင်းမျက်နှာလေးကို မတွေ့ရရင်တောင် ... အရိပ်ကလေးကိုပဲ တွေ့ရတွေ့ရဆိုပြီး မင်းတို့ခြံရှေ့ကို ကိုယ်လာခဲ့တာပါ ... ဒါကို နှောက်ယှက်တယ်လို့ မင်း ... ဘာကြောင့် စွပ်စွဲလိုက်ရတာလဲဟင် ... ကိုယ် မင်းစိတ်အနှောက်အယှက် ဖြစ်အောင် မလုပ်ရက်ပါဘူး ... ဆန္ဒညီနဲ့ မင်းလက်ထပ်ရတော့မယ်ဆိုတာလည်း ကိုယ်သိနေပါတယ် ... ခက်နေတာက ကိုယ့်နှလုံးသားတွေက မင်းကိုပဲတမ်းတနေတာ ... သိမ်မွေ့သာ ကိုယ့်စိတ်တွေကလည်း ... မင်းဆီကိုပဲရောက်နေတာ ... အဲဒါတွေအားလုံးကို ကိုယ်ဘယ်လို တားဆီးလိုက်ရမလဲ ... သိမ်မွေ့သာရယ်"

ကြည့်ပါဦး ...

သူ ... သူ့ကို ပြောနေတဲ့အသံလေးက

လှိုက်လှိုက်ဖြာဖြာကလေးနဲ့ ... တုန်တုန်ယင်ယင်ကလေး

သူ့ ရှိုက်သံလေးကြောင့် ... သူ ခံစားသွားရလို့လားဟင်

"ကိုယ် ... ကိုယ်ပြောနေတာလေးကို မင်းကြားရဲ့လားဟင် သိမ်မွေ့သာ ... တကယ်ဆို ကိုယ်ဟာ ဆန္ဒညီလောက်တောင် မင်းနဲ့ ရင်းနှီးပတ်သက်ခွင့် မရခဲ့တဲ့လူတစ်ယောက်ဆိုတာ ... ကိုယ်နားလည်ပါတယ် ... နီးစပ်ခွင့်ဆိုတာလည်း ကိုယ့်မှာ မရှိခဲ့ဘူးလေ ဒါကြောင့်မို့ ကိုယ်တစ်ခုပဲတောင်းဆိုပါရစေ ... မင်းနဲ့ ဆန္ဒညီ တရားဝင် လက်မထပ်မချင်း မင်းအနောက်မှာ ... အရိပ်လေးတစ်ခု





အဖြစ်နဲ့ ကိုယ့်ကိုရှိနေခွင့်လေး ပေးပါနော် ... အဲဒါလေးကိုတော့ ကိုယ့်အတွက် ခွင့်ပြုပေးပါလား သိမ်မွေ့သာရယ် ... "

မဟာရန်ရယ် ...

မာထန်ထန် ပြတ်ဆက်ဆက်ကလေးနဲ့ ...

အထက်စီးကနေ ခပ်ရင့်ရင့်ကလေး ရှင်ပြောတတ်ခဲ့သလောက် ... အခုကျတော့လည်း ရှင့်လေသံလေးက ကလေးတစ်ယောက်လိုပါပဲလား ... ဟင် ... ။

ဒါကိုရော ...

Phone ပြန်ပိတ်ပစ်ဖို့ သူမ ဘာကြောင့် မကြိုးစားခဲ့မိတာလဲ ...

"ရှင် ... ရှင်တော်ပါတော့ ... ရှင် ကျွန်မကိုလည်း မေ့လိုက်ပါတော့ မဟာရန် ... ကျွန်မဟာ ငယ်ငယ်လေးကတည်းက မိဘတွေရဲ့ အုပ်ထိန်းမှုအောက်မှာ ရှင်သန်ကြီးပြင်းလာခဲ့ရတာပါ ... မိဘတွေရဲ့ ဆန္ဒကို လွန်ဆန်ရဲတဲ့ သတ္တိလည်း ကျွန်မမှာ မရှိဘူး၊ ရှင်နဲ့ ပတ်သက်မိသွားလို့ ... ဒက်ဒီက ကျွန်မကိုရိုက်တယ်လေ မဟာရန် ... "

"ဟာ ... ဟာကွာ"

"ဒီတစ်ခါဆိုရင် ... ကျွန်မကို အသေသတ်တော့မှာ ... "

"သိမ်မွေ့သာရယ် ... ကိုယ့်ကို စိတ်မကောင်းဖြစ်အောင် မင်းမပြောပါနဲ့ ... မင်း မျက်ရည်ကျတာ ... ကိုယ့်နှလုံးသားတွေကို စပ်ဖျင်းဖျင်းလေးဖြစ်အောင် အရိုက်ခံနေရသလိုပဲ ... ဒါကြောင့်မို့ ဒီနေရာလေးကနေ ကိုယ်ပြန်သွားပါတော့မယ် သိမ်မွေ့သာ ... အဲဒါ မင်းကို အရမ်းချစ်လို့ဆိုတာ မင်းယုံကြည်ပေးရင် ... ကိုယ်ကျေနပ်



www.burmeseclassic.com

www.burmeseclassic.com

ပါပြီ ... သိမ်မွေ့သာရယ် ..."

"ရှင် ... ရှင် ... နောက်ဘယ်တော့မှ ဒီနေရာကို ထပ်မလာပါနဲ့တော့ ... အဟင့် ... ဟင့် ... ဟင့်"

"ဟာ ... သိမ်မွေ့သာ ..."

"တီ ... တီ ..."

သာ ... နောက်ဆုံး စကားလေးပြောပြီး ...

Phone လေးကို Power ပါ ပိတ်ချပစ်လိုက်ပါပြီ။

ပြီးတော့လည်း ...

မျက်နှာလေးကို လက်ဝါးလေးနဲ့အုပ်ရင်း ...

ကြမ်းပြင်လေးပေါ်မှာ ဒူးကလေး ထောက်ချထိုင်ကာ ရုတ်တရက်လေး ငိုချလေတော့ ... စုစုပါ မျက်ရည်မလည်ပဲ မနေနိုင်တော့ပြီ ... ။

## အခန်း ( ၁၁ )

နောက်ဆုံးမှာတော့ ...

မဟာရန်ကို ကြောက်တယ်ဆိုပြီး ...

စေ့စပ်ပွဲကို သာတို့ခြံမှာပဲ ကျင်းပကြတာလေ ...

ဆန္ဒညီနဲ့ သူငယ်ချင်းတွေက ပျော်နေပေမယ့် ...

သာ ကတော့ မျက်ရည်ဝဲဝဲလေးနဲ့ပဲ ...

"စုစုရယ် ... ဒက်ဒီနဲ့ မာမီရဲ့ အမိန့်ကိုမလွန်ဆန်နိုင်လို့သာ ဒီစေ့စပ်ပွဲကို လက်ခံလိုက်ရပေမယ့် ... မမရင်ထဲမှာ အရမ်းငိုချင်နေတာ စုစုသိရဲ့လားဟင် ..."

"မမရယ် ... ငိုနေတော့လည်း ဘာထူးတော့မှာလဲ ... ဝတ်လိုက်နော်မမ ... ဒီနှိုစိမ်းရောင် မြန်မာဆန်ဆန်ဝမ်းဆက် လက်ရှည်လေးကိုပဲ မမဝတ်လိုက် ... အောက်ထပ်မှာ ချိန်းထားတဲ့ မမ သူငယ်ချင်းတွေ ရောက်နေကြပြီလေ ... မမ ... အချိန်တန်လို့ မမ ဆင်းမလာရင် ... သူတို့က အပေါ်ကိုတက်လိုက်လာတော့မှာ..."

မနက်မိုးလင်းလို့ ...



www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာထပြီ ဆိုတဲ့အချိန်ကတည်းက ... မမ ဘေးမှာ စုစု ကပဲ လိုအပ်တာမှန်သမျှ တစ်ချိန်လုံး လိုက်လုပ်ပေးနေခဲ့တာပါ။ မနက်ကိုးနာရီဆိုတော့ ဧည့်ခံပွဲအတွက် ချိန်းထားတာကလည်း နောက်ဖေး မီးဖိုခန်းထဲမှာ ချက်ပြုတ်ကြနဲ့ ... တစ်အိမ်လုံး ဆူညံနေကြတာလေ ... ။

အန်တီချစ်ဆို ...

"သိမ်မွေ့သာ ညည်းလေးပြင်ထားတော့လေ ... မပြင်ဘဲနဲ့ အခန်းထဲမှာ ငြိမ်ကုပ်မနေကြနဲ့ ... စုစုရော ... စုစု ညည်းလေး အနားမှာ မရှိဘူးလား ..."

မနက်မိုးလင်းကတည်းက နာရီဝက်တစ်ခေါက်လောက် အိမ်ပေါ်ထပ်ကို တက်တက်လာပြီး အခန်းဝကနေ အော်နေတော့တာပါ ... ။

"ရှိပါတယ် မာမီရဲ့ ... သာ ဒီနေ့ ဝတ်မယ့်အဝတ်အစားတွေကို စုစုက မီးပူလေးထိုးပေးနေတာလေ ..."

"ပြင်တော့နော် ... ပြင်တော့ ... ဧည့်သည်တွေက ကိုးနာရီ ဒေါင်ခနဲဆိုတာနဲ့ စုံစုံညီညီ ရောက်လာတော့မှာ ... မိတ်ကပ်ကိုလည်း ထူပိန်းပြီး ရဲနေအောင် ပြင်မလာနဲ့နော် ... အသားလေးကနုအိပြီးတော့ အစကတည်းက ဖွေးပြီးသား ..."

ဒီလို လာလာအော်နေတာပဲ ... ဘယ်နှစ်ခါရှိနေပြီလဲ။

"မမ ... ဝတ်လေ"

မမ ပုံစံလေးကိုကြည့်ပြီး သနားနေရတာ စုစုပါ ...

ညကလည်း အိပ်မက်တွေ မက်ပြီး ... ကယောက်ကတမ်းလေးနဲ့ မဟာရန့်ဆိုတဲ့ နာမည်လေးကို မမနှုတ်က ညည်းညူနေတာ





လေ ... ပြီးတော့လည်း ဟင့်အင်း ... ဟင့်အင်း ဆိုပြီး ခေါင်းလေးကို ဘယ်ညာယမ်းနေတာ ...

စုစုကတော့ ...

မနိူးရက်လို့ မနိူးပါဘူး ... ။

"မမ ..."

စုစု နောက်တစ်ကြိမ် ထပ်ခေါ်တော့မှ ...

ငေါင်စင်းစင်းလေးနဲ့ မမ မျက်နှာလေး ဒီဘက်လှည့်လာသည်။

"ဟင် ... ဘာလဲ စုစု ပြောလေ ..."

"မမ အသံမာမာလေးနဲ့ ဟောက်လိုက်လို့လား မသိဘူး ကိုကြီးမဟာရန့် ဒီခြံရှေ့ကိုလာတာ မတွေ့တော့ဘူးနော် ..."

"ဟယ် ... စုစုရယ် အရေးထဲမှာ နင်က သတိရနေပြန်ပြီ"

မမက ... ရှုတင်းတင်း မျက်နှာကလေးနဲ့ စုစုကို မျက်စောင်းလေးလှမ်းထိုးတယ်လေ ... စုစုရယ်လိုက်တာ ပါးချိုင့်လေး ခွက်ဝင်သွားတဲ့ အထိပါပဲ ...

"ဟား ... ဟား ... မမရယ် ... စုစုကို မလိမ်စမ်းပါနဲ့ ... ညကဆို အိပ်မက်ထဲမှာ ယောင်ပြီးတော့ ကိုကြီးမဟာရန့်နာမည်လေးကို မမကခေါ်နေတာလေ ... စုစု မကြားဘူးထင်လို့လား"

"ဟယ် ... အဲဒါ နင်ကြားတယ် ..."

သာ တအံ့တသြလေးနဲ့ စုစုမျက်နှာလေးကို ငေးကြည့်လိုက်မိသည်။

သာ ... သူ့နာမည်လေးကို ရွတ်ပြီး ညက ယောင်နေတာပါ။

အဲဒါ ... တကယ်လေ ...



www.burmeseclassic.com

www.burmeseclassic.com



ညက ... အိပ်မက်ထဲမှာ သူနဲ့သာ ပန်းခြံကြီးထဲမှာ တွေ့နေကြတာပါ ... တွေ့တော့ သူက သာ့ကို တအားလေးဖက်ပြီးတော့ နဖူးလေးကို နမ်းနေလို့ သာက ... ခေါင်လေးခါပြီး သူ့ကိုငြင်းနေတာပါ ... ။

စုစုရယ် ... နင်ကတော့ တကယ်ပါပဲ ...

ကြားလည်းကြားတတ်တယ် သိလား ...

"ဟား ... ဟား ... ကြားတာပေါ့ မမရဲ့ ... ညသန်းခေါင်သန်လွဲမှာ ဒီလောက်တစ်အိမ်လုံး တိတ်ဆိတ်နေတဲ့ဟာကို ဒီနာမည်လေး ရွတ်နေတာ ... စုစု မကြားဘဲနေမလား ... အဲဒါယောင်နေတာလေးကို ကြည့်ပြီးတော့တောင် စုစုပြုံးမိသေးတယ် မမရယ် ... စုစုကိုပဲ မညာချင်ညာပါ ... ကိုယ့်ကိုယ်ကို ညာရင်မမ ပိုခံစားရမယ်နော် ..."

"ဟွန်း ..."

သာ ... နှုတ်ခမ်းလေးကိုပဲ မဲ့လိုက်ပါသည်။

ပြောရရင် ...

ညက ... အိပ်မက်ကလေးကို သတိရပြီး ... ခုထိ ရင်တွေတုန်နေရတာလေ ... သူက သာ့ဆီက အချစ်ကို တအားပွေ့ဖက်ပြီးတောင်းနေတော့တာတဲ့ ... ။

တကယ် လက်တွေ့မှာတော့ ...

သူဟာ ... သာ့ဆီကို Phone လည်း မဆက် ... သူ့ရဲ့ပြုံးကား အနီရဲရဲလေးကိုလည်း ကျောင်းသွားတဲ့လမ်းတစ်လျှောက်မှာ မတွေ့ရတော့တာပါ ... ။

သာ့မှာတော့ ...





ကျောင်းသွားတိုင်း ... သူ နောက်ကနေ လိုက်လာမလား ...ပြီး ရင်တထိတ်ထိတ်နဲ့ ... ။ မျက်လုံးလေး ဝေ့ဝေ့ပြီးတော့လည်း ...စ်လမ်းလုံးမှာ လိုက်ကြည့်ရတာ အမော ... ကျောင်းထဲရောက် ... သူငယ်ချင်းတွေနဲ့တွေ့မှ ပင့်သက်ချနိုင်တဲ့အဖြစ်လေးဟာ ...တယ့်ကို ရင်မောစရာလေးဆိုတာ ... တဖြည်းဖြည်းချင်းနဲ့ သာ ...လာခဲ့သည်။

"စုစုရယ် ... ဒါတွေအားလုံးဟာ အတိတ်မှာ ကျန်ခဲ့ပါပြီ၊ ...ဖြစ်နိုင်တာတွေကို တမ်းတမနေတော့ဘဲ ကိုယ်ရင်ဆိုင်ရမယ့် ...ဝကိုပဲ အကောင်းဆုံး ဖြတ်သန်းလိုက်တော့မယ်လေ ... သေချာ ...က ရွေးချယ်ခွင့်မရှိတဲ့ ရှင်သန်ခြင်းတွေဟာ ... မမအတွက် ...ယ်လိုမှ အဓိပ္ပါယ် မရှိတော့ဘူးလေ ..."

"ကို ... ကိုကြီး ဆန္ဒညီက အရမ်းဝမ်းသာပြီးတော့ တက်ကြွ...တယ်နော် ... မမ ... အခုလည်း အစောကြီးကတည်းက ရောက် ...ပြီး ညှော့ခန်းနဲ့ အိမ်အဝင်ဝလမ်းမှာ ပြင်ဆင်ရမယ့် ပန်းတွေကို ...စိတ်တိုင်းကျ ပြင်ဆင်နေတာ ... မမ ... မြင်ရင် အရမ်းအံ့ဩ ...းမယ် ... အဝင်လမ်းမှာ ပြင်ထားတဲ့ ပန်းအိုးကြီးတွေဆို သိန်းချီ ...င် တန်နေမလားပဲ ..."

"ဆန္ဒညီ မမကို ဘယ်လောက်ချစ်တယ်ဆိုတာ မမသိပါ ...ယ် စုစုရယ် ... ဒါပေမယ့် ... မမကို ညို့ယူဆွဲဆောင်နိုင်တဲ့ ...ဝန်းမျိုးတွေ အပြုံးချိုတွေကို ဆန္ဒညီက ပိုင်ဆိုင်မထားဘူးလေ"

"ဒါဆို ... ကိုကြီး မဟာရန်ကျတော့ရော ..."

"သူက ညို့ချက်ပြင်းတယ် ..."

"ဘယ် ... ဘယ်လို မမ ..."



www.burmeseclassic.com

www.burmeseclassic.com



စုစု တအုံ့တသြလေးနဲ့ မျက်တောင်လေးပင့်တက်သွားသည်။

"မထင်မှတ်ပဲ သူ့မျက်ဝန်းတွေကို ဘုရားပေါ်မှာ ဆုံလိုက်ရကတည်းက ... မမ တစ်ကိုယ်လုံး အေးစက်သွားခဲ့တာ ... ဟွန်းအခုမှတော့ မထူးပါဘူး ... စုစုရယ်၊ မင်းကို မမ အမှန်အတိုင်းဝန်ခံလိုက်တော့မယ်လေနော် ... "

"မမရယ် ... "

"သူ့ကို မမ တအားချစ်သွားခဲ့တယ် ... "

"ရှင် ... မမ"

"အဟင့် ... "

မမရယ် ... ။

စုစုကို စိတ်မကောင်းဖြစ်အောင် မလုပ်ပါနဲ့ ... ။

မမ မခံစားနိုင်တော့လို့ ဖွင့်ချလိုက်တာ စုစုသိပါတယ်နော်မမ ... ။

မမ မဆန့်ကျင်ရဲခဲ့တဲ့ စေ့စပ်ပွဲကြီးကလည်း မကြာခင်စ,တော့မှာပါ ... ။

ရယ်ရယ်မောမောလေးနဲ့ ဟန်ကလေးဆောင်ပြီးတော့ ဧည့်သည်တွေရှေ့မှာ ... မမ နေရတော့မှာလေ ... ။

"ဒါတွေကို ... သူများတွေသိအောင် မင်းပြန်မပြောလိုက်ပါနဲ့နော် ... စုစုလေး ... မမလည်း ရင်ထဲမှာပဲ ကြိတ်မှိတ်မျိုသိပ်ထားလိုက်တော့မယ် ... တကယ်တော့ အချစ်ဆိုတာ ... မမအတွက်ဘယ်တော့မှ ရွေးချယ်ခွင့် မရှိတဲ့အရာတစ်ခုပါ စုစုလေးရယ်"

တဟင့်ဟင့်လေးနှင့် ရှိုက်ငိုရင်းပြောနေတဲ့ အချိန်လေးမှာပဲ





တံခါးခေါက်သံလေးက မြည်လို့လာခဲ့ပြန်ပါပြီ ... ။

"ခေါက် ... ခေါက်"

"ဟဲ့ ... အခုထိ အလှပြင်လို့ မပြီးသေးဘူးလားဟင်"

"အောက်မှာ ဧည့်သည်တွေရောက်နေပြီလေ ... "

"ထွက်ခဲ့ကြတော့ ... "

ဆန္ဒညီကလည်း ... သူမလေး ဆင်းအလာကို မျှော်နေမိတာ ... ။

ဒါဟာလည်း စိုးရွံ့တဲ့ ရင်ခုန်သံလေးတွေနဲ့လေ ... ။

သူမက ... ပြန်မချစ်ခဲ့တာ သိပေမယ့် ... သူမကို ရအောင်ဆက်ထပ်ယူဖို့ပဲ သူဆုံးဖြတ်ထားခဲ့သည်။ အမိက အချက်ကာရန့်ကို အရှုံးမပေးနိုင်တာပါသလို ... သူမကိုလည်း သူ မခွဲနိုင်အောင် ချစ်ခဲ့မိတာပါသည်။

တက္ကသိုလ်တက်ခဲ့သည့် ကာလတစ်လျှောက်လုံး ... ။

စားအတူ သွားအတူ နေလာခဲ့ကြတာ မှန်ပေမယ့် ... သူမတော့ သူငယ်ချင်း အချစ်ထက် မပိုခဲ့တာကို တွေးမိတိုင်း သူတ်အားကလေးတော့ ငယ်ချင်မိသည်။

ဒါကို သိနေတဲ့ ကြည်သာက ...

"ဘယ်လို ဆန္ဒညီ ... သိမ်မွေ့သာ ခုထိ ဆင်းမလာသေးလား ... "

သူ့မှာလည်း အပေါ်ထပ်လှေကားထိပ်ကလေးကို မသိမသာမျက်လုံးလေး ဝေ့ဝေ့ကြည့်ပြီးတော့ မျှော်နေရတာမို့ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ... ဟုတ်တယ် ကြည်သာ"

"အပေါ်မှာ တစ်ခုခုဖြစ်နေပြီထင်တယ် ... "

နှစ်ဖက်လူကြီးတွေကတော့ အပြုံးလေးတွေ ကိုယ်စီနဲ့ ဧည့်ခန်းကျယ်ကြီးထဲမှာ စကားလက်ဆုံကျနေကြတာလေ ...

"ကျွန်တော် နားလည်ပါတယ် ... ကိုအောင်ရာ ကျွန်တော်တို့ ကိုအောင်တို့က လူမှန်းသိစ, အရွယ်ကတည်းက လူကြီးမိဘတွေရဲ့ သွန်သင်ဆုံးမမှုတွေကိုနာခံပြီး ... ဘဝကို ပျော်ပျော်ရွှင်ရွှင်ကလေးပဲ ဖြတ်သန်းလာကြတာဆိုတော့ ... ပူပန်မှုတွေကို မလိုချင်ကြတာ အမှန်ပဲလေ ... ကိုအောင် ... ဒါကြောင့်မို့ သမီးရှင်တစ်ယောက်အနေနဲ့ ကိုအောင်လည်း စိတ်ချမ်းသာ ... ကျွန်တော်လည်း စိတ်အေးရအောင် ... ဒီတစ်လအတွင်းမှာပဲ မင်္ဂလာပွဲကို ကျွန်တော် စီစဉ်ချင်ပါတယ် ... အားလုံးကိုလည်း ကျွန်တော် တာဝန်ယူပါတယ်ဗျာ ... "

ဖေဖေက ...

ခပ်ပြုံးပြုံးလေးပဲ ပြောရင်း ... တောင်းဆိုတော့ ပဝါ လေးခြုံထားသည့် မေမေကပါ ...

"ဟုတ်ပါတယ်ရှင် ... ဒီလို တောင်းဆိုရတာကိုလည်း တစ်ဖက်က သမီးရှင်တွေကို မျက်နှာလည်းပူရ ... အားလည်းနာပါတယ် ... ကလေးနှစ်ယောက်စလုံး ကျောင်းမပြီးကြသေးတာ မှန်ပေမယ့် ... သားလေး ဆန္ဒညီက သိမ်မွေ့သာလေးကို တအား ချစ်ပြီးတော့ စိတ်မချနိုင်အောင် ဖြစ်နေတာလေ ... ဟင်းဟင်း





သမီးလေး သိမ်မွေ့သာကလည်း ရိုးရိုးယဉ်ယဉ်ကလေးနဲ့ တကယ့်ကို ကျက်သရေလေးရှိပြီး ချစ်ဖို့ကောင်းနေတာဆိုတော့ ... သားလေးက စွဲစွဲလန်းလန်းကလေးနဲ့ မြတ်နိုးနေတာပေါ့ရှင် ... "

"ဟုတ်ပါတယ်ဗျာ ... ဒီဘက်က ကိုမိုးတို့ ဒေါ်သီရိခင်တို့ ပြောတာကို ကျွန်တော်ကလည်း လက်ခံပါတယ် ... ဒီမင်္ဂလာပွဲကို ကျက်သရေရှိရှိ တင့်တင့်တယ်တယ် ခမ်းခမ်းနားနား ကျင်းပမယ်ဆိုတာလည်း ကျွန်တော်နားလည်ပါတယ်"

"ဟင်း ... ဟင်း ... ကျင်းပရမှာပေါ့ရှင် ... ကျွန်မတို့ဆန္ဒက ကျင်းပရုံတင် မကဘဲ ... လက်ရှိ ပိုင်ဆိုင်ထားတဲ့ စီးပွားရေးလုပ်ငန်းတွေရော ... စည်းစိမ်ချမ်းသာတွေအားလုံးကိုပါ သားဆန္ဒညီနဲ့ သမီးလေး သိမ်မွေ့သာတို့ကို စာချုပ်စာတမ်း အပြီးအပိုင်လွှဲအပ်ပေးလိုက်တော့မှာပါရှင် ... ဟင်း ... ဟင်း"

ဒီစကားတွေကိုတော့ ...

သာ့ကိုမျှော်ရင်း သူလည်း ကြားနေရပါသည်။

"ဟော ... "

"ဆန္ဒညီရေ ... ဟိုမှာ ... ဟိုမှာ သိမ်မွေ့သာဆင်းလာပြီ"

"ဟင် ... "

သာရယ် ...

လှလိုက်တာကွာ ...

သူ သာ့ကို ငေးကြည့်ရင်း ... မျက်တောင်လေး ခပ်ဖို့တောင် မေ့နေတော့တာလေ ... သာ ဝတ်ထားတာလေး မှာဆန်ဆန် နှီးစိမ်းရောင် ဝမ်းဆက်ကလေးကို ဝတ်ထားတာမို့



www.burmeseclassic.com

www.burmeseclassic.com



စိုရှင်းတဲ့ အသားအရည်လေးက ဝင်းထင်နေတော့တာပါ ... ။

သာရယ် ... ဘာပဲပြောပြော ...

မင်း ... မျက်နှာလေး မကောင်းတာ ကိုယ်သိပါတယ်။

ကိုယ်ဒီလို ... မိဘတွေနဲ့ ဝန်းရံပြီး မင်းကို သိမ်းပိုက်လို့

ရတာဟာ ... ကိုယ် မင်းကို သိပ်ချစ်လို့ပါ ... သာ ... ။

ဒါကိုတော့ ...

ကိုယ့်ကို နားလည်ပေးပါ သာရယ် ... ။

"သာ ... လာလေ ... ဒီဘက်ကို ... "

သူဇာဝင်းတို့ မိန်းကလေးအုပ်စုက သူတို့ဝိုင်းဘက်ကို

အောင် သာ့ကိုလှမ်းခေါ်နေကြသည်။ သာ ကြိုးစားပြုံးလိုက်

မယ့် သာ့အပြုံးလေးက နွမ်းနွမ်းလေးပါပဲ ... ။

သေချာနေတာက ...

သာဟာ နှလုံးသားမရှိတဲ့ စက်ရုပ်လေးပါ ဆန္ဒညီ ...

ကျွန်မ မချစ်နိုင်ခဲ့တာကို သိလျက်နဲ့ ... ဒက်ဒီတို့ မာမီ

နဲ့ပေါင်းပြီး အကြွပ်ကိုင် လက်ထပ်ယူဖို့ကြိုးစားနေတာ ... မဟာ

ကို ရှင်တိုက်ခိုက်နေတာလား ... ဟင် ... ။

"သာရယ် ... တို့ သူငယ်ချင်းတွေအားလုံး အစောကြီး

တည်းက ရောက်နေကြတာလေ ... ဟိုကောင် ဆန္ဒညီက

အပေါ်က ဆင်းမလာသေးလို့ ... တမျှော်မျှော်နဲ့ဖြစ်နေတာ ...

မင်းသန့်က သာ့ကိုလှမ်းပြောသည်။

"သမီးလေး ... သာ ... မေမေတို့ အနားကိုလာပါဦး

သမီးလေးရယ် ... "





ဆန္ဒညီ မေမေကလည်း သာ ဆင်းလာတာကို မြင်တာနဲ့

လှမ်းခေါ်နေပြီလေ ... သာ အားလုံးကို တောင်းပန်ပြီး ဒက်ဒီတို့

လူကြီးဝိုင်းဘက် ကူးလာခဲ့ရသည်။

"ဟွန်း ... မင်းတွေ့တယ်နော် ... ဆန္ဒညီ ... "

"ဟာ ... ဘာကိုလဲ"

"သာက ... မင်းပြုံးပြနေတာကို ပြန်ပြုံးမပြဘဲ ခပ်တည်

တည်လေးနဲ့ ... မျက်နှာလေးလွှဲပြီး ထွက်သွားတာလေ ... သာ

မင်းကို မကျေမနပ်ဖြစ်နေတဲ့ ပုံပဲကွ ... "

ကောင်းမြတ်ထွန်းက ဆန္ဒညီပခုံးလေးကို လှမ်းဖက်ရင်း

ပြောသည်။

"အေး ... အဲဒါထက် ... အရေးကြီးတာ မင်းသိလား"

"မသိဘူးလေ ... ဘာဖြစ်နေလို့လဲ"

"မဟာရန့်ဆိုတဲ့ ကောင်လေ ... "

"မ ... မဟာရန် ဟုတ်လား ... "

"ခြံအပြင်ဘက်က ... လမ်းမမှာ ဒီကောင့်ကား ရောက်နေ

ပြီ ... "

"ဟာ ... ကြည့်စမ်း"

မဟာရန် ... ။

မဟာရန် ... ရောက်နေပြီတဲ့ ... ။

ဒီကောင် ...

ဒီအိမ်နားကိုလာပြီး ... ဘာသဘောနဲ့ ရစ်သီ ရစ်သီ လာလုပ်



www.burmeseclassic.com

www.burmeseclassic.com



နေတာလဲဟင် ... ။ စေ့စပ်ပွဲကို ဖျက်ချင်သေးလို့လား။

ဟား ... ဟား ... ။

So Sorry anithing ပဲ မဟာရန် ... ။

အရေးကြီးတာ မင်းကို အနိုင်ရဖို့ပဲလေကွာ ... ။

"တီ ... တီ"

"ဟင် ... "

ရုတ်တရက် Phoneသံလေး မြည်လာလို့ ပေါ်လာတဲ့ ဖုန်းနံပါတ်လေးကို ကြည့်လိုက်တော့ ... မဟာရန်ဆီက Phone ... ။

ထင်တယ်လေ ...

ဒီကောင် ဆက်တော့မယ်ဆိုတာ ... ။

"ပြော ... မဟာရန် မင်း ဘာလို့ဆက်တာလဲ ... "

"ခိုးကြောင် ခိုးဝှက် စီစဉ်လိုက်ရတဲ့ ... မင်းတို့ရဲ့ စေ့စပ်ပွဲကို ကန့်ကွက်ချင်လို့ ဆက်လိုက်တာလေ ဆန္ဒညီ ... မင်း တော်တော် သတ္တိကြောင်တဲ့ကောင် ... "

သူ ... ဧည့်သည်တွေရှေ့မှာ မပြောချင်လို့ အိမ်အပြင်ကို ထွက်လိုက်ရပေမယ့် ... သူ့ မျက်နှာလေးရဲနေတာက သိသာနေခဲ့ပြီ ... ။

တကယ်လည်း ...

ဒီခြံကြီးနဲ့ မလှမ်းမကမ်း ကားလမ်းမမှာ မဟာရန်စီးနေကျ ပြိုင်ကြား အနီရဲရဲလေးက ... ရပ်လို့လေ ... ။

ဒီကောင် ...





ကားထဲက ဆက်နေတာ နေမှာပေါ့ ... ။

"ဟွန်း ... မင်းကြိုက်သလို ပြောလေ ... မဟာရန်၊ ငါ ...မစိုက်ပါဘူး ... အရေးကြီးတာ ... ပုစ္ဆာတစ်ပုဒ်ရဲ့ အဖြေကို ...သိဖို့ပဲ ... "

"ဘာအဖြေလဲ ... ဟေ့ကောင် ... ယောကျ်ား မပီသတဲ့ ...ကောင်က ငွေပုံပေါ် ဖင်ထိုင်ချပြီး ... အရှက်သိက္ခာ မရှိ ... ကိုယ့်ကို မချစ်နိုင်ပါဘူးလို့ ... ခေါင်းခါငြင်းနေတဲ့ ကောင်မလေးတစ်ယောက်ကို အတင်းအဓမ္မ စေ့စပ်နေတဲ့အဖြေလား ... ဟွန်း ... မင်း တကယ်ရယ်ရတဲ့ကောင်ပဲ သိလား ... ဆန္ဒညီ ... အဲဒီအဖြေလောက်နဲ့ မင်းကိုယ်မင်း အောင်မှတ်ရမယ် ထင်မနေနဲ့ ... "

"ရတယ် ... မဟာရန် မင်းလို အတ္တကြီးတဲ့လူတစ်ယောက်ကို ထပ်ပြောနေစရာ စကားလည်း ငါ့မှာ ဘာမှ မရှိဘူး ... ဟုတ်တယ် ... ဒီခြံထဲမှာပဲ ငါတို့စေ့စပ်ပွဲ လုပ်နေကြတယ် ... နှစ်ဖက်လူကြီးတွေ စကားပြောတာလည်း အဆင်ပြေတယ် ... မင်းမယုံရင် အွန်လိုင်းကနေ မင်းဆီကို ဓာတ်ပုံတွေ ပို့ပေးလိုက်မယ် ... "

"ဟေ့ကောင် ... မင်းအခုမှ သောက်ဖင်ခေါင်းတွေ ကျယ်မနေနဲ့ ... မင်းကို ... သိမ်မွေ့သာ မချစ်တာ ... ငါသိတယ်ကွနားလည်လား ... မင်း ဘယ်လောက်ပဲ လူကြီးတွေနဲ့ ချုပ် ချုပ်မင်း ဘယ်တော့မှ ... သိမ်မွေ့သာနဲ့ လက်မထပ်ဖြစ်စေရဘူး"

"အဲဒါ ... မင်း စောင့်ကြည့်လိုက်လေ ... မဟာရန်"

"ဟွန်း ... "



www.burmeseclassic.com

www.burmeseclassic.com



သူပြောရင်း နှုတ်ခမ်းလေးမဲ့ကာ ...

Phone power ကိုပါ ပိတ်ချပစ်လိုက်သည်။

ဒီကောင်နဲ့ဆက်ပြောနေတော့ရော ... ဘာ အကျိုးရှိမှာ

အရေးကြီးတာ ... သိမ်မွေ့သား လေ ... ။

ဒီနေ့ ဓာစပ်ပွဲပြီးတာနဲ့ သူငယ်ချင်းတွေစုပြီး ကက်ဝီတ

ကိုသွားကြမှာ ... ။

မဟာရန်ရယ် ... ။

မင်းကိုတော့ ငါတကယ်သနားတယ် ... ။

မင်းပုံစံကလေးနဲ့ ...

ဂုဏ်သိက္ခာ ရှိရှိလေး နေပါကွာ ...

အခန်း ( ၁၂ )

"ဟာ ... ဒါ ဘယ်လိုဖြစ်လာလို့ ... မျက်နှာလေးက ရှုပုတ်တင်းလာရတာလဲ ... မဟာရန် ... သိမ်မွေ့သာနဲ့ ကွိုင်တက်လာပြန်ပြီလား ..."

ပုလဲကွန်ဒိုက ... အခန်းထဲအဝင်မှာ ...

အောင်ဝဏ္ဏလှမ်းမေးတာကိုလည်း သူ မဖြေနိုင်ပါ။ ဒါပေမယ့် ရဲဗလောင်းလေး ခပ်နေတဲ့ မျက်နှာလေးကိုပဲ သူချာခနဲ လှည့်ပစ်ကာ ...

"တောက် ... ဆန္ဒညီ အရမ်းမိုက်ရိုင်းတယ် ..."

"ဟာ ... ဟော့ကောင် ..."

"ဝုန်း ..."

"ဂလုံး ..."

သူ ဒေါပွပွနဲ့ အခန်းထောင့်က ပလပ်စတစ်အမှိုက်ပုံးကို ဝုန်းခနဲ ပိတ်ကန်ပစ်လိုက်မိတာလေ ... ဒီလို ပိတ်ကန်ပစ်လိုက်တော့ ဒီဘက်ထောင့်ကနေ ဟိုဘက်ထောင့်အထိ ပလပ်စတစ် အမှိုက်ပုံး



www.burmeseclassic.com

www.burmeseclassic.com



လေးက အမိုက်တွေ ပြန့်ကြဲကာ လွင့်စင်ထွက်သွားသည်။

ဒါကိုကြည့်ပြီး အောင်ဝဏ္ဏကတော့ မျက်လုံးလေးပြူးလို့

"မဟာရန်ရာ ... မင်း ... မင်း ဘယ်လိုဖြစ်လာတာလဲ"

"ဆန္ဒညီလေ ... "

"ဆန္ဒညီ ... "

"ဒီကောင်နဲ့ သိမ်မွေ့သာ ... ဒီနေ့ပဲ စေ့စပ်လိုက်ပြီလေကွာ"

"ဟာ ... ဟုတ်လား ... မင်းပြောတော့ ဆီဒိုးနားမှာ စေ့စပ်ပွဲလုပ်ဖို့ ... နှစ်လပိုင်း တစ်ရက်နေ့မှာ ဘွတ်ကင်တင်ထားတယ်ဆို ... ဒီလောက်ရက်တွေ အများကြီးလိုသေးတဲ့ဥစ္စာ ... ဘယ်လိုဖြစ်လို့ ... ဒီနေ့ ကောက်စီစဉ်လိုက်တာလဲ ... "

"ဒီကောင် ဆီဒိုးနားမှာ ဘွတ်ကင်အတင်ပြပြီး ... ငါ့ကိုလှည့်စားသွားတာလေကွာ ... ငါသိချင်တာ ... ဒီစေ့စပ်ပွဲ ဖြစ်မြောက်လာဖို့အတွက် ... သိမ်မွေ့သာ ကိုယ်တိုင် ခေါင်းညိတ်လက်ခံပေးလိုက်လားဆိုတာ သိချင်တာ ... "

"ဟာ ... သိချင်ရင် သိမ်မွေ့သာဆီကို Phone ဆက်မေးလေ ... "

"Phone ပိတ်ထားလို့ပေါ့ကွာ ... "

သူ စိတ်တိုတိုလေးနဲ့ ထိုင်ခုံမှာ ဝင်ထိုင်တော့ ... သူ့ကိုကြည့်ကာ အောင်ဝဏ္ဏက ရယ်ပါသည်။ ပြောရရင် အောင်ဝဏ္ဏဆိုတာ သူ့ရဲ့ အတွင်းသိ အစင်းသိငယ်ပေါင်းလေ ... ဆယ်တန်းအောင်တုန်းက ... ရတဲ့ အမှတ်က တိုက်တိုက်ဆိုင်ဆိုင် ... တူနေသလို ... မေဂျာရတော့လည်း ဂျီအော်လော်ဂျီရတာချင်းကပါ တူသွားသည်။





ဟော ... ဒီပုလဲကွန်ဒိုမှာ ...

အခန်းလေးစုငှားတော့လည်း အတူတူ ...

"ဟော့ကောင် ... ငါ့ကိုကြည့်ပြီး မင်း မရယ်နဲ့နော်"

"မဟာရန်ရယ် ... သိမ်မွေ့သာနဲ့တွေ့မှ မင်းဘာတွေဖြစ်ကုန်တာလဲဟင် ... ခုတလော မင်းဖြစ်နေတာတွေ မင်း ... ပေါက်ကွဲနေတာတွေကိုကြည့်ပြီး ငါရယ်ချင်နေတာလေ ... စောစောကလည်း အန်ကယ်ဖေယျာကိုယ်တိုင် ငါ့ဆီကို Phone ဆက်ပြီး မင်းအကြောင်းတွေ မေးသွားသေးတယ် ... "

"ဟာ ... ဖေဖေ ဘယ်တုန်းကဆက်သွားတာလဲ"

"လွန်ခဲ့တဲ့ နာရီဝက်လောက်က ... ဆက်သွားတာလေ၊ မင်းကို သန်းခေါင်သန်းလွဲမှ အိမ်ကိုပြန်ပြန်လာပြီး မျက်နှာလေးမကောင်းဘဲ မှိုင်နေလို့တဲ့ ... "

"အဲဒါ ... မင်း ဘာပြောလိုက်လဲ ... "

"အန်ကယ့်သား ... ရည်းစားပူမိနေတာလို့"

"ဟာ ... မင်းကလည်း ... "

"မင်းက မလဲနဲ့ မဟာရန် ... ငါက မင်းဘိုးတော်ကြီးကို အဲလိုပြောလိုက်တော့ ... Phone ထဲမှာ မင်းဘိုးတော်ကြီးက အသံအကျယ်ကြီးနဲ့ တဟားဟား ... အော်ရယ်တယ်လေ ... ဒီကောင်မိမှာပေါ့တဲ့ ... သူများနဲ့ ကြိုက်နေတဲ့ရည်းစားကိုမှ အတင်းလိုက်ပြီးတော့ ဖြတ်လုနေတာကိုးတဲ့ ... "

"ဟာ ... ကြည့်စမ်း ဒီကိစ္စတွေ ဖေဖေ ဘယ်လိုလုပ်သိတာလဲ ... "

"အေး ... အန်ကယ်ဖေယျာ ဘယ်လိုလုပ်သိသွားသလဲဆို



www.burmeseclassic.com

www.burmeseclassic.com



တာ ... မင်းကြားရင်တောင် အံ့သြသွားဦးမယ် ... ဟိုကောင် ဆန္ဒညီလေ ... မင်းကားမီးလုံးကို ရိုက်ခွဲခဲ့တဲ့ အချိန်ကတည်းက အန်ကယ်ဇေယျာ့ Phone နံပါတ်ကို ဒီကောင်ရထားတာလေ ... အဲဒါ မင်းအကြောင်းတွေကို ဆန္ဒညီကိုယ်တိုင် အန်ကယ်ဇေယျာ့ဆီကို Phone ဆက်ပြီး တိုင်လိုက်လို့ အန်ကယ်ဇေယျာ အတွင်းကျကျ ... အဖြစ်အပျက်တွေ အားလုံးသိသွားတာ ... ”

“ဟာ ... ကြည့်စမ်း ... ဒီကောင် တော်တော်ပက်စက်တဲ့ကောင် ... ဟုတ်ပြီ ... ဟုတ်ပြီ ... မင်း အခုပြောမှ ငါသဘောပေါက်ပြီ ... ဒီကိစ္စတွေ ဖေဖေသိသွားလို့ ငါ့ကိုဘလိုင်းကြီး မိုးကုတ်ကို အတင်းခေါ်ချသွားတာလေ ... လက်ထဲက ဟန်းဖုန်းကိုလည်း ပေးမကိုင်ဘဲ အသားလွတ်ကြီး သိမ်းပစ်လိုက်လို့ ခရီးသွားနေတဲ့ တစ်လျှောက်လုံး ... မင်းတို့အားလုံးနဲ့ပါ ... အဆက်အသွယ်ပြတ်သွားတာ ... သေချာတယ် ... ဒီကောင် အချွန်နဲ့ဝင်မ,ပြီး ... ငါ့ကို သံပုံးတီးထုတ်လိုက်တာ ... တောက် ... ဒီကောင်တော်တော် လူလည်ကျတဲ့ကောင် ... ”

“ဟား ... ”

အသည်းယားယားနဲ့ ပင့်သက်အမောကြီးကို ဟားခနဲနေအောင် သူချလိုက်ရပြန်ပါပြီ ... သိမ်မွေ့သာရယ် ... ဒီကောင့်ကိုယ့်ကို ဒီလို ... ပ,ထုတ်ပြီး ဒီရက်ပိုင်းလေးမှာ စေ့စပ်ပွဲဖြစ်အောင် အားလုံးကို စည်းရုံးသွားခဲ့တာပေါ့လေ ...

ကိုယ် ခံစားရပါတယ် ... သိမ်မွေ့သာ

အဲဒီ့အတွက်လည်း ကိုယ့်နှလုံးသားတွေက နာကျင်နေပါတယ် ... ခုတော့ ကိုယ်ဒီနေ့ကစပြီး ... ရှုးသွပ်မိုက်မဲတဲ့ အလုပ်တွေ





လုပ်ရတော့မယ် ... ကိုယ် လုံးဝဆုံးဖြတ်လိုက်ပြီ သိမ်မွေ့သာ ...

ကိုယ် ... မင်းကို ...

“မင်း ... မင်း စိတ်ဓာတ်မကျနဲ့လေ ... မဟာရန်၊ စေ့စပ်တယ်ဆိုတာ သိမ်မွေ့သာ ဆန္ဒမပါဘဲ ... လူကြီးတွေ သဘောနဲ့ အတင်းအကြပ် စီစဉ်ကြတာလည်း ဖြစ်နိုင်တာပဲလေ ... ဒါ အခွင့်အလမ်းတွေ အားလုံး ဆုံးရှုံးသွားတဲ့ လက္ခဏာတစ်ခုလို့တော့ ငါ မယူဆပါဘူး ... မင်း ကြိုးစားကြည့်ဦးပေါ့ ... မင်း ... အဓိက စဉ်းစားရမှာက သိမ်မွေ့သာကို မင်းတကယ်ချစ်ခဲ့သလားဆိုတာ”

“ဟာ ... ဟေ့ကောင်”

သူ့ မျက်နှာလေး ချက်ခြင်းရဲတက်သွားအောင် ဒေါကလေး ဖွသွားရပြန်ပါပြီ။ အောင်ဝဏ္ဏရာ ... ဒီလိုမေးခွန်းမျိုး မင်း ငါ့ကို ပြန်မေးနေစရာ လိုသလားကွာ ... မင်းနဲ့ငါနဲ့ ပေါင်းလာတဲ့ သက်တမ်းတစ်လျှောက်လုံးမှာ မဟာရန် ရင်ခုန်သွားတဲ့မိန်းကလေးမျိုး မင်း ကြုံခဲ့ဖူးလို့လား ... ။

ဘယ်မိန်းကလေးကိုမှ ...

မဟာရန်ဆိုတဲ့ကောင်က နှစ်ခါပြန်လှည့်မကြည့်ခဲ့တာလေ။

သိမ်မွေ့သာနဲ့ တွေ့မှ ...

မဟာရန် တစ်ကိုယ်လုံး အေးစက်သွားခဲ့ရတာ ... ။

ငါ မမြင်ဖူးခဲ့တဲ့ ပန်းချီကားတွေ ... သိမ်မွေ့သာရဲ့ မျက်ဝန်းလေးထဲမှာ ရှိုးနနခဲ့တယ် ... အိပ်မက်ထဲမှာပဲ ပွင့်နိုင်တဲ့ ပန်းတွေ သိမ်မွေ့သာရဲ့ မျက်ဝန်းလေးထဲမှာ ပွင့်နေခဲ့တယ် ... ဘယ်သူမှ အလွယ်တကူ ဘာသာပြန်လို့ မရနိုင်တဲ့ ... ထူးခြားဆန်းပြားတဲ့ လျှို့ဝှက် နက်နဲခြင်းတွေနဲ့ ... ညို့ယူဆွဲဆောင်ခြင်းတွေ သိမ်မွေ့



www.burmeseclassic.com

www.burmeseclassic.com



သာရဲ့ မျက်ဝန်းလေးထဲမှာ ရှိနေခဲ့တယ်လေ အောင်ဝဏ္ဏရဲ့ ... ။

ဒါကြောင့်မို့ ...

သိမ်မွေ့သာရှေ့မှာ ...

အတုမရှိတဲ့ ချစ်ခြင်းတွေနဲ့ ငါ ဒူးထောက်ခဲ့တာပါ ...

ဒီကောင်မလေး သိမ်မွေ့သာကို ...

ငါ တအားချစ်တယ် ...

တော်ပြီ ... ဟေ့ကောင် ... နောက်တစ်ခါ ငါမကြိုက်တဲ့ မေးခွန်းမျိုးတွေ မင်း ငါ့ကို လုံးဝမမေးပါနဲ့ ...

"လာကွာ ... အောင်ဝဏ္ဏ အပြင်သွားမယ် ... "

ရုတ်တရက်ကြီး စိတ်ကူးပြောင်းကာ သူ ထ,ရပ်တော့ အောင်ဝဏ္ဏက ကလယ်ကလယ် မျက်လုံးကလေးနှင့် သူ့ကိုမော့ကြည့်သည်။

"ဟာ ... မင်း ဘယ်ကိုသွားမလို့လဲ ... "

"ရွှေပုဇွန်မှာ ရေခဲမုန့်သွားစားမယ်ကွာ ... "

"ဟား ... ဟား ... မင်းကတော့ တကယ့်ကလေးလေးပဲ မဟာရန် ... ဒီလောက် ဟတ်ထိပြီးတော့ ... အသည်းနှလုံးကွေ လေထဲမြောက်နေတာ ... ရေခဲမုန့်စားပြီး ဖြေချင်လို့လား ... "

"ပြောတော့ကွာ ... မင်းပဲ ပြောတော့သိလား ... ဟေ့ကောင် ... "

ရွှေပုဇွန်မှာ ရေခဲမုန့်စားမယ်ဆိုတော့ ...

သုဝဏ္ဏတံတားပေါ်က ဖြတ်ပြီး ကက်ပီတယ်ဘက်ကို မောင်းရတော့မှာပေါ့ ... ။

ဒီတစ်ခါတော့ ကားသော့လေးကို ...





အောင်ဝဏ္ဏလက်ထဲကိုပဲ ပစ်ပေးလိုက်ပါသည်။

"မင်းပဲ ... မောင်းလိုက်ကွာ ... အောင်ဝဏ္ဏ ... "

ဒါနဲ့ပဲ ... သုဝဏ္ဏတံတားကိုဖြတ်ဖို့ မီးပွိုင့်မှာ ဝင်တန်းစီလိုက်တော့မှ ...

"ဟာ ... ဟာ ... ဟေ့ကောင် ဟိုမှာ ... ဟိုမှာ ... ဟိုဘက်သားက ကားထဲမှာ ဘယ်သူလဲဆိုတာ မင်းကြည့်လိုက်စမ်း ... "

"ဟာ ... "

သူ့တစ်ကိုယ်လုံး လေထဲမြောက်တက်သွားသလို ခံစားလိုက်ရတဲ့ မြင်ကွင်းလေးက နို့စိမ်းရောင် အရိုပ်ကလေးကို သူမြင်လိုက်ရလို့လေ ... ။

သိမ်မွေ့သာ ...

သူချက်ချင်းပဲ သဘောပေါက်သွားသည်။

သူ နှုတ်ခမ်းလေးကလည်း တဆက်တည်းမှာပဲမဲ့သွားခဲ့၏။

"သိမ်မွေ့သာ ... သိမ်မွေ့သာကွ ... သိလား ဟေ့ကောင် ပြောင်းလာတာ ဆန္ဒညီ သူငယ်ချင်းတွေ အများကြီးလည်းပါတယ်၊ သူတို့ ဘယ်ကိုသွားမှာလဲ ... မသိဘူး ... "

"ဟွန်း ... သူတို့ ဘယ်သွားသွား ... မင်းရအောင်လိုက်လား ... "

"မင်း ... မင်း ... ပြဿနာတော့ မရှာနဲ့နော် မဟာရန်"

အောင်ဝဏ္ဏ တားလိုက်ပေမယ့် ...

သူကတော့ Hand Phone လေးကို ဖွင့်လိုက်ပြီလေ။

ဆန္ဒညီဆီကို ဆက်လိုက်တာပါ ... ။

Phone ဖွင့်ထားပါစေလို့ပဲ ဆုတောင်းရတော့မှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"တီ ... တီ ..."

ဘယ်ဆိုးလို့လဲ ...

ဆုတောင်းလေးပြည့်ကာ ဖုန်းခေါ်နေပြီ ...

"တီ ... တီ ..."

ဒီကောင် ချက်ချင်းမကိုင်တာ အကျင့်ယုတ်တော့မလို့လား။

ဒါကို ဆန္ဒညီကလည်း သိပါသည်။

ပေါ်လာတဲ့ နံပါတ်လေးကို ကြည့်လိုက်တာနဲ့ ...

မဟာရန်ဆီက ခေါ်နေပြီဆိုတာ သိနေတာပဲ ...

မဟာရန့်ရယ် ...

မင်း တကယ်ဒုက္ခပေးတာပဲ ...

မီးပွိုင့်က ... နီနေဆဲမို့ Phone ကလေးကိုဖွင့်ကာ နားထောင်လိုက်သည်။

"ပြော ... မဟာရန် ..."

သူ့ အသံလေးက ထုံးစံအတိုင်း မကြည်မလင်ကလေးနှင့် နည်းနည်းလေးတော့ မာသွား၏။

"မင်း ... ခြေလှမ်းတွေက အရမ်းကြဲနေပြီ ဆန္ဒညီ ..."

"အဲဒါ ... မင်း အခုမှ သိသလား ..."

"မင်းတို့ အခု ... ဘယ်လို သွားမလို့လဲ ..."

"ဘာ ... ဘာပြောတယ်"

"နို့စိမ်းရောင်လေးနဲ့ သိမ်မွေ့သာကို တွေ့နေရလို့ မင်းကို မေးနေတာလေ ..."

"ဟာ ... ကြည့်စမ်း ... ဒါဆို ... မင်း ..."





သွားပါပြီ ... ။

ပြူးပြူးပျာပျာကလေးနဲ့ ... စီတန်းရပ်ထားတဲ့ကားတွေကို ကြည့်လိုက်တော့မှ မဟာရန်စီးနေကြ ပြိုင်ကားရဲရဲလေးက သူတို့ ကားနှင့် မလှမ်းမကမ်းလေးမှာ ...

"သာ ... လှည့်မကြည့်နဲ့နော် ... ကိုယ်တို့ကားနောက်မှာ မဟာရန်ကားလိုက်လာပြီ ..."

"ဟင် ..."

"ဟယ် ..."

သူပြောလိုက်မှ သူငယ်ချင်းတွေအားလုံး ရင်ထိတ်သွားကြတော့တာလေ ... မီးပွိုင့်ကလည်း စိမ်းသွားပြီမို့ ... သူ သွက်သွက်လေးပဲ မောင်းထွက်ကာ စက်ရှိန်လေးကိုပါတင်လိုက်သည်။

လိုက်ခဲ့လေ ... မဟာရန် ...

တွေ့သွားပြီဆိုတော့လည်း ရင်ဆိုင်ရတော့မှာပေါ့ ...

သာကလည်း ... ရင်ကလေး တထိတ်ထိတ်ခုန်လို့ ...

မဟာရန်ဆိုတဲ့ နာမည်လေးကိုကြားလိုက်တာနဲ့ မျက်ဝန်းလေးတွေ ညှိုးဖျော့ကျကာ ... စိတ်ထဲမှာလည်း ကတုန်ကယင်လေးဖြစ်သွားသည်။

ဆန္ဒညီက လှည့်မကြည့်နဲ့လို့ တားထားပေမယ့် လှည့်ကြည့်ဘဲလည်း သာက မနေနိုင်ပြန်ပါ ... ။

သူမရဲ့ မျက်ဝန်းလေးတွေက ရီရီဝေဝေ ညှိုးညှိုးဖျော့ဖျော့လေးနဲ့ပဲ ... နောက်ကို လှည့်ကြည့်လိုက်မိတာလေ ... ။

တံတားကြီးပေါ်အတက်မှာ ...

နောက်က ကပ်ပါလာတဲ့ ပြိုင်ကားအနီရဲရဲကလေး ...



www.burmeseclassic.com

www.burmeseclassic.com



သေချာပါတယ် ...

ဒါ ... မဟာရန်ပဲ ...

သူ ကားချင်းပြိုင်မောင်းပြီး ... ပြဿနာရှာတော့မယ်တ

"သာ ... မကြောက်နဲ့နော် ... "

ဆန္ဒညီ ဒီလို သတိပေးတာလည်း သာ့အကြောင်းကိုသိ လို့ပါ ...။ မဟာရန်နဲ့ ပတ်သက်လာပြီဆိုတိုင်း မျက်နှာလေး ဖျော့ကျသွားတတ်သည့် သာ့ ပုံစံလေးက ဟန်မဆောင်နိုင်လော အောင် ဖြစ်ဖြစ်သွားတတ်တာ ... သူ မသိဘဲနေပါ့မလား။

ဒါ ဘာသဘောလဲဆိုတာကိုလည်း သူက မတွေးချင်။

သာ,ကတော့ ...

ကားနောက်မှီကလေးကို ခေါင်းလေးမှေးတင်ရင်း မျက် လေးတွေကို အသာပိတ်ထားလိုက်သည်။

မဟာရန်ရယ် ...

ရှင့်ရဲ့ အတင့်ရဲပြီး တဇွတ်ထိုးလုပ်တတ်တဲ့ အကျင့်က ကို ရှင်ဘယ်တော့ စွန့်ပစ်မှာလဲဟင် ... ကျွန်မကတော့ ဒီနေ့ မ မှာပဲ ဆန္ဒညီနဲ့ လူကြီးစုံရာရှေ့မှာ တရားဝင်စေ့စပ်လိုက်ပြီလေ

သူ့ကို မချစ်ခဲ့ပေမယ့် ...

ခေါင်းခါရဲတဲ့ သတ္တိ ကျွန်မမှာ မရှိခဲ့ပါဘူး ...။

ဒက်ဒီရဲ့ တစ်ချက်လွှတ်အမိန့်နဲ့ မာမီရဲ့ စည်းရုံးဖြော မှုတွေအောက်မှာ ... ဟင့်ခနဲ တစ်ချက်ရှိုက်ပြီး ခေါင်းလေးငြိ ရတာ ... သိမ်မွေ့သာရဲ့ ရင်အနာရဆုံး စာမျက်နှာတွေပါပဲ ...

ကျွန်မ ငိုခဲ့ရပါတယ် ... မဟာရန်ရယ် ...





"ဟာ ... ဟာ ... ကြည့်စမ်း ဒီကောင်"

"ဝေါ ... ဝေါ"

ဆန္ဒညီအော်သံကြားလို့ ...

အထိတ်တလန့်လေး မျက်လုံးလေးဖွင့်ကြည့်လိုက်တော့

"အို ... ဘုရားရေ ... "

ပြိုင်ကား ရဲရဲလေးက သူမတို့ကား အရှေ့မှာ ဝိတ်ရပ်နေခဲ့ပြီ

"မင်း ... မင်း ဘာလုပ်တာလဲ မဟာရန် ... "

ရုတ်တရက် ... ကားတံခါးဖွင့်ပြီးဆင်းလာတာ မဟာရန်ပါ

"ရွှေပုဇွန်မှာ ငါတို့သုံးယောက် မျက်နှာချင်းဆိုင် ဆွေးနွေး င်လို့ ကားပိတ်ရပ်ပြီး ... နှစ်ယောက်စလုံးကို ငါဖိတ်ခေါ်တာပါ"

"Sorry ပဲ မဟာရန်"

ဆန္ဒညီ ခေါင်းခါငြင်းတော့ ...

မဟာရန် နှုတ်ခမ်းထောင့်စွန်းလေးက ဟွန့်ခနဲမဲ့ကျသွား ည်။

"အေးဆေးပါ ... ဆန္ဒညီရာ ... ငါ မင်းကို ပြဿနာမရှာပါ ... ငါတို့နှစ်ယောက်က ယောကျာ်းလေးတွေပဲ ... ရွှေပုဇွန် ပွဲမှာထိုင်ပြီး တရားမျှတတဲ့ အဖြေတစ်ခုကို ငြိမ်းငြိမ်းချမ်းချမ်း း ရှာကြည့်ရင် ကောင်းမလားဆိုတာ ... ငါစဉ်းစားမိလို့ပါ ဝါကွာ ... ဆန္ဒညီ ဆင်းလိုက်ပါ ... "

"တီ ... တီ ... "

"တီ ... တီ ... "

"ဟာ ... ပြဿနာပဲ ... "

ပေါ်တင်ကြီး လမ်းပိတ်ရပ်ထားတာမို့ ...



www.burmeseclassic.com

www.burmeseclassic.com



နောက်ကားတွေ စီတန်းကာ ကားဟွန်းသံတွေ အဆ
မပြတ် တီးကုန်ကြပြီ ... တချို့ကားတွေကလည်း မလွှတ်တမ်း
လေးနှင့် အတင်းရအောင် ဖြတ်ကျော်ကာ မေတ္တာပို့တဲ့လူက
မျက်စောင်းဝင့်ဝင့်လေး ထိုးတဲ့လူကထိုးနှင့် လမ်းမကြီးတစ်ခု
ရှုပ်ယှက်ခတ်ကုန်ပြီလေ ... ။

"ကျွတ် ... မင်းတကယ် ကကျောက်ပဲ မဟာရန် ..."

"လာပါကွာ ... ဆန္ဒညီ ... သိမ်မွေ့သာကိုခေါ်ပြီး မင်းလိုက်
ခဲ့ပါ ..."

ဒါပဲပြောပြီး မဟာရန်လှည့်ထွက်သွားသည်။

"သာ ... ဘယ်လိုလဲ ... ဒီကောင်ပြောတာကို သဘော
လား ..."

"ဟင့်အင်း ..."

သာ ခေါင်းကလေးကိုပဲ ခါမိ၏။

သူ့ စကားသံကြောင့် မှေးမှိတ်ထားသော သူမ မျက်ဝ
လေး ဖျတ်ခနဲပွင့်သွားရသည်။ ခေါင်းလေးကလည်း ထွက်သွ
သော ဖြိုင်ကားရဲရဲကိုမော့ကြည့်လိုက်တော့ ရွှေပုဇွန်ဆိုင်ကြီးထဲ
ကားနီလေးက ကွေ့လို့ဝင်သွားခဲ့ချေပြီ။

"ရတယ် သာ ... ခုမှတော့ သာလည်း ငြင်းမနေပါနဲ့တေ
သုံးယောက်မျက်နှာချင်းဆိုင်ပြီး ဒီဇာတ်လမ်းကို အပြတ်ဖြတ်လို
တာ အကောင်းဆုံးပဲ ..."

"ဟုတ်တယ် ... သာ ... ဟုတ်တယ် ... ဟုတ်တယ် ဆန္ဒ
ပြောတာကို တို့လည်းထောက်ခံတယ် ... တစ်ယောက်နဲ့တ
ယောက် ရန်ဖက်တွေလို ဖြိုင်ဆိုင်နေတာ ဘာလုပ်မှာလဲ ...





သွားတွေ့ပြီး တခါတည်းဖြေရှင်းလိုက် ..."

သူဇာဝင်းက ကားနောက်ခန်းကနေ လှမ်းအော်ပြောနေသည်။

"သာ ... သာက ဘာပြောရမှာလဲ"

သာက စကားထစ်ထစ်လေးနဲ့ တကိုယ်လုံးလည်း အေးစက်လာခဲ့သလိုပင် ... စောစောကလည်း ကားပြတင်းပေါက်နံဘေးမှာ လာရပ်ရင်း ထိတ်လန့်ဖြူဖျော့နေတဲ့ သာ့ မျက်ဝန်းလေးတွေကို ဖျတ်ခနဲ သူစိုက်ကြည့်သွားခဲ့တာ ... ။

သာ့မှာတော့ ...

အယောင်ယောင် အမှားမှားနဲ့ မျက်တောင်ရှည်လေးတွေကို တဖျတ်ဖျတ်ပုတ်ပြီး ... ရင်ထဲက ခံစားချက်တွေကို ဘယ်သူမှ မသိအောင် ဖုံးပစ်လိုက်ရတာလေ ... ။

"သာ ... ဘာမှ မပြောနဲ့ ... ဒီကောင့်ကို ကိုယ်ပဲရှင်းမယ်ကွဲ ... ကြာပါတယ်ကွာ ... ရွှေပုဇွန်ထဲကိုပဲ ဝင်လိုက်တော့မယ်"

"ရတယ်လေ ... နင်တို့ ဆွေးနွေးတဲ့ အချိန်မှာ ကက်ပီတယ်ဘက်ကို ငါတို့လမ်းလျှောက်သွားလိုက်မယ် ... အေး ဆွေးနွေးတယ် ဆွေးနွေးတယ်ဆိုပြီး ရန်လည်းဖြစ်မနေကြနဲ့နော် ... ငါတို့ စိတ်ချမယ် ..."

"ဘာမှ ... ပူမနေနဲ့ ..."

ရွှေပုဇွန်ထဲမှာ ကားရပ်တော့ ...

ကျန်သူငယ်ချင်းတွေအားလုံး ကက်ပီတယ်ဘက်ကို လမ်းလျှောက်ထွက်သွားကြပေမယ့် ... သာနဲ့ ဆန္ဒညီကတော့ ရွှေ



www.burmeseclassic.com

www.burmeseclassic.com



ပုစွန် ရေခဲမုန့်ဆိုင်ကြီးထဲကို ဝင်ခဲ့သည်။

မဟာရန် ...

မင်းတစ်ခုပဲ သိထားရမှာက

ဆန္ဒညီဟာ ဘယ်တော့မှ သွေးမကြောင်ဘူးဆိုတာပဲ ...

ဆိုင်ထဲကိုလှမ်းကြည့်လိုက်တော့ လူရှင်းသော ထောင့်စားပွဲလေး တစ်လုံးမှာ မခိုးမခန့် မျက်နှာထားလေးနှင့် မဟာရန်က အသင့်နေရာယူထားလို့ပါ ... ။

သူတို့နှစ်ယောက် ဝင်လာတာကို မြင်တော့ ...

ထိုင်နေရာမှ ထ,ပြီး ... သူ့ကို လက်ကမ်းပေးပါသည်။

"Sorry ပဲ မဟာရန် ... မင်းကို လက်ဆွဲနှုတ်ဆက်ဖို့ ငါ့ဘက်မှာ အဆင်သင့်မဖြစ်သေးလို့ပါ ... ထိုင်လိုက်ပါ ရဘာယ် ... "

"မင်း ... မင်း မရိုင်းနဲ့လေ ဆန္ဒညီ ... "

မဟာရန့်ဆီက မခိုးမခန့်အပြုံးလေးက ပိုလို့တောင် ထင်ရှားသွားသည်။ တကယ်ဆို ဒီနှစ်ယောက်ကြားမှာ အနေရခက်နေတာ သိမ်မွေ့သာပါ ... ။

တစ်ယောက်က ငယ်သူငယ်ချင်း ...

ထိုင်ဖို့နေရာလေးရွေးတော့ ... သာက အလယ်က ဖြစ်သွားပြီး သူတို့နှစ်ယောက်က မျက်နှာချင်းဆိုင်ဖြစ်သွားသည်။

"ရိုင်းတယ် ထင်ရင်လည်း မတတ်နိုင်ဘူးလေ ... မဟာရန့်တို့နှစ်ယောက်မှာ မိတ်ဆွေအဆင့်ကိုရောက်ဖို့ နောက်ထပ်အဆင့်တွေ အများကြီး ထပ်ဖြတ်ရဦးမယ် ထင်နေလို့ပါ ... "

"ဟွန်း ... ကောင်းပြီလေ ဆန္ဒညီ ... "





"ဟင် ... "

ရုတ်တရက် သူ့မျက်ဝန်းအကြည့်လေးတွေ သာ့ ဘက်ကို စူးစူးရှရှလေးကူးလာခဲ့ပြီ။ ဖြစ်ချင်တော့ သာကလည်း မျက်တောင်လေးတောင် မခတ်နိုင်ဘဲ သူ့ကို့ငေးကြည့်နေမိတာလေးနဲ့ ဆုံမိသွားတာလေ ... ။

ဒီလို ဆုံမိသွားတော့ ...

ညင်သာတိုးသက်တဲ့ ထိတွေ့မှုလေးတစ်ခုက ... သာ့နှလုံးသားထဲမှာ တသိမ့်သိမ့် အငြိမ့်ငြိမ့်လေးနဲ့ ပေါ်လာရတာ ဘယ်လောက်ထူးဆန်းလဲ ... ။

"မင်းဘက်မှာ ဒီလို စိမ်းစိမ်းပြတ်ပြတ် ခံစားချက်လေးရှိနေတာ ... ငါ့ဘက်က နားလည်ပေးလို့ရပါတယ် ... အခု အရေးကြီးတာ ... မင်းဘာကြောင့် ... သိမ်မွေ့သာကို ခိုးကြောင်ခိုးဝှက်စေ့စပ်လိုက်ရသလဲဆိုတာ ငါသိချင်လို့ ... "

တွေ့လား ...

ဒီကောင်မေးတဲ့ မေးခွန်းက ဘယ်လောက်ရင့်တဲ့မေးခွန်းလည်းဆိုတာ ... ကိုယ့်ဟာကိုယ် ဘယ်လိုပဲစေ့စပ်စေ့စပ် ခရော့ခ်ကွက်ရှင်တွေနဲ့ ဘလိုင်းကြီး ကြက်ခြေလာခတ်နေစရာ လိုသလား။

ဆန္ဒညီ နှုတ်ခမ်းလေး မဲ့သွားသည်။

"ဟွန်း ... ဒီမှာ မဟာရန် ... "

"ပြောလေကွာ ... "

"ဒီဓာတ်လမ်းမှာ အရှက်မဲ့ သိက္ခာမဲ့ ဒီဗိုင်းမျိုးနဲ့ ဘယ်သူ့ရဲ့ ဗိုင်နက်ထဲကို ဘယ်သူက စ,ပြီး ကျူးကျော်ခဲ့တာလည်းဆိုတာ မင်းကိုယ်မင်းပဲ ပြောကြည့်စမ်းပါဦး ... "



www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ ... မင်းနဲ့ သိမ်မွေ့သာက ချစ်သူတွေမှ မဟုတ်တာပဲလေ ... ဆန္ဒညီ ... သေချာနေတာက အိမ်ထောင်လည်း မရှိ ... ချစ်သူလည်း ... မရှိသေးတဲ့ လွတ်လပ်တဲ့ မိန်းကလေးတစ်ယောက်ကို လွတ်လပ်တဲ့ ယောကျ်ားလေးတိုင်းက လွတ်လပ်စွာ အချစ်ကို တောင်းဆိုခွင့်ရှိနေတာလေ ..."

"ဟာ ... ဒါဆို ... ငါနဲ့ သိမ်မွေ့သာက ဒီနေ့ပဲစေ့စပ်လိုက်ပြီလေ ... မဟာရန်၊ ဒီအခြေအနေမျိုးမှာ မင်းဘာကိုရွေးချယ်မလဲ ငါတို့ရဲ့ နှစ်ဖက်မိဘ ဆွေမျိုးတွေ ပျော်ပျော်ရွှင်ရွှင် အေးအေးချမ်းချမ်းကလေးနဲ့ တွေ့ဆုံဆွေးနွေးကြပြီး ... ငါတို့နှစ်ယောက်ရဲ့ အနာဂတ်ခရီးလမ်းအတွက် အုတ်မြစ်ချပေးလိုက်တဲ့ စေ့စပ်ပွဲလေး ဆိုတာရော မင်းသဘောပေါက်ရဲ့လား ... မဟာရန် ... မပေါက်ရင် မင်းကိုငါ ထပ်ပြောမယ် ..."

ချက်ချင်း မပြောသေးဘဲ ...

မျက်တောင်လေးပင့်ကာ ... နှုတ်ခမ်းလေးမဲ့ရင်း ခေါင်းကလေးကိုပါ ဆန္ဒညီက မော့လိုက်သည်။

"စေ့စပ်တယ်ဆိုတာ လက်ထပ်ရမယ့် ဇနီးမောင်နှံအဖြစ်နဲ့ နှစ်ဖက်သဘောတူ သတ်မှတ်တာ ..."

"ဒါဆို ... သိမ်မွေ့သာက လက်ခံသလား ..."

"ဟာ ... လက်ခံလို့ စေ့စပ်တာလေ ... မင်း ဘာကြောင့်နေတာလဲ ..."

"ဟွန်း ... ငါကတော့ မယုံပါဘူး ..."

ဒါကိုတော့ မဟာရန် လက်မခံနိုင်ပါ။

သိမ်မွေ့သာဆိုတဲ့ သူမရဲ့ မျက်ဝန်းလေးတွေကို ကြည့်လိုက်





တာနဲ့ ဒီပုစ္ဆာရဲ့ အဖြေကို ရှင်းနေအောင် မြင်နေရတာပဲဥစ္စာ ...

"မင်း ... ဘာကို မယုံတာလဲ မဟာရန် ..."

"သိမ်မွေ့သာက မင်းကိုမှ မချစ်တာလေ ..."

ဆန္ဒညီ မလုံမလဲလေးတော့ ဖြစ်သွားသည်။

"ငါကတော့ ဒီနေ့ပဲ ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်တယ်"

ဆန္ဒညီ သူ့မျက်ဝန်းတွေကိုပဲ တည့်တည့်စိုက်ကြည့်၏။

"မင်းနဲ့ သိမ်မွေ့သာ ဘယ်လိုပဲစေ့စပ် ... စေ့စပ် ... နောက်ဆုံးတစ်နေ့မှာ သိမ်မွေ့သာ လက်ထပ်ရမယ့်သူဟာ ငါပဲဖြစ်ရမယ်ဆိုတာ ... ငါဒီနေ့ မင်းကို ကြေငြာတယ် ..."

"ဟာ ... ဟော့ကောင်"

"မင်း ... ရှင်းပါတယ်နော် ... ဆန္ဒညီ"

သူ ဘယ်သူ့ကိုမှ ဂရုမစိုက်နိုင်တော့ပါ။

အရေးကြီးတာ ဒီပွဲမှာ သိမ်မွေ့သာပဲလေ ... ။

သူ့ မျက်ဝန်းလေးက သိမ်မွေ့သာ မျက်ဝန်းလေးဆီ ချက်ချင်း ရွေ့သွားသည်။

"မင်း ... ကိုယ့်ကို ယုံတယ်မို့လား သိမ်မွေ့သာ"

"ရှင် ... ရှင် ဘာတွေ ပြောနေတာလဲ ..."

မဟာရန်ရယ် ...

ရှင့်မှာ ... ဘယ်လိုရည်ရွယ်ချက်တွေရှိနေလို့ ဆန္ဒညီကို ပြောင်လာစိန်ခေါ်နေတာလဲ ... ဟင်။ စေ့စပ်တယ်ဆိုတာလည်း ဒက်ဒီနဲ့ မာမီကို ကျွန်မကိုယ်တိုင် ခေါင်းငြိမ့်လက်ခံခဲ့လို့ ဒီစေ့စပ်ပွဲလေး အထ,မြောက်ခဲ့ရတာပါ ..."



www.burmeseclassic.com

www.burmeseclassic.com



သေချာနေတဲ့ အချက်က ...

ရှင့်ရဲ့ ညို့ရီရီ မျက်ဝန်းအကြည့်တွေအောက်မှာ ကျွန်မ တစ်ကိုယ်လုံး အေးစက်ပြီး စည်းချက် မမှန်တော့တဲ့ ရင်ခုန်သံတွေကို နာခံခဲ့ရတယ်ဆိုပေမယ့် ဒက်ဒီနဲ့ မာမီကို ခေါင်းခါငြင်းဆန်ရဲတဲ့ သတ္တိတွေ ကျွန်မရင်ထဲမှာ မရှိခဲ့လို့ပါ ... ။

ဒါကြောင့်မို့ ...

ရှင် Phone ဆက်တုန်းက ကျွန်မ အပြတ်ပြောခဲ့တာလေ။

ကျွန်မကို မေ့လိုက်ပါ ... မဟာရန်ရယ် ...

ကျွန်မ ... ကျွန်မ ... ဆန္ဒညီနဲ့ပဲ လက်ထပ်လိုက်တော့မယ် ...

"ကိုယ်ပြောနေတာ ... ရှင်းရှင်းလေးပါ ... သိမ်မွေ့သာ သိမ်မွေ့သာ ကိုယ့်ကိုပဲ လက်ထပ်ရမယ်လို့ ... တောင်းဆိုနေတာလေ ..."

"အဲဒါ ... မဖြစ်နိုင်တော့ဘူးလေ မဟာရန် ..."

ပြောရင်း သာ ငိုမိတော့မယ်ထင်တယ် ... ။

သာ့ နှုတ်ခမ်းလေးတွေ တဆတ်ဆတ်လေးတောင် တုန်လာပြီထင်ပါရဲ့ ... ။

"မင်း ... မင်း ... သာ့ကို စိတ်ခြောက်ခြားအောင် မပြောနဲ့လေ ... မဟာရန် ... သာ ခေါင်းခါနေတာ ... မင်း မြင်တယ်မို့လား မင်း စိတ်လျှော့လိုက်ပါ ... မဟာရန်ရာ ... မင်းကို ငါတောင်းပန်ပါတယ် သိလား ..."

"နေဦး ဆန္ဒညီ ... မင်း ဝင်မပြောနဲ့ သိမ်မွေ့သာရင်ထဲက ဆန္ဒတွေကို သိချင်လို့ ငါမေးနေတာ ..."





"ကျွန်မ ... ကျွန်မ ရှင့်ကို မချစ်ဘူးလေ ... မဟာရန်"

"အဟင့် ..."

"မင်း ... မင်း ကြားတယ်နော် ... မဟာရန် ... အဲဒါ သိမ်မွေ့သာ က ... မင်းကို တိတိကျကျ ပေးလိုက်တဲ့ အဖြေပဲ ... ဒီလောက်ဆို မင်းသဘောပေါက်ဖို့ ကောင်းနေပြီ ... အခု ငိုလိုက်တာလည်း မင်းကို ကြောက်လို့ငိုလိုက်တာပါကွာ ... မင်း ... မင်း ဆက်ပြီး မနှောက်ယှက်ပါနဲ့တော့ကွာ ..."

"အဟင့် ... ဟင့် ... ဟင့်"

"ဟာ ... သာ ..."

"သိမ်မွေ့သာ ..."

သာ မခံစားနိုင်တော့လို့ ... စားပွဲလေးကနေ ရုတ်တရက်ထွက်လာခဲ့တော့ ... သာ့ နာမည်လေးကိုခေါ်ပြီး နှစ်ယောက်စလုံးက လှမ်းတားနေကြတာလေ ... ။

သာ တွေ့ရာ တက္ကစီလေးတစ်စီးကို လက်ပြတားပြီး အိမ်အရောက်ပြန်လာခဲ့တဲ့ တစ်လမ်းလုံး ကားပေါ်မှာ တဟင့်ဟင့်လေးနဲ့ ငိုရှိုက်လို့ပေါ့ ... ။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၃ )

"မမရယ် ... မငိုပါနဲ့ ... ဒီဆန်ပြုတ်လေးတော့ သောက်လိုက်ပါနော် ... မမ ... ဒါလေးက ငါးရံ့လေးနဲ့ ပြုတ်ထားတာလေ ငရုပ်ကောင်း မွှေးမွှေးလေးဖြူးထားတော့ ချွေးလေးထွက်ပြီး မမ တစ်ခါတည်း နေကောင်းသွားမှာ ... "

ညနေပိုင်းလောက်မှာ ကတည်းက ...

သာ က ... ဖျားနေခဲ့တာပါ ... ဒါကြောင့်မို့ ဆေးလေးသောက်ပြီး အိပ်ရာထဲမှာ ခွေနေခဲ့တာကို ... ညပိုင်းရောက်မှ စုစုက ဆန်ပြုတ်လေး ပြုတ်ပြီး လာတိုက်နေတာလေ ...

သာက ... မျက်ရည်ဝဲဝဲလေးနဲ့ ငိုနေတာမို့ ...

သာ့ကို ချော့နေရတာလည်း အမော ... ကျောင်းက ပါလာတဲ့ အိမ်စာ လေ့ကျင့်ခန်း စာအုပ်လေးတွေကိုလည်း စုစုက မကိုင်နိုင် ... စုစု ကျောင်းကအပြန်မှာ လွယ်အိတ်လေး ပစ်ချပြီး တစ်ချိန်လုံး သာ့အနားမှာ ပြုစုပေးနေခဲ့တာပါ ... ။

"စုစုရယ် ... မမ မသောက်ချင်ပါဘူး ... "





"ဟာ ... မမ မသောက်ရင် အားမရှိဘဲ ဖြစ်သွားမှာလေ"

စုစု မျက်တောင်လေးတွေကို ပင့်လျက် ...

သာ့ မျက်နှာလေးကိုပဲ အရိပ်တကြည့်ကြည့်လေးနဲ့ စိုက်ကြည့်နေသည်။

"မမ လေ ... မမ ... "

"အဟင့် ... "

အို ... ကြည့်ပါဦး ...

မမ ငိုရပြန်ပြီ ...

ဒုက္ခပါပဲ ...

တကယ်ဆို ... မမ မျက်နှာလေး မကောင်းဖြစ်နေတာကို သိပေမယ့် မမေးရက်လို့ စုစု မမေးခဲ့တာပါ ... မနက်က စေ့စပ်ပွဲကိုသွားဖို့ အောက်ထပ်အဆင်းမှာ မျက်ရည်စက်လေး ပြုတ်ကျလာလို့ ... စုစုမှာ ကပျာကယာလေး သုတ်ပေးလိုက်ရသေးတာလေ။

မမ ခံစားနေရတာတွေ စုစုသိတာပေါ့ ... ။

ဘဘနဲ့ အန်တီချစ်ကို မမက ကြောက်ရတယ် မဟုတ်လား ကိုကြီးဆန္ဒညီကို မချစ်ဘဲ ... လက်ထပ်ရတော့မယ့် အဖြစ်ဟာ မမ အတွက် သိပ်ပြီး တုန်လှုပ်စရာကောင်းတဲ့ အဖြစ်အပျက်ပဲပေါ့။

ဒါတွေအားလုံးကို မမဟန်ဆောင်နေတာ စုစုက အသိဆုံး။ ဟိုလူကပြောလည်း ခေါင်းမငြိမ့်ခေါင်းမခါ ... မျက်တောင်လေး တဖျတ်ဖျတ်ပုတ်ပြီး ရိုရိုသေသေ နားထောင်တတ်တဲ့ မမ —

ဒီလူကပြောလည်း ... ဝင်းနှစ်ရှင်းသန့်တဲ့ အပြုံးကလေးကိုပဲ ပြုံးကာ ယဉ်ယဉ်ကျေးကျေးလေး တုန့်ပြန်တတ်တဲ့ မမ —



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ မမရဲ့ အဖြစ်လေးဟာ …

တကယ်လည်း သနားဖို့ ကောင်းနေခဲ့ပါပြီ … ။

မမရယ် …

မမ ငိုတာ စုစုသိပါတယ် …

ကို … ကိုကြီးမဟာရန်လေ …

"စုစု … "

"ရှင် … မမ"

"အပြင်မှာ … လ,သာ နေလားဟင်"

အို … ကြည့်စမ်း … ဒီနေ့မှ ထူးထူးဆန်းဆန်း

မမမေးနေတာလေးက အပြင်မှာ လ,သာနေလားတဲ့။

"ဟာ … သာတယ်လေ … မမ … မနက်ဖြန်ဆိုရင်ပဲ လပြည့်နေ့ ရောက်တော့မယ့်ဟာကို … ဘာလဲဟင် မမ … ဝရန် တာလေးမှာထွက်ပြီး … မမကြည့်ချင်လို့လား … "

"ကြည့်ချင်တာပေါ့ စုစုရယ် … "

တွေ့လား …

မမ တစ်ယောက်ယောက်ကို သတိရနေတာ အရမ်းသိသာ နေခဲ့ပြီ … ။

မမ လက်မောင်းလေးကိုချိတ်ကာ ဝရန်တာလေးမှာ ထွက် ရပ်လိုက်တော့ တကယ်လည်း ကောင်းကင် အမြင့်ကြီးပေါ်မှာ လမင်းကြီးက သာနေတယ်လေ … ။

သာတာမှ … ဝင်းတောက်ပြီးတော့တောင် ဝိုင်းစက်လို့။

ဒါနဲ့ပဲ … ဝရန်တာ ညာဘက်ထောင့်လေးအထိ လျှောက် သွားကာ နှစ်ယောက်သား ကြည့်နေလိုက်သည်။

ဖိုးလပြည့်စာပေ



စုစုက … ကိုးတန်းကျောင်းသူ ဆိုပေမယ့် …

မမ ဘယ်လို အဓိပ္ပါယ်နဲ့ ပြောနေသလဲ ဆိုတာ စုစုရိပ်မိ ပါတယ် …

"မမရယ် … "

မမက … မခြောက်သေးတဲ့ မျက်ရည်လေးကို သုတ်ရင်း ပမင်းကြီးကိုပဲ စူးစူးစိုက်စိုက်လေး မော့ကြည့်နေရှာပါသည်။

"ဖလပ် … ဖလပ်"

"ရှပ် … ရှပ်"

"ဟင် … "

ရုတ်တရက် ပေါ်ပေါက်လာတဲ့ ခြေသံလေးကြောင့် စုစုက ောက်ကို ဖျတ်ခနဲလှည့်အကြည့် …

"ဟာ … ကိုကြီး မဟာရန် … "

"အမလေး … "

ကိုကြီးမဟာရန်ဆိုလို့ လန့်သွားတာ သိမ်မွေ့သာလေ …

အို … ကြည့်စမ်း …

သူက … ဝရန်တာမှာတောင် ရပ်နေပြီ …

"ရှင် … ရှင် … ဒီအပေါ်ရောက်အောင် ဘယ်လိုတက်လာ ာလဲဟင် … မဟာရန် … ဒုက္ခပါပဲ … အဟင့် … ဟင့် … င့်"

သာ အရမ်းကြောက်ပြီး …

အသံလေးပါ တုန်သွားရသည်။

"လွယ်ပါတယ် … ဒီ ဝရန်တာပေါ် တွယ်တက်လာတာ ခက်လို့လဲ … "

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း ... ဟင့်အင်း ... ရှင် အခုပြန်ဆင်း ... "

"ကိုယ် ... မင်းနဲ့ စကားတွေအများကြီး ပြောချင်လို့ ဒီအပေါ်ရောက်အောင် စွန့်စားပြီး တက်ခဲ့ရတာပါ ... သိမ်မွေ့သာ"

"ဒုက္ခပါပဲ ... စုစုရယ် ... မမ ဘာလုပ်ရမလဲဟင်"

"ဒီအပြင်မှာဆို တစ်ယောက်ယောက် မြင်သွားမှာ သေချာ တယ် ... အကောင်းဆုံးက မမအခန်းထဲမှာပြောတာ အကောင်းဆုံး ပဲ ... လာ မမ မကြောက်နဲ့ စုစုတံခါးစောင့်လုပ်ပေးမယ် ... "

ချောလိုက်တဲ့ ... ကိုကြီးမဟာရန် ...

လရောင်လေးအောက်မှာ တည်တင်းတဲ့ မျက်နှာထား လေးက ဝင်းနှစ်ရှင်းသန့်နေတော့တာလေ ... ။

အခန်းထဲအရောက်မှာ တံခါးလက်ကိုင် လော့ဒ်ကလေးကို ကပျာကယာ ပိတ်ချလိုက်တာလည်း စုစုပါ ... ။

"ရှင် ... ရှင် ... တကယ်ပြဿနာရှာတယ်သိလား ... မဟာရန်"

"ဒီလိုမှ ... မစွန့်စားရင် ကိုယ် မင်းနဲ့ဝေးရတော့မှာလေ"

"ရှင် ... ဒီအပေါ်ကို ခိုးကြောင်ခိုးဝှက်တက်လာတာ တစ် ယောက်ယောက်မြင်သွားရင် ... ကျွန်မ သိက္ခာကျမှာကို ရှင် ထည့်မတွက်တော့ဘူးလား ... ဟင် ... မဟာရန် ... ခြံထဲမှာ လူတွေအများကြီး ရှိနေတာကို ရှင်သိရဲ့သားနဲ့ ... "

"မမ ... "

"ဟင် ... ဘာလဲ စုစု"

"အောက်ထပ်မှာ ဘယ်သူတွေ ဘာလုပ်နေတယ်ဆိုတာ ... ခဏ ဆင်းကြည့်လိုက်ဦးမယ်နော် မမ ... မကြာပါဘူး ... ရှင့်





အခုပဲ ပြန်တက်လာခဲ့ပါ့မယ် ... "

တွေ့လား ...

တံခါးကို ဒေါက်ခနဲဆွဲဖွင့်ပြီး ပြောပြောဆိုဆိုလေးနဲ့ပဲ အခန်း အပြင်ဘက်ကို စုစုထွက်သွားခဲ့ပြီ ... ။

အခန်းထဲမှာ နှစ်ယောက်တည်း ကျန်ခဲ့တာ ...

သူနဲ့ သာပါ ...

"ရှင် ... ရှင် ... တော်တော် အတင့်ရဲတာပဲ မဟာရန်"

"အဲဒါ ... ကိုယ့် အချစ်တွေပဲလေ ... သိမ်မွေ့သာ"

"ရှင် ... ရှင် ... ဒီလိုမျိုးတွေ မိုက်ရူးရဲဆန်ဆန် လုပ်ရအောင် ရှင့်ကို ဘယ်သူက လက်ခံနေလို့လဲဟင် ... "

"ကိုယ့်ကို ချစ်နေတဲ့ အချစ်တွေ မင်းမျက်ဝန်းလေးထဲမှာ ရှိနေတာ ... ကိုယ်သိနေလို့ အန္တရာယ်တွေကြားကနေ ... မင်း ဆီကို မရောက်ရောက်အောင် လာခဲ့တာလေ ... "

"ဟာ ... ဘယ်က အချစ်တွေ ကျွန်မ မျက်ဝန်းလေးထဲမှာ ရှိနေရမှာလဲ ... "

"မင်း ကိုယ့်ကို ... မညာပါနဲ့ သိမ်မွေ့သာ ... "

"ဟာ ... ရှင် ... အဲဒီနေရာမှာပဲ ရပ်နေနော် ... ကျွန်မ အနားကို တိုးမလာနဲ့ ... "

လက်ရဲဇက်ရဲ နိုင်လွန်းတဲ့ သူ့အကြောင်းကို သာက သိနေ တော့ ... သူ ခြေတစ်လှမ်းတိုးလာတာနဲ့ သာက နောက်ကို နှစ် လှမ်း သုံးလှမ်း ထပ်ဆုတ်သည်။

"ရှင် ... ရှင် တော်တော်ခက်တဲ့လူပဲ ... "



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက် ... ဒေါက် ... "

"မမရေ ... မမ ... "

"ဟင် ... "

စုစုအပြင်ကနေ တံခါးခေါက်နေပြီ ... ။

သာ အပြေးသွားကာ ဖွင့်လိုက်တော့ ... စုစုက အခန်းထဲကို သွက်သွက်လေး လှမ်းဝင်ကာ တံခါးလော့ခ်ကို ကပျာကယာလေးပြန်ပိတ်သည်။

"ရှူး ... မမ ... "

"ဟင် ... ဘာဖြစ်လို့လဲ ... "

"ဘဘနဲ့ ... အန်တီချစ် ဒီအပေါ်ကို ဘုရားရှိခိုးဖို့ တက်လာတော့မယ် ... "

"ဟင် ... "

ဒုက္ခပါပဲ ...

"ရှင် ... ရှင်ပြန်ပါတော့နော် မဟာရန် ... "

"ဒါဆို ... ကိုယ့်ကို မင်းကတိတစ်ခုပေး ... "

"ဟာ ... အရေးထဲမှာ ဘာကတိပေးရဦးမှာလဲ"

"မနက်ဖြန် ညနေ ခြောက်နာရီတိတိမှာ ... May MiN Mart ရှေ့မှာ ကိုယ်စောင့်နေမယ် ... အဲဒါ လာတွေ့ပါ့မယ်ဆိုတဲ့ကတိ ... ကိုယ်လိုချင်တယ် ... "

"ဟာ ... တွေ့မယ်လို့ ပြောလိုက်လေ မမ ... "

"တွေ့မယ် ... တွေ့မယ်"

"မင်းကတိ ... မင်းတည်နော် ... "

သာ ... ကြောက်ကြောက်လေးနဲ့ပဲ ခေါင်းငြိမ့်ကတိပေ





လိုက်တော့မှ အခန်းထဲကနေ သူပြန်ထွက်သွားသည်။

"စုစု ... ဝရန်တာဘက်ကို ထွက်ကြည့်စမ်း ... သူတကယ် ပြန်ဆင်းသွားတာ ဟုတ်ရဲ့လားလို့ ... "

သာ ပြောမှ ... စုစု ဝရန်တာဘက်ကို တမန်းကတန်းလေး ထွက်ကြည့်သည်။ အတင်းကုတ်ကပ် တွယ်ဆင်းသွားတာ ဟိုဘက်ရောက်တော့ သစ်ပင်အရိပ်ကြီးနဲ့ ကွယ်သွားလို့ မမြင်လိုက်ရတော့ဘူးလေ ... ။

"ဟား ... တော်ပါသေးရဲ့ စုစုရယ် ... "

သာ ကြောက်နေရတာ ... ခုထိ ဒူးကလေးတွေ တုန်နေဆဲပါ ... တကယ်ဆိုးတဲ့ မဟာရန် ... ဒက်ဒီက မိသွားလို့ကတော့ အချုပ်ထဲရောက်သွားမှာ သေချာတယ် ... မဟာရန့်ဆိုရင် ဒက်ဒီက တော်တော်မုန်းနေတာလေ ...

သမီးအခန်းကို သူခိုးကျင့် သူခိုးကြံ ကြံပြီး ဝင်လာတယ်ဆိုတဲ့ စွပ်စွဲချက်နဲ့ ဒက်ဒီလက်သီးစာ မိသွားမှာကလည်း သေချာတယ်။

"မမ ... "

"ဟင် ... ဘာလဲစုစု"

"မမတို့နှစ်ယောက်ရဲ့ အဖြစ်က ... တကယ်ရင်တုန်ဖို့ကောင်းတယ်နော် မမ ... စုစု ကြည့်ရတာ ... ကိုကြီးဆန္ဒညီထက်တောင် ကိုကြီးမဟာရန်က မမကို ပိုချစ်နေသလိုပဲ ... "

"နင်ကလည်း စုစုရယ် ... အရေးထဲမှာ ... "

"ဟွန်း ... "

နှုတ်ခမ်းလေးမဲ့ကာ သာပြုံးမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူက ... မမ ဒုက္ခရောက်မှာကိုလည်း အရမ်းကြောက်နေတဲ့ ပုံစံလေးနော် ... မမ ... သူ မပြန်ချင်ဘဲ ပြန်သွားတာ စုစု သိတယ် ..."

"စိတ်ညစ်ပါတယ် စုစုရယ် ..."

"ဟာ ... မမကလည်း ... ဘာ စိတ်ညစ်စရာလိုသလဲ"

စုစုပြန်ပြောနေတာ မျက်တောင်ကော့ကော့လေးနဲ့ ...

"မမနဲ့ မဖြစ်နိုင်တော့ဘူးလေ ..."

"ဟာ ... ဘာလို့ မဖြစ်နိုင်ရမှာလဲ ... ဖူးစာဆိုတာ ဦးရာလှလေ ... မမ ..."

"ဘယ် ... ဘယ်လို စုစု ..."

"ဟဲ့ ... အခန်းထဲက နှစ်ယောက် တိုးတိုး ... တိုးတိုးနဲ့ ဘာတွေပြောနေကြတာလဲ ..."

အခန်းအပြင်ဘက်က ပေါ်လာတာ မာမီ့အသံ ...

ဒက်ဒီနဲ့ မာမီ ... ဘုရားရှိခိုးဖို့ တက်လာကြပြီနဲ့တူပါရဲ့။

"တံခါးဖွင့်စမ်း ..."

"ဒေါက် ... ဒေါက်"

"ဟာ ... စုစု မာမီ့ကို တံခါးဖွင့်ပေးလိုက်လေ"

စုစုက အပြေးသွားကာ ဖွင့်ပေးလိုက်တော့မှ ...

မာမီက စိပ်ပုတီးကို ကိုင်ရင်း အခန်းထဲဝင်လာသည်။ ဒါတောင် နှစ်ယောက်စလုံးကို မသင်္ကာတဲ့ မျက်လုံးကလေးနဲ့ မာမီက ကြည့်လိုက်သေးတာလေ ...။

ကြည့်ပြီးတော့မှ ...

"ဟဲ့ ... နင်တို့နှစ်ယောက်ကို ငါမေးနေတယ်လေ ... ကြိတ်ပြီး ဘာတွေတိုင်ပင်နေကြတာလဲလို့ ..."

"ဟာ ... ဘာမှ မတိုင်ပင်ပါဘူး ... အန်တီချစ်ရဲ့ ... မမက ကိုယ်ကလေးပူနေလို့ ဆန်ပြုတ်လေး တိုက်ဖို့လုပ်နေတာ ..."

"ဟဲ့ ... ကိုယ်ပူရင် ဆေးသောက်လေ ဒုက္ခပါပဲ"

သည်တော့မှ မာမီ့မျက်နှာ ယာခတ်သွားတာ ...

သမီး နဖူးလေးကို အပြေးအလွှားလာစမ်းသည်။

"အို ... ကြည့်စမ်း တော်တော်ပူနေတာပဲ"

"ရပါတယ် မာမီ ... သာ ဆေးသောက်ထားလို့ ခဏနေရင် အဖျားကျသွားမှာပါ ..."

"အေး ... သောက်ထားရင်လည်း ပြီးရော ... ပြီးရော အဖျားကျရင် မာ့မီကိုလာနိုးနော် ..."

"စိတ်ချပါ မာမီ ..."

"ဟွန်း ... စိတ်ချတယ်လုပ်မနေနဲ့ ... ညည်းလေးကိုပြောရတယ် ..."

"ရှင် ..."

"မဟာရန်ဆိုတဲ့ ကောင်လေးလေ ..."

"သူ ... သူ ဘာဖြစ်လို့လဲ မာမီ ..."

အထိတ်တလန့်လေးနဲ့ မာမီမျက်နှာကို သာမော့ကြည့်လိုက်တာ ...။

"ဆန္ဒညီကို Phone ထဲကနေ ပြဿနာရှာနေလို့တဲ့"

"ဟုတ် ... ဟုတ်လား မာမီ ..."

"တော်တော်ဆိုးတဲ့ ကောင်လေး ..."







www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း …"

နှုတ်ခမ်းလေးကိုပါ မာမီမဲ့လိုက်သေး၏။

"မိဘက ချမ်းသာသလောက် … ဒီကောင်လေးဆိုးနေ

က တော်တော်အမြင်ကတ်ဖို့ကောင်းတယ် … ခုလည်း ဒရိုင်

ကိုစိုးက … ပြောနေတာ … ဒီကောင်လေးစီတဲ့ကားကို ဒီ

တဝိုက်မှာ ရပ်ရပ်ထားတာ ခဏခဏတွေ့တယ်တဲ့ …"

"ဟုတ် … ဟုတ်လို့လား … မာမီရယ် … တခြားကာ

လည်း မှားနေပါဦးမယ် …"

"ဟဲ့ … ဒီကောင်လေး စီးတဲ့ကားက တခြားကားနဲ့

စရာလား … ဒီလိုကားမျိုး စီးနိုင်တဲ့လူကို ရန်ကုန်မှာ လက်

ကြည့်လို့တောင်ရတယ်ဟဲ့ … နားလည်လား … အလုပ်မရှိ အ

မရှိ လမ်းပေါ်မှာ ကားတစ်စီးနဲ့ လမ်းသလားနေတာ မာမီက

တစ်စက်လေးမှ ကြည့်လို့မရဘူး … ဟွန့် ရုပ်ကလေးက ချော

မှန်ပေမယ့် … စကားပြောရင် ဂျစ်ကန်ကန်လေး ပြောတတ်

ကို မုန်းတာ …"

မာမီပြောနေတာတလေးက နှုတ်ခမ်းလေးမဲ့ကာ မဲ့က

စုစုက … မာမီ မမြင်အောင် မျက်လုံးလေး ပြူးပြနေ

တာလေ … စုစုရယ် နင်ကတော့ တကယ်ပါပဲ …

"အဲဒါ … မာမီ အပြတ်ပြောထားမယ်နော် … ကျောင်း

ကျောင်းပြန် ဒီမဟာရန်ဆိုတဲ့ ကောင်လေး … ဘယ်လော

လာနှောက်ယှက်ယှက်၊ ညည်းလေး မပတ်သက်ရဘူး … မော

ကိုလည်း ငါအပြတ်ပြောထားတယ် … ဒီကောင် နှောက်ယှက်





နဲ့ ငါ့ဆီကို ချက်ချင်း Phone ဆက်လို့ … ကိုယ်က စေ့စပ်ပြီးသား နောက်တစ်ရက် နှစ်ရက်နေရင်တောင် သတို့သမီး သတို့သား ဝတ်မယ့် ဝတ်စုံလေးတွေ စီစဉ်ကြတော့မှာ … ခန်းမငှားလို့ရတဲ့ နေ့ကို အားချင်း မင်္ဂလာပွဲလုပ်ကြတော့မှာလေ … ဒီကြားထဲမှာ စိတ်ရှုပ်စရာတွေ စိတ်အနှောက်အယှက် ဖြစ်စရာတွေ ငါလုံးဝ မကြားချင်ဘူး … စုစု ညည်းလေးလည်း ကြပ်ကြပ်သတိထား"

မဆီမဆိုင် …

စုစုကိုပါ ကြိမ်းသွားလိုက်သေးရဲ့ …

ပြီးတော့မှ … စိတ်ပုတီးလေးကိုင်ကာ ပြန်ထွက်သွားသည်။

"ဟဲ … ဟဲ … စုစုပါ အဆစ်ပါသွားတယ်နော် … မမ"

"ဟွန်း … မပါလို့ရမလား …"

"ဟင် … ဘာဖြစ်လို့လဲ …"

"စုစုက မမရဲ့ ကိုယ်ရံတော်တပ်မှူးလေးလေ …"

"ဟား … ဟား … ဟုတ်တယ်ကွ … အဲဒါ အမှန်ပဲ"

စုစု လက်မကလေး ထောင်ကာ သဘောကျသွားသည်။

"တီ … တီ"

"ဟယ် … Phone လာနေပြီ စုစုသွားကိုင်စမ်း …"

စုစု ပြေးကိုင်လိုက်တော့ …

"ဟဲလို …"

"စုစုလားဟင် … ကိုကြီးဆန္နညီပါ စုစုရဲ့ …"

"ဟာ … ကိုကြီးဆန္နညီလား …"

"ဟုတ်တယ်လေ … စုစု … မမ သိမ်မွေ့သာရော"

"အမလေး … မမကဖြင့် အိပ်နေတာ ခဏလာ ခဏသော



www.burmeseclassic.com

www.burmeseclassic.com



တောင်ဖြစ်နေပြီ ... ”

“ဟုတ်လို့လား စုစုရာ ... ”

“ဟာ ... ဟုတ်ပါတယ်ဆိုမှ ကိုကြီးကလဲ ... ”

“နိုးလာရင် ပြောလိုက်နော် စုစု ... ”

“ဟင် ... ဘာပြောလိုက်ရမှာလဲ”

“မဟာရန်ဆိုတဲ့ ကောင်လေ ... ကောင်မလေး တစ်ယောက်ကို လက်ဆွဲပြီး ဟိုတယ်တစ်ခုထဲကို ဝင်သွားတဲ့ဓာတ်ပုံ ကိုကြီး လက်ထဲမှာရောက်နေပြီလို့ ... ”

“ဟယ် ... ကြည့်စမ်း ... ”

“ဒါပဲနော် ... စုစု ... ကိုကြီး ဖုန်းချလိုက်ပြီ ... ဘိုင့် ဘိုင်”

“ကိုကြီး ... ကိုကြီး ... ”

ဒုက္ခပါပဲ ...

ဒီအကြောင်း မမကို စုစုပြောလိုက်တော့ ... ။

အခန်း ( ၁၄ )

“ဒီမှာလေ ... သာ ... ဒီဓာတ်ပုံလေ”

“ဟင် ... ”

တကယ်လည်း ဓာတ်ပုံထဲမှာ မဟာရန် ... ။

သူနဲ့ ရွယ်တူ ကောင်မလေးတစ်ယောက်ကို လက်ချင်းချိတ်လို့ ... ။

သာ့ ရင်ထဲမှာ နာကျင်သွားသည်။

ဒီလူဟာ ...

တကယ်လှည့်စားတတ်သူပဲ ...

ညကလည်း စုစုဆီက ... ဒီသတင်းကို ကြားကြားချင်း သာ့ တဟင့်ဟင့်လေးနဲ့ ရှိုက်ငိုခဲ့ရပြီးပါပြီ ... ။

ခုတော့ ... သူ့ကို စိတ်နာနာနဲ့ ...

မျက်ရည်ကျတာတွေကို အဆုံးသတ်ခဲ့ရပြီပေါ့ ... ။

သာ ... တစ်ချက်လေးပဲ ကြည့်လိုက်ပြီး ဓာတ်ပုံလေးကို



www.burmeseclassic.com

www.burmeseclassic.com



စားပွဲပေါ် ဒီအတိုင်းပဲ ပြန်ချထားလိုက်ပါသည်။

ကြည့်နေတော့ရော ... ဘာလုပ်တော့မှာလဲ ...

မုန်းဖို့ကောင်းတဲ့လူ ...

ဒီနေ့ သာတို့ သူငယ်ချင်းတွေ ရန်ကင်းစင်တာ အောက်ထပ်က Feel Three မှာ ထိုင်နေကြတာလေ ... ။

အိမ်က လူကြီးတွေကလည်း ဆန္ဒညီကိုယ်တိုင် လာခေါ်လို့ ထည့်ပေးလိုက်တာပါ။ သာကလည်း အရင်လို မဟုတ်တော့ဘဲ ဘာခံစားချက်မှ မရှိတော့တဲ့ အရုပ်လေးတစ်ရုပ်လို ဆန္ဒညီ ခေါ်ရာ နောက်ကို ပါလာခဲ့ရ၏။

မဟာရန်ထက်စာရင် ဆန္ဒညီက ပိုပြီးတော့ ဖြူစင်နေခဲ့တာ မဟုတ်လား ... ခုတော့ သူ့ကို စိတ်နာနာနဲ့ ... ဆန္ဒညီကိုပဲ အခွင့်အရေး ပိုပေးနေမိသလို ဖြစ်နေခဲ့ရပြီ ... ။

"ဆန္ဒညီ ... စားလေ"

"ဟာ ... သာ စားပါ"

"ရှင် အရင်စား ... "

"အမလေး ... အခုမှ ကြင်နာနေလိုက်တာ ... တစ်ဝိုင်းတည်းမှာ ထိုင်နေတဲ့ ငါတို့သူငယ်ချင်းတွေကိုလည်း အားနာပါဦးနော် ... ဟင်း ... ဟင်း"

သီရိစံ မျက်စောင်းလှမ်းထိုးရင်းပြောတော့ တစ်ဝိုင်းလုံး ရယ်သံလေးတွေ ညံသွားသည်။ ဒီဝိုင်းမှာ အပျော်ဆုံးဖြစ်နေတာ ဆန္ဒညီပါ ... "

လက်ထပ်ရတော့မယ့် ချစ်သူလေးနဲ့ ပခုံးချင်းလေးထိနေအောင် ထိုင်ခွင့်ရနေလို့လေ ... သာကလည်း ဒီနေ့မှ မဟာရန်ကို





စိတ်နာနာနဲ့ အစွမ်းကုန်လေး မှုန်ညက်ဝင်းထင်းနေအောင် ပြင်ဆင်လာခဲ့တာပါ ... ။

စုစုကဆို ပွစိပွစိလေးနဲ့ တညလုံးပြောလို့မဆုံး ...

သာ ရှိုက်ငိုရင်း မာနလေး တင်းကာ အိပ်ပျော်သွားတော့ စုစုကပဲ သာ့ကို စောင်ပါးလေးတစ်ထည် ခြုံပေးပါသည်။

ပြောရရင် ... ဒီလူဟာ ...

လူလိမ် လူညာတစ်ယောက်ပဲ ...

ဘာပဲပြောပြော ...

သာ သူ့ကို အဖြေမပေးခဲ့မိတာ မှန်သွားတယ်လေ။

"သာ ... ပျော်ရဲ့လားဟင် ... "

"ပျော်ပါတယ် ... ဆန္ဒညီ"

"ဒီကနေ ပြန်ရင် ... ဖေဖေတို့ စပါယ်ရှယ်သီးသန့်လေး လက်ဖွဲ့ပေးမယ့် ရွှေတောင်ကြားထဲက ခြံနဲ့တိုက်ကလေးကို သွားကြည့်မယ်နော် ... "

"ဟာ ... မကြည့်ချင်ပါဘူး ... ရှက်စရာကြီး ... "

"မရှက်ပါနဲ့ သာရယ် ... အခုလည်း အလုပ်သမားတွေ ချက်ချင်းရှာပြီး ... တိုက်ကလေးကို စိတ်တိုင်းကျ ပြင်ဆင်နေတာ သာ့ကို ပြချင်လို့လေ ... "

"ဟုတ်တယ် ... သိမ်မွေ့သာ ... ဒီကောင် ပြင်ထားတာတော့ မြင်လိုက်တာနဲ့ နင် အရမ်းသဘောကျသွားမယ် ... လိုက်ကာလေးတွေ အရောင်ရွေးတာကအစ ... နင်ကြိုက်တဲ့ ငွေဖလားရောင်လေးတွေကို အပေါ်ထပ်အောက်ထပ် ဝမ်းဆက်လေးဖြစ်အောင် တပ်ထားတာ ... အားလုံးရှယ်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



ကောင်းမြတ်ထွန်းက … ဆန္ဒညီပြောတာကို ဝင်ထောက်ခံသည်။

"ကောင်းမြတ်ထွန်းပြောတာ … ကြားတယ်နော် … သာ"

"ကြားပါတယ် … "

"ကိုယ်က … သာ့ကို စိတ်ချမ်းသာစေချင်တယ် … "

"ဆန္ဒညီရာ … "

ဆန္ဒညီ ချစ်တာကိုလည်း သူမက သိပါသည်။

သူမ အပေါ် တစ်သက်လုံး အလိုလိုက်လာခဲ့သည့် ဆန္ဒညီကို ငြင်းပယ်နိုင်ဖို့ စွမ်းအားတွေမဲ့ခဲ့ရတာလည်း သူမက အသိဆုံးပင်။

တစ်ခုပဲ ခက်နေတာက …

သူမ နားလည်ခဲ့သည့် အချစ်ဆိုသော အရာ …

ရင်ခုန် နာကျင်နေရတာ အဲဒါ အချစ်လား …

မဟာရန်ရဲ့ မျက်နှာလေးကို ပြေးမြင်လိုက်မိတော့လည်း သူမ နှလုံးသားထဲမှာ တဆစ်ဆစ်လေးနဲ့ …

စားသောက်ဆိုင်လေးက ပြန့်ထတော့ …

ရန်ကင်းစင်တာမှာ ဈေးပတ်ဝယ်ကြသည်။

သာ ကတော့ … ငေါင်စင်းစင်းလေးနဲ့ပဲ ဆန္ဒညီဆွဲခေါ်ရာ နောက်ကို သံပတ်ပေးထားတဲ့ စက်ရုပ်ကလေးလို လျှောက်လိုက်နေရတဲ့အဖြစ် … ။

ဒါကို … မဟာရန်ကတော့ မသိပါဘူး …

လက်ရှိအချိန်မှာ ဆန္ဒညီ Phone ဆက်တိုင်ထားလို့ …

ဖေဖေကြိမ်းမောင်း အပြစ်တင်နေတာကို ခံနေရတာလေ

"ဟေ့ကောင် … မဟာရန် … မင်း အခုမှ ငါ့ရှေ့မှာ လာပြီး





ငိုင်ပြမနေနဲ့ … ဆန္ဒညီ Phone ဆက်တိုင်ပြီးကတည်းက မင်း တစ်နေ့ တစ်နေ့ ဘာတွေလျှောက်လုပ်နေသလဲဆိုတာ ငါစုံစမ်းပြီးပြီ … ဘာလဲကွာ … ယောကျ်ားလေးတစ်ယောက်လုပ်ပြီး သူများနဲ့တွဲနေတဲ့ ကောင်မလေး တစ်ယောက်ကို မင်းဖြတ်လုစရာ လား … ကောင်မလေးကိုလည်း အမျိုးမျိုးလိုက်နှောက်ယှက် ဆန္ဒညီဆိုတဲ့ ကောင်လေးကိုလည်း လိုက်စိမ်ခေါ် … အဲဒါ မင်း ကောင်းသလား ဟင် … မဟာရန် … မင်း ငါ့ကိုဖြေစမ်း … "

"ဒါ … ဒါကတော့ ဖေဖေရာ … "

"ဟေ့ကောင် … မင်း ငါ့ကို အထွန့်တက်ပြီး ပြန်မပြောနဲ့"

ဖေဖေဒေါသဖြစ်ပြီဆို …

တစ်တိုက်လုံးကြားအောင် အသံကျယ်ကြီးနဲ့ဖေဖေအော်ပြီ …

ဒီလို ခပ်ကျယ်ကျယ် အော်သံကြားပြီဆိုတာနဲ့ … နောက်ဖေး မီးဖိုခန်းကျယ်ကြီးထဲမှာ ချက်ရေးပြုတ်ရေး အလုပ်သမားတွေကို စီစဉ်ညွှန်ကြားပေးနေတဲ့ မေမေဟာ … ကသုတ်ကယက်လေးနဲ့ … တိုက်ရှေ့ ဧည့်ခန်းမဘက်ကို ပြေးပြေးထွက်လာတတ်စမြဲ။

"ကိုဇေယျာရယ် … ဘာဖြစ်လို့ အသံကျယ်ကြီးနဲ့ ရှင် ဒီလောက်တောင် အော်နေရတာလဲ … ကိုယ့်မှာ မွေးထားတာမှ ဒီသားလေး တစ်ယောက်တည်းရှိတဲ့ဟာကို … "

"ဟ … မင်းသားက မအော်လို့မှ မရတော့တဲ့ ဥစ္စာ၊ သူများနဲ့ စေ့စပ်ထားပြီးသား ကောင်မလေးကို မင်းသားက အတင်းလိုက်နှောက်ယှက်တယ်ဆိုပြီး ဆန္ဒညီဆိုတဲ့ကောင်လေးက ငါ့ကို Phone



www.burmeseclassic.com

www.burmeseclassic.com



ဆက်ပြီးတော့ လှမ်းတိုင်တယ်လေ ...”

“ဟင် ... ဘယ်က ဇော့စပ်ထားတဲ့ ကောင်မလေးလဲ”

ဖေဖေပြောတော့ မေမေ မျက်လုံးပြူးရပြီ ...

“သား ... မဟာလေး မေမေ့ကိုပြောစမ်း ...”

သူ ဘယ်လိုပြောရမလဲ ...

သိမ်မွေ့သာဆိုတာ သူ့ရဲ့ရည်းစားဆိုလည်း ဟုတ်သေး။

အခု သူဖြစ်နေတာက ...

တဖက်သတ်လေးနဲ့ ချစ်နေခဲ့ရတာဆိုတော့ ...

မေမေရာ ...

မေမေ ဘာမှ မသိချင်ပါနဲ့ဗျာ ...

“ပြောလေ ... မဟာလေး ... ဘယ်တုန်းက မေမေ့သားလေးက မိန်းကလေးတွေကို စိတ်ဝင်စားဖူးလို့လဲ ... အခုမှ ထူးထူးဆန်းဆန်း မဟာလေးရယ် ... မေမေ့ကို ပြောစမ်းပါ ... ဘယ် ဘယ်က ကောင်မလေးလဲ ...”

“သား ... သားနဲ့ ဘုရားမှာတွေ့တဲ့ ကောင်မလေးပါ ... မေမေရာ”

“ဘုရားမှာ ... တွေ့တာ”

မေမေ ရင်ဘတ်ကလေး ဖိလို့ ...

သူ့ကို မျက်လုံးအပြူးသားကလေးနဲ့ လှမ်းကြည့်နေတာလေ။

“သူ့နာမည်လေးကို ပြောစမ်း ...”

“သိမ်မွေ့သာတဲ့ ...”





“အို ... ကြည့်ပါဦး ... နာမည်လေးက ချစ်စရာလေး ... ပြောပါဦး သိမ်မွေ့သာလေးရဲ့ ပုံစံလေးက ဘယ်လိုလေးလဲ”

“ဆံပင်အရှည်ကြီးနဲ့ မေမေ ...”

“အို ... ဆံပင် အရှည်ကြီးနဲ့ဟုတ်လား ...”

မေမေ နည်းနည်းလေးတော့ စိတ်ဝင်စားသွားပုံပင် ...

“မေမေရာ ... မေမေသိတဲ့အတိုင်း သား ဘယ်တုန်းက ကောင်မလေးတွေနဲ့ ရှုပ်ရှုပ်ယှက်ယှက် နေခဲ့ဖူးလို့လဲ ... သား ပေါင်းတာလည်း သားသူငယ်ချင်းယောကျာ်းလေးတွေနဲ့ပဲ ... သား ပေါင်းခဲ့တာ ... ညဘက်ကို စားကြသောက်ကြ ပြိုင်ကားမောင်းကြနဲ့ သား ပျော်သလိုလေးပဲနေခဲ့တာ ... ။”

“အို ... အဲဒါ ဟုတ်တယ်လေ ... သား မဟာလေး”

“အဲဒါ ... မေမေရာ ... တစ်ညကျတော့ သားသူငယ်ချင်းတွေနဲ့ ဘုရားပေါ်တက်ရင်း သိမ်မွေ့သာဆိုတဲ့ အဲဒီကောင်မလေးကို တွေ့ခဲ့တာ ... သူ့ ပုံစံလေးကိုကြည့်ပြီး တအံ့တသြလေးနဲ့ သား တစ်ကိုယ်လုံးတောင် ဖျဉ်းခနဲ တုန်သွားသလို ခံစားလိုက်ရတယ် မေမေ ...”

“အံမယ် ... အံမယ်”

သားဖြစ်သူကို ကြည့်ကာ ... မေမေ တပြုံးပြုံး ...

ဖေဖေကတော့ ခေါင်းတခါခါ လည်တခါခါနှင့် နားထောင်ရင်းနှင့်လည်း မျက်လုံးကြီးက ပြူးလာလိုက် မှေးသွားလိုက်ဖြစ်နေတော့တာပါ ... ။

မတတ်နိုင်ဘူးလေ ...

မေမေ့ကိုတော့ ရင်ထဲမှာရှိသမျှ ခံစားချက်တွေ တစ်ခုမကျန်



www.burmeseclassic.com

www.burmeseclassic.com



အကုန်သွန်ချပြလိုက်ရတော့မှာပဲ ...

"မင်း ... မင်းပြောချင်တာ ... သိမ်မွေ့သာဆိုတဲ့ ကောင် မလေးနဲ့တွေ့မှ ရင်ခုန်တတ်လာတယ်ဆိုတဲ့ သဘောမျိုးလေးပေါ့ လေ ... ဟုတ်လား ... သား မဟာလေး ..."

"ဟုတ် ..."

"အမလေး ... သာ မဟာလေးရယ် ... ကြည့်ပါဦး ... ကြည့် ပါဦး ... မအေကို ဖြေလိုက်တာလည်း ... ခေါင်းလေး ငုံ့ပြီး ရှက် ရှက်လေးနဲ့ ... ဟုတ်တဲ့ ... ကိုဇေယျာ ရှင်မြင်တယ်နော် ... ကျွန်မ ရဲ့သား မဟာလေးက ဘယ်တော့မှ ဟန်ဆောင်လိမ်ညာပြီး မပြော တတ်ခဲ့တာ ရှင် အသိဆုံး ... ဒီ သိမ်မွေ့သာဆိုတဲ့ ကောင်မလေးကို သား မဟာလေးက စွဲစွဲလမ်းလမ်းလေးနဲ့ တအားကိုပဲ ချစ်လာ တာလေ ... ဒါကို ရှင်မသိဘဲနဲ့ သား မဟာလေးကိုပဲ အပြစ်ချ စွတ်တင်မနေနဲ့ ..."

"ဟ ... ငါက မတရား အပြစ်တင်နေတာမှ မဟုတ်တာ ဟိုကောင်မလေးက လူကြီးချင်း သဘောတူထားတဲ့ ဆန္ဒညီဆိုတဲ့ ကောင်လေးနဲ့ စေ့စပ်ပြီးသားလေ ... ဒီတစ်လအတွင်းမှာတော့ လက်ထပ်မင်္ဂလာပွဲကို အကြီးအကျယ်လုပ်တော့မှာ ... ပြီးတော့ လည်း ဒီ သိမ်မွေ့သာဆိုတဲ့ ကောင်မလေးက မင်းသားကို ကြိုက် လို့လား ... မင်းသားကပဲ တဖက်သက်လေးနဲ့ လိုက်ကြိုက်နေ တာလေ ..."

"ဖေဖေပြောတာ ဟုတ်လားဟင် ... သား မဟာလေး"

"ဟုတ် ..."

"အမလေး ... သား မဟာလေးရယ် ... ငိုသံဝဲဝဲလေး





ပြောနေလိုက်တာ ... ဟုတ်တဲ့ ... မေမေတို့မှာ ပိုက်ဆံတွေအများ ကြီးချမ်းသာတာတောင် သားမဟာလေးကို သိမ်မွေ့သာဆိုတဲ့ ကောင်မလေးက ပြန်မချစ်ဘူးလား ... ဟင် ... ဒါကြောင့်မို့ သား မဟာလေး အိမ်ကိုပြန်လာတိုင်း မျက်နှာလေးက မှိုင်မှိုင်ပြီးတော့ ပြန်လာတာ ... သိပြီ ... သိပြီ ... သား မဟာလေး ဒီလောက် ဝန်ခံရင် မေမေသဘောပေါက်ပြီ ... ဟင်း ... ဟင်း"

မခံချိ မခံသာလေးနဲ့ ...

နှုတ်ခမ်းလေးမဲ့ကာ မေမေပြုံးနေတော့တာလေ ...

"ဟွန်း ... မင်းက ဘာသဘောပေါက်တာလဲ မိန်းမ ..."

"သား ... မဟာလေးရဲ့ နှလုံးသား ခံစားချက်ကို သဘော ပေါက်တာလေ ... ကိုဇေယျာရဲ့၊ သားမဟာလေးရဲ့ဘဝမှာ လိုချင် တာမရလို့ မျက်နှာငယ်ခဲ့ရတာ ဘယ်နှစ်ခါရှိခဲ့လို့လဲ ... ငယ်ငယ် လေးကတည်းက သူလိုချင်တာကို မရရအောင် ယူတတ်ခဲ့တဲ့ သား မဟာလေးလေ ... ကဲ မေမေ့ကို ပြောစမ်း ... သား မဟာလေး သိမ်မွေ့သာဆိုတဲ့ မိန်းကလေးက သား မဟာလေးကို ဘယ်လို အကြောင်းပြချက်မျိုးတွေနဲ့ ငြင်းပယ်ခဲ့တာလဲ ... သား ဖေဖေပြော တဲ့ ဆန္ဒညီဆိုတဲ့ ကောင်လေးနဲ့ရော ချစ်သူတွေဖြစ်နေကြလို့လား မေမေ့ကို ရှင်းရှင်းလင်းလင်း ပြောစမ်း ..."

"မဖြစ်သေးပါဘူး ... မေမေရာ ... အဲဒီကောင်ကလည်း သားလိုပဲ တဖက်သက်ကြိုက်နေတဲ့ ကောင်ပါ ... ဒါပေမယ့် သူတို့ ဝ မေဂျာတစ်ခုတည်းမှာ အတူတက်နေကြတဲ့ သူငယ်ချင်းတွေ လေ ... ဒါကို မိဘချင်းပြောပြီး စေ့စပ်လိုက်ကြတာ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟော ... တွေ့လား"

သား မဟာလေးပြောတာ ... အရမ်းရှင်းနေပြီ ... ။

သူတို့နှစ်ယောက်ကလည်း ချစ်သူအဆင့်ကို မရောက်ကြ သေးဘူးတဲ့ ... ။

ဒါဆို သား မဟာလေးက ချစ်သူ မရှိသေးတဲ့ လွတ်လပ် သေးတဲ့ မိန်းကလေးတစ်ယောက်ကို ချစ်မြတ်နိုးခဲ့တာပဲ ... ။

သား မဟာလေးမှာ အပြစ်မရှိတော့ဘူးပေ့ါ ... ။

ဒါကို မသိဘဲနဲ့ ...

ဖအေလုပ်တဲ့ လူက ... သား မဟာလေးကိုပဲ အပြစ်ရှာ တာလေ ... မခံနိုင်ပါဘူး ... သား မဟာလေး တကယ်ချစ် ဆိုရင် ... ဟိုဘက်က တင်တောင်းတာထက် ဆယ်ဆပိုတင်ပြီ လိုက်တောင်းပစ်မှာပေ့ါ ... ။

အရေးကြီးတာ ...

သူမတို့ရဲ့ သားမဟာလေး စိတ်ချမ်းသာဖို့ပါ ... ။

"မိန်းမရာ ... ဒီကောင့်ကို ငါဆုံးမနေတာ မင်းဝင်မရှုပ် ပါနဲ့ကွာ ... ဟိုဘက်က ငါ့ကိုတိုင်တဲ့ ဆန္ဒညီဆိုတဲ့ကောင်လေး ရည်ရည်မွန်မွန်လေးနဲ့ စကားပြောတာလည်း သိမ်သိမ်မွေ့မွေ့ ကလေး ... အဲဒီတော့ မင်းကို ငါနောက်ဆုံးစကားတစ်ခွန်း ပြောမယ် ... မဟာရန် ... သိမ်မွေ့သာကို နောက်ဘယ်တော့ မင်းသွား မနှောက်ယှက်နဲ့တော့ ..."

"ဟွန်း ... ကျွန်တော်က အရှုံးပေးလိုက်ရမှာလား ဖေဖေ

"ဟေ ... အရှုံးမပေးတော့ မင်းက ဘာလုပ်ချင်သေးလို့





ဒိသဃဂီရိက မယ်သီတာကို ပန်းရထားနဲ့ တင်ပြေးသလို တင်ပြေး ချင်သေးလို့လား ..."

"ဗျာ ... ဖေဖေ ..."

ဖေဖေပြောလိုက်တာ ...

ဒသဃဂီရိက မယ်သီတာကို ပန်းရထားနဲ့ တင်ပြေးသလိုတဲ့

"ဟွန်း ..."

သူ နှုတ်ခမ်းလေးကိုမဲ့ကာ ပြုံးလိုက်မိပါပြီ ... ။

သူကားသော့လေးယူပြီး ခြံထဲကပြန်ထွက်လာခဲ့ချိန်မှာ တော့ သူအိတ်ထဲက Hand Pone လေးက သံစုံတီးလုံးလေးမြည်လို့ လာသည်။

သူကြည့်လိုက်တော့ အောင်ဝဏ္ဏဆီက Phone ...

"ပြော ... အောင်ဝဏ္ဏ ဘာလဲ ..."

"မင်း အခု ... ဘယ်မှာလဲ ..."

"ငါ ... May MiNi Mart ကို သွားတဲ့လမ်းပေါ်မှာ ..."

"မသွားနဲ့တော့ ... ဟေ့ကောင်၊ မင်းကားကို ရန်ကင်းစင် တာရှေ့ကို မောင်းလာခဲ့တော့ ..."

အောင်ဝဏ္ဏစကားက နည်းနည်းလေးဆန်းသွားတာမို့ ...

"ဟာ ... ဘာဖြစ်လို့လဲ ... အောင်ဝဏ္ဏ"

"သိမ်မွေ့သာနဲ့ ဆန္ဒညီ ... ရန်ကင်း စင်တာထဲမှာရောက် နေပြီ ..."

"ဘာ ... ဘာပြောတယ်"

သူ့ရင်ထဲမှာ နင့်ခနဲဖြစ်သွားသလို ...

မျက်နှာလေးကပါ ရဲတွတ်တွတ်လေး ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



အောင်ဝဏ္ဏကလည်း ဒါပဲပြောပြီး Phone လေးကို ချသွားခဲ့ပါပြီ ... ။

သူ ဝေါခနဲကွေ့ချိုးချပစ်လိုက်တာ ...

ရန်ကင်းစင်တာဘက်ကိုပါပဲ ...

ပြောရရင် ... သူ မျက်လုံးတွေ ပြာနေခဲ့ပြီလေ ...

May MiNi Mart လေးရှေ့မှာ သူ့ကို လာတွေ့ပါ့မယ်ဆိုပြီး ခေါင်းညိတ်ကတိပေးခဲ့တာကို ... မင်း ဖောက်ဖျက်လိုက်တာလား သိမ်မွေ့သာ ...

ဒီလို ... ကတိ မတည်တာကို ...

ကိုယ် ... မင်းကို ဘယ်လို အပြစ်ပေးရင် ကောင်းမလဲ။

ကိုယ့်ရင်ထဲမှာ သိပ်ကိုနာကြည်းသွားပြီဆိုတာ ...

မင်းသိအောင် ဘယ်လိုလုပ်ရပ်တွေနဲ့ သက်သေပြရမလဲ

ကိုယ့်ရဲ့ ...

နောက်ဆုံးဆန္ဒက ... ။

အခန်း ( ၁၅ )

"ဘုန်း ... "

"ဒုန်း ... "

"အို ... တိုက်ပြီ ... "

"ခွမ်း ... ချလွမ်း ... "

ဆန္ဒညီ မျက်လုံးတွေပြာထွက်သွားသည်။

သိမ်မွေ့သာ မျက်တောင်လေးကော့ကာ အသက်ရှူမှား ...

...က် ... ။

သူမ နောက်ဆုံးသိလိုက်တာ ...

ဂငယ်ကွေ့ ဖြတ်ကွေ့ချလိုက်တဲ့ကားက ... သူမတို့ရဲ့ ကား...

...ေါင်း ဘယ်ဘက်အစွန်းကို ဖြတ်တိုက်ချလိုက်တာလေ။

မျက်တောင်လေးကို ကပျာကယာ ပုတ်ကာ ...

တစ်ဖက်ကားမောင်းလာသူကို ကြည့်လိုက်တော့ ...

ကားပေါ်က ဆင်းလာတာ ...

"မဟာ ... မဟာရန် ... "



www.burmeseclassic.com

www.burmeseclassic.com



ထင်မှတ်မထားသူ တစ်ယောက်ကို တွေ့လိုက်ရတာမို့ သာ့တစ်ကိုယ်လုံး အေးစက်ကာ မျက်နှာလေးကပါ အထိတ်တလန့်လေးနဲ့ ဖြူဖျော့သွားခဲ့၏။

မဟာရန်လေ ...

တီရှပ် အနက်ရောင်လေးကို ဂျင်းပန့်အပြာလေးနဲ့တွဲဝတ်ကာ သာထိုင်နေတဲ့ ပြတင်းပေါက်တံခါးလေးဘက်ကို လျှောက်လာကာ ဘာမပြောညာမပြောနှင့် ကားတံခါးကို ဖြောင်းခနဲနေအောင်တအားဆွဲဖွင့်သည်။

ဒါကို မခံစားနိုင်အောင် ဖြစ်သွားတာ ဆန္ဒညီ ...

"မင်း ... မင်း ဘာသဘောနဲ့ ... ဒီလိုလုပ်လိုက်တာလဲမဟာရန်"

"အဲဒါ ... မင်း မမေးနဲ့ ... မင်းတို့နှစ်ယောက် ရန်ကင်းစင်တာကနေ ထွက်ပြေးသွားလို့ မရအောင် ငါပိတ်ထားလိုက်တာ"

"ဘာပြောတယ် ... မင်း"

"ဒီမှာ ... မင်းကိုငါ ... ရိုးရိုးလေးပဲပြောမယ် ... ဒီနေ့ညနေငါနဲ့ သိမ်မွေ့သာ ချိန်းထားတာ ... ဒါကို ကတိဖျက်ပြီး မင်းခေါ်တဲ့နောက်ကိုပဲ လျှောက်လိုက်နေလို့မရဘူး ... လာ ... သိမ်မွေ့သာကိုယ့်ကားပေါ်ကို မင်းပြောင်းတက်လိုက် ... "

"ဟာ ... လွှတ် ... လွှတ် ... ကျွန်မ အသားကိုရှင်မထိနဲ့"

သာ ဘယ်လောက်အော်အော် သူကမလွှတ်ဘဲ ...

ကားပေါ်ကနေ ... ခပ်ကြမ်းကြမ်းဆွဲချသည်။

ပြီးတော့ ... သူ့ ကားတံခါးကို ဆွဲဖွင့်ကာ အတင်းတွန်းထိုးထည့်လိုက်ပြီး ... တံခါးလော့တွေကို အော်တိုခလုတ်လေး တီခနဲ





နှိပ်ကာ ပိတ်ပစ်လိုက်၏။

"ဟာ ... "

"ဟင် ... "

"ကြည့်စမ်း ... "

ဘေးမှာ ဝိုင်းလာတဲ့လူတွေ သာတို့သုံးယောက် ဖြစ်နေတာကို ကြည့်ပြီး နားမလည်နိုင်သလို မျက်လုံးလေးတွေဝိုင်းလျှက်။

ထိုအချိန်မှာ ...

ကားစက်ကိုနှိုးကာ ... မဟာရန် မောင်းထွက်လာခဲ့ပြီ။

အလစ်အငိုက်မှာ ဖြစ်သွားတာမို့ ကားထဲမှာ ကြက်သေ, သေရင်းကျန်ခဲ့တာ ... ဆန္ဒညီတစ်ယောက်တည်းပါ ... ကျန်သူငယ်ချင်းတွေက သူတို့အစီအစဉ်နှင့် သူတို့ပြန်သွားကြပြီမို့ သာ့ကို ကားပေါ်တင်ကာ သူက မောင်းထွက်လာခဲ့တာဖြစ်သည်။

သူ ... ချက်ခြင်း သတိရလိုက်တာ ...

သာ့ ဒက်ဒီ အန်ကယ်အောင်ဆီကို Phone ဆက်ဖို့ပဲ ဖြစ်သည်။

"အန်ကယ်အောင်လား ခင်ဗျား ... "

"ဟာ ... ဆန္ဒညီ ... သား ... ပြောလေ"

"မဟာ ... မဟာရန်ဆိုတဲ့ကောင်လေ ... ကျွန်တော့်ကားကို ဝင်တိုက် ပိတ်တားပြီး ... သိမ်မွေ့သာကို ကားပေါ်တင်ပြေးသွားလို့ ... "

"ဟေ ... "

"အဲဒါ ... အဲဒါ ... ကျွန်တော် ဘာလုပ်ရမလဲ အန်ကယ်"

"ဟာ ... ဘာလုပ်ရမှာလဲ ... ဒီကောင့်ကားနောက်ကို



www.burmeseclassic.com

www.burmeseclassic.com



မင်းလိုက်လေ ... ”

ပြဿနာပဲ ...

ကိုယ်က ... ဒီကောင့်လောက် ကားမောင်းကျွမ်းတာ မဟုတ် ... ။

“ကျွန်တော် ... ကျွန်တော် ကားမောင်းသိပ်မကျွမ်းဘူး အန်ကယ် ... ဒီ ... ဒီကောင်က ... ပြိုင်ကားမောင်းပြီး လမ်းပေါ်မှာ ... အရမ်းကျင်လည်လာတဲ့ကောင် ... သူ့လောက် ကျွန်တော့် မမောင်းရဲဘူး ... ပြီးတော့ သူမောင်းသွားတဲ့ကားက Fair Lady ပြိုင်ကားလေ ... အန်ကယ် ... အင်ဂျင်ပါဝါ ရေရေလည်လည်မြင့်တယ်”

“မင်း ... မင်းကွာ ... အရေးထဲကျမှ ... ဟား ... ”

တစ်ဖက်မှာ ဖုန်းတွေဆက်ကြ ...

ရဲစခန်းမှာ အမှုတွေဖွင့်ကြနဲ့ ရှုပ်ယှက်ခတ်နေချိန်မှာ ...

မဟာရန်ကတော့ ...

နှုတ်ခမ်းလေး မဲ့ကွေးနေအောင်ပြုံးရင်း အေးဆေးပဲလေ

ဒီလောကကြီးထဲမှာ ...

မဟာရန် မုန်တာလုပ်တာ ဘယ်သူ့ကို ဂရုစိုက်နေစရာလိုသလဲ ... ပြောလေ ... နှလုံးသား ပြဿနာကို ခံစားချက်နဲ့ မရှင်းရင် ဘာနဲ့ရှင်းမလဲ ... ။

“အဟင့် ... ရှင် ... ရှင် ... ရှင် ... အခု ဘယ်ကိုမောင်းနေတာလဲ မဟာရန် ... ကျွန်မ မလိုက်ဘူးနော် ... ရှင် ကားကို အခုရပ်ပေး ... အဟင့် ... ရပ်ပေးပါ ... မဟာရန်ရဲ့ ... ရှင့်နောက်ကို ကျွန်မ မလိုက်ပါရစေနဲ့ ... ”





တစ်လမ်းလုံး ရှိုက်ငိုရင်း ကားထဲမှာပါလာခဲ့တာ သိမ်မွေ့သာပါ ... ။ သာ ငိုလည်းငိုပါသည် ... ရှိုက်လည်းရှိုက်ပါသည်။

ပိုဆိုးတာက ...

ကားမှန်တွေက အမည်းရောင်မှန်ချပ်ကြီးတွေ ဖြစ်နေတော့ အပြင်လူတွေက သာ့ကို မမြင်ရဘူးလေ ... သာ့မှာရှိသမျှ အင်အားလေးနှင့် သူ့လက်မောင်းတွေကို ထုရိုက်လာတာလည်း ... အရှိန်ပြင်းပြင်းကလေးနှင့် ကားကို မောင်းထွက်လာခဲ့စဉ်ကတည်းက ဖြစ်သည်။

သူကတော့ ...

ရိုက်လို့လည်း မရ ... ထုလို့လည်းမရနဲ့ ...

ကားလေးကို လေထဲမှာ ခုန်ပျံဝဲနေခဲ့သလို ... သူမောင်းသွားခဲ့တာ ခဏလေးနဲ့ မြို့ပြင်ဘက်ကို ရောက်သွားသည်။

သာ ... ကြည့်လိုက်တော့ ...

ရှေ့မှာ ... ကျိုက္ကလို့ ... ကျိုက္ကလဲ့ ဘုရား ...

မဟာရန့်ရယ် ...

ရှင် ... ဘာလို့ ကျွန်မကို ဒီလောက်တောင် ဒုက္ခပေးချင်နေရတာလဲ ... အခုဆိုရင် ဆန္ဒညီ Phone ဆက်လို့ ဒက်ဒီတို့ မာမီတို့ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်နေလောက်ပြီလေ ... မဟာရန် ...

ရှင့်ကားကို ပြန်ကွေ့လိုက်ပါ ...

“မဟာရန် ... ရှင့်ကို ကျွန်မပြောနေတယ်နော်”

“အဟင့် ... ”

သာ ငိုရလွန်းလို့ မျက်ရည်တွေလည်း ခမ်းခြောက်ကုန်တော့



www.burmeseclassic.com

www.burmeseclassic.com



မည်။ နဖူးပြင်လေးပေါ်ကို ကပိုကရိုလေးနဲ့ ပြိုကျနေတဲ့ ဆံပင်တွေကိုလည်း သာ မရှင်းနိုင်တော့ပါ ... ။

"မဟာရန်ရယ် ... ရှင် ကျွန်မကို မရက်စက်ပါနဲ့"

ကောင်မလေးတစ်ယောက်ရဲ့ လက်ကလေးကိုဆွဲပြီး

ဟိုတယ်ထဲကို ဝင်ဖို့ ... ကြိုးစားနေတဲ့ ရှင့်ရဲ့ ပုံရိပ်ကလေးကို ကျွန်မ ဘယ်လိုလုပ်မေ့ဖျောက်ပစ်လို့ ရတော့မှာလဲ မဟာရန်

အဲဒီ့အတွက် ...

ရှင့်ကို ... သိပ်မုန်းတယ် ... မဟာရန် ...

ကျွန်မ နှလုံးသားထဲမှာလည်း ရှင်မရှိတော့ပါဘူး ... ။

"အဟင့် ... ဟင့် ... ဟင့်"

ရှိုက်ငိုနေရင်းနဲ့ သာ သတိရသွားတာ ...

သာ ... ကျောပိုးအိတ်လေးထဲက Hand Pone လေးပါ။

မဟာရန်ဆက်နေမှာကြောက်လို့ ရန်ကင်းစင်တာထဲမှာ ထိုင်နေစဉ်ကတည်းက Phone လေးကို ပိတ်ထားခဲ့တာလေ။

ကြည့်စမ်း ...

အခုလောက်ဆို ...

ဆန္ဒညီနဲ့ ဒက်ဒီတို့ကပါ သာ့ Hand Phone လေးကို အဆက်မပြတ်လေးခေါ်နေလောက်ပြီ။

သာ Phone Power ပြန်ဖွင့်ရတော့မှာပေါ့။

သာ ကျောပိုးအိတ်လေးကိုဖွင့်ကာ Phone လေးကို ဆွဲထုတ်ယူလိုက်တော့ ...

"ကိုယ် ... ခွင့်မပြုဘူး သိမ်မွေ့သာ"

"အို ... ရှင် ... ရှင်ဘာလုပ်တာလဲ"





ကားစီယာတိုင်ကို လက်တစ်ဖက်ကကိုင်ရင်း ကျန်လက်တစ်ဖက်နဲ့ သာ့လက်ထဲက ဟန်းဆက်လေးကို ဖျတ်ခနဲဆွဲယူသွားတာလေ ...

သာ ပြန်လုပေမယ့် မရတော့ပါ ... ။

"ကိုယ်လုပ်နေသမျှ အရာအားလုံး မင်းကိုချစ်လို့ဆိုတာ ယုံထားလိုက်ပါ ... သိမ်မွေ့သာ၊ မင်း တစ်ခုပဲ နားလည်ထားရမှာက မယ်သီတာကို ပန်းရထားနဲ့ တင်ပြေးလာခဲ့သလို ကိုယ်တင်ပြေးလာခဲ့တာ ..."

"ဘုရားရေ ... ရှင်က ကျွန်မကို ..."

သာ အထိတ်တလန့်လေးနဲ့ မျက်တောင်လေးတွေကော့တက်သွားခဲ့ရပြီ ... မယ် ... မယ်သီတာကို ပန်းရထားနဲ့ တင်ပြေးခဲ့သလို ပြေးလာတာတဲ့ ...

ရမလား ... မဟာရန် ...

ကျွန်မ လက်မခံဘူး ...

ကျွန်မဟာ မယ်သီတာလည်း မဟုတ်ဘူး ...

"ရှင် ... ကားကို အခုရပ်နော် ... မဟာရန်"

"အဟင့် ..."

သာ ...

ငိုလည်းငို ... မျာယာလေးလည်းခတ်ပြီး ကြည့်လိုက်တော့ သူမောင်းလာတဲ့ကားလေး ထောက်ကြန့် စစ်သချိုင်းနားကိုပင် ရောက်နေပြီ ...

"အဟင့် ... ကျွန်မ ပြောနေတယ်လေ မဟာရန်ရဲ့"

"ကျွန်မကို မရက်စက်ပါနဲ့ ..."



www.burmeseclassic.com

www.burmeseclassic.com



ရှိုက်သံလေးနဲ့ ပြောလည်းမရ ...

တောင်းပန်တော့လည်း လှည့်မကြည့် ...

တစ်ခွန်းတော့ သာ့ကိုပြောသည်။

"ကိုယ့်လုပ်ရပ်အတွက် မင်းကြိုက်သလို စွဲချက်တင်နိုင်တယ် သိမ်မွေ့သာ ... အခု လောလောဆယ် အချိန်မှာ ကိုယ့်နှလုံးသားထဲမှာ စိုးဆင်နေတဲ့အရာတွေအားလုံးက မင်းကို လက်လွှတ်ဆုံးရှုံးမခံနိုင်တဲ့ ကိုယ့်ရဲ့ *ချစ်ခြင်းမေတ္တာတွေပဲ* ..."

"ဟာ ... ကျွန်မမှ ရှင့်ကို မချစ်နိုင်တာလေ ... မဟာရန်ရဲ့"

"ဟွန်း ... ရတယ်လေ ... မင်း မချစ်လည်း ကိုယ်ချစ်နေရရင် ... ကျေနပ်တယ် ... မင်းကို ဆန္ဒညီလက်ထဲမပါစေချင်တာ ကိုယ့်ရဲ့ အတ္တပဲ ... ကိုယ့်ကို မုန်းတယ် မုန်းတယ်လို့ မင်းနှုတ်ကနေ ဘယ်လိုပဲအော်အော် ... အပြုံးနဲ့ပဲ နားထောင်နိုင်အောင် ကိုယ်ကြိုးစားမယ် ... သေချာတာကတော့ ကိုယ့်မျက်ဝန်းတွေရဲ့ရှေ့မှာ နှစ်ဆယ့်လေးနာရီလုံးလုံး မင်းရှိနေမှ ဖြစ်တော့မှာ ..."

ပြောရင်း ကားကလေးကို ...

မော်ဘီသွားတဲ့ လမ်းဘက်ကို ကွေ့ချိုးချလိုက်ပြီ ... ။

"ဝေါ ... ဝေါ"

ထိုအချိန်မှာပဲ မည်းညို့နေတဲ့ ကောင်းကင်ကြီးပေါ်က မိုးရေ မိုးစက်တွေ ဝေါခနဲရွာချလာတော့တာပါ ... ။

သာ တဟင့်ဟင့်လေးနဲ့ ငိုရတာလည်း မိုးရေမိုးစက်တွေနဲ့ အပြိုင်ပါပဲ ... နောက်ဆုံးမှာတော့ နာကျင်စိတ်ကလေးနဲ့ သာ့အသည်းနှလုံးတွေ မာလာခဲ့ရပြီလေ ... သာ မငိုတော့ပါဘူး ... မဟာရန်ရဲ့ ရက်စက်မှုတွေကိုလည်း သာ အရှုံးမပေးနိုင်ပါဘူး။





သာ ... ရင်ဆိုင်မယ် ...

သာ ... ဘယ်လောက်ထိ မုန်းနေပြီလည်းဆိုတာ သူသိကို သိရမယ် ... ။

ကားလေးက မိုးစက်မိုးပေါက်တွေကြားထဲမှာ တရိပ်ရိပ် ပြေးနေဆဲ ... သာ့ ဆံပင်လေးတွေကြားထဲ လက်ကလေးကိုထိုးသွင်းကာရှင်းလိုက်ပြီး နှုတ်ခမ်းလေးမဲ့လိုက်ပါသည်။

မော်ဘီမြို့ကို လွန်သွားတော့ ...

ညာဘက် မြေလမ်းကလေးထဲကို သူ့ကားလေး ဝေါခနဲ ချိုးကွေ့ဝင်လိုက်တာကို သာ သတိထားလိုက်မိသည်။

ပြောရရင် ...

သာ ကြောက်နေပါပြီ ... ။

သာ နှုတ်ခမ်းလေးတွေလည်း တဆတ်ဆတ်လေးနဲ့ တုန်လာခဲ့ရပြီလေ ... ကားမီးရောင်အောက်မှာ သာမြင်နေရတာက လမ်းကျဉ်းလေးရဲ့ ဘေးဝဲယာနှစ်ဖက်က သစ်တော သစ်ပင်အုပ်တွေ ...

သူ ... ဘယ်ကို မောင်းနေတာလဲဟင် ... ။

ဒီနေရာကို ဘယ်လိုရည်ရွယ်ချက်တွေနဲ့ သူသွားနေတာလဲ လမ်းဘေးဝဲယာမှာလည်း လူနေအိမ်တွေကို တစ်လုံးလေးတောင် မတွေ့ရတော့ ... ကြောက်စိတ်လေးနဲ့ပဲ လက်လေးနှစ်ဖက်ကိုသာ ယှက်ထားလိုက်မိပြီလေ ... ... ။

"ဝေါ ... ဝေါ"

"ဂျိမ်း ... "

"ဂျလိမ်း ... "



www.burmeseclassic.com

www.burmeseclassic.com



"အား ..."

လျှပ်စီးတွေ ပြိုးခနဲလက်ပြီး ဂျိန်းခနဲမိုးကြိုးပစ်ချလိုက်တော့ သာ အော်ပစ်လိုက်တာ မျက်နှာလေးမှာ လက်ဝါးကလေးအုပ်လို့ ပါ ... ။

"ကိုယ် ... ကိုယ်ရှိတယ်လေ သိမ်မွေ့သာ ... မင်း ... မကြောက်နဲ့ ..."

"အဟင့် ... ဟင့် ... ဟင့်"

"အဟင့် ... ဟင့် ... ဟင့်"

မငိုတော့ဘူးလို့ စိတ်ကို တင်းထားပေမယ့် ...

တကယ်တမ်းကျတော့ သာ ဘယ်လိုမှ တင်းမထားနိုင်ပါ။

သာ ရှိုက်ငိုနေဆဲမှာပဲ

ကား ကလေးက အရှိန်လျှော့ကာ ထိုးရပ်သွားသည်။

သာ ထိတ်ထိတ်ပျာပျာလေးနဲ့ပဲ မျက်လုံးလေးဖွင့်ကာ ကြည့်လိုက်တော့ ...

"အို ..."

"ဘုရားရေ ..."

သာ မျက်ဝန်းလေးထဲမှာ ပေါ်လာတာ ... မီးရောင်တွေ လင်းထိန်နေတဲ့ ခေတ်မီလှပတဲ့ ဘန်ဂလို အိမ်ကလေးလေ ...

"မဟာ ... မဟာရန် ... ဒါ ... ဒါ"

သာ အထိတ်တလန့်လေးနဲ့မေးတော့ ...

သူကလည်း နှုတ်ခမ်းမဲ့ကာ ဖြေပါသည်။

"ဟွန်း ... ဒါ ... ဒက်ဒီတို့ မသိအောင် ကိုယ် ခိုးဆောက်ထား





တဲ့အိမ် ..."

"ရှင် ..."

"မင်း ... ဆင်းလိုက်တော့"

အခုမှ ကားတံခါးလော့တွေ ပွင့်သွားသည်။

"ဟင့်အင်း ... မဟာရန် ကျွန်မ မဆင်းဘူး ..."

"ကျွတ် ..."

သူခေါင်းလေးခါပြီး စုတ်သတ်လိုက်တာ တကယ့်ကို စိတ် ပျက်စွာလေးနဲ့ပါ ... သူ စိတ်အပျက်ရဆုံးက အမုန်းမီးတောက်တွေ နဲ့ ဆူပွက်လှိုက်ဖြာနေခဲ့တဲ့ သိမ်မွေ့သာဆိုတဲ့ သူမလေးရဲ့ မျက်ဝန်း တွေကိုပါပဲ ...

"ဆင်းပါကွာ ... ကိုယ် ... မင်းကိုတောင်းပန်ပါတယ်"

သူ ... မျက်နှာငယ်ငယ်လေးနဲ့ အောက်ကျလေးတော့ ခံမိသည်။

"ရှင် ... ရှင် ... တကယ်ရက်စက်တယ် သိလား ... မဟာရန် ရှင့်အလိုဆန္ဒတွေပြည့်ဝဖို့အတွက် ... ကျွန်မနှလုံးသားကို ခြေချနင်း ... ရှင်ဘယ်အချိန်ကတည်းက ပြင်ဆင်ခဲ့တာလဲ ... ဟင် ... မဟာရန် ကျွန်မ မေးတာကို ရှင်ဖြေလေ ..."

"အဟင့် ..."

သာ ရှိုက်ရင်း မေးမိသည်။

"ကိုယ် ... ပြင်ဆင်ခဲ့တာ မဟုတ်ဘူးသိမ်မွေ့သာ ... ကိုယ် ... ချိန်းထားတဲ့ အချိန်မှာ ဆန္ဒညီနဲ့ မင်းလျှောက်သွားနေတယ်ဆိုတဲ့ Phone သတင်း ဝင်လာလို့ ကိုယ်ဆုံးဖြတ်ချက်တွေ ဒီလောက်အထိ ... ဖြတ်သားသွားခဲ့တာ ... ကိုယ်ပြောခဲ့တာပဲ ... ကိုယ် အားလုံးကို



www.burmeseclassic.com

www.burmeseclassic.com



ကြေငြာခဲ့တာပဲ … နောက်ဆုံးတစ်နေ့မှာ ကိုယ့်ကိုယ်ပဲ မင်း လက်ထပ်ရမယ်လို့ … ကဲပါကွာ … အဲဒါတွေ နောက်မှ အေးအေး ဆေးဆေး ထပ်ဆွေးနွေးကြတာပေ့ါ … လာပါ … ကားအောက်ကို ပဲ မင်းဆင်းလိုက် … ဟိုမှာ … ကိုယ်တို့ကို စောင့်နေတဲ့ ခြံစောင့် ကြီး ဘသဲဖြူတို့ လင်မယားနှစ်ယောက်ကို အားနာစရာကြီး"

တကယ်လည်း …

ကားတံခါးနားမှာ ခြံစောင့်ကြီး လင်မယားက စောင့်နေ တာလေ … မရှိဘူးဆို အသက်ခြောက်ဆယ်ကျော်လောက်တော့ ရှိမည်။

နောက်ဆုံးမှာတော့ …

မျက်နှာထား တင်းတင်းကလေးနဲ့ပဲ သာဆင်းလိုက်ပါသည်။

သို့သော် … မျက်ရည်လေးကတော့ ဝဲဝဲလေးနဲ့ပဲပေ့ါ … ။

အခန်း ( ၁၆ )

"စားလိုက်ပါ သမီးလေးရယ် … မဟာလေးကို မကြောက် ပါနဲ့ … "

"အဟင့် … ဟင့် … ဟင့်"

"အဟင့် … ဟင့် … ဟင့်"

အဖွားချစ်က ချော့ကျွေးပေမယ့် သာကတော့ အဖွားချစ် ဖြင်ပေးထားသည့် ထမင်းဝိုင်းရှေ့မှာပဲ ခေါင်းလေးငုံ့ချကာ ရှိုက်ငို သို့ မဆုံး …

သေချာတာကတော့ …

တိုက်ကလေးရဲ့ တံခါးသော့တွေ အားလုံးကို သူက သိမ်း ထားလိုက်ပြီလေ … အဘသဲဖြူတို့ အဖွားချစ်တို့ဆိုတာက သူ့အမိန့် ကို နာခံရသူတွေ … သူ ရောက်လာတာနဲ့ သူခိုင်းသမျှ အလုပ်တွေ ကို ပျာယာခတ်နေအောင် လိုက်လုပ်ရသူတွေ … ။

သူ့ကို ခေါ်တာတောင် မဟာလေးတဲ့ …



www.burmeseclassic.com

www.burmeseclassic.com



"သမီးလေးရယ် ... မဟာလေးက သမီးလေးကို ဖွတ်တရွတ်ကြီး ကားပေါ်တင်ပြေးလာလို့ သူ့ကို ရိုင်းရိုင်းစိုင်းစိုင်း ယုတ်ယုတ်မာမာလေးလို့ မထင်လိုက်ပါနဲ့နော် ... သမီးလေး ဟိုတုန်းက မဟာလေးတို့ခြံထဲမှာနေပြီး မဟာလေးကို ဖွားချိုတို့ ကပဲ ချိုပိုးထိန်းလာခဲ့တာလေ ... မဟာလေးက သူလိုချင်တာရှိ ရင် ... ဖွတ်တရွတ်လေးနဲ့ကို မရရအောင် ယူတတ်တာ သမီးလေး ရဲ့ ... ခုလည်း သမီးလေးက မချစ်ဘူး ပြောလိုက်လို့ ... တိုက် အပြင်ဘက်က တံစက်မြိတ်လေးအောက်မှာ စိတ်ဓာတ်လေးကျပြီး သူတစ်ယောက်တည်း သွားထိုင်နေတာ ... "

"သူ ... သူ မိန်းမပွေလားဟင် အဖွားချို"

"အဟင့် ... "

"အို ... ဘယ်ကလာ မဟာလေးက မိန်းမပွေရမှာလဲ ... သမီးလေးရယ် ... တခါတလေ ဒီတိုက်လေးကိုလာတာတောင် ယောကျ်ားလေး သူငယ်ချင်းတွေ တရုန်းရုန်းနဲ့လာပြီး စားကြ သောက်ကြ ဂစ်တာတီးကြ သီချင်းတွေအော်ဆိုကြလုပ်ပြီး ပြန်သွား တာလေ ... ငယ်ငယ်လေးကတည်းက မိန်းကလေးဆို ... ဘယ် မိန်းကလေးနဲ့မှ မဟာလေးက မပေါင်းခဲ့တာ ... ရည်းစားထားတယ် ဆိုတာလည်း ဖွားချိုတို့ မကြားဖူးပါဘူး ... ကြံကြီးစည်ရာပါကွယ် မဟာလေး မိန်းမ,မပွေပါဘူး ... "

ဖွားချိုပြောတာကို နားထောင်ပြီး ...

သာက ... မျက်ရည်တွေကြားထဲကပဲ နှုတ်ခမ်းလေးကိုမဲ့ မိတာလေ ... သူ့ကိုတော့ သာမမေးတော့ပါဘူး ... မေးလည်း သူက အမှန်အတိုင်း ဝန်ခံမှာမှ မဟုတ်တာ ... ခုလည်း သာက





မုန်းတယ်ပြောလို့ တံခါးရွက်မှာ လက်သီးချက် ပြင်းပြင်းကလေးနဲ့ ထိုးပြီး တိုက်ကလေးရဲ့ အပြင်ဘက်ကို သူ ထွက်သွားတာ ... ။

ဒါကို ထမင်းစားပွဲလေးမှာ ငိုပြီးတော့ သာက ကျန်နေခဲ့တာ ပါ ... ။ ဖွားချိုကတော့ သာ့ကို ဆံပင်လေးပွတ်သပ်ပေးရင်း ချော့ ပါသည်။ ဘသဲဖြူကတော့ လက်ကလေးနောက်ပစ်ပြီး ပန်းကန်စင် ကြီးဘေးမှာ တစ်ယောက်တည်းရပ်လို့ ...

"စားလိုက်နော် သမီးလေး ... ဒီငါးကြော်လေးနဲ့ စားမယ်ဆို ရင် ဖွားချိုကိုယ်တိုင် အရိုးလေး နွှင်ပေးမယ်လေ ... "

"ဟင့်အင်း ဖွားချို ... သာ အိမ်ပဲပြန်ချင်တယ် ခုလောက်ဆို ဒက်ဒီတို့ မာမီတို့ အရမ်းစိတ်ပူနေကြပြီ ... သာ့ကို သနားရင် မဟာရန့်ကို ပြောပေးပါနော် ... ဖွားချို၊ သာ အိမ်ကိုပဲပြန်ပါရစေ နော် ... ဖွားချို ... သာ့မှာ လက်ထပ်ရမယ့်သူ ရှိနေလို့ပါ"

ပြောရင်း ပါးပြင်လေးပေါ်ကို ပြုတ်ကျလာတဲ့ မျက်ရည် စက်လေးကိုပင် သာက မသုတ်နိုင်တော့ပါ။

ဒါကို ... တိုက်ကလေးထဲပြန်ဝင်လာသည့် သူက ကြားဖြစ် အောင် ကြားလိုက်ရတာလေ ... ရင်နင့်နင့်ကလေးနဲ့ သူ့ဒေါသတွေ ပေါက်ကွဲရပြီပေါ့ ... ပေါက်ကွဲတော့ ထမင်းစားပွဲက ထိုင်ခုံကလေး ကို ဖြောင်းခနဲ ပိတ်ကန်လိုက်ရင်း တောက်တစ်ချက်ကိုပါ ခပ်ပြင်း ပြင်းလေး ခေါက်မိသည်။

"တောက် ... မင်းကွာ"

"ဖြောင်း ... ဒေါင်း ... "

နောက်ထပ် ထိုင်ခုံတစ်လုံးလည်း လွင့်ထွက်သွားသည်။

"မဟာလေး ... အလုပ်နဲ့လေ ... "



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုအော်ရင်း ဖွားချိုလှမ်းတားသည်။

ဒါပေမယ့် ... သူက မရ ...

"မင်း ... မင်းမှာ လက်ထပ်ရမယ့်သူရှိပါတယ်ဆိုတဲ့စကားကို နောက်တစ်ခါထပ်ပြီး မင်းမပြောနဲ့ ... အဲဒီ စကားကို မင်းထပ်ပြော ရင် ကိုယ့်နှလုံးသားတွေ သွက်သွက်ခါအောင်ယမ်းပြီး ကိုယ့်ရဲ့ ပေါက်ကွဲမှုတွေ မိုးပေါ်ကို ခုန်တက်သွားလိမ့်မယ်ဆိုတာ မင်း သဘောပေါက်ထားလေ ... သိမ်မွေ့သာ ပြောစမ်း ဒီစကားကို ကိုယ့်ရှေ့မှာ မင်း နောက်တစ်ခေါက်ပြောကြည့်စမ်း ..."

သူလည်း စဉ်းစားခဲ့ပါသည်။

သူလည်း တွေးကြည့်ခဲ့ပါသည်။

သူနဲ့တွေ့လိုက်စဉ်တိုင်းမှာ ရီဝေနူးညံ့မှုလေးတွေနဲ့ ရင်ခုန် ရိပ်တွေ တလက်လက်ဖြာနေခဲ့တဲ့ ... သူမရဲ့ မျက်ဝန်းလေးထဲမှာ အမုန်းရိပ်တွေနဲ့ နာကျင်မှုတွေ အစားထိုးသွားခဲ့တာကို သူဘယ်လို မှ စဉ်းစားတွေးကြည့်လို့ မရခဲ့တာပါ ...။

ဦးနှောက်တွေ ချာချာလည်နေအောင်လည်း သူစဉ်းစား ကြည့်ခဲ့သည်။ အဖြေမရတော့ ... သူ ဘာဆက်လုပ်သင့်သလဲဆိုတာ အရေးတကြီး ထည့်တွက်ရပြီပေါ့ ... သူဖြစ်နေတာက သာ့ကိုလည်း အသည်းနှလုံးတွေ ပေါက်ကွဲတော့မတတ် ချစ်နေခဲ့တာလေ။

"မဟာလေးရယ် ... ဒီသမီးလေးက ရည်ရည်မွန်မွန် ဖြူဖြူ စင်စင်လေးနဲ့ သိပ်ကိုမှကျက်သရေရှိတဲ့ သမီးတစ်ယောက်ပါ မဟာ လေးရယ် ... ဒီသမီးလေး မျက်ရည်ကျအောင်တော့ မင်းမလုပ်ပါ နဲ့ ... ဖွားချို မင်းကိုတောင်းပန်ပါတယ် ..."

"ကျွန်တော် ... ကျွန်တော် လူမိုက်မဖြစ်ချင်ဘူး ... ဖွားချို





ဒါပေမယ့် ... လူတွေအားလုံးက ကျွန်တော့်ကို လှည့်စားခဲ့တယ် ဒီမှာလေ ... ဖွားချို ကျွန်တော့်ရဲ့ ချစ်မြတ်နိုးဖွာ တောင်းဆိုမှု ကြောင့် သူ နဖူးသင်းကျစ်လေးထိပ်ကနေ သူကိုယ်တိုင် ခေါင်းလေး ငုံ့ပြီး ကျွန်တော့်ကို အမှတ်တရ ဖြတ်ပေးခဲ့တဲ့ ဆံပင်ကလေး ဒါလေးကို ကျွန်တော်ကိုယ်ပေါ်က ရင်ဘတ်နဲ့အနီးဆုံးနေရာလေးမှာ ပလတ်စတစ်အကြည်လေးနဲ့ အမြဲထည့်ထားခဲ့တာလေ ... ဖွားချို"

"အို ... ကြည့်စမ်း ... ဟုတ်ပါရဲ့"

"ဒီ ရင်ခုန်ချင်စရာ အမှတ်တရပစ္စည်းလေးကို ကျွန်တော် ရခဲ့တော့ တစ်နေ့နေ့မှာ သူ့အချစ်တွေကို ကျွန်တော်ရတော့မှာပဲ ဆိုပြီး ပျော်ရွှင်မှုတွေနဲ့ ကျွန်တော်ရူးသွပ်လာခဲ့တာလေ ဖွားချိုရဲ့"

"ဒါကတော့ ... ရှင်က ... ရှင်က"

ဘာပဲ ပြောပြော ...

ဒီစကားနောက်မှာ သာ ချောင်ပိတ်သွားခဲ့တာလေ ...။

သူ့ရဲ့ ခံစားချက်အပြည့်ဖါတဲ့ စွဲချက်တင်မှုကိုလည်း သာ မငြင်းပယ်နိုင်တော့ပါ။ တကယ်လည်း ဘုရားပေါ်မှာ သူနဲ့မျက်ဝန်း အကြည့်ချင်းဆုံသွားခဲ့ကတည်းက သာ့တစ်ကိုယ်လုံး အေးစက် သွားအောင် လှိုက်လှိုက်ဖြာဖြာကလေး ခံစားခဲ့ရတာပါ ...။

"ဟွန်း ... အခုမှ ဆန္ဒညီဆိုတဲ့ ကောင်နဲ့ လက်ထပ်ရတော့ မယ်ဆိုမှ ... ကျွန်တော့်ကို သူမုန်းသတဲ့ ဖွားချိုရယ် ... ကျွန်တော် ဘယ်လိုခံစားနေရမလဲဆိုတာ ဖွားချိုပဲ စဉ်စားကြည့်လေ ဖွားချို အခုလည်း မကျေနပ်ရင် မဟာရန်ဆိုတဲ့ကောင်ကို ကြိုက်တဲ့ပုံစံ တပ်ပြီး အရေးယူလိုက်လေ ဖွားချိုရဲ့ ... ဟား ... ဟား"

"အို ..."



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းလေးမော့ကာ ဟားတိုက်ရယ်နေတဲ့ သူ့ကိုမော့ကြည့်ကာ သာ့ နှုတ်ခမ်းလေးက အလိုလို ဝိုင်းစက်သွားသည်။

"သမီးလေးရယ် ... မဟာလေးကို အပြစ်မမြင်ပါနဲ့"

ဖွားချိုမှာတော့ ဟိုဘက်တောင်းပန်ရ ဒီဘက်တောင်းပန်ရနဲ့ ...

"ဟင့်အင်း ... ဖွားချို သူပြောခဲ့တဲ့ အကြောင်းအရာတွေက သာ့အတွက် ပြီးဆုံးသွားခဲ့ပြီ ... ဟိုတုန်းက ရင်ခုန်သွားခဲ့တယ်လို့ ထင်ခဲ့မိပေမယ့် တကယ်တန်းကျတော့ နောက်မှသိလိုက်ရတာသာ ရင်ခုန်သံတွေ ရပ်တန့်သွားခဲ့ပြီဆိုတာ ... ဒါကြောင့်မို့ သာပြန်ပါရစေ သာ လက်ထပ်ရမယ့်သူကိုပဲ ... သာ ..."

"ဟိတ် ... မင်း ဆက်မပြောနဲ့တော့ သိမ်မွေ့သာ"

"ဟာ ..."

"ဟင် ..."

ပွဲကြမ်းသွားတာက သာ့လက်မောင်းလေးတစ်ချက်ကို သူအတင်းဆွဲချလိုက်တာပါ ... ဒီလိုဆွဲလိုက်တော့ ဒယီးဒယိုင်လေးနဲ့သာ ကိုယ်လေး သူ့လက်ထဲကိုပါသွားခဲ့သည်။ သူ စကားတလုံးမှ ထပ်မပြောတော့ဘဲ ဘန်ဂလိုပုံစံ တိုက်ကလေးရဲ့ အိပ်ခန်းအကျယ်ကြီးထဲအထိ သာ့ကို ဆွဲချသွားတာ ... သာ အင်္ကျီတွေလည်း တွန့်ကြေသွားသည်။ သာ့ ဆံပင်တွေလည်း ဖရိုဖရဲနှင့် ဘယ်ညာယိမ်းနွဲ့ကာ ဖွာလန်ကြဲသွားသည်။

ဒါဟာ ...

ရှင့်ရဲ့ ... အဆုံးမဲ့ ပေါက်ကွဲမှု့တဲ့လား ... မဟာရန် ...





ဒီပေါက်ကွဲမှုတွေ ဖြစ်လာအောင် ...

ရှင် တားမြစ်ပိတ်ပင်နေတဲ့ကြားက ကျွန်မကပဲ စခဲ့တာပေါ့။

"ဖြောင်း ..."

"ဂျောင်း ..."

တံခါးဆွဲပိတ်သံ ခပ်ကြမ်းကြမ်းကို နားထောင်ကာ နှုတ်ခမ်းလေးမဲ့လိုက်မိတာလည်း သာပါပဲ ... သူက တံခါးဆွဲပိတ်ပြီးတာနှင့် သာ့ကို တစ်ယောက်အိပ် ခုတင်လေးရှိရာကို ဆွဲချသွားတော့သည်။

"မင်း ... မင်း ... အဲဒီမှာထိုင်စမ်း သိမ်မွေ့သာ ... မင်းနားကို ငါမလာပါဘူး ... ဒါပေမယ့် မင်းနဲ့ငါနဲ့ ဒီညတစ်ညလုံး ဒီအခန်းထဲမှာ ဆွေးနွေးမယ် ... တစ်ညလုံး မအိပ်ဘဲ စကားတွေပြောမယ် ... သေချာပါတယ် ... မင်းကို လက်ဖျားလေးနဲ့ထိဖို့တောင် ငါ့မှာ အစီအစဉ် မရှိဘူးဆိုတာ မင်းယုံထားလိုက်ပါ ... မဟာရန် အဲလောက်ထိ အောက်တန်းမကျဘူးဆိုတာလည်း မင်းနားလည်ထားလိုက် ..."

"ဒေါင်း ..."

ထိုင်ခုံတစ်လုံးကို ခပ်ကြမ်းကြမ်းလေး ဆွဲယူကာ သူကထိုင်ချသည်။ ထိုင်ပြီးတော့မှ သာ့ကို လှမ်းကြည့်လိုက်တာလည်း နှာကျင်နေတဲ့ မျက်ဝန်းကလေးတွေနဲ့ပါ ... ။

ဒါကို ... မုန်းမုန်းနဲ့ သာက မျက်နှာလေးလွှဲပစ်လိုက်တာလေ ... ။

"ဟွန်း ..."

"ဒီမှာ ... မင်းကို ငါပြောမယ် သိမ်မွေ့သာ"

သာ နားမထောင်ချင်ပါ ...



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ဘာတတ်နိုင်မှာလဲ ...

ဒဿဂီရိတောင် မယ်သီတာကို ပန်းရထားနဲ့တင်ပြေးပြီး သံလျှောင်အိမ်အပြင်ဘက်ကနေ လက်ဖျားလေးနဲ့မထိဘဲ ချစ်ခွင့်တောင်းသေးခဲ့တာပဲ ... ။

ရှင်လည်း တောင်းပေါ့ ...

"ဒီမှာ ... ငါ့ဘက်ကို မင်းမျက်နှာလေးလှည့်စမ်းပါ ... "

တွေ့လား ...

လက်ဖျားလေးနဲ့ မထိဘူးဆိုပြီး သာ့ ပခုံးလေးနှစ်ဖက်ကို ခပ်ကြမ်းကြမ်းလေး ဖိကိုင်ဆွဲလှည့်ပစ်တာ သာ့ဆံပင်ရှည်တွေပါ ယမ်းခါသွားသည်။

"ရှင် ... ရှင် ကျွန်မအသားကို မထိနဲ့နော် ... "

သူ့လက်တွေကို ပြတ်သားစွာ သာက ဖယ်ချသည်။

သူက နှုတ်ခမ်းမဲ့မဲ့လေးနဲ့ သာ့ကို စိုက်ကြည့်လို့ပေါ့ ... ။

"မင်း ... မင်းက ငါ့ကို အရမ်းမုန်းနေတာလား ... သိမ်မွေ့သာ ... ပြောစမ်းပါ ... ဒီရင်ဘတ်ကြီးထဲက ငါ့ရဲ့အချစ်တွေကို မီးလောင်တိုက်သွင်းပြီး အရည်ဖော်ချပစ်တော့ မလို့လားကွာ ... ဟား ... "

သူထိုင်ခုံမှာလည်း မထိုင်နိုင်ပါ ...

သက်ပြင်း မောကြီးကို ဟားခနဲချကာ ထ,ရပ်ပြီး ကိုယ်ကို တပတ်လှည့်သည်။ ပြီးတော့မှ သာအနားထိရောက်အောင် သူ လျှောက်လာ၏။

"ငါ ... ငါ ... ဘယ်သူ့ဆီမှ အရှုံးမပေးနိုင်ဘူးသိလား ... သိမ်မွေ့သာ ... ငါ မင်းကို သိပ်ချစ်ခဲ့တာပါ ... အဲဒီအချစ်တွေနဲ့





ငါရှုံးသွပ်ခဲ့တာ ... မင်း အမှတ်တရပေးခဲ့တဲ့ ဒီဆံပင်လေးကိုနမ်းပြီးတော့ မျှော်လင့်ချက်တွေ တပွေ့တပိုက်နဲ့ ... ငါ ပျော်ရွှင်ခဲ့တာလေ ဒါကို မင်းဘာဖြစ်လို့ ... အဆုံးသတ်ပစ်လိုက်ရတာလဲ ... "

"ရှင် ... ရှင်ကမှ သစ္စာမရှိတာ ... "

"ဘာပြောတယ် ... "

သာ ဖွင့်မပြောချင်ပါဘူး ... ဒါပေမဲ့

သူ သိအောင် ပြတ်ပြတ်သားသားဖွင့်ပြောမှ ဖြစ်တော့မှာလေ ...

သာ ခွင့်မလွှတ်နိုင်ဆုံးကလည်း အဲဒါပဲ ...

တော်တော် သစ္စာမဲ့တဲ့လူ ...

အချစ်ကို လှည့်ဖျားရယူချင်တဲ့လူ ...

"ငါ ... ငါက သစ္စာမရှိဘူးဟုတ်လား ... ဘာသစ္စာလဲ ... ဘာ သစ္စာမရှိတာလဲ ... မင်း ငါ့ကို ရှင်းရှင်းလင်းလင်း ပြောစမ်း"

"ရှင့် ဓာတ်ပုံလေ ... ရှင် ကောင်မလေးတစ်ယောက်နဲ့တွဲပြီး ဟိုတယ်ထဲကို ဝင်သွားတဲ့ ဓာတ်ပုံလေ ... "

"မြတ်စွာဘုရား ... "

သူ မျက်တောင်တွေပင့်တက်သွားသလို ဒေါ်ပွကာ မျက်နှာလေးပါ ရဲတွတ်သွားသည်။ ဓာတ်ပုံတဲ့ ဘယ်ကဓာတ်ပုံလဲ ... ။

သူ နားမလည်နိုင်ပါ ...

ဒါ ... သူ မသိသေးတဲ့လျှို့ဝှက်မှု တစ်ခု ...

ပြဿနာပဲ

"မင်း ... မင်း ဘာတွေလျှောက်ပြောနေတာလဲ ... သိမ်မွေ့သာ မင်းပြောနေတာ ... ငါဘာမှ နားမလည်ပါလား ... ဘယ်က



www.burmeseclassic.com

www.burmeseclassic.com



ခတ်ပုံလဲ ... ဘယ်ကောင်မလေးကို လက်ဆွဲပြီး ဟိုတယ်ထဲသွား ရမှာလဲ ... "

သူ မသိတော့ ... ခေါင်းလေးကိုပဲ ခါယမ်းနေမိသည်။

ဘာတွေလဲ သိမ်မွေ့သာရယ် ...

ဘယ်ကျေးဇူးရှင်က မင်းကို အချွန်နဲ့မ,လိုက်ပြန်ပြီလဲ ...

"ဟွန်း ... ရှင်တော်တော်ဟန်ဆောင်ကောင်းတယ်သိလား ရှင့်လုပ်ရပ်တွေကို အပီအပြင် သက်သေခံနေတဲ့ ခတ်ပုံလေးကို ကျွန်မကိုယ်တိုင် တပ်အပ်မြင်ခဲ့တာတောင် ရှင်က ဗြောင်ခေါင်းခါ ပြီး ငြင်းဦးမလို့လား ... ရှင်ပြောတော့ ... ကမ္ဘာပေါ်မှာ သိမ်မွေ့ သာဆိုတဲ့ ကောင်မလေးနဲ့တွေ့မှ ရှင်ခုန်တတ်ခဲ့တာဆို ... "

"ဟား ... သေစမ်းကွာ ... တောက်"

သူ့တစ်ကိုယ်လုံး သွက်သွက်ခါပြီး ...

တောက်တစ်ချက်ကို ခပ်ပြင်းပြင်းခေါက်ကာ ခေါင်းပေါ်က ဆံပင်တွေကိုပါ ဆွဲဖွကုတ်ပစ်သည်။ ဒါ တမင်သက်သက် ထောင် ချောက်အဆင်ခံလိုက်ရတာလေ ... မတရား သက်သက်မဲ့ ... သူ့ ဂုဏ်သိက္ခာတွေကို ရိုက်ချိုးစော်ကားသွားခဲ့တာ ... ။

ဒါ ဘယ်သူ့လက်ချက်လဲ ... ။

ဘယ်သူက အဓိက တရားခံလဲ ...

"ပြောစမ်း ... သိမ်မွေ့သာ ... ဒီ မဟုတ်က ဟုတ်က ခတ်ပုံ ကို ဘယ်သူ ယူလာပြတာလဲ ... အဲဒီ ပုဂ္ဂိုလ်ကို ငါသိချင်တယ်"

"ဆန္ဒညီလေ ... "

"ဘာကွ ... "





"ဒုန်း ... "

"ချောင်း ... "

နောက်ထပ် ထိုင်ခုံတစ်လုံးလွှင့်ထွက်သွားရပြန်ပြီ။

ဒါ ... ဒီကောင် သက်သက်မဲ့ ချောက်တွန်းတာပဲ ... ။

သူ ဘောင်းဘီရှည်နောက်အိတ်လေးထဲက ဆွဲထုတ်လိုက် တာ ... Power ပိတ်ထားတဲ့ သူ့ရဲ့ လက်ကိုင် Hand Phone လေး ပါ။

လက်ထဲရောက်တော့ Power ကို ချက်ချင်းပြန်ဖွင့်သည်။

"မင်း နားထောင်သိလား သိမ်မွေ့သာ ... အသံကို မင်း ကြားအောင်ဖွင့်ပြီး ... ဒီကောင်နဲ့ ငါ အပြတ်ရှင်းမယ်"

ဟွန်း ... ရှင် ရှင်းရဲလို့ ရှင်းတာပဲလေ ... မဟာရန် ... ရှင်းပေ့ါ ဆန္ဒညီကလည်း သူသိထားသမျှ အချက်အလက်တွေကို အတိအကျဖော်ထုတ်တော့မှာ ... ရှင် ... သူငယ်ချင်းတွေ တရုန်း ရုန်းနဲ့ကောင်မလေးတွေကိုခေါ်ပြီး ပွေတတ်ရှုပ်တတ်တဲ့ အကြောင်း ဟိုက ပြောပြပါလိမ့်မယ် ...

အရေးကြီးတာ ... ရှင်နားထောင်ရဲဖို့ပဲ ...

"ဟေ့ကောင် ... ဆန္ဒညီ ... "

"ဟာ ... မဟာ ... မဟာရန် မင်း မင်းဘယ်ကဆက်နေ တာလဲ ... သိမ်မွေ့သာ ဘယ်မှာလဲဟေ့ကောင် ... မင်းကို ရဲစခန်း မှာ အမှုဖွင့်ထားပြီး ငါတို့လိုက်ရှာနေတာကွ ... "

အို ... ကြည့်စမ်း ...

မဟာရန့်ကို ရဲစခန်းမှာ အမှုဖွင့်လိုက်ပြီတဲ့ ...

ဒါ ... ဒါ ဒက်ဒီ့လက်ချက်ပဲနေမှာ ...



www.burmeseclassic.com

www.burmeseclassic.com



သမီးပျောက်လို့ ဒက်ဒီ အသည်းမီးတောက်နေပြီပေါ့။

ကဲ ... မဟာရန် ရှင် ဘာတတ်နိုင်သေးလဲ ...

"ဟော့ကောင် ... လိုက်ရှာမနေနဲ့ ... အခု သိမ်မွေ့သာ ငါ့လက်ထဲမှာ အရေးကြီးတာ ... မင်း သောက်ကျင့်ယုတ်ထားတဲ့ ပြဿနာတစ်ခုကို အပြတ်ရှင်းချင်လို့ မင်းဆီကို ငါ Phone လှမ်းဆက်လိုက်တာ ... "

"ဟာ ... ဟော့ကောင် ငါဘာအကျင့်ယုတ်ထားလို့လဲ ... မင်း စကားပြောတာ မရိုင်းနဲ့"

"မင်း ဘာရည်ရွယ်ချက်နဲ့ သိမ်မွေ့သာကို ချွန်တွန်းလုပ်လိုက်တာလဲ ... ဆန္ဒညီ ... ဘယ်ဟိုတယ်ထဲကို ကောင်မလေးတစ်ယောက်နဲ့တွဲပြီး ဝင်သွားလို့ မင်းက ဓာတ်ပုံရိုက်ရတာလဲ"

"ဟား ... ဟား ...အခု အဲဒီ ပြဿနာကို မင်းဖြေရှင်းနေရပြီမို့လား ... ရှင်းလေး မဟာရန် ... မင်းရဲ့ အရှုပ်ထုတ်ကို မင်း မရှင်းရင် ဘယ်သူရှင်းမှာလဲ ... "

"ဘာ ... ဘာပြောတယ် ဆန္ဒညီ"

"ဒီမှာ ... အဲဒီကောင်မလေး ဘယ်သူလဲဆိုတာရော ငါပြောပြလိုက်ရမလား ... မော်ဒယ်လ်လောကမှာ စတားဖြစ်နေတဲ့ တိမ်ပြာဝင့်ထည်လေ ... "

"တိမ် ... တိမ်ပြာဝင့်ထည်"

သူ ... မျက်မှောင်လေးကြုံ့သွားတာ နားမလည်နိုင်ခြင်းများစွာနဲ့ တိမ်ပြာဝင့်ထည်တဲ့ ... ပြဿနာပဲ ...

သာကတော့ Phone ဟန်းဆက်လေးထဲက ထွက်လာတဲ့ ဆန္ဒညီစကားတွေကို ပီပီသသ ကြားနေရတာမို့ နှုတ်ခမ်းလေးက





ပို၍ပြင်မဲ့လာခဲ့ရပါပြီ ... ။

"ဟော့ကောင် ... ငါပြောနေတာကို မင်း ငြင်းဖို့မကြိုးစားနဲ့လေ ... မဟာရန် ... တိမ်ပြာဝင့်ထည်ကလည်း ငါနဲ့လူချင်းတွေ့ပြီး သေသေချာချာ ငါ့ကိုရှင်းပြသွားတယ် ... သူရှင်းပြတာ မင်းရဲ့ စိတ်ပြတ် ဖွာလန်ကြဲနေတဲ့ Story တွေပဲ"

"ကျွတ် ... မင်းပြောတာ မဟုတ်သေးဘူး ဆန္ဒညီ ... "

"ဟား ... "

သူ ... ရင်မောစွာ ပင့်သက်ရှည်ကြီးကိုချလိုက်သလို ... ဘာတွေဖြစ်ကုန်တာလည်းဆိုတာ စဉ်းစား မရလို့ ... ခေါင်းလေးကိုတောင် တဖျင်းဖျင်းလေးကုတ်လိုက်မိသေး၏။

"ဘာလဲ ... မဟာရန် ... ဒီ Storyတွေ ငါအကုန်သိနေလို့ မင်းကျွတ်ကြဲနေပြီလား ... အရေးကြီးတာ သိမ်မွေ့သာကိုခေါ်ပြီး အခုချက်ချင်း ငါတို့ဆီကိုပြန်လာခဲ့ကွာ ... ပြန်လာတော့မှ မျက်နှာချင်းဆိုင်ပဲ ရှင်းရှင်း ... တိမ်ပြာဝင့်ထည်ရှေ့မှာပဲ ရှင်းရှင်း ... မင်း ကြိုက်သလို ရှင်းလို့ရတယ်သိလား မဟာရန် ... အနံကယ်ကိုလည်း အမှုပြန်ပိတ်ပေးဖို့ ငါပြောပေးမယ် ... အေး တစ်ခုပဲရှိတယ် ... သိမ်မွေ့သာကိုတော့ လက်ဖျားလေးနဲ့ထိဖို့တောင် မင်း လုံးဝ မစဉ်းစားနဲ့ ... အဲဒါ Shok ရှိတယ် ... နားလည်လား ... "

"ဟော့ကောင် ... "

သူ ဒေါသတကြီး အော်ပစ်လိုက်တာ ...

Hand Set လေးတောင် ပေါက်ကွဲ လွင့်စင်သွားမတတ်ဝင်း။

"မင်း ... ဘာရည်ရွယ်ချက်နဲ့ ဒါမျိုးတွေဖွထားသလဲဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ငါသဘောပေါက်တယ်ကွ ... အေး ... မင်းက ... ယုတ်မာခဲ့ပြီဆို တော့လည်း ... မင်းရဲ့ယုတ်မာကောက်ကျစ်မှုတွေနဲ့ ညီမျှတဲ့ တုန့်ပြန်မှုတစ်ခုကို မင်းခံစားသွားရအောင် ငါလုပ်ပြမယ် ဆန္ဒညီ သိမ်မွေ့သာက ငါ့ကို မုန်းပဲ မုန်း ... မုန်း၊ ချစ်ပဲ ချစ် ... ချစ် ငါလို ချင်တာမှန်သမျှ ... သိမ်မွေ့သာဆီကနေ ငါရအောင်ယူပြမယ် ... မပူပါနဲ့ ... ငါကျေနပ်သွားမှ ... သိမ်မွေ့သာကို မင်းဆီလာပြန်အပ် မယ် ... အေး ... ငါပန်ထားတဲ့ပန်းကို အရှက်မရှိတဲ့ မျက်နှာနဲ့ မင်းနမ်းမယ်ဆိုလည်း နမ်းပေါ့ ... ငါခွင့်ပြုတယ် ... အဲဒါ လုံးဝ shok မရှိဘူး ... ဟား ... ဟား ... "

Phone လေးပိတ်ချကာ ...

အားရပါးရ ခေါင်းလေးမော့ရင်း သူရယ်ချလိုက်ပါပြီ။

"ဟား ... ဟား ... "

"ရှင် ... ရှင် ... ကျွန်မအနားကို မကပ်နဲ့နော် ဆန္ဒညီ"

သူ့အပြောလေးကြောင့် ...

အိစက်စွာ ... ခင်းကျင်း ပြင်ဆင်ထားတဲ့ ခုတင်ကြီးပေါ်မှာ လည်း သာထိုင်မနေရဲတော့ပါ ... ဆန္ဒညီပြောနေတဲ့ စကားတွေကို နားထောင်ပြီး သူ့ကိုလည်း သာ အကြီးအကျယ် မုန်းခဲ့ရပါပြီ ... ။

"ဟား ... ဟား ... ဒီကောင် ... ဒီကောင် အရမ်းရယ်ရတဲ့ ဟာသတွေပြောပြီး ကိုယ့်ကို ပြက်လုံးထုတ်သွားတာလေ ... သိမ်မွေ့သာ ကိုယ်ဂရုမစိုက်ပါဘူး ... မင်းရော ဒီကောင်ပြောတာ ကို ယုံလား ... "

"ယုံတယ် ... "





"ဘာကွ ... "

သူ မျက်လုံးပြူးသွားတာ အသက်ရှူတောင်မှားလို့ ...

"ဒါ ... ဒါကြောင့်မို့ ကျွန်မ ရှင့်ကို မုန်းပစ်လိုက်တာ ... ရှင် ... ရှင် ကျွန်မအနားကို ကပ်ဖို့ မကြိုးစားနဲ့ ... "

"သိမ်မွေ့သာ ... "

သူ့အသံ အက်ရှရှလေးကို ကြားလိုက်တော့ ...

သာ ... ရယ်ချင်စိတ်ပေါက်သွားတာ စိတ်ကိုထိန်းထားလို့ ရေ ... ။

"ဆန္ဒ ... ဆန္ဒညီ ပြောတာကို မင်းမယုံနဲ့လေ ... သိမ်မွေ့ သာ ... သူ ရည်ရွယ်ချက်က ... ကိုယ်နဲ့ မင်းနဲ့ကြားမှာ အက်ကြောင်း တစ်ခုပေါ်သွားအောင် အောက်လမ်းနည်းတွေသုံးပြီး တမင်ဖန်ဆင်း ထားတာ ... ကိုယ်သေချာပေါက် လောင်းကြေးထပ်ပြီးပြောရဲ တယ် ... သူတို့ စွပ်စွဲတာမှန်နေရင် ... ကိုယ့်ကိုယ်ကိုယ် မီးပုံရှို့ ဖို့ အဆင်သင့်ပဲ ... "

"ဟင့်အင်း ... မဟာရန်"

သာခေါင်းခါလေ ... သူက ရှေ့ကိုပိုတိုးလာလေ ဖြစ်နေ တော့ ... သာ တစ်လှမ်းချင်း နောက်ကိုဆုတ်သွားတာ အခန်းနံရံ မှာ ကျောကပ်မိသွားပြီ ... ။

"ရှင် ... ရှင် ... ကျွန်မရှေ့ကို တိုးမလာနဲ့နော် ... "

ထွက်ပြေးစရာ နေရာလည်း သာမရှိတော့ပါ ...

သူက Phone ထဲကနေ အပြတ်စိမ်ခေါ်ထားခဲ့ပြီ မဟုတ် သား ... ငါပန်ထားပြီးသား ပန်းကို အရှက်မရှိတဲ့ မျက်နှာနဲ့နမ်းချင် တယ်ဆိုလည်း ငါခွင့်ပြုတယ်တဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်မို့ ...

သာ ... သူ့ကို ကြောက်သွားတာ ... ။

ပြီးတော့လည်း ပိတ်လှောင်ခံထားရတဲ့ အခန်းထဲမှာ သူနဲ့ သာ နှစ်ယောက်တည်းလေ ...

ဘာပဲပြောပြော ...

သာ့ကို ... သူ ချိုးချင်တိုင်းချိုး၊ ပန်ချင်တိုင်းပန်လို့ ရမယ် ထင်နေသလား ... ။

သစ္စာမဲ့တဲ့ လူတစ်ယောက်ရဲ့ ရင်ခွင်ထဲမှာတော့ သာ့ဘ၀ ကို အဆုံးသတ်မခံနိုင်ပါဘူး။

မုန်းတယ် ... မဟာရန်

တခါတုန်းကတော့ ...

ရှင့်ရဲ့ မျက်ဝန်းပြာတွေကြောင့် ကျွန်မရင်ခုန်ခဲ့တယ် ...

အဲဒီ ရင်ခုန်မှုတွေကို သိသာပါစေတော့ဆိုတဲ့ ဆန္ဒနဲ့ ရှင် တောင်းတဲ့ နဖူးသင်းကျစ်လေးထိပ်က ကျွန်မရဲ့ ဆံပင်မျှင်လေး တစ်ပင်ကို ဆန့်ကျင်ကန့်ကွက်ခြင်း မရှိဘဲ ကျွန်မ ပေးခဲ့တာလေ။

ပေးပြီးတော့လည်း ...

ဘာ ခံစားချက်မှမရှိတဲ့ ပုံစံကလေးနဲ့ ကျွန်မသူငယ်ချင်း တွေရှေ့မှာ ဟန်ဆောင်ခဲ့တယ် ... ဒီအကြောင်းတွေ စုစုနဲ့ နှစ် ယောက်တည်းပြောပြီး အိပ်ရေးပျက်ခဲ့ရတဲ့ ညတွေထဲမှာ ... စုစု တစ်ယောက်တည်းကိုပဲ ရှင့်ကိုချစ်တဲ့အကြောင်း ဝန်ခံခဲ့တာ ခုတော့ ဒါတွေအားလုံး gone with the wind ပဲလေ ... မဟာရန်။

လေနှင့်အတူ မျှောပါသွားပြီ ...

ဒါကြောင့်မို့ ... မုန်းတယ် ...





ရှင့်ကို ... ကျွန်မ သိပ်မုန်းတယ် ...

"မင်း ... "

"ဟာ ... မဟာရန် ... ရှင် ကျွန်မအသားကို မထိနဲ့ ... "

"ကိုယ် ... မင်းရဲ့ နဖူးလေးကို နမ်းပါရစေ ... "

သူတောင်းဆိုလိုက်မိတာ သူမလေးကို သိပ်ချစ်လို့ပါ ...

ဒါပေမယ့် သူမကတော့ မုန်းတီး နာကျင်နေတဲ့ မျက်ဝန်း တွေနဲ့ သူ့ကို ထိတ်ထိတ်ပျာပျာလေး စိုက်ကြည့်နေတာ သူ မခံစား နိုင်တော့ဘူးလေ ...

သိမ်မွေ့သာရယ် ...

မင်း ကိုယ့်ကို အဲလို စိုက်မကြည့်ပါနဲ့ ...

တိမ်ပြာဝင့်ထည်ကို ကိုယ်မသိပါဘူး ... လမ်းပေါ်မှာ ကား တွေ ပြိုင်မောင်းပြီး Roling Stone လုပ်ခဲ့ပေမယ့် ...

တိမ်ပြာဝင့်ထည်လို ကောင်မလေးကို စိတ်ဝင်စားဖို့ ကိုယ့် နှလုံးသားတွေက လက်မခံခဲ့ဘူးလေ ... သိမ်မွေ့သာ ... အခုချိန် မှာ ကိုယ့်ကို ချစ်လားလို့ မေးချင်တာ ... မင်း တစ်ယောက်တည်း ကိုပါ ... ။

"ဖယ်နော် ... မဟာရန် ... "

သာ ... အတင်းအော်တော့မှ ပခုံးနှစ်ဖက်စလုံးပေါ်က လက် တွေကို ဖြုတ်ချပြီး သာ့ မျက်နှာလေးဘေးက နံရံမှာ လက်ဖဝါး နှစ်ဖက်စလုံးကို ပြန်ကပ်ထောက်လျက် ...

"Sorry သိမ်မွေ့သာ ... ကိုယ် မင်းအသားကို မထိရက်ပါ ဘူး ... တကယ်တော့ ဒီညဟာ မင်းနဲ့တွေ့ရတဲ့ နောက်ဆုံးည

ဝိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကိုယ် စိတ်မထိန်းခဲ့လို့ တစ်ခုခုဖြစ်သွားခဲ့ရင်လည်း မင်းရဲ့အမုန်းတွေကို ကိုယ်တစ်သက်လုံး ခံယူသွားရတော့မယ်လေ … ဒါပေမယ့် ဘာပဲပြောပြော … ကိုယ်တစ်ခုတော့ သိသွားချင်တယ် … မင်း မင်း ကိုယ့်ကိုချစ်တယ်မို့လား … ”

“ဟာ … ”

သူက … မပြောမဆို မျက်နှာလေးငုံ့ချပြီး နဖူးလေးကို နမ်းဖို့ကြိုးစားလိုက်တာမို့ သာ့လက်လေးတစ်ဖက်ကလည်း အထိတ်တလန့်လေးနဲ့ လေထဲမြောက်တက်သွားကာ …

“ကဲဟယ် … ”

“ဖြန်း … ”

သာ … အားကုန် လွှဲရိုက်ချလိုက်တော့ …

ချက်ချင်းပဲ ညိုးဖျော့ရီဝေသွားခဲ့တာ … သူ့မျက်ဝန်းတွေ

“ဟာ … သိမ်မွေ့သာ … မင်း”

“ဟုတ်တယ် … ကိုယ့်ကို ချစ်လားဆိုတဲ့ မေးခွန်းကို ရှင် ထပ်မမေးပါနဲ့ … ထပ်မေးရင် ထပ်ရိုက်မယ် … ဟင့်”

မထင်မှတ်ဘဲ သာ ငိုချလိုက်ပြီ … ။

ဒါကို သူက နှုတ်ခမ်းလေးမဲ့ကြည့်ကာ …

“ဟွန်း … ရပါတယ် … သိမ်မွေ့သာ … ဒီနေ့ဟာ မင်း ပေးချင်သမျှကို ကိုယ်ယူရမယ်နေ့ … ကိုယ်ထပ်မေးမယ် … ”

ဒီတစ်ခါတော့ လက်ဆန့်တန်းရင်း သာ့ ပခုံးလေးနှစ်ဖက်ကို သူတင်းတင်းလေး ဆုပ်ဖက်ရင်း သာ မကြိုက်တာကို ထပ်မေးသည်။

“မင်း … ကိုယ့်ကို ချစ်လား … ”





“ဟာ … မမေးနဲ့လေ ဒီမေးခွန်းကို ထပ်မမေးပါနဲ့လို့ ကျွန်မ ရှင့်ကိုပြောနေတယ်လေ … မဟာရန့်ရဲ့ အဟင့် … ဟင့်”

“မေးတယ် … ကိုယ် အရမ်းသိချင်လို့မေးတယ် … မင်း ကိုယ့်ကိုချစ်လား … သိမ်မွေ့သာ မင်း ကိုယ့်ကိုချစ်လား”

“ကဲဟယ် … ကဲဟယ်”

“ဖြန်း … ဖြန်း … ”

သည်တစ်ခါတော့ နှစ်ခါထပ်မေးလို့ ဘယ်ရော ညာရော ပါးနှစ်ဖက်စလုံးကို သာ ရိုက်ချပစ်လိုက်ပြီ။

ရိုက်ပြီးတော့မှ ယိုင်ထွက်သွားတဲ့ သူ့ကိုယ်ကိုရှောင်ကာ တံခါးဆီပြေးသွားကာ ဖွင့်ဖို့ကြိုးစားကြည့်တော့လည်း မရ … နောက်ဆုံးမှာတော့ တံခါးဝမှာ ဒူးထောက်ချထိုင်ကာ သာ တဟင့် ဟင့်လေးနဲ့ပဲ ရှိုက်ငိုခဲ့ရပါပြီ … ။

ဒါကို … အခန်း အပြင်ဘက်ကနေ

ဘသဲဖြူနဲ့ ဖွားချိုတို့က ရင်တထိတ်ထိတ်နဲ့ နားစွင့်နေခဲ့ကြတာလေ … ထိုအချိန်မှာပဲ တံခါးကိုဆွဲဖွင့်ပြီး အခန်းအပြင်ဘက်ကို ထွက်လာတာ မဟာရန်ပါ …

“ဟင် … မဟာလေး”

“အို … မဟာလေးရယ် … ကြည့်ပါဦး မျက်ရည်လေးဝဲပြီး အခန်းထဲမှာ ထွက်လာတာ … ဖွားချိုသိတယ် … သိမ်မွေ့သာဆိုတဲ့ မိန်းကလေးကို မဟာလေး တကယ်ချစ်တယ်ဆိုတာ ဖွားချို သိတယ် … မငိုနဲ့ … မငိုနဲ့ … ”

ဖွားချိုက မငိုနဲ့ပြောတော့ …

ဒီမျက်ရည်လေးတွေကို သူ မထိန်းထားနိုင်တော့တာ …



www.burmeseclassic.com

www.burmeseclassic.com



ဒါဟာလည်း ...

သိမ်မွေ့သာ သူ့ကို တကယ်မုန်းသွားတာ ...

ရင်နာနာလေးနဲ့ သူသိလိုက်ရလို့ပါပဲ ...

ဆိုးသွားတာက ဘန်ဂလိုလေးထဲကနေ သူအပြင်ကို ထွက်လိုက်တော့ ... ဘန်ဂလိုရှိရာ တောလမ်းကလေး မောင်းတက်လာနေတဲ့ ကားမီးရောင်တွေကို မျက်ဝန်းလေးပိုင်းစက်စွာ သူတွေ့လိုက်ရတာဖြစ်သည်။

ရှေ့ဆုံးမှာ မောင်းတက်လာတဲ့ ကားမီးက ...

ခေါင်မိုးလေးပေါ်မှာ အနီရောင်လေး တဖျတ်ဖျတ်လည်နေတာလေ ... ။

သိမ်မွေ့သာရယ်ချို့

မင်းကြောင့် ... ကိုယ် တကယ်ခံစားရပါတယ်။

## အခန်း ( ၁၇ )

"ဆန္ဒညီရာ ... မဟာရန်ကို မင်းဘာတွေလျှောက်ပြောနေတာလဲကွာ ... ပြိုင်ဆိုင်တယ်ဆိုတာ ... တရားသဖြင့် ပြိုင်ဆိုင်မှ ကြည့်လို့ကောင်းတော့မှာပေါ့ကွ ... "

"ဟင် ... "

သူ့ နောက်မှာ ကောင်းမြတ်ထွန်း ...

ဆန္ဒညီနှင့် မဟာရန် အပြန်အလှန် Phone ပြောနေကြတာကို နောက်ကနေ နားထောင်ရင်း စိတ်မကောင်းဖြစ်နေတာလေ။

ဒီလိုမျိုး ... မဟုတ်တမ်းတရား ကောလဟာလ စကားတွေထုတ်လွှင့်ပြီး လန်ကြုတ်ဖွတ်လမ်းတွေနဲ့ ပြိုင်ဘက်ကို တိုက်ခိုက်တာကိုတော့ ကောင်းမြတ်ထွန်း လက်မခံနိုင်ခဲ့တာ အမှန်ပါပဲ။

သူက ... ဆန္ဒညီကို အချစ်ဆုံး သူငယ်ချင်းတစ်ယောက်မို့ သိမ်မွေ့သာနဲ့ ကြည်ဖြူပေါင်းသင်းသွားတာ မြင်လိုပေမယ့် ... အချစ်ဆိုတာ ဆန်းကြယ်တယ်လေ ... တခါတလေ ကိုယ်က လက်ကမ်းပေမယ့် အချစ်က ကိုယ့်ဆီကို ပြန်လာချင်မှ လာတတ်တာ



www.burmeseclassic.com

www.burmeseclassic.com



ဒီ သဘောတရားကို လက်ခံထားမှ ဖြစ်မှာပေါ့ ...

ခုတော့ ဒီကောင် ...

လန်ကြုတ်ဓာတ်ပုံတွေကို ကွန်ပျူတာနဲ့ဖန်ဆင်းပြီး သိမ်မွေ့သာကို တမင်ပြလိုက်ပြ ... ဟော ... အခုလည်း မဟာရန့်ကို ပါးစပ်ထဲ တွေ့ရာစကားတွေ လျှောက်ပြောပြီး မတရား သက်သက်မဲ့ အနိုင်ယူဖို့ ကြိုးစားနေတာလေ ... ။

ဒါကို သူကတော့ သဘောမကျနိုင်ပါဘူး ... ။

ဆန္ဒညီရာ ...

မဟာရန်နဲ့ ပြိုင်တာ တရားသဖြင့်ပဲ ပြိုင်စမ်းပါကွာ ... ။

"ငါ ... ငါ ... မဟာရန်ကို အရှုံးမပေးနိုင်လို့ ... ဒီလိုလုပ်ရတာလေ ... သူငယ်ချင်း ... Phone ထဲမှာ သိမ်မွေ့သာရဲ့ ဘော်ဒီဂတ်မလေး စုစုက ... ကိုကြီးဆန္ဒညီကို မချစ်တာသေချာတယ်ပြောလို့ ကယောင်ကတမ်းနဲ့ ကြံမိကြံရာ ကြံလိုက်မိတာပါ သူငယ်ချင်းရာ ... "

"ငါတလည်း မင်းလုပ်ရပ်ကို လက်မခံနိုင်လို့ပြောရတာလေ ဆန္ဒညီ ... တကယ် သေသေချာချာ စဉ်းစားကြည့်ရင် ... သိမ်မွေ့သာက မဟာရန့်ကို စိတ်ထဲကနေ တိတ်တိတ်လေး ကြိတ်ပြီး သဘောကျနေခဲ့တာလေ ... အမှတ်တရ မွေးနေ့လက်ဆောင်လေး ပေးခဲ့တဲ့ နေ့ကဆို မင်းလည်းတွေ့တယ်မို့လား ... နဖူးလေးထိပ်က ဆံပင်လေးကိုတောင် ခေါင်းလေးငုံ့ပြီး သူကိုယ်တိုင် ဖြုတ်ပေးခဲ့တာ ဒါကို ... လုပ်ကြံဇာတ်လမ်းတွေ ဖန်တီးပြီး သူတို့နှစ်ယောက်ရဲ့ ချစ်ခြင်းတွေကို မင်းမခွဲပါနဲ့တော့ ဆန္ဒညီရာ ... အကောင်းဆုံးက မင်း စိတ်ကိုလျှော့ပြီး ... မဟာရန်ကို အနိုင်ပေးလိုက်ပါတော့ကွာ"





"ဘာ ... ဘာပြောတယ် ... ကောင်းမြတ်ထွန်း မဟာရန့်ကို ငါအနိုင်ပေးလိုက်ရတော့မယ် ဟုတ်လား ... မင်း ... မင်းကွာ ဟွန်း ... "

ကောင်းမြတ်ထွန်းရာ ... ။

ဒီစကားကို မင်းမို့ ပြောရက်တယ် သိလားကွာ ...

သိမ်မွေ့သာကို ... ငါက အရင်ဆုံး ချစ်ခွင့်တောင်းခဲ့တာလေကွာ ... ငါ့ကို အတ္တကြီးတယ်ပြောပြော ... ကိုယ်လိုချင်တာကို ရှေ့တန်းတင်တယ်ပဲဆိုဆို ... သိမ်မွေ့သာကို မစွန့်လွှတ်နိုင်တာ ငါ့ရဲ့ စွဲလမ်းမှု တစ်ခုပဲလေ ... ကောင်းမြတ်ထွန်း ... ။

ဒါကြောင့်မို့ ...

လက်ထပ်ယူနိုင်အောင် ငါကြိုးစားခဲ့တာပါ ... ။

ဒါပေမယ့်ကွာ ...

သိမ်မွေ့သာရဲ့ နှလုံးသား နက်နက်လေးထဲမှာ သိုသိုသိပ်သိပ်လေး တည်ရှိနေခဲ့တဲ့ အချစ်တွေဟာ ... ငါ့ဆီကို ရောက်မလာခဲ့ဘူးလေကွာ ... ။

"ဟုတ်တယ်လေ ... ဆန္ဒညီ ... ငါပြောတာ အမှန်ပဲ ... ကိုယ့်ရဲ့အရှုံးကို ကိုယ်သိပြီး လက်ခံရဲမှ ... သူ့ရဲကောင်းဖြစ်တာ ဆန္ဒညီ ... ဒီဇာတ်လမ်းမှာ သူ့ရဲကောင်းတစ်ယောက်အဖြစ်နဲ့ အားလုံးက ဂုဏ်ပြုတာကို မင်း ခံယူသင့်တယ် ... "

သူ့ရဲကောင်းတဲ့လား ကောင်းမြတ်ထွန်းရာ ...

သူ့ရဲကောင်းတဲ့လားကွာ ...

သူ ... Hand Phone လေးကိုကိုင်ကာ ခေါင်းငိုက်စိုက်လေး ကျသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



မဟာရန်ကလည်း Phone ထဲကနေ သူ့ကို ပြတ်ပြတ်သားသားလေး စိန်ခေါ်သွားခဲ့ပြီလေ ... ။

ငါ ပန်ပြီးသား ပန်းကိုမှ ... နမ်းချင်တယ်ဆိုလည်း ငါပြန်ပို့ပေးလိုက်မယ်တဲ့ ... ။

ဒါဆို ... ဒီပန်းလေးကို မင်း ပန်လိုက်ပြီပေါ့ ... ။

ဒီပြိုင်ပွဲမှာ ဒိုင်ပွဲရပ်အဖြစ်နဲ့ ငါရှုံးသွားပြီပေါ့ ... ။

သာရယ် ...

လန်ကြုတ်ဓာတ်လမ်းတွေ ဖန်တီးပြီးတော့ ပြိုင်ဘက်ကို အလဲထိုးချင်ခဲ့တဲ့ ... ကိုယ့်ရဲ့ ညစ်တစ်တစ် လုပ်ရပ်တွေကို မင်း သိသွားခဲ့ရင် ကိုယ့်ကို ထာဝရမုန်းသွားတော့မှာပဲနော် ...

ကိုယ် သိပ်ကို မှားသွားခဲ့ပြီ သာ ...

ကိုယ် စိတ်ဓာတ်တွေ သိပ်ကိုမှ ... အောက်တန်းကျသွားခဲ့ပြီ သာရယ် ...

တကယ်တမ်းကျတော့ ...

ဒီဇာတ်လမ်းမှာ ပြတ်သားခဲ့တာ မဟာရန်ပါပဲ ... ။

ဆူပွက်တောက်လောင်နေတဲ့ နှလုံးသားထဲက သွေးတွေကို အရည်ဖျော် လောင်းချပြီး ... မိုက်မိုက်ကန်းကန်းလေး သတ္တိရှိရှိနဲ့ ပြိုင်သွားခဲ့တာပါ ... ။

ဒါကို ... ကိုယ် အသိအမှတ်ပြုပေးရတော့မှာပေါ့။

သာရယ် ...

'မင်း ကိုယ့်ကို ခွင့်လွှတ်ကွာ ... ။

ထိုအချိန်မှာ ...

မဟာရန်ကတော့ ...





သူ့ ပါးလေးတွေကို မြန်မြန်ပွတ်လို့ ...

ဘန်ဂလိုလေးရှေ့က ခုံတန်းလေးမှာ ငိုင်စင်းစင်းလေး တစ်ယောက်တည်း ထိုင်လို့ပါ ... ။

ဒါကို ... ဖွားချိုက အားပေးနေတယ်လေ ...

“မဟာလေးရယ် ... မျက်ရည်ဝဲဝဲလေးနဲ့ ... အခန်းထဲက မင်းပြန်ထွက်လာကတည်းက မင်းခံစားရတဲ့ ခံစားချက်လေးကို ဖွားချို နားလည်တယ်လေ ... မဟာလေး၊ ဘာတဲ့လဲဟင် ... မိန်းကလေးက မဟာလေးချစ်တာကို လက်မခံဘူးတဲ့လား”

ဖွားချိုသိတာပေါ့ ...

ကိုယ်လည်း ငယ်ရာက ကြီးလာတာလေ ...

မိန်းကလေးက သူ့ကို ကားပေါ်ခွတ်တဲ့ရွှတ်တင်ပြေးတယ် ဆိုပြီး မကျေမချမ်းလေး ဖြစ်နေတာနဲ့ တူပါရဲ့ ...

အခန်းထဲကနေ ...

တဟင့်ဟင့်လေးနဲ့ ငိုသံ ရှိုက်သံလေးလည်းကြားရဲ့။

မိန်းကလေးကလည်း သနားဖို့ကောင်းပါတယ်။

မဟာလေးကလည်း တကယ်ဆိုးတယ် ... ။

“မဟာလေး ...”

“ဗျာ ... ဖွားချို”

“မိန်းကလေးကို ခေါ်လာတာ ... မဟာလေး မှားပြီ ထင်တယ်ကွယ် ...”

“ကျွန်တော် ... ကျွန်တော် ... အရမ်းချစ်လို့ပါ ဖွားချိုရဲ့”

“အို ... ကိုယ်က ချစ်ပေမယ့် ... မိန်းကလေးတော့ မဟာ လေးကို မချစ်တာလေ ... ဘယ်နှယ့်လုပ်မလဲ ... သူ [illegible]



www.burmeseclassic.com

www.burmeseclassic.com



လည်း မိန်းကလေးကို ပြန်ပို့ပေးပါကွယ် ... ”

“ကျွန်တော် ... ကျွန်တော် သိပါပြီ ဖွားချိုရယ် ... ”

“အိပ်တော့နော် မဟာလေး ... သူက မချစ်ဘူးဆိုရင် သူ့အခန်းထဲမှာ မဟာလေးသွားမအိပ်နဲ့ ... အိမ်ရှေ့ခန်းလေးမှာ ဖွားချိုဖျာလေးခင်းပြီး ... အိပ်ရာ ခြင်ထောင်လေး ဖွားချို စီစဉ်ပေးမယ်”

“ကျွန်တော် သူ့ဆီကို ... မသွားတော့ပါဘူး ဖွားချိုရာ၊ သူ့ဆီက အချစ်ကိုလည်း ကျွန်တော် မမျှော်လင့်တော့ပါဘူး၊ မနက်မိုးလင်းတာနဲ့ သူနဲ့ လက်ထပ်ဖို့ စီစဉ်ထားတဲ့ ... ဆန္ဒညီဆိုတဲ့ သူချစ်သူကောင်လေးလက်ထဲကိုပဲ ကျွန်တော်ပြန်အပ်လိုက်တော့မယ် ပြီးတာနဲ့ အားလုံးနဲ့ဝေးရာကို ကျွန်တော်ထွက်သွားတော့မယ် ဖွားချိုရာ ... ”

“မဟာလေးရယ် ... မဟာလေးရဲ့ ဒီလိုဖြူစင်တဲ့ စိတ်ထားလေးကို ဖွားချို အရမ်းသဘောကျတယ် ... ဟင်း ... ဟင်း”

“ဖွားချို ... ”

“ဟင် ... မဟာလေး ... ပြောလေ”

“ဖွားချို ကြည့်ပါဦး ... ဟိုး ကောင်းကင်အမြင့်ကြီးပေါ်မှာ ကြယ်လေးတွေ တဖျတ်ဖျတ်လက်နေတယ်နော် ... ပြီးတော့လည်း ပြည့်ပြည့်ဝိုင်းဝိုင်း လမင်းကြီးရဲ့အနားမှာ ကြယ်လေးတွေအများကြီး ဝန်းရံပြီးတော့ ခံစားနေကြတယ် ... ဟင်း ဟင်း ... အဲဒါ အဲဒါ ဖွားချို မြင်တယ်မို့လား ... ဟင် ဖွားချို ... ”

“အို ... မြင်တာပေါ့ မဟာလေးရယ်”

ကြည်နူးရွှင်ပြသော အပြုံးကလေးဖြင့် ဖွားချိုက သူနှင့် အတူ ကောင်းကင်မြင့်ကြီးပေါ်ကို မော့ကြည့်သည်။





တကယ်လည်း ... ကောင်းကင်မြင့်ကြီးပေါ်မှာ ကြယ်စင်ညီလာခံကြီးတစ်ခုကို အရောင်တွေ တဖျတ်ဖျတ်လက်ပြီး ကျင်းပနေကြတာပါ။

“ဒါ ... ဒါပေမယ့်နော် ... ဖွားချို ... ”

“ဟင် ... ပြောလေ ... မဟာလေး ... ဖွားချိုကို မဟာလေး ဘာပြောချင်လို့လဲ ... ”

“ကြယ်လေးတွေက ဘယ်လောက် လင်းလက် ... လင်းလက် ... လမင်းကြီးဆီကို ရောက်အောင်တော့ သူတို့မသွားနိုင်ကြဘူးနော် ... ”

“အို ... ဟုတ်တာပေါ့ ... ”

“တကယ်ဆို ... ကြယ်ကလေးတွေ ဝန်းရံခံစားနေလို့ — လမင်းကြီးရဲ့ဘဝက ပိုပြီးတော့ တင့်တယ်ပြည့်စုံသွားတာနော် ဖွားချို ... ကျွန်တော်ပြောတာ ဟုတ်တယ်နော် ... ”

“သိပ်မှန်တာပေါ့ ... မဟာလေးရယ်၊ ကြယ်လေးတွေရှိနေလို့ လမင်းကြီးက ... ကျက်သရေရှိနေတာပေါ့ကွယ် ... ဒါပေမယ့် လမင်းကြီးဆီကို သူတို့ရောက်အောင် မသွားနိုင်တာက ကြယ်ကလေးတွေနဲ့ လမင်းကြီးကို သဘာဝတရားကြီးကမှ ပေါင်းစပ်ခွင့် မပေးထားတာလေ ... မဟာလေးရဲ့၊ ဒါကြောင့်မို့ သူ့နေရာလေးမှာ သူနေ ... ကိုယ့်နေရာလေးမှာ ကိုယ်နေ ... ဖြစ်ကုန်ကြတာပေါ့”

“ဖွားချိုရာ ... ကျွန်တော့်ဘဝက ကြယ်ကလေးရဲ့ ဘဝ လိုပါပဲဗျာ ... ကျွန်တော်ချစ်တဲ့ လမင်းကြီးဆီကို ဘယ်တော့မှ ရောက်အောင် မသွားနိုင်တော့ဘူးဆိုတာ ကျွန်တော်သဘောပေါက်ပါပြီ”



www.burmeseclassic.com

www.burmeseclassic.com



"ဖွားချို သိတယ် ... ဖွားချို သိတယ် ... မဟာလေးပြောချင်တာကို ဖွားချို နားလည်တယ် ... ဟင်း ... ဟင်း"

သူ ပြောတာကို ရယ်ရယ် မောမောလေးနဲ့ ဖွားချို သဘောကျလို့မဆုံး ... ။

"ကဲ ... ကဲ ... အရမ်းလည်း ညဥ့်နက်နေပြီနော် ... မဟာလေး ဖွားချိုအိပ်ရာလေး ပြင်ပေးမယ် ... လာ အိပ်လိုက်တော့လာ အိပ်လိုက်တော့ ..."

နောက်ဆုံးမှာတော့ ...

ဖွားချို ပြင်ပေးတဲ့ အိပ်ရာလေးထက်မှာပဲ ...

ပင့်သက်အမောလေးချကာ သူအိပ်စက်ခဲ့မိတော့၏။

ဆန္ဒညီရယ် ...

မင်းတို့ဘက်က ရိုက်ချက်က တကယ်ပြင်းတယ်သိလားကွာ ... သိမ်မွေ့သာ ငါ့ကို တကယ်ချစ်ခဲ့တာဆိုရင် ... ငါ ရှင်းပြချင်ပေမယ့် ... သူကမှ ငါ့ကို မချစ်ခဲ့တာပဲ ... ။

ဒါကြောင့်မို့ ...

ငါ မရှင်းပြတော့ဘဲ အရှုံးပေးလိုက်တော့မှာပါ။

တကယ်ဆို ...

ဒီညမှာ ... ငါမြင်လိုက်ရတာက သိမ်မွေ့သာရဲ့ အနက်ရှိုင်းဆုံး မျက်ဝန်းလေးထဲက အမုန်းတွေနဲ့ ထိတ်လန့်တုန်လှုပ်မှုတွေကိုပဲ ငါမြင်လိုက်ရတာလေ ... ဒါတွေကို မြင်လာသိလာအောင်လည်း ငါ့ပါးပြင်လေးနှစ်ဖက်လုံးပေါ်က နာကျင်မှုတွေနဲ့ ငါလဲလှယ်ခဲ့ရတာပါ။

သိမ်မွေ့သာရယ် ...





ရှင့်ကို ... သိပ်မုန်းတယ်ဆိုတဲ့ စကားလုံးတွေနဲ့ ... ။

ငါ့အသည်းနှလုံးတွေကို မီးဟုန်းဟုန်းတောက်သွားအောင် ရှို့လိုက်စမ်းပါ ချစ်သူရယ် ...

ခုတော့လည်း ...

မင်း မျက်လုံးတွေထဲက အမုန်းတွေကိုပဲ ...

အရှုံးတွေရဲ့ သင်္ကေတတစ်ခုအဖြစ်နဲ့ ...

ငါ အဝေးကို သယ်ဆောင်သွားပါတော့မယ်ကွာ ...

မင်း ငါ့ကို မေ့လိုက်ပါတော့ ... ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၈ )

*"ဘယ်လိုလဲ ဟေ့ကောင် ... သိမ်မွေ့သာနဲ့ အဆက်အသွယ် ရပြီလား ..."

"မရသေးပါဘူးကွာ ..."

"မင်းကွာ ... ဒီလောက် နှစ်ယောက်တည်းထားခဲ့တာ တောင် မဟာရန်က ပေါတင်ကားနဲ့ဖြတ်တိုက်တားပြီး ... မြောင် ကြီးခေါ်သွားတာခံလိုက်ရတယ်လို့ ... အခုရော ဘယ်ရောက်ပြီ သတင်းကြားလဲ ..."

"မဟာရန်နဲ့တော့ ... ညက Phone တကောရလိုက်သေး တယ်၊ မလွယ်ပါဘူးကွာ ဒီကောင်တော်တော်နဲ့ လက်နက်ချမှာ မဟုတ်ဘူး ..."

"ဟေ့ကောင် ... လက်နက်ချမှာ မဟာရန် မဟုတ်ဘူးလေ ကွာ ... မင်း ... မင်းကပဲ မဟာရန်ကို အရှုံးပေးလိုက်ရတော့မှာ"

"ဟာ ... ဟေ့ကောင် မင်းဘယ်လိုပြောလိုက်တာလဲ၊ ဆန္ဒညီဆိုတဲ့ကောင်လား မဟာရန်ကို အရှုံးပေးမှာ၊ ရိုက်ချက်ပြင်း





ပြင်းလေးနဲ့ သိမ်မွေ့သာကို မီးတိုက်ပေးထားလို့ သိမ်မွေ့သာက စိတ်လျှော့ပြီး ဒီကောင့်ဘက်ကို နည်းနည်းလေးယိုင်လာတာ ... အခု မဟာရန့်ကို သိမ်မွေ့သာ အရမ်းမုန်းနေပြီဆိုတာရော ... မင်းတို့ သဘောပေါက်ရဲ့လား ..."

သီရိစံအိမ်က မွေးနေ့ဆွမ်းကျွေးမှာ သူငယ်ချင်းတွေအားလုံး စုံနေကြတာပါ။ သည်အထဲမှာမှ ငေါင်ကြောင်ကြောင်လေး ဖြစ်နေတာ ဆန္ဒညီတစ်ယောက်တည်းလေ ... ။

ညကတည်းက သိမ်မွေ့သာကိစ္စကို Phone တွေဆက်ကြ၊ အပြန်အလှန် သတင်းတွေ ဖလှယ်ကြနဲ့ သတင်းက သူငယ်ချင်းတွေ ကြားထဲမှာ Hot New သတင်းတစ်ပုဒ်လို ချက်ချင်းပဲ ပျံ့နှံ့သွားခဲ့ တာဖြစ်သည်။

အရှက်ရဆုံးနဲ့ ...

အထူပူရဆုံး ဖြစ်ရတာ ဆန္ဒညီပါပဲ ...

ဒါကို ... တွေ့တွေ့ချင်း ... မင်းသန့်က အတင်းမေးနေ တော့ ... သူ ဘယ်လိုဖြေရမှန်းလည်းမသိ။ ကောင်းမြတ်ထွန်း ကတော့ ညက တညလုံး သူ့အိမ်တောင် မပြန်တော့ဘဲ ... ကိုယ့် အိမ်မှာပဲ အိပ်ခဲ့တာဆိုတော့ ကိုယ့်ကိုလည်း တစ်ညလုံး ပူညံပူညံ လုပ်ကာ ကန့်ကွက်ခဲ့သူမို့ ...

"ဟေ့ကောင် ... ကြည်သာ၊ အခြေအနေတွေအားလုံးကို မင်း ဘာမှမသိဘဲ လျှောက်ပြောမနေနဲ့ ... ဒီကောင်က ရိုက်ချက် ပြင်းပြင်းနဲ့ သိမ်မွေ့သာကို ဘယ်လိုပဲ မီးတိုက်ထားထား ... အမုန်း တရားဆိုတာ တစ်နေ့ပေါ်မလာဘဲနေမလား ... ငါကတော့ ဒီ ကောင့်လုပ်ရပ်ကို အပြတ်ရွံ့ချတယ် ... သီရိစံတို့ သူဇာဝင်းတို့က



www.burmeseclassic.com

www.burmeseclassic.com



လည်း အမှန်တရားဘက်ကပဲ ... ဒီကောင့်ကို မဟုတ်တမ်းတရား တွေပြောပြီး အချုန်နဲ့မ,လိုက်လို့ ဒေါပွနေကြတာ ... သိမ်မွေ့သာက တကယ်သနားဖို့ ကောင်းတယ်တဲ့ ... မိဘတွေကို ကြောက်ရလို့ မဟာရန့် အချစ်ကို လက်မခံခဲ့တာတဲ့ ... ”

ဒါကို ... အုန်းနို့ခေါက်ဆွဲ ပန်းကန်ထဲ ကြက်သွန်ဖတ်တွေ ထည့်ရင်း ... သူဇာဝင်းက ထောက်ခံသည်။

“ဟုတ်တယ်လေ ... သိမ်မွေ့သာက အဲလိုဖြစ်နေတာ နင်တို့ မှမသိတာ ... သိမ်မွေ့သာ ကျောင်းကိုလာတိုင်း မဟာရန်က ကားချင်းယှဉ်လိုက်မောင်းရင်း ဒီဘက်ကားထဲကို စံပါယ်ကုံးလေး တွေ လိုက်လိုက်ပစ်ထည့်တာ ... ဟော ကျောင်းထဲရောက်တာနဲ့ မျက်နှာလေးပြုံးပြီး စံပါယ်ကုံးလေးကို တယုတယလေးနဲ့ သိမ်မွေ့ သာက သိမ်းလိုက်တာ ... အဲဒါ ငါတို့က တောင်းတော့လည်း မပေး ဘူး ... ဘယ်က ရတာလည်း မေးတော့လည်း မဖြေဘူး ... နောက် မှ ကားမောင်းတဲ့ ဒရိုင်ဘာဦးစိုးက ... ဖောက်သည်ချသွားတာ”

“နင် ... နင် ဘာပြောတယ် ... ”

အခုမှ ဆန္ဒညီပိုလို့တောင် အရှက်ရခဲ့ပြီ။

သာရယ် ...

မင်းရဲ့ ရင်ခုန်သံတွေကို ဘယ်သူမှမကြားအောင် ဘာဖြစ်လို့ ဒီလောက်ထိ လျှို့ဝှက်ခဲ့ရတာလဲဟင် ... မိဘတွေကို ကြောက်ရတဲ့ မင်းရဲ့ ဘဝလေးကို ... ကိုယ်နားလည်ခဲ့ပေမယ့် ကိုယ့်ကိုတော့ မင်းရဲ့ ခံစားချက်အမှန်တွေကို အသိပေးသင့်တယ်လို့ ကိုယ်ထင် တယ်လေ ... ။

အခုတော့ကွာ ...





သူများတွေပြောမှ မင်းရဲ့ ရင်ခုန်သံလေးတွေ တည်ရှိနေတဲ့ နေရာလေးကို သိခဲ့ရတဲ့အတွက် အတိုင်းမသိအောင်ပဲ ကိုယ်ခံစား ရပါတယ်။

“ဟား ... ဟား ... ဆန္ဒညီရယ် ... နင်ကတော့ တကယ်ပါ ပဲ ... သိမ်မွေ့သာကို သူများလက်ထဲပါသွားမှာကြောက်လို့ ... သုပ်ကြဲစာတ်ပုံတွေပြပြီး ဒုက္ခပေးလိုက်ကတည်းက သိမ်မွေ့သာ နှုတ်လမ်းလေးတွေ တဆတ်ဆတ်တုန်ပြီး မျက်နှာလေး ပျက်သွား တာ နင် မမြင်လိုက်ဘူးလား ... ”

သီရိစံက ဟင်းရည်လိုက်ပွဲချပေးရင်း မျက်လုံးလေး အစ်ချက်ဝေ့ကြည့်ကာ လှမ်းပြောသည်။

“ငါ ... ငါ ညံ့ပါတယ်ဟာ ... ”

သူ့ အမှန်အတိုင်း ဝန်ခံလိုက်မိပါ၏။

“ဟော့ကောင် ဆန္ဒညီ ... ”

“ဘာ ... ဘာလဲကွာ”

“ငါသိထားတာ ... မင်းကို ထပ်ပြောဦးမယ် ... အခု မဟာရန်မေမေက ... အန်ကယ်အောင်တို့ အန်တီချစ်တို့ဆီကို ညတွင်းရောက်လာပြီး ဘာလုပ်သွားတယ်ထင်လဲ ... ”

“ဟင် ... ဘာလုပ်သွားလဲ ... ”

“ဒီဇာတ်လမ်းလေးကို မင်းသိရင်တောင် အံ့သြနေဦးမယ်၊ ဒါကလည်း မင်းကို ဆွမ်းကျွေးမှာတွေ့မှ ပြောမယ်ဆိုပြီး စုထားတာ လေ ... ”

“မရစ်နဲ့ မင်းသန့်ရာ ... ငါနဲ့ အန်ကယ်တောင် ညနေခြောက် နာရီလောက်ကမှ ... ရဲစခန်းမှာ အမှုသွားဖွင့်ခဲ့တာ ... ည ရှစ်နာရီ



www.burmeseclassic.com

www.burmeseclassic.com



အထိ Phone နဲ့ အပြန်အလှန်ပြောကြသေးတယ် … ဒါပေမယ့် ဒီကောင့်အကြောင်း လုံးဝ ပြောမသွားဘူးကွ"

"ဟား … ဟား … မင်းနဲ့ကတော့ တကယ်ပါပဲ ဆန္ဒညီရာ၊ မင်းက အတို့အထောင်နဲ့ ချွန်တွန်းလုပ်ဖို့ပဲ စဉ်းစားနေတာဆိုတော့ ပြောင်းလဲသွားတဲ့ အခြေအနေတွေကို မင်းက မသိလိုက်ဘူးပေါ့၊ ဒီမှာ ခေါင်းကုပ်ပြီး အုန်းစားမနေနဲ့ … ငါပြောမယ် … ကဲ အားလုံး ငါ့စကား နားထောင်ကြနော် … ဒါ … မနက်စောစော စီးစီး ငါ ပြောမယ့် စက်ရုပ်သတင်း … စက်ရုပ်သတင်း … "

မင်းသန့်က … တခြားဝိုင်းတွေမှာ လုပ်အားပေးနေသည့် ကြည်သာတို့ သူ့ဇာဝင်းတို့ပါ လှမ်းခေါ်သည်။ သီရိစံက ဟင်းလိုက် ချိုင့်လေး ဘေးချရင်း သူငယ်ချင်းတွေ ဝိုင်းမှာပဲ စုပေါင်းကာ ဝင်ထိုင်လိုက်၏။

"မင်းသန့်နော် … နင် ဆန္ဒညီလို လန်ကြုတ်မာတ်ပုံတွေ ပြပြီး လူတကာ စိတ်ဆင်းရဲအောင် ဘာတွေထပ်ပြီး ဖွဦးမလို့လဲ မဟုတ်တာ ပြောလို့ကတော့ နင့်ငယ်ထိပ်ကို ဒေါက်ခနဲနေအောင် ခေါက်ထည့်လိုက်မှာ … ဟွန့် ပြောရဲပြောကြည့် … "

သီရိစံ မျက်စောင်းက ဒိုင်းခနဲပြေးလာသည်။

"သီရိစံ ငါပြောတာကို နားတောင်မထောင်ရသေးပဲနဲ့ … မျက်စောင်းကြီးကို စွတ်ကြွေးတာကအရင် ဒီမှာ … ငါပြောတဲ့ စက်ရုပ်သတင်း မမှန်ရင် နင်နဲ့ငါနဲ့ ဒီဘဝမှာ သေချာပေါက်လွဲပါရစေ ရဲ့ … "

"ဟယ် … ကြည့်စမ်း … ကောင်စုတ် … ကဲဟယ် …





ကဲဟယ်"

သီရိစံက ကျောကုန်းကို တဘုန်းဘုန်းထုတော့မှ …

မင်းသန့်ပြောတာ ဟိုဘက်ဝိုင်းကညွှေသည်တွေပါ ရယ်ကြ ကြလေးတွေ ဖြစ်ကုန်ကြသည်။

"အား … အား … နာတယ် … နာတယ် သီရိစံရ … "

"ဟား … ဟား"

ဘာပဲပြောပြော သူတို့က ရယ်နေနိုင်သလောက် …

မရယ်နိုင်တာ ဆန္ဒညီပါပဲ …

"ဟေ့ကောင် … မင်းသန့် ပြောလေ"

သူ သိချင်နေပြီလေ … ။

ဒါကြောင့်မို့ မင်းသန့်ကို ဆန္ဒညီက စိတ်မရှည်နိုင်တော့ဘဲ တောင်းဆိုလိုက်တာပါ … ။

"ဒီလိုကွ … အဟမ်း … အဟမ်း"

ဒါတောင် ကျေးရွှေးရှင်က ချောင်းဟန့်လိုက်သေး။

"ဒီပွဲမှာ အမိက ပွဲစားလုပ်သွားတာ … May MiNi Mart ပိုင်ရှင် မမယုလေ … မင်းတို့ သိတယ်မို့လား … သိမ်မွေ့သာတို့ လမ်းဆုံထိပ်နားမှာ ဖွင့်ထားတာ … အဲဒါ မမယုက သိမ်မွေ့သာ ဒက်ဒီနဲ့ရော မာမီနဲ့ပါ တအားခင်နေကြတာလေ … ဒါကိုသိနေတဲ့ မဟာရန့်မေမေ … အန်တီသီတာက မမယုကို ယုံနိုင်ဆိုတော့ ဒီပွဲမှာ ဆွဲထည့်ပြီး အသုံးချလိုက်တော့ ညတွင်းချင်း နှစ်ဖက်မိဘ တွေ တွေ့ကုန်ကြပါလေရောကွာ … "

"ဟာ … "

"ဟင် … "



www.burmeseclassic.com

www.burmeseclassic.com



အားလုံး မျက်တောင်တွေ ပင့်တက်ကုန်ကြသည်။

မင်းသန့်က စကားကို ဆက်ပြောသည်။

"ငါကလည်း မမယု အတင်း Phone ဆက်ခေါ်လို့ သူ့
ကားထဲမှာ ကန့်လန့်ကန့်လန့်လေးနဲ့ ပါသွားတာ ... မဟာ
မေမေက ဘယ်လိုပုံစံမျိုးနဲ့ ရောက်လာတယ်ထင်သလဲ ..."

"ဟင် ... ဘယ်လိုရောက်လာတာလဲ"

"နောက်ဆုံးပေါ် ဖိတ်ဖိတ်လက်နေတဲ့ အကောင်းစား ဒီဇ
ဒိတ်ကြဲ ကားသစ်ကြီး ခြောက်စီးနဲ့ ဂုဏ်သရေရှိ လူကြီးတွေပါ ခေ
လာပြီး ရောက်လာတာ ... ပိုဆိုးတာက အန်ကယ်အောင်ရဲ့
ကျေးဇူးရှင် မြန်မာပြည်ရဲ့ အချမ်းသာဆုံး စာရင်းဝင် ဦးရွှေသွေး
ကိုယ်တိုင် လိုက်လာခဲ့တာပဲ ... ဦးရွှေသွေးက အန်ကယ်အောင့်ကို
ငယ်နိုင်လေ ... သိမ်မွေ့သာရဲ့ ဒက်ဒီ အန်ကယ်အောင် ဒီဘ
ရောက်ပြီး ချမ်းသာအောင် ဦးရွှေသွေးက အရင်းအနှီးတွေ စိုက်ထုတ်
ပြီး ... မြေတောင်မြှောက်ပေးလာခဲ့တာ ... အဲဒါ ဦးရွှေသွေး
ကားပေါ်က ဆင်းလာတာနဲ့ အန်ကယ့်အောင် ပျာယာခတ်ပြီး ငြိမ်
ကုပ်သွားတာ ပွဲက တစ်ချက်တည်း ပြီးသွားတယ် ..."

"ဟယ် ... ကြည့်စမ်း"

သီရိစံက ဘာမှ မသိသေးပဲနဲ့ ... မျက်လုံးလေးပြူးကာ
ဟယ်ကြည့်စမ်း လုပ်နေသည်။

ဒါကို သူဇာဝင်းက မျက်စောင်းလှမ်းထိုး၏။ ပြီးတော့လည်း
ပါးစပ်လေးက ပွစိပွစိလေးနှင့် ဘာပြောလို့ ပြောရမှန်းလည်းမသိ။

"ဘယ်လို ပြီးသွားတာလဲ"

ကြည်သာမေးမှ ... မင်းသန့်က ဆက်ဖြေသည်။





"ဟာ ... ဘယ်လိုပြီးရမှာလဲကွ ... ဦးရွှေသွေးပြောလိုက်
တာ ... မဟာရန်က ငါရဲ့တဦးတည်းသော အမွေစားအမွေခံ
မြေးလေးတဲ့လေ ..."

"ဟယ် ..."

သီရိစံ "ဟယ်"လိုက်ပြန်ပြီ ... ။

သည်တခါတော့ သူဇာဝင်းပါ မျက်လုံးပြူးလျက် ...

ဝိုင်းထဲမှ စကားသံတွေအားလုံး တိတ်ဆိတ်သွားသည်။

ပိုဆိုးတာက ...

ဆန္ဒညီကိုယ်တိုင် ... မဟာရန့်တို့ရဲ့ အသိုင်းအဝိုင်းကို မယှဉ်
နိုင်တော့တာသိပြီး ... မျက်နှာလေး ငယ်သွားရတာပါ ... ။

"အဲဒါ ... ဦးရွှေသွေးရဲ့ တစ်ချက်လွှတ်အမိန့်နဲ့ပဲ စေ့စပ်ထား
တာကိုဖျက်ပြီး မဟာရန်နဲ့လက်ထပ်ပေးစားဖို့ သိမ်မွေ့သာတို့ မိဘ
တွေဘက်က သဘောတူလိုက်ရတယ်လေ ... ဟင်း ... ဦးရွှေသွေး
နဲ့ ဘာနဲ့တင်တောင်းသွားတယ်ထင်သလဲ ... သူချမ်းသာ ပိုင်ဆိုင်
သမျှ စည်းစိမ်တွေအားလုံးကို သူ့မြေး မဟာရန်နဲ့ သိမ်မွေ့သာတို့
ကို အကုန်လက်ဖွဲ့ပေးတယ်ဆိုပြီး ပြတ်ပြတ်သားသား ပုံအောပြီး
တင်တောင်းသွားတာ ... ငါတောင် ဘေးကနေ ကုတ်ကုတ်လေး
ထိုင်နားထောင်ရင်း မျက်လုံးပြူးသွားတယ် ... သူ့မြေး လုပ်သွား
တဲ့ လုပ်ရပ်ကိုလည်း ဦးရွှေသွေးက အပြစ်မတင်ဘူးလေ ... သူ
ငယ်ငယ်တုန်းက အဖြစ်နဲ့ တူနေတယ်ဆိုပြီး တဝါးဝါး တဟားဟား
လေးနဲ့တောင် ပွဲကျလို့ ..."

"ကြည့်စမ်း ..."

"ဟွန်း ..."



www.burmeseclassic.com

www.burmeseclassic.com



ဒါကို နားထောင်ပြီး နှုတ်ခမ်းလေးမဲ့လိုက်တာ ဆန္ဒညီပါ။

"ငါ ရှုံးသွားပြီကွာ ..."

"ဟာ ... နေဦးလေကွာ ... မင်းသန့်ပြောတာဖြင့် စကားမဆုံးသေးဘူး ... မင်းက စိတ်ဓာတ်ကျတာက အရင်ပဲ ..."

ကြည်သာက ဝင်ပြောမှ ...

"ကျတာမဟုတ်ဘူးလေ ... ကြည်သာ၊ မဟာရန်က သူ့နှလုံးသားနဲ့ပုံပြီး သိမ်မွေ့သာဆီကို အချစ်ကိုတောင်းသွားတာ ... ငါ့ထက်တောင် ပြတ်သားသေးတယ် ... ဒါကို လူကြီးတွေက နောက်ကနေ လိုက်ဖြည့်ပေးလိုက်တော့ အနိုင်အရှုံးရလဒ်က ပိုပီပြင်သွားတာပေါ့ ... ငါ ကျေနပ်ပါတယ် ... သိမ်မွေ့သာ Hand Phone ကိုလည်း ခေါ်ကြည့်လို့ရရင် ငါခေါ်ကြည့်ပြီးပြောလိုက်မယ် ... ငါ့မှားတဲ့ အမှားတွေကိုလည်း တောင်းပန်လိုက်မယ် ကဲ ... မကောင်းဘူးလား ..."

"ကောင်းတယ် ဆန္ဒညီ ... ငါ မင်းဘက်က ထောက်ခံတယ်"

ကြည်သာကလည်း တက်တက်ကြွကြွ ... ။

သီရိစံနဲ့ သူဇာဝင်းကလည်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ... တပြုံးပြုံးနဲ့ အားလုံးထဲမှာ အကျေနပ်ဆုံးက ကောင်းမြတ်ထွန်းပေါ့ ... ။

"ကဲ ... ငါမပြောဘူးလား ... ဆန္ဒညီ၊ သိမ်မွေ့သာအပေါ်မှာ မင်းအမှားတွေ လုပ်ထားတာ ... သိနေလို့ သူငယ်ချင်းတွေက စိတ်မကောင်းဖြစ်နေတာ ... အခု မင်းက အမှန်ကိုသိပြီး ပြင်မယ်ပြောတော့ သူတို့လည်း ဝမ်းသာကုန်ကြတာပေါ့ ..."





ဒါ ဖြစ်သင့်တာပဲလေ ...

မကောင်းခဲ့တာက သူပဲ ...

ဒါတွေကို မသိသေးတဲ့ မဟာရန်တို့နှစ်ယောက်ကတော့ တစ်ယောက် တစ်နေရာစီလေးမှာ ခွဲအိပ်လို့ပါ ...

အရင်ဆုံး အိပ်ရာလေးထက်ကနေ ...

ဖျတ်ခနဲ လန့်နိုးလာခဲ့ရတာ သိမ်မွေ့သာပေါ့ ...

"ဟင် ..."

နိုးတာနဲ့ ချက်ချင်းထထိုင်ပြီး ... တခန်းလုံးကို မျက်လုံးလေးဝေ့ကာ ကြည့်လိုက်တော့ အခန်းထဲမှာ သူမတစ်ယောက်တည်းလေ ... ။

တွေးကြည့်လိုက်တော့ ...

ညက ...

တဟင်းဟင်းလေးနဲ့ ရှိုက်ငိုရင်း သူမတစ်ယောက်တည်း အိပ်ပျော်သွားတာကို ပြန်သတိရလိုက်သည်။

သေချာတာက မဟာရန် ထွက်သွားချိန်မှာ အခန်းတံခါးလေးကို သူမ ပြန်မပိတ်ထားမိခဲ့တာပါ။

ဒါဆို ...

ဒီအခန်းထဲကို မဟာရန် ပြန်မလာဘူးပေါ့ ...

သူမ ပြန့်ကျဲနေတဲ့ ဆံပင်ရှည်တွေကို သပ်ရပ်သွားအောင် စုစည်းကာ ပြင်လိုက်ရင်း အခန်းတံခါးလေးနားကို လျှောက်သွားကာ ဖွင့်လိုက်တော့ ...

"အို ..."

မဟာရန်ရယ်လေ ...



www.burmeseclassic.com

www.burmeseclassic.com



အခန်းအပြင်ဘက်က ကြမ်းပြင်မှာ ... ခြင်ထောင်လေး ထောင်ပြီး စောင်မခြုံ ဘာမခြုံနဲ့ ခွေခွေလေးအိပ်လို့ ...

"ဟင် ... သမီးလေး နိုးလာပြီ ..."

အသံကြားလို့ လှည့်ကြည့်လိုက်တော့ ဖွားချို ... ။

အခန်းအပြင်မှာ တံမြတ်စည်းလှဲ သန့်ရှင်းရေးလုပ်ရင်း သာ ခေါင်းလေး ပြူထွက်လာတာကိုမြင်လို့ အပြုံးကလေးနဲ့ နှုတ်ဆက် နေတာလေ ...

ဒါကို သာကလည်း ...

"ဟုတ် ... ဖွားချို ... သာ နိုးပါပြီ"

ဖွားချိုကို အပြုံးကလေးနှင့် တုန့်ပြန်လိုက်ရင်း အခန်းအပြင် ဘက်ရောက်အောင် သာ ထွက်လိုက်သည်။

"ညကရော ကောင်းကောင်းအိပ်ပျော်ရဲ့လားဟင် ... သမီး လေး"

"ဟုတ် ... ပျော်ပါတယ် ဖွားချို"

"ဟင်း ... မဟာလေးကိုတော့ ဒီအပြင်ဘက် ဧည့်ခန်းလေး ထဲမှာ ဖွားချို ညက သိပ်ထားတာလေ ... တော်တော်လေး ညှို နက်မှ မြေးအဖွားတွေ ဝင်အိပ်ကြတာကွယ့် ... လာ ... လာ သမီးလေး ... သမီးလေး နိုးလာရင် မျက်နှာသစ်ဖို့ရော ... ရေချိုးဖို့ပါ ဖွားချို အကုန်ပြင်ဆင်ထားတယ် ... ဖွားချို နောက်ကို လိုက်ခဲ့"

ဖွားချို သာ့ကို ခေါ်သွားတာ နောက်ဖေးဘက်က ရေချိုး ခန်း အုတ်တိုက်လေးဆီကိုပါ ... ။ သာ လိုက်သွားရင်း မျက်လုံး လေး ဝေ့ကာ ဟိုဟိုဒီဒီလေးတော့ ကြည့်မိသည်။

မဆိုးပါဘူး ... ။





ခြံကလေးက တော်တော်ကျယ်တာပဲ ...

သီးပင် စားပင်တွေလည်း နောက်ဖေးကွက်လပ်ကျယ်ကြီး ထဲမှာ စုံနေအောင် စိုက်ထားသည်။ ပတ်ဝန်းကျင်မှာ အိမ်တွေ မရှိတာက တမျိုးတော့ စိတ်ချမ်းသာဖို့ကောင်းနေ၏။

"သမီးလေး သိမ်မွေ့သာ ..."

"ရှင် ... ဖွားချို"

"မဟာလေးနဲ့ အဆင်မပြေဘူးလားဟင်"

"ရှင် ... ဘာ ... ဘာဖြစ်နေလို့လဲ"

ဖွားချိုကို တအံ့တသြလေး လှည့်ကြည့်ကာ သာက မေး လိုက်မိတာဖြစ်သည်။

"ညက သမီးလေးအခန်းထဲကနေ ... မျက်နှာလေးရဲပြီး မျက်ရည်ဝဲဝဲလေးနဲ့ထွက်လာလို့ ဖွားချို ချော့ရသေးတယ်လေ"

"ရှင် ..."

မျက်ရည် ဝဲဝဲလေးနဲ့ထွက်လာလို့တဲ့ ... ။

"ဖွားချိုရယ် ... ညက သူနဲ့ဖွားချို ပြောနေတဲ့စကားတွေ သာ အကုန်ကြားပါတယ် ... သာ အခန်းထဲက ထွက်လာပြီး ပြတင်း ပေါက်နားက လာနားထောင်နေတာလေ ..."

"အို ... ဟုတ်လား"

ဖွားချိုက ဒါကိုပဲ ပြောချင်နေတာပါ ... ။

တကယ်တော့ ... သာ မခံစားနိုင်တာ ... သာ့ကို သူကိုယ် တိုင် ဆန္ဒညီလက်ထဲကို ပြန်အပ်မယ်ဆိုလို့ပါ ... ။

ပြောရရင် ... ကား တင်ပြေးတဲ့ လူတစ်ယောက်နောက်ကို



www.burmeseclassic.com

www.burmeseclassic.com



တစ်ညလုံးလုံးပါသွားပြီးမှ ဒီလို ရော့အင့်ဆိုပြီး ပြန်အပ်တော့ ဒေ ဟိုက အလွယ်တကူ လက်ခံတော့မယ် ထင်နေလို့လား ... ။

သာ ... ညက ကြားလိုက်တော့ ... ။

ဒေါပွသွားတာ အသားတွေပါ တဆတ်ဆတ်တုန်သည်။

ဒါနဲ့ပဲ အိပ်ရာလေးဆီပြန်ကာ တံခါးကိုလော့ခ်ပိတ်ပစ်ရို လည်း သတိမရတော့ဘဲ ဒေါလည်းပွ ... ရင်လည်းနင့်နဲ့ ရှိုက်ငိုရင်း အိပ်ပစ်လိုက်တာ ... အခု မိုးစင်စင်လင်းမှပဲ နိုးလာတော့၏။

နိုးတော့လည်း ကျေးရူးရှင်က ...

အခန်းအပြင်မှာ ခွေခွေလေးအိပ်ပျော်နေခဲ့တာပါ ... ။

"ဒါ ... ဒါဆို မဟာလေးပြောတဲ့စကားကို သမီးလေးအကုန် ကြားတယ်ပေါ့ ... "

"ဟင် ... ကြားတယ်လေ ... ဖွားချို"

"မဟာလေး ... သနားပါတယ် သမီးလေးရယ် ... သူက သမီးလေးကိုလည်း တကယ်ချစ်ခဲ့တာလည်း ဖွားချိုကို ပြောပြ တယ်"

"ဟွန့် ... ဒါပေမယ့် သူမ မိန်းမပွေတယ်လေ ဖွားချိုရဲ့"

"ဟယ် ... မဟာလေး မိန်းမပွေတယ် ဟုတ်လို့လား"

ဖွားချို မျက်လုံးလေးဝိုင်းကာ အတုံ့တသြလေးတောင် ဖြစ် လို့ ... ။ သာနှုတ်ခမ်းလေး မဲ့လိုက်မိတာလည်း ရင်ထဲမှာ နာကျင် သွားလို့ပါ ... ။

"ဟုတ်တယ်လေ ... ဖွားချို ကျွန်တော်က မိန်းမပွေတယ်"

"အို ... ကြည့်စမ်း မဟာလေးလည်း နိုးလာပြီ"

မထင်မှတ်ဘဲ အနောက်မှာ ရောက်လာတာ သူ ... ။





သာ ပြောတဲ့စကားလေးကို ကြားသွားပြီး ခပ်ရွှဲ့ရွှဲ့လေး လေသံနဲ့ သူက တုန့်ပြန်လာတာလေ ... ။

အမြင်ကတ်ဖို့ ကောင်းတာက ...

သာ့ မျက်နှာလေးကို သူလုံးဝ လှမ်းမကြည့်တာပဲဖြစ်သည်။ မကြည့်လည်း နေလေ ... ။

သာက အမှန်ကို ပြောတာပဲ ...

"မင်း ... ရေမိုးချိုးပြီး အိမ်ပြန်ဖို့ ပြင်ဆင်ထားလိုက်ပါ သိမ်မွေ့သာ ... ခဏနေတာနဲ့ မင်းကို ငါကိုယ်တိုင် ပြန်လိုက်ပို့ မယ် ... မင်း ဒက်ဒီက အလိုမတူဘဲ အတင်းအဓမ္မ ခိုးယူပေါင်းသင်း မှုနဲ့ အမှုဖွင့်ထားတယ်ဆိုရင်လည်း ငါကိုယ်တိုင် ရဲစခန်းကိုသွားပြီး အဖမ်းခံလိုက်မယ် ... ဟုတ်ပြီလား"

ဒါပဲပြောပြီး နောက်ဘက်က သီးနှံစိုက်ခင်းတွေဘက်ကို သူ တစ်ယောက်တည်း ထွက်သွားသည်။ ဒါကို ဖွားချိုက သူမကို လှမ်းကြည့်ပြီး သူထွက်သွားရာ ဘက်ကို မေးလေးဆတ်ပြသည်။ လိုက်သွားလေ ဆိုတဲ့သဘော ... ။

သာကလည်း ညကတည်းက ဒေါပွနေတာဆိုတော့ ...

"မဟာ ... မဟာရန် ... ရှင် ခဏနေဦး"

သာ ... မကျေနပ်လို့ မေးချင်တာပါ ...

ဒီလို ခပ်လွယ်လွယ် ပြန်ပို့ရအောင် ... သာက ဟင်းရွက် ကန်စွန်းရွက်လား ... ။ သာ သူ့စိတ်ဓာတ်လေးကို ကြောက်ခဲ့တာ လည်း အဲဒါ ... သူ့စိတ်ဓာတ်လေးကို မုန်းခဲ့တာလည်း အဲဒါ ... ။

သာ သူ့နောက်ကို အပြေးကလေး လိုက်သွားတာလည်း

ကျောပြင်လေး နောက်က ဆံပင်ရှည်တွေ ဘယ်ညာလေး



www.burmeseclassic.com

www.burmeseclassic.com



ဝေ့ရမ်းသွားရတဲ့ အထိပါပဲ။

"ဟင် ... မင်း ဘာပြောမလို့လဲ"

"ဒီမှာ ... ရှင် သတ္တိရှိရှိနဲ့ ကျွန်မဘက်ကို မျက်နှာလေး လှည့်လိုက်စမ်းပါ ..."

သာ့ အသံလေးက နည်းနည်းလေးတော့ မာသွား၏။

သူ လှည့်လာပေမယ့် မျက်ဝန်းတွေကိုတော့ ...

ဘယ်ညာလေးယမ်းသွားအောင် သူက ဝဲပစ်သည်။

"ကဲ ... ပြောလေကွာ"

"ဒီမှာ ... ကျွန်မ ဘယ်လိုမျက်နှာနဲ့ ပြန်ရမလဲဆိုတာရော ရှင်စဉ်းစားထားရဲ့လား ... သူများမောင်းလာတဲ့ကားကို ဒုန်းခနဲ အုံးခနဲဖြစ်သွားအောင် အတင်းဝင်တိုက်ပြီးတော့ မိန်းကလေး တစ်ယောက်ကို အတင်းဆွဲချခေါ်သွားတာ ... ပွန်း ... ဒါကို တစ်ည အိပ်ပြီးတော့မှ ရှင်က ပြန်ပို့တယ်ဆိုတော့ ..."

"ဟာ ... မင်းနဲ့ငါနဲ့ အတူတူမှ မအိပ်တာလေ သိမ်မွေ့သာ"

"ဘာပြောတယ်ရှင့် ..."

သာ ခါးလေးကို ပိတ်ထောက်ပစ်လိုက်ပြီ ... ။

"မင်း ... မင်း ... ငါ့ကို ဦးနှောက်လာမစားနဲ့ ... ငါ မင်းကို ပြန်ပို့တာ မင်းဆီက အချစ်တွေကို မမျှော်လင့်တော့လို့ ပြန်ပို့တာ မင်း အရမ်းမုန်းနေတာလည်း ငါ မခံစားနိုင်တော့ဘူး ... အဲဒါပဲ ကဲ ... အဲဒါ ဘာဖြစ်လဲ ..."

"ဒီမှာ ..."

သာ ခါးလေးထောက်လျှက် မျက်တောင်လေးကိုပါကော့ပြီး ကြည့်ပစ်လိုက်သည်။ ဒေါကလေးကလည်း ပိုပြီးတော့ ပွသွား





ရ၏။

သူပြောနေတာက ...

သူ့မှာပဲ အပြစ်မရှိသလိုလို ...

မျက်နှာထားလေး မာနေတာကလည်း သူ့ထုံးစံအတိုင်း

"ရှင်နဲ့ အတူတူ ညမအိပ်ခဲ့တာကို ကျွန်မက ဘယ်သူ့ကို လိုက်ရှင်းပြနေရမှာလဲ ... ရှင်ပြတော့ရော ကျွန်မ မျက်နှာကို ဘယ်မှာထားပြီး လိုက်ရှင်းပြရမှာလဲ ... ရှင် စကားပြောရင် အဓိပ္ပါယ်ရှိတဲ့ စကားကိုပဲပြော ..."

"ကျွတ် ... ပြဿနာပဲကွာ"

သူ့ စိတ်ပျက်လက်ပျက်လေး ခေါင်းခါပြီး မျက်နှာကိုလည်း ဘေးတစောင်းလေး ဖြစ်သွားအောင် လှည့်သွား၏။

"ဒီမှာ ... ကျွန်မ ပြောမယ်"

"ပြောလေ ... ပြော ... ပြော"

"ညက ... မှားချိုကို ရှင်ပြောနေတာတွေ အကုန်ကြားလို့ ရှင့်ကို ပိုပြီးတော့ စိတ်နာသွားတာ ... ကျွန်မကိုယ် ကျွန်မပဲသိတယ် ကျွန်မကလည်း ရှင့်အနားမှာ တစ်စက္ကန့်လေးတောင် မနေချင်ပါဘူး ... ရှင် ပြန်ပို့တာလည်း ကျွန်မ ကျေးဇူးတင်တယ် ... ကျွန်မ တစ်ခုပဲ စိုးရိမ်တာလေ ... ကျွန်မ ရှင်းပြတာကို လူတွေ မယုံမှာကို ပဲ ..."

"ဘယ်သူ မယုံမှာ စိုးရိမ်နေတာလဲ သိမ်မွေ့သာ — အသူညီ ဆိုတဲ့ကောင် မယုံမှာ မင်းက စိုးရိမ်နေတာလား —"

သူ ရင်နာခဲ့တာလည်း အဲဒါတွေပါ —



www.burmeseclassic.com

www.burmeseclassic.com



ဒီကောင် မယုံမှာ စိုးရိမ်နေစရာလား ...

"ဟွန်း ... ဒီကောင် မယုံရင် ... မယ်သီတာလို မီးပုံထဲ ခုန်ဆင်းပြလိုက်လေ ... သိမ်မွေ့သာ၊ ဒဿဂီရိက မယ်သီတာကို ချစ်လွန်းလို့ ပန်းရထားနဲ့ တင်ပြေးသွားတာတောင် သံကွန်ခြာ အပြင်ဘက်ကနေ လက်ဖျားလေးနဲ့တောင် မထိဘဲ ချစ်ရေးဆိုခဲ့တာ ... ရာမ မသိပေမယ့် သိန်းရိုပြည် တစ်ပြည်လုံးသိတယ် ... အပိုတွေ ပြောမနေနဲ့ ..."

"ဘာ ... ဘာပြောတယ်ရှင့်"

သာ ဒေါ်ပွပွလေးနဲ့ မျက်တောင်ရှည်လေးတွေ ကော့တက်သွားရပြန်ပြီ ... ။

ဟွန်း ...

သာကပဲ ဆန္ဒညီယုံအောင် ...

မယ်သီတာလို မီးပုံထဲ ခုန်ဆင်းပြရဦးမယ်တဲ့။

ရှင်ဟာလေ ... တကယ်ပါပဲ ... ။

အဲလို ခုန်ဆင်းပြရအောင် ကျွန်မ ဘယ်တုန်းက ဆန္ဒညီကို ချစ်ခဲ့လို့လဲဟင် ... အမှန်အတိုင်း ဝန်ခံရမယ်ဆိုရင် ဆန္ဒညီက ကျွန်မ ရင်ထဲမှာ တစ်နေရာစာလေးတောင် ခြေချခွင့် မရှိခဲ့တာ ... ကျွန်မ သူငယ်ချင်းတွေ အားလုံးသိတယ် ... ။

ရှင့်ကြောင့် ...

ဇွဲစပ်တာနဲ့ လက်ထပ်ဖို့ ဖြစ်သွားတာ ...

အဲဒါ ... ရှင် အတင်းနှောင့်ယှက်လို့ ...

"ရှင် ... ရှင် ... ဒီလို စကားလုံးတွေပြောပြီး ကျွန်မကို





ချောင်ပိတ်ဖမ်းဖို့ မကြိုးစားပါနဲ့ မဟာရန် ... ဆန္ဒညီဆိုတာ ကျွန်မ ဘယ်တုန်းကမှ ရင်မခုန်ခဲ့တဲ့လူ ..."

သူမ အပြတ်ပဲပြောချလိုက်သည်။

ဒီလိုမပြောရင်လည်း သူရစ်နေတာကို သာ ဒီအတိုင်းခံနေရတော့မှာလေ ... ဒီလိုရစ်တာတော့ သာ မခံနိုင်ပါဘူး။

ပြီးတော့ သာက မိန်းကလေးလေ ...

"အေး ... ရင်မခုန်ပေမယ့် လက်ထပ်ဖို့တော့ မင်းခေါင်းငြိမ့်သဘောတူခဲ့တယ်မို့လား ... ညကလည်း ငါ တစ်ယောက်တည်း အကြိမ်ကြိမ် အခါခါ စဉ်းစားတယ် ... မင်းကိုစ,တွေ့ခဲ့ကတည်းက သေလုမျောပါး ချစ်သွားခဲ့တဲ့ငါ့ကို အပြုံးကလေးတစ်ခုနဲ့တောင် မင်းဘက်က တုန့်ပြန်ခဲ့ရဲ့လားဆိုတာလေ ..."

တွေ့လား ...

ဒါလည်း ... သူ ပြောလို့ရတိုင်း ပြောနေတာ ... ။

ကျွန်မရင်ထဲမှာ ဘာတွေဖြစ်ခဲ့လဲဆိုတာ ရှင်သိချင်ရင် ကျွန်မအိမ်က စုစုကို ရှင်Phone ဖုန်းဆက်မေးကြည့် ... ။

ကျွန်မ မဖြေရဲခဲ့တဲ့ ...

အဖြေတစ်ခုကို စုစု အဖြေပေးလိမ့်မယ် ... ။

"ဟွန်း ... ပြီးတော့လည်း May MiNi Mart ထဲမှာ ငါ့ကို ခပ်ရိုင်းရိုင်းလေး မင်းတုန့်ပြန်သွားခဲ့တာ ..."

"ဩော် ... ဩော်"

သာ ... မျက်မှောင်ကြုတ်ကြုတ်လေးနဲ့ပဲ သူ့မျက်ဝန်းတွေကို ခပ်စူးစူးလေး စိုက်ကြည့်လိုက်မိရပြန်ပါပြီ ... ။

ရှင် ... လက်ရဲဇက်ရဲလေးနဲ့ ကျွန်မကို လူရှေ့သူရှေ့မှာ ရိုင်း



www.burmeseclassic.com

www.burmeseclassic.com



သွားတာကျတော့ ထည့်မပြောဘူးလား ဟင် ... မဟာရန်။

ဒါကို ...

အရက်တရားလေးကြောင့် မလျှာသာမရှောင်သာ တုန့်ပြန်လိုက်ရတဲ့ ကျွန်မကိုတောင် ရှင်က အပြစ်တင်လိုက်သေးတယ်။

ရှင် ... တော်တော် တရားကျဖို့ကောင်းတယ် မဟာရန်။

တော်ပါပြီ ... ။

ကျွန်မ ပြန်တော့မယ် ...

"ဒီမှာ ... ဒီမှာ"

"ရှင် ဆက်မပြောနဲ့တော့ မဟာရန် ... "

"ဟင်း ... "

"ကျွန်မ ဆန္ဒညီနဲ့ပဲ လက်ထပ်လိုက်တော့မယ် ... ဟုတ်တယ်၊ ရှင်ပြောခဲ့သလိုပဲ ဆန္ဒညီက မယုံလို့ မီးပုံထဲခုန်ဆင်းပြဆိုလည်း ကျွန်မပြလိုက်မယ် ... မယ်သီတာလိုပဲ ရာမလက်ဆွဲပြီး ဒိတ်ဒိတ်ကြဲပြင်ထားတဲ့ မင်္ဂလာခန်းမကြီးထဲကို ကျွန်မ ဝင်ရတော့မှာပေါ့ ... "

ပြောရင်းနဲ့ သာ့အသံလေးတွေ တုန်လာကာ ...

ဟင့်ခနဲ ငိုချလိုက်ရင်း ... သူ့ရှေ့ကနေ သာ, ချာခနဲလှည့်ထွက်ခဲ့ရပါပြီ ... ။

## အခန်း ( ၁၉ )

"ရော့ ... ဒီမှာ မင်းရဲ့Phone ... ပိတ်ထားတဲ့ Power ကိုလည်း ငါအခုပဲ ဖွင့်ပေးလိုက်တယ် ... ဖွင့်လိုက်လိုက်ချင်း မင်းရဲ့ Messages တွေကလည်း တပုံကြီး ... မင်းဟာမင်းပဲ ဖွင့်ဖတ်ကြည့်လိုက်ပါ ... "

Phone ကို အလှပြင်မှန်တင်ခုံလေးပေါ် ပစ်ချပေးပြီး ... သူ ပြန်လှည့်ထွက်သွားတာ ... မျက်နှာထား မာမာလေးနဲ့ပါ။

ဟုတ်တယ်လေ ...

ဒီMessages တွေကို သူ ဘာဖတ်နေစရာလိုသလဲ ... ။

ဟိုကောင် ဆန္ဒညီ ...

အူနကျွဲခတ်ပြီး ပို့ထားတာပဲနေမှာပေါ့ ...

သူ့တာဝန်က ... သိမ်းထားတဲ့ Phone ဟန်းဆက်ကို သူမလက်ထဲရောက်အောင် ထည့်ပေးပြီးတာနဲ့ သူမကို ဆန္ဒညီလက်ထဲ ပြန်အပ်လိုက်ရုံပါပဲ ... ။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတော့ ဒါပဲပေါ့ ...

ကိုယ်က ... ဘယ်လောက်ပဲ ရူးသွပ်နေအောင် ချစ်ခဲ့ ချစ်ခဲ့

သူကမှ ကိုယ့်ကို ပြန်မချစ်ခဲ့တာ ...

သူ ... ဘန်ဂလိုလေးထဲကနေ ခြံထဲကို ပြန်ထွက်လာခဲ့ပြီး ဘသဲဖြူနဲ့ပဲ စကားတွေပြောနေလိုက်မိသည်။

ပြောရရင် ...

သူ့ရင်ထဲက နာကျင်မှုတွေ ခဏလေး ပြေပျောက်သက်သာသွားတော့ရော နည်းလား ... ။

အရေးကြီးတာ ...

ဘသဲဖြူနဲ့ ရယ်ရယ်မောမောလေး သူစကားပြောနိုင်ဖို့ပါပဲ ... သူ ရည်ရွယ်လိုက်တာက သူ့ရင်ထဲမှာ လောင်နေတဲ့ မီးတွေကို ဘယ်သူ့ကိုမှ မမြင်စေချင်တာပါပဲ ... ။

သိမ်မွေ့သာရယ် ...

ငါ ဒီလောက်ချစ်ခဲ့တာတောင် ...

မင်း အရမ်းမုန်းနေလို့ ငါခံစားရပါတယ် ... ။

"ဟား ... ဟား ... ဘသဲဖြူကလည်းဗျာ ... ဖွားချိုကို ခိုးပြေးတုန်းက ဆိုက္ကားကြီးပေါ် တင်ပြီးခိုးပြေးတာဆိုတော့ လူတွေ ပြန်လိုက်ဖမ်းရင် မိသွားမှာပေါ့ဗျာ ... ပြီးတော့လည်း ခိုးပြေးတာ ယောက္ခမအိမ်ကို ခိုးပြေးတာတဲ့ ... တကယ် ... တကယ် ... ဘသဲဖြူနဲ့ ဖွားချိုဇာတ်လမ်းက တကယ်ရယ်ရတယ်ဗျာ ... သိလား ဟား ... ဟား"

"ဟယ် ... ကြည့်စမ်း ... "





ဆန္ဒညီပို့ထားတဲ့ Messages တွေကို ဖတ်ပြီး ရွှင်မြူးနေတဲ့ မျက်နှာထားလေးနဲ့ အပြင်ကို ထွက်လာတဲ့ သူမတစ်ယောက် ...

မဟာရန်ဆီက တဟားဟား ရယ်သံတွေကြောင့် ခြေလှမ်းကလေးပါ တုန့်ခနဲ ရပ်ကာ ... အသက်ရှူလေးပါ မှားသွားခဲ့ရပြီ။

ဒီလောက် ဆန္ဒညီနဲ့ပဲလက်ထပ်တော့မယ် ပြောထားခဲ့တာတောင် အပြင်မှာ တဟားဟားနဲ့ အော်ရယ်ပြီး ... ဘသဲဖြူနဲ့ စကားတွေ ပြောနေတာ ... သာ ထင်ထားခဲ့တာက သာ့ကို အိမ်ပြန်ပို့ရတော့မယ့်အချိန်မှာ သူက ကြေကြေကွဲကွဲကလေးနဲ့ ထိထိခိုက်ခိုက်ကလေး ခံစားနေရမယ်လို့ ထင်ထားခဲ့တာလေ ...

ခုတော့ ... ကြည့်ပါဦး ...

အသည်းက ဗလာ ... ခံစားချက်က နတ္ထိနဲ့ ...

သာ့ မှာတော့ ...

ဆန္ဒညီက သူမှားခဲ့တာတွေ ဝန်ခံလိုက်လို့ ပျော်ရတာရော မဟာရန့် မိဘတွေနဲ့ သာ့ မိဘတွေ အဆင်ပြေသွားလို့ လက်ထပ်ပွဲအတွက် စီစဉ်နေတာ သိလိုက်ရလို့ ပျော်ရတာရော နှစ်ခုပေါင်းကာ ဝမ်းသာအားရလေးနဲ့ သူ့ဆီကို ပြေးထွက်လာတာလေ ... ။

ခုတော့ ... သာ့ နှုတ်ခမ်းလေးက ...

သိသိသာသာလေးကိုပဲ စူတင်းသွားရပြီပေါ့ ... ။

ရတယ် မဟာရန် ... ။

ရှင် တကယ်မချစ်လည်း ... ကျွန်မ ဂရုမစိုက်ပါဘူး ... ။

မိန်းကလေး တစ်ယောက်နောက်ကို အတင်းလိုက် အတင်းကြိုက် ... အတင်းကားတင်ပြေးလုပ်ခဲ့ပြီးမှ ... ရှင် ဒီလို အချိုးမိုးချိုးတာတော့ ကျွန်မ တကယ်အသည်းနာတယ် ... ။



www.burmeseclassic.com

www.burmeseclassic.com



သေချာတာက ...

ရှင့်ကို ... ကျွန်မ သိပ်မုန်းတယ် ...

"ဟား ... ဟား ... တော်ပြီ ... ဘသဲဖြူ ဘသဲဖြူ ဆက်ပြော ရင် ကျွန်တော် ရယ်ရလွန်းလို့ ... အူတွေနာပြီး သေတော့မယ် ဟား ... ဟား ... ခိုးပြေးတဲ့ ညမှာ ဖွားချုံဆွဲကုတ်တာ တစ်ကိုယ်လုံး လက်သည်းရာတွေချည်းပဲတဲ့ ... ဟား ... ဟား"

"ဒီမှာနော် ... ဒီမှာ ..."

"ဟင် ..."

သာ မျက်နှာထား တင်းတင်းလေးနဲ့ နောက်ကနေ ဒီမှာ ဒီမှာ ... လုပ်လိုက်တော့မှ သူ ရယ်နေတာလေးက တုန့်ခနဲရပ်သွားသည်။

နောက်မှ သာ့ကို ချာခနဲလှည့်ကြည့်၏။

"ရှင် ... ရှင် ... သိပ်ပျော်နေလားဟင် ... မဟာရန်"

"ဟာ ... ဘာဖြစ်လို့လဲ"

တွေ့လား ...

သူ့ရဲ့ ဟန်ဆောင်မှုတွေအောက်မှာ သိမ်မွေ့သာ ဟတ်ထိသွားပြီ။ ထိုအချိန်မှာပဲ Power ဖွင့်လိုက်တဲ့ သူရဲ့ Phone မြည်သံလေး ပေါ်လို့လာခဲ့ပြီ ... ။

ဒါကို မကိုင်သေးဘဲ ...

"ဟာ ... ခဏလေးနော် သိမ်မွေ့သာ ... ကားထဲကနေ မင်းစောင့်နေလိုက် ... ဒီမှာ ဘယ်သူဆက်နေတာလည်း မသိဘူး ငါ Phone ပြောလိုက်ဦးမယ် ..."

Phone လေးကို ကိုင်ပြီး ...





ခပ်လှမ်းလှမ်း နေရာလေးကို ထွက်လာခဲ့တဲ့ မဟာရန် ... ဖွင့်လိုက်တော့မှ ကြားလိုက်ရတဲ့ စကားသံလေးက ...

"ဟဲလို ... အခုပြောနေတာ ကိုကြီးမဟာရန်လား ..."

"ဟာ ... ဟုတ်တယ်လေ ... မင်းက ဘယ်သူလဲ"

ဒီမှာ အဆင်မပြေလို့ စိတ်မာတ်လေးကျနေပါတယ်ဆိုမှ အရေးထဲမှာ ဘယ်ကောင်မလေးက ကိုကြီးမဟာရန် လာလုပ်နေတာလဲ ... ။

ဆက်တာလည်း သူမသိတဲ့ ဓီးရိုးဝမ်းကြိုး Phone နံပါတ်လေးနဲ့ ...

"ဟာ ... ကိုကြီးမဟာရန် သမီးကို မသိဘူးလား ... သမီးက မမသိမ်မွေ့သာနဲ့ အတူတူနေတဲ့ စုစုလေ ..."

"ဟာ ... ဟာ ... သိတယ်လေ ... မင်း ... မင်း ကို ... ကိုကြီးသိတယ်လေ ... ဘာလဲဟင် စုစု ... မင်းရဲ့ မမသိမ်မွေ့သာကို ကိုကြီးကားတင်ပြေးသွားလို့ မင်းစိတ်ပူပြီး ဆက်နေတာလား မပူပါနဲ့ စုစုရာ ... မင်းမမက ကိုကြီးကို အရမ်းမုန်းနေလို့ ... ခုပဲ မင်း မမကို ပြန်လာပို့တော့မှာပါ ..."

"ဟင် ... ကိုကြီး ... ကိုကြီးကို ... မမက မုန်းတယ်ပြောလို့လား ..."

"ပြော ... ပြောတာပေါ့ စုစုရဲ့ ..."

"ဟာ ... အဲဒါ မမ အလကားညာပြောတာ သိလားကိုကြီး မမပြောတာကို မယုံနဲ့ ... စုစုကို ပြောတာကျတော့ ရွှေတိဂုံဘုရားပေါ်မှာ ကိုကြီးနဲ့ အကြည့်ချင်းဆုံသွားတာနဲ့ ကိုကြီးရဲ့ပုံစံလေးကို သဘောကျပြီး ရန်တွေခုန်သွားတယ်လို့ ... စုစုကို ဒီအတိုင်းပြောခဲ့



www.burmeseclassic.com

www.burmeseclassic.com



တာလေ ... ”

“ဟင် ... အဲဒါ တကယ် ... ”

“ဟာ ... တကယ်ပြောတာပါ ကိုကြီးရဲ့ ... ကိုကြီးကို မမက ချစ်ပေမယ့် လူကြီးတွေကို ကြောက်ရတယ်လေ ... ဒါကြောင့်မို့ ကိုကြီးဆန္ဒညီနဲ့ စေ့စပ်တာကို မမခေါင်းညိတ်လိုက်ရတာ ... အခု ရော ... မမနဲ့ကိုကြီး အဆင်ပြေသွားပြီလား ... ဒီမှာတော့ နှစ်ဖက် လူကြီးတွေ အဆင်ပြေကုန်ကြပြီ ... ”

“ဟင် ... ဘယ်နှစ်ဖက် လူကြီးတွေလဲ”

“ဟာ ... ကိုကြီးမဟာရန်တို့ အိမ်က လူကြီးတွေ ... ညကပဲ မမရဲ့ ဒက်ဒီနဲ့ မာမီကို လာတွေ့တယ်လေ ... အဲဒါ ကိုကြီး မဟာရန် နဲ့ မမကို ပေးစားဖို့ သဘောတူလိုက်ကြပြီ ... အဲဒါ ကိုကြီးတို့ နှစ်ယောက်စလုံး ခုထိ မသိသေးဘူးပေါ့ ... ”

“ဟာ ... မသိဘူးလေ စုစု ... ကိုကြီးတို့နှစ်ယောက်စလုံးရဲ့ Phone တွေ ... အခုမှ Power ဖွင့်လိုက်တာ ... ကျေးဇူးနော် ... စုစု ... ဒီလောက်ဆို အခြေအနေတွေ အားလုံးကို ကိုကြီးသိပြီ ... ကျေးဇူး ... ကျေးဇူး ... တာ့တာ ... ဘိုင့်ဘိုင် ... ”

သူ Phone လေးကို ပိတ်လိုက်ပြီ ... ကားရပ်ထားတဲ့ နေရာ လေးဆီ ပြန်လျှောက်လာတော့ ချစ်သော သူလေးက ကားထဲမှာ နှုတ်ခမ်းစူစူလေးနဲ့ ထိုင်လို့ပါ ... ။

ပြောရရင် ဒီနှုတ်ခမ်းလေးကို သာ မဆူထားလို့ ရမလား။ သူ့ကို သာ ဘက်က တကယ်ချစ်ခဲ့သလောက် ... သူက ရယ်မော ပျော်ရွှင်ပြီးတော့ ဘာခံစားချက်မှ မရှိတော့သလို လုပ်နေတာလေ။

စိတ်ရှုပ်တာနဲ့ ...





Phone ကိုပါ Power ပြန်ပိတ်ပြီး ...

ကားထဲမှာပဲ နှုတ်ခမ်းလေးစူ ထိုင်နေခဲ့တာပါ ... ။

သူကလည်း ချစ်သူလေးကို စချင်နေတော့ ...

“ကဲ ... ကိုယ် ဘယ်ကိုလိုက်ပို့ရမလဲ ... ”

သူ ကားထဲဝင်ထိုင်ရင် မေးလိုက်သည်။

“မောင်း ... မောင်း ဆန္ဒညီဆီကိုပဲမောင်း ... ”

“ဟွန်း ... ကိုယ့်ကို တကယ်မုန်းတယ်ပေါ့ ... ”

“ဟာ ... မုန်းပါတယ်လို့ ဒီလောက်ပြောနေတာ ... ”

“ကိုယ် ... မခွဲနိုင်တော့ဘူးကွာ ... ”

“ဟာ ... ဟာ ... မကိုင်နဲ့နော် ... ”

မေးဖျားလေးကို ဆွဲလှည့်တော့ ... သူ့ လက်ကို အတင်း ပုတ်ချပစ်သည်။ ပြီးတော့လည်း ကားတံခါးကို ဆွဲဖွင့်ကာ အောက် ကို ဆင်းချသွား၏။

“ဟာ ... ကြည့်စမ်း ... ”

အပြင်ကို တစ်ယောက်တည်း လမ်းလျှောက်ထွက်လာခဲ့ ပြီ ... ။

ပြဿနာပဲ ...

စိတ်ကောက်တာကလည်း လွန်ပါရော ...

သူ ကားတံခါးဖွင့်ဆင်းကာ လိုက်ရသည်။

“ဟိတ် ... မသွားနဲ့နော် ... ”

အော်ပေမယ့် ... ဟိုက မရပ် ...

ဆံပင်ရှည်ကြီးတွေ ဘယ်ညာယိမ်းခါနေအောင် လျှောက် သွားနေတာ ... နောက်ကိုလည်း တစ်ချက်လေးတောင် လှည့်



www.burmeseclassic.com

www.burmeseclassic.com



မကြည့်တော့ပါ ... ။

သူ ပြေးလိုက်တော့မှ မီသွားသည်။

"မင်း ... မင်း ဘာလုပ်တာလဲဟင် ... သိမ်မွေ့သာ"

သူ့ လက်ကိုလှမ်းဆွဲတော့လည်း အဆွဲမခံ ... ။

ခပ်ဆတ်ဆတ်လေးပုတ်ချပြီး သူနဲ့ဆန့်ကျင်ဘက်ကို မျက်နှာလေး ချက်ချင်းပဲလွှဲသည်။

"ရှင် ... ရှင် ကျွန်မအသားကို လုံးဝ ထိစရာမလိုဘူးနော် မဟာရန် ... ရှင် ကျွန်မကို တကယ်မချစ်ဘဲနဲ့ ဒုက္ခပေးခဲ့တာကို သိသွားလို့ ... ရှင့်ကို အရမ်းမုန်းသွားတာ ... အခု ထွက်လာတာလည်း ... ရှင် လိုက်ပို့စရာ မလိုတော့ဘူးထင်လို့ ... ထွက်လာတာလေ ..."

"ဩော် ... ဩော်"

"ရတယ် ... ကျွန်မဟာ ကျွန်မတစ်ယောက်တည်းပြန်မယ်"

"ဟာ ... ကြည့်စမ်း"

သူမက ရှေ့ကိုရောက်အောင်ပဲ ဆက်လျှောက်သွားခဲ့ပြန်ပြီ။

တကယ်တော့ ... သူမ လျှောက်နေတာ တောလမ်းကလေးပါ ... လမ်းပေါ်မှာလည်း လူမရှိ ... လမ်းဘေးမှာလည်း အိမ်မရှိ ...

ရှေ့မှာ ရှိနေတာက ...

လမ်းဘေးက လူမနေသော နားနေဆောင်တဲကလေး ...

တဲကလေးပေမယ့် သပ်သပ်ရပ်ရပ်ကလေးပင် ...

"မင်း ... မင် ... ကိုယ့်ကို ပြဿနာမရှာနဲ့နော် သိမ်မွေ့သာ"

"ဘာ ... ရှင် လိုက်လာပြန်ပြီ ... ဒုက္ခပါပဲ ... "



BURMESE CLASSIC



သာ ငိုချင်သွားတာ ... စိတ်ကိုတောင် ထိန်းထားလို့မရ။

"တီ ... တီ ... "

"ဟာ ... ဘယ်က ကားတွေမောင်းလာတာလဲ"

ကားဟွန်းသံတွေကြားလို့ ရှေ့ကိုလှမ်းကြည့်လိုက်တာက တောလမ်းကလေးအတိုင်း ဒီဘက်ကို မောင်းတက်လာတာ ကားလေးနှစ်စီး ... ။

"ဟာ ... ဆန္ဒညီ ... "

အောင်ဝဏ္ဏ သတင်းပေးလို့ ...

ဆန္ဒညီကလည်း သူငယ်ချင်းတွေစုပြီး ကားနှစ်စီးနှင့် လိုက်လာတာပေါ့ ... သူ့ရည်ရွယ်ချက်က သိမ်မွေ့သာကို တောင်းပန်ချင်လို့ ...

ဘာပဲပြောပြော ...

ဒီဇာတ်လမ်းမှာ ကိုယ်က မှားခဲ့တာ မဟုတ်လား ...

သူတို့အနားမှာပဲ ကားနှစ်စီးက ရှေ့ဆင့်နောက်ဆင့် ရပ်သွားသည်။ ကားပေါ်က အရင်ဆုံး ဆင်းလာတာ ဆန္ဒညီပါ ...

ထုံးစံအတိုင်း နှုတ်ခမ်းတွန့်တွန့် အပြုံးကလေးနဲ့ပဲပေါ့ ...

သူ အံ့ဩသွားတာ ဆန္ဒညီဘေးမှာ အောင်ဝဏ္ဏလေ ...

ဒီကောင် သစ္စာဖောက်လိုက်ပြီပေါ့ ...

သေချာသွားတာက ... ဆန္ဒညီကို မမျှော်လင့်ဘဲတွေ့လိုက်ရတော့ သူ ဒေါသတွေက ဟုန်းခနဲ ကြွတက်သွားခဲ့တာ[illegible]

"မင်း ... မင်းက အရှက်မရှိတဲ့ မျက်နှာနဲ့ ဒီအထိ[illegible] လိုက်လာတယ် ဟုတ်လား ... ဆန္ဒညီ၊ ဘာလဲ ... သိမ်[illegible]ကို အချွန်နဲ့မ,ပြီး အတို့အဖော်လုပ်ထားတာ [illegible] ...



www.burmeseclassic.com

www.burmeseclassic.com



ဒီနေရာအထိ မင်းလိုက်လာတာလား ... ပြောစမ်း ဟော့ကောင် မင်း ပြောစမ်း ...”

“ဟာ ... မလုပ်နဲ့ မဟာရန် ... မလုပ်နဲ့ ... မလုပ်နဲ့”

သူ ဆန္ဒညီရဲ့ အင်္ကျီကော်လံစ,တွေကို စုချုပ်ကာ ခပ်ကြမ်းကြမ်းကိုင်ပစ်လိုက်တော့ အောင်ဝဏ္ဏက အသည်းအသန်လှမ်းတားသည်။

“ဆန္ဒညီက သူအမှားတွေကို တောင်းပန်ချင်တယ်ပြောလို့ ငါကိုယ်တိုင် ဒီနေရာလေးကို လိုက်ပို့ပေးတာပါ ... မဟာရန်ရာ”

“ဟုတ် ... ဟုတ်ပါတယ် မဟာရန်ရာ ... ငါ မင်းတို့ နှစ်ယောက်စလုံးကို တောင်းပန်ချင်လို့ လိုက်လာတာပါ ... အပြင်မှာ တကယ်မရှိတဲ့ တိမ်ပြာဝင့်ထည်ဆိုတဲ့ ... ဇာတ်ကောင်တစ်ကောင်ကို ကွန်ပျူတာထဲ ဆွဲထည့်ပြီး သိမ်မွေ့သာကို ငါလှည့်စားခဲ့မိတာလေ ... အဲဒါ ... အဲဒါ ... မင်းတို့ နှစ်ယောက်စလုံး ငါ့ကို ခွင့်လွှတ်ပါကွာ ... ”

“ကဲ ... သိမ်မွေ့သာ ... မင်းကြားတယ်နော် ... ”

“ဒီမှာ ... မဟာရန် ... ဆန္ဒညီ Messages ပို့ပြီး ရှင်းပြထားလို့ ဒါတွေအားလုံးကို ကျွန်မအကုန်သိပြီးသား ... ဆန္ဒညီရဲ့ လုပ်ရပ်တွေအားလုံးကို ကျွန်မ ခွင့်လွှတ်လို့ရပေမယ့် ... ကျွန်မ ခွင့်လွှတ်လို့ မရတာက ... ရှင့်ရဲ့ ဟန်ဆောင်လိမ်ညာခြင်းတွေပဲ ... ”

“ဘာ ... ဘာပြောတယ်”

ကြည့်စမ်း ...

သူနားမလည်နိုင်တာတွေကို သူမက ထပ်ပြီးတော့ စွပ်စွဲ





နေပြန်ပြီ ... ။

“ရှင် ကျွန်မကို တကယ်မချစ်ဘဲ ဟန်ဆောင်ခဲ့တာလေ”

ပြဿနာပဲ ...

သူ သိလိုက်ပါပြီ ...

မနက်က ဘာခံစားချက်မှ မရှိတဲ့ မျက်နှာထားလေးနဲ့ ဘသဲဖြူရှေ့မှာ တဟားဟား အော်ရယ်နေခဲ့တာကို သူမက စိတ်ကောက်နေတယ်ဆိုတာ ...

“မင်း ... မင်းကွာ ... ”

လူတွေအများကြီးရှေ့မှာ သူ ဘယ်လိုရှင်းပြရမလဲ ... ။ အရေးကြီးတာ ဆန္ဒညီကို ပြန်မောင်းထုတ်ပစ်လိုက်ဖို့ပဲလေ။

“ကဲ ... သိမ်မွေ့သာနဲ့ ငါနဲ့ကြားမှာ မင်းဒုက္ခပေးလိုက်လို့ ဘယ်လောက် ပြဿနာတက်သွားတယ်ဆိုတာ မင်းကိုငါ ရှင်းမပြချင်တော့ဘူး ... အရေးကြီးတာ ငါရှေ့ကနေ မင်းထွက်သွားတော့ ဆန္ဒညီ ... ”

“ငါ ... ငါ”

“ဟော့ကောင် ... ငါ့ရှေ့ကနေ မင်းအခုထွက်သွား”

“ကဲ ... ဆန္ဒညီ မင်းလည်း တောင်းပန်ပြီးပြီပဲကွာ ... ဒီလောက်ဆို မင်း ကျေနပ်လိုက်ပါတော့ ... ”

သူ့ဇာဝင်းနဲ့ သီရိစံက ...

သူမကို ခါးကလေးဝိုင်းဖက်လို့ ...

သူငယ်ချင်းတွေရောက်လာမှ တဟင့်ဟင့်လေးနဲ့ သူမက လည်း ရှိုက်ငိုနေမိတာပါ ... ။

“သာရယ် ... နှစ်ဖက်လူကြီးတွေ ပြေပြေလည်လည် ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ကုန်မှ နင်တို့နှစ်ယောက်က ပြဿနာဖြစ်ရတယ်လို့ဟာ ... မဟာ ရန်က သာ့ကို တကယ်ချစ်တာပါ ... မငိုနဲ့နော် သာ ... ”

“အဟင့် ... ဟင့် ... ဟင့် ... ”

“အမလေးဟယ် ... ချော့ကာမှ ပိုဆိုးနေပြန်ပြီ ... ”

“ကဲ ... အားလုံး ပြန်ကြပါဗျာ ... သူ့ကို ကျွန်တော်ပဲချော့လိုက်ပါ့မယ်”

“သာ ... နေခဲ့နော် ... တို့သွားတော့မယ်”

“သာရေ ... ကွန်ဂရက်ကျူလေးရှင်းနော် ... ဟင်း ... ဟင်း”

အားလုံး ကားပေါ်တက်ကာ ...

ပြန်ထွက်သွားကြပြီဆိုတော့မှ ...

“ကဲ ... လူလည်းရှင်းသွားပြီ ... ကိုယ် မင်းကို ဘယ်လောက်ချစ်တယ်ဆိုတာ ... ခုချိန်ကစပြီး သက်သေပြတော့မယ် ... ကဲလိုက်ခဲ့ ... ဟိုရှေ့က နားနေဆောင် တဲကလေးထဲကိုသွားမယ်”

“ဟာ ... ဟာ ... မဟာရန်နော် ... ”

သူမကို ခပ်ကြမ်းကြမ်းလေးပဲ သူဆွဲခေါ်လာခဲ့ပြီ ... ။

ဒီတစ်ခါတော့ ...

ဘယ်လိုပဲ ရုန်းရုန်း ... ရုန်းလို့မရတော့လို့ ပါလာခဲ့တာသိမ်မွေ့သာရယ်ပါ ... ။

“လွှတ် ... လွှတ် ... လက်လည်း မကိုင်နဲ့ ... ပန်းလည်း မဖက်နဲ့ ... ”

အိစက်နေတဲ့ ချစ်သူရဲ့ ကိုယ်လုံးလေး ...

ဒါကို ... ဘယ်လို အကြောင်းပြချက်မျိုးနဲ့မှ သူက ပြန်





BURMESE CLASSIC

မလွှတ်နိုင်တော့ပါ။ နောက်ဆုံးမှာတော့ ... တဲကလေးရှေ့ကို အရောက်မှာပဲ ခါကလေးကနေ သိမ်းကျုံးလို့ ပွေ့ဖက်ကာ နဖူးပြင်လေးကို မက်မက်မောမောလေး နမ်းရှိုက်လိုက်မိပါပြီ။

“အို ... ရှင် ... ရှင်”

မဟာရုန်ရဲ့ ...

ကျွန်မ ဆက်ပြီးတော့ စိတ်ကောက်ချင်ပေမယ့် ... ရှင့်ရဲ့ ရိုဝေဝေ မျက်ဝန်းတွေထဲက ညှို့ယူမှုတွေကို ကျွန်မက မက်မောတမ်းတနေခဲ့တာလေ ... ရှင့်ရဲ့ မျက်ဝန်းတွေထဲမှာ ကျွန်မကို အဆိပ်သင့်စေခဲ့တဲ့ အရာတွေ အများကြီးရှိနေတာကို ကျွန်မ သိခဲ့ပါပြီ ...

တစ်ခုပဲ ခက်နေတာက ...

အဲဒီ ... အဆိပ်ခွက်ကလေးဆီကိုပဲ ကျွန်မရဲ့ခြေလှမ်းတွေက ကျွန်မရဲ့ ခြေလှမ်းတွေက ...

တချစ်ပရိသတ်အပေါင်းကို . . .

လေးစားချစ်ခင် ကျေးဇူးတင်လျက်

လွန်းတမို



www.burmeseclassic.com